
http://www.linhtet.com

www.linhtet.com

မောင်ဆုရှင် ဘာသာပြန်သည်။

# တိမ်သားပုံပြင်များ



CLOUD TALES by Tajima Shinji

http://www.linhtet.com

# တိမ်သားပုံပြင်များ

မောင်ဆုရှင် မြန်မာပြန်သည်။



TAJIMA SHINJI

**Cloud Tales**

၂၀၀၂ ခုနှစ်

http://www.linhtet.com

၂၀၀၂ ခုနှစ် ဇူလိုင်လ

ပထမအကြိမ်

အုပ်ရေ ၅၀၀၀

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် - ၅၆၈/၂၀၀၂ (၇)

စာမူခွင့်ပြုချက်အမှတ် - ၆၁၂/၂၀၀၂ (၇)

**ပုံနှိပ်သူ**

အာရောဂျံပုံနှိပ်တိုက် (၀၅၅၆၄)
အမှတ် (၆၉)၊ ရတနာကျွန်းရိပ်သာ၊ ကျောက်စိမ်းပတ်လမ်း၊ (၄) တိုးချဲ့ရပ်ကွက်၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးမျိုးသန့် (၃၇၅၂)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့။

**ကွန်ပျူတာ**

ငွေးလွင်ဆွေ
Thwin Desktop Publishing

**အဆင်အပြင်**

ထက်အာကာကျော်

http://www.linhtet.com

www.linhtet.com

# မာတိကာ


စကားဦး *[Foreword]*

ဘာသာပြန်သူ၏ အမှာ

မူရင်း စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

တိမ်သားပုံပြင် *[Obo]* ၁

'မီလာ' ဂီတပွဲတော် *[Baul]* ၇

ဘိုပါးမြို့က နွားသိုးအို *[An Old Bull]* ၁၁

ဒါချောမြို့၏ ဒဏ္ဍာရီ *[Dachau]* ၁၄

မြည်းငယ်လေး၏ မျက်ဝန်းအိမ်မှတစ်ဆင့် *[In The Eyes of a Donkey]* ၂၀

ပင်လယ်၏ သားသမီးများ *[The Sea and its Children]* ၂၅

နီရန်ဂျန်မြစ်၏ပုံပြင် *[Neeranjan River]* ၃၁

ပစိဖိတ်ထဲက မူကြိုကျောင်း *[A Pacific Kindergarten]* ၃၆

ချမ်းသာသော်လည်း ဆင်းရဲသူ *[How a Rich Man Became Poor]* ၄၁

ချောက်ကီဒါ၏ အတွေးအိပ်မက်များ *[Dreams of a Chaukidar]* ၅၅

သစ်ပင်တစ်ပင်၏ ကံကြမ္မာ *[The Fate of a Tree]* ၆၁

ကမ္ဘာမြေရဲ့ သူရဲကောင်းများ *[Mother's Makizushi]* ၆၇

မဟာဂဏ္ဍာ ခေါင်းလောင်းကြီး *[Mahaghanta Bell]* ၇၃

ဘယ်သူ အားအကြီးဆုံးလဲ *[Who in the World is the Strongest ?]* ၇၉

ဘိုးပန်းအေး၏ ရုပ်ကြီးစင် *[Old Man Pan Aye's Marionettes]* ၈၇

သစ်ပင်ကြီး ဂါတာဝါနာ *[The Giant Tree Gatawana]* ၉၄

မိုးကောင်းကင် ကြည်လင်အောက်မှာ *[Under A Clear Blue Sky]* ၉၉

ကီရင် အလင်းရောင် စာကြည့်တိုက် *[Kiran Library]* ၁၀၆

http://www.linhtet.com


| | |
|---|---|
| အနုပညာ ပန်းမြို့တော် ဖိရင်ဇီ *[Firenze – Flower City]* | ၁၁၃ |
| ခရီးသွားလူငယ် *[A Young Traveller]* | ၁၁၉ |
| ကီလီမန်းဂျာရိုး တောင်ခြေမှာ *[The Masai Chair]* | ၁၂၃ |
| လေပြင်းတွေသော ဂီလ်ဂစ်တောင်ကြောလမ်း *[The Wind of Gilgit]* | ၁၂၉ |
| ၂၁၀၀ ပြည့်နှစ်၏ ယန္တရားစက်ရုပ် *[To Be a Robot in the Year 2100]* | ၁၃၅ |
| ဟင်းလင်းပြင်ထဲက မှတ်ဉာဏ်အစုအဝေး *[The Great Memories in Space]* | ၁၄၂ |
| နိဂုံးမှတ်ချက် *[A Final Note]* | ၁၄၉ |

http://www.linhtet.com

# စကားဦး

လူသားတို့ ဦးခေါင်းထက် ကောင်းကင်အမြင့်တွင် လွင့်ပါးနေသော တိမ်လိပ်တိမ်လွှာတို့သည် ထွန်းလင်းသော နေမင်းနှင့် တိုက်ခတ်သော လေပြည်လေညင်းတို့၏ အဖော်များပင်ဖြစ်ပါသည်။

မိုးတိမ်တို့သည် အရာရာကို ကောင်းကင်မှ ရှုမြင်နိုင်ကြဖွယ်ရှိသည်။

အချို့အခါများတွင် ထိုတိမ်တို့သည် ကမ္ဘာမြေ၏ ဟိုမှာဘက်အခြမ်းတွင် အေးအေးသာသာ လွင့်ပါးလျက်ရှိတတ်ပြီး တစ်ခါတစ်ရံတွင်မူ လူတို့၏ ခံစားတတ်သော ရင်တွင်းအထိ မိုးတိမ်မည်းတို့အဖြစ် အစိုင်အခဲပြု၍ ရောက်ရှိလာတတ်ပါသည်။

မိုးတိမ်တို့ကား နိုင်ငံနယ်နိမိတ်တို့ကိုလည်း အမှတ်သညာမထား။ အချိန်ကာလ ကန့်သတ်ချက်ကိုလည်း ရှေးရှုရန် မလိုတတ်ချေ။ ပုံမှန်လွင့်ပါးနေရာမှ နောက်ထပ် ဘယ်ခရီးကို ဆက်ရဦးမည်ဟုလည်း ပူပန်စိတ်စောခြင်းမရှိ။ တစ်နေ့ တစ်ချိန်တွင် အိန္ဒိယနိုင်ငံ၏ ဂင်္ဂါမြစ်ကမ်းနဖူးမှ သစ်ပင်ကြီးတစ်ပင်၏အထက်တွင် ရစ်ဝဲနေချင်လည်း နေလိမ့်မည်။ နောက်တစ်နေ့တွင်မူ တရုတ်ပြည် မဟာတံတိုင်းကြီး၏အထက်တွင် ဆောင်းဦးလေနှင့်အတူ ရွေ့လျားနေသော်နေပေလိမ့်မည်။

ကမ္ဘာ့သမိုင်းထဲမှ ပြင်သစ် စစ်သူကြီး နပိုလီယံ ဘိုနာပတ်သည် အတ္တလန္တိတ် သမုဒ္ဒရာထဲတွင် စိန့်ဟယ်လင်နာကျွန်းဆီသို့ နယ်နှင်ဒဏ်ခရီး ပို့ဆောင် ရွက်လွှင့်ရာ၌ သူ့ဦးခေါင်းအထက်ဆီမှ မိုးတိမ်တို့ကို မော်ကြည့်ကောင်း ကြည့်ခဲ့မိမည်သာ။ ထိုအချိန်မတိုင်မီ ရာစုနှစ်အတော်များများအကြာကာလက ဂရိနိုင်ငံမှ တွေးခေါ်ပညာရှင် ဆိုကရေးတီးသည် မှောင်မိုက်သော အခန်းငယ်တစ်ခုတွင် အကျဉ်းချထားခံနေရစဉ်အတွင်း၌ သူ့ဦးခေါင်းအထက်ဆီရှိ လက်လှမ်းမမီသောအရပ်၌ တိမ်သားတိမ်တိုက်တို့ လွတ်လပ်စွာ လွင့်မျောလျက်ရှိမည်ကို သတိရလျက် သူ့ဘဝနှင့်ယှဉ်၍ တွေးခဲ့ကောင်း တွေးနေခဲ့မည်သာ။ ဟိမဝန္တာတောင်ခြေတောတန်း၌ နေဝင်ချိန်ကို ကြုံရသော ကုမ္မာရီတစ်စုတို့သည် မိုးတိမ်များကို မျှော်ကြည့်ရင်းက စိတ်ထဲတွင် ဖော်မစုံဘွဲ့ကို ခံစားနေခဲ့ရခြင်းသော်လည်း ရှိခဲ့လိမ့်မည်။

ထိုတိမ်သားတိမ်တိုက်တို့ကို ဖြတ်ကျော်လွန်မြောက်ပါလျှင်ကား . . .

တစ်ညသ၌ စာရေးသူသည် ကောင်းကင်တွင် လင်းလက်နေသော ကြယ်တစ်လုံးကို လှမ်းမျှော်ကြည့်နေခဲ့ရာမှ ရုတ်တရက် လင်းလက်သော စိတ်ကူးတစ်ခုကို ရခဲ့သည်။

"သဘာဝတရားကြီးကို မျက်နှာမူရင်းကြည့်ပြီး နားစွင့်ကြည့်စမ်းပါ" ဟူသောအတွေးကို ရသည်။ "သဘာဝတရားဆိုတာ အရာရာပဲ၊ သင်တို့လူသားများဟာ ကိုယ့်ကိုယ်ကိုတွေးပြီး ဘဝရဲ့သရုပ်လို့ ထင်ကောင်းထင်မိပါလိမ့်မယ်၊ အဲဒါအမှားပဲ၊ ဒီအမှားကို ခုလိုအခါမှာ မြင်လောက်ပြီ၊ ဒါကြောင့် တိမ်တွေကို ဂရုထားကြည့်စမ်းစေချင်တယ်၊ တိမ်တွေဟာ ကြယ်တွေနဲ့ လူသားတွေအကြားမှာ ဟိုရှေးပဝေသဏီကတည်းက ရှိနေခဲ့ပြီး လူသားတွေရဲ့ အပြုအမူ အနေအထိုင်တွေကို ကြည့်မြင်နေခဲ့ကြတာ၊ ရှေ့ကိုဆက်ပြီးတော့လဲ လူနဲ့ လူတို့ရဲ့ လောကဖြစ်ထွေ ဇာတ်လမ်းတွေကို မကုန်နိုင် မခန်းနိုင် အစုအဝေးနဲ့ သူတို့စုဝေးနေရဦးမှာ"


ထိုကြယ်က ပေးလိုက်သောအသိကို အကြောင်းပြု၍ ကျွန်တော်သည် ဦးခေါင်းထက်ရှိ ကောင်းကင်ပြင်ကျယ်၏ တိမ်သားတိမ်တိုက်တို့ဆီမှ ပုံပြင်ဇာတ်လမ်းပေါင်း ထောင်နှင့်ချီ၍ ကြားနာသိရှိခဲ့ရပါသည်။ တိမ်တို့ပြောကြားသော ပုံပြင်များတွင် လူသားတို့၏ အတိတ်သမိုင်းကိစ္စ၊ မဝေးသော အနာဂတ်ကိစ္စ၊ ပုထုဇဉ်တို့နှင့် စကြဝဠာ၏ ကံကြမ္မာများကိစ္စတို့ ပါဝင်လေသည်။ ယင်းတို့မှာ တိမ်တို့က ဖောက်သည်ချသော တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။

တိမ်သားပုံပြင်တို့မှာ ကောင်းကင်တွင် တိမ်တိုက်တို့ တအိအိ လွင့်ပါးနေသည့်အလား အိပ်မက်ရေယာဉ်ကြောတွင် မျောနေသည့်နှယ် ဇာတ်စုံအခင်းအကျင်းတို့ကို ဖြည်းဖြည်းချင်း ဖွင့်လှစ်ပြသည်။ တိမ်တို့သည် တစ်ခါတစ်ရံ လမ်းခုလတ်၌ ရပ်တန့်နေသည်ထင်ရ၏။ သို့ဖြစ်သည်မှာ တွေ့ရသမျှကိုပြန်၍ စမြုံ့ပြန်နေခြင်းပေလော။ သို့တည်းမဟုတ် မြေပြင်ပေါ်မှ ကျွန်တော်တို့ လုပ်ကိုင်လှုပ်ရှားနေသည်ကို တမင်ရပ်၍ကြည့်ခြင်းလော။ ဤစာအုပ်၏ စာမျက်နှာများတွင် လမ်းတွင်တွေ့ရသော တိမ်စိုင်တိမ်ခဲတို့က စာရေးသူများ ပြောပြခဲ့သော ပုံပြင်များဖြစ်ပါသည်။ သူတို့ကို ဘယ်သူဘယ်ဝါဟု အမည်နာမ မပြောခဲ့ကြသည့်အတွက် "တိမ်သား" ဟူ၍ပင် ရိုးရိုးရှင်းရှင်း ဆိုကြပါစို့။ ထိုပုံပြင်များသည် တစ်ခုတည်းသော တိမ်စိုင် တိမ်သားက စာရေးသူ သွားလေရာ ခြေရာခံ၍လိုက်ရင်း ပြောဆိုခဲ့သော ဇာတ်လမ်းများလည်း ဖြစ်နိုင်ပေသည်။ ဖြစ်နိုင်ပါသည်။ လျှို့ဝှက်ဆန်းကြယ်မှု သဘာဝနှင့် ပြည့်လျှမ်းလျက်ရှိသော ကမ္ဘာကြီး၌ အချို့သော ပုံပြင်များကို တိမ်သားများက ပြောခြင်းဖြစ်ပါလိမ့်မည်။ အချို့သော ပုံပြင်များကား တိမ်သားများ၏ ပယောဂဖြင့် ပေါ်ပေါက်ရသော ဇာတ်လမ်းများ ဖြစ်ချေလိမ့်မည်သာ။

http://www.linhtet.com

# တိမ်သားပုံပြင်

"အိုဘို ဆိုတာ ဘာလဲလို့ မင်းသိလား" ဟု တည်ငြိမ်ညင်သာစွာ ရွေ့လျားနေသော တိမ်တိုက်တစ်ခုက အမေးရှိလာသည်။ ဤတိမ်သည် မွန်ဂိုလီးယားနိုင်ငံ သဲကန္တာရ၏ အထက်မှ ဖြစ်သည်။ ဤအမေးသည် စာရေးသူအား ရည်ရွယ်သောမေးခွန်းပင်ဖြစ်ရမည်။ အကြောင်းမူ မွန်ဂိုလီးယား သဲကန္တာရ လွင်ပြင်ကျယ်ကြီး၌ အခြားမည်သူတစ်ဦးတလေကိုမှ မမြင်ရသောကြောင့်ဖြစ်သည်။



Obo

http://www.linhtet.com



"ဟုတ်လား . . . ဒီနာမည်ကို မသိပါဘူး" ဟုပြောကာ လွင်ပြင်အဝေးသို့ မျက်စိမှေး၍ မျှော်ကြည့်လိုက်မိသည်။ ထိုအဝေးတွင် "ဂါး" ဟုခေါ်သော တဲဝိုင်းကလေးများ ရှိနေသည်။ ထိုအရာများနှင့်အတူ စားကျက်ထဲတွင် အစာစားနေသော သိုးများ၊ ဆိတ်များနှင့် မြင်းများကို လှမ်း၍တွေ့ရသည်။ သူတို့သည် ကြီးမားသော စားပွဲကြီးပေါ်တွင် ဆားခဲ၊ ငရုပ်ကောင်းခဲများ ပြန့်ကြဲနေသကဲ့သို့ပင်ရှိတော့သည်။

တိမ်တိုက်ဆီမှ အသံတစ်သံကို ထပ်ကြားရပြန်၏။

"တစ်ခါတုန်းကလေ . . . တောင်ကုန်းထိပ်တစ်နေရာမှာ ကုန်းမို့မို့ အပုံကလေးတစ်ခုကို ကျုပ် သွားတွေ့တယ်၊ ကျောက်တုံးတွေနဲ့ ဂရုတစိုက် စီထားတဲ့ အပုံကလေးတစ်ခုပါပဲ၊ ဒီအပုံကလေးရဲ့ထိပ်မှာ တံခွန်ကလေးတစ်ခု ထားတယ်၊ အဲဒီ ကုန်းမြေမို့မို့ပေါ်က အပုံကလေးကို 'အိုးဘို' လို့ ခေါ်ကြပါတယ်၊ ဒီအလေ့အထကလေးဟာ မွန်ဂိုလီးယားမှာတော့ ရှေးရှေးကတည်းက လုပ်ကြလေ့ရှိတဲ့ အလေ့အထပါပဲ၊ ဒီကလူတွေရဲ့ နှလုံးသားထဲ စွဲနေတဲ့ ဓလေ့တစ်ခုပေါ့။

"မကြာခင်မှာပဲ အသက် ခုနစ်နှစ်လောက်ရှိတဲ့ လူငယ်ကလေးတစ်ယောက် မြေပုံနားမှာ လာရပ်တယ်၊ ဒီကျောက်တုံးပုံနားမှာ ခေါင်းငုံ့ပြီး အရိုအသေပြုနေလေရဲ့၊ သူဟာ ထက်ထက်သန်သန် ဆုတောင်းနေပုံရပါတယ်၊ ခုလို ရို့ရို့ကျိုးကျိုးလုပ်နေတဲ့ အမူအရာမျိုးကို မြင်ရရင် ဘယ်လူသားကို တွေ့ရတွေ့ရ ရင်ထဲမှာ လှုပ်ရှားကြည်နူးစရာဖြစ်ရတယ်၊ ပြီးတော့ ကမ္ဘာပေါ်မှာ ဘယ်အရာနဲ့မှမတူအောင် ကြည်နူးစရာကောင်းတာကလဲ ကလေးငယ်တစ်ယောက် ဒီလို ဆုမွန်တောင်းနေတဲ့ ပုံစံပါပဲ"

လေပြည်တစ်ချက် တိုက်ခတ်သွားသဖြင့် တိမ်တိုက်က လေကို ရှူရှိုက်လိုက်သလို ထင်ရသည်။ ထို့နောက် သူ့ဇာတ်လမ်းကို ဆက်ပြောသည်။

"ကောင်လေးဟာ သူ့ချိုင်းကြားမှာ ထင်းရှူးကိုင်းအလက်ကလေးတစ်ခုကို ညှပ်ပြီး ယူလာတယ်၊ ပြီးတော့ ကျောက်ပုံကလေးထိပ်မှာ အသာအယာကပ်ပြီး တင်ထားလိုက်တယ်၊ ပြီးတော့ ဒီနေရာကလေးကို သုံးပတ်လှည့်တယ်၊ အဲဒီအနားမှာ သူရှိနေတုန်း သူ့လက်ကလေး နှစ်ဖက်ကို ပင့်ချီထားတာ တွေ့ရတယ်၊ ဒီကျောက်ပုံကလေးကို အနားကပ်ပြီး သေသေချာချာ ကြည့်မယ်ဆိုရင် ဖန်ပုလင်းတွေလဲ အောက်ခြေမှာ စုပုံထားတယ်၊ ဘူးခွံလွတ်တွေလဲ ပါတယ်၊

http://www.linhtet.com



သံချေးတက်နေတဲ့ လုပ်သေနတ် အစိတ်အပိုင်းတွေလဲ ပါတယ်၊ သံတိုသံစတချို့ ပါသေးတယ်၊ တိုဂရစ် ဆိုတဲ့ ငွေစက္ကူကလေးတွေကို စွန့်လှူထားတယ်၊ သူတို့ နေ့စဉ်ဘဝမှာ အသုံးတည့်ခဲ့တဲ့ အမြုတ်တနိုး ပစ္စည်းလေးတွေကို တခြားမှာ မပစ်ရက်ဘဲ ကိုယ့်အပုံနဲ့ကိုယ် တရိုတသေ မြတ်မြတ်နိုးနိုး စုပုံထားကြတာပေါ့။

"ဒီအချိန်မှာ လွင်ပြင်တစ်ကြောကို လေပြည်တစ်ချက် သုတ်လိုက်ပြန်ရော၊ ကျုပ်လဲ ရိုးတံကိုင်းကိုင်းနဲ့ ယိမ်းနေတဲ့ ပိုးသားမျှင်လို မြက်တောတွေအပေါ်က တခြားတိမ်တိုက်တွေနဲ့ အတူ လွင့်ပါသွားရပြန်တယ်၊ ငြိမ်းချမ်း တိတ်ဆိတ်လှတဲ့ မွန်ဂိုလီးယားလွင်ပြင်ကြီးရဲ့ အလယ်မှာတော့ အိုဘို ကုန်းကမူကလေးထိပ်က တံခွန်ဟာ တဖျပ်ဖျပ် လွင့်ကျန်ရစ်တာကို တွေ့ခဲ့ရတယ်။

"ကျေးဇူးကြီးလှပါသည် ဆိုတဲ့ ကလေးငယ်ရဲ့အသံဟာ လေထဲမှာ တေးသံလို လွင့်ပျံ့လာတယ်၊ ကျွန်တော့်ဒဏ်ရာဟာ ပြင်းလွန်းလို့ နောက်တစ်ကြိမ် မြင်းမစီးနိုင်တော့ပါဘူးလို့ စိတ်လျှော့ထားခဲ့ပါတယ်၊ အခု ကျွန်တော် လုံးလုံးကောင်းသွားပါပြီ၊ ဒီကျေးဇူးကြောင့် ဟောဒီ သာမန်ထင်းရှူးခက်ကလေးနဲ့ ဂါရဝပြုရပါတယ်၊ လူငယ်ကလေးရဲ့ အသံဟာ ကျေးဇူးစကားနဲ့ ကြည်ရွှင်နေပါတယ်၊ ကမူကုန်းမြေမို့မို့ကလေးကတော့ မလှုပ်မရှား ငြိမ်သက်နေပါတယ်"

မိုးတိမ်သည် သူမြင်ခဲ့ရသော ရှုခင်းကို မှတ်မှတ်ရရဖြစ်လျက် သူ့ဇာတ်လမ်းကို ဆက်ပြန်သည်။

"အချိန်ဆိုတာ တယ်အကုန်မြန်တယ်နော်၊ ကျုပ် နောက်တစ်ကြိမ် ဒီလွင်ပြင်ပေါ်ကို ဖြတ်တော့ အိုဘိုမှာ ဆုတောင်းနေတဲ့ ကျုပ်တွေ့ဖူးတဲ့ သူငယ်လေးကို ပြန်တွေ့ရတယ်၊ သူလဲ လူလားမြောက်သလောက်ဖြစ်တဲ့ ဆယ်နှစ်သား အရွယ်ဖြစ်နေပြီလေ၊ အဲဒီနေ့က နွေရက် တစ်ရက်ပါပဲ၊ သူဟာ နွေရာသီ နောက်ဆုံးပွဲဖြစ်တဲ့ မြင်းဒုန်းစီးပြိုင်ပွဲမှာ သူ့နယ်ကနေ ဝင်ပြိုင်ခဲ့တယ်လေ။

"ပြေးကွ . . . လေအဟုန်လိုပြေးကွရယ်လို့ လူငယ်ဟာ တက်ကြွတဲ့မာန်နဲ့ သူ့မြင်းဖြူကြီးကို အသော့နှင်နေတယ်၊ သူတို့ဟာ လေနှင်ရာဆီကို ဦးတည်ပြီး မြူတိမ်တွေကို ဖြတ်ပြီးတော့ ပန်းဝင်သွားတော့တယ်၊ သူတို့ ပန်းဆွတ်ပြီပေါ့၊ မြင်းစီးပြိုင်သူ တစ်ရာလောက်အနက် သူနဲ့ သူ့မြင်းကြီးပဲ တံခွန်စိုက်သွားတယ်၊ ဒီအခါမှာ ကောင်လေးရဲ့ မျက်နှာမှာ၊ အင်း . . .

http://www.linhtet.com



ကောင်လေးလို့ မခေါ်သင့်တော့ဘူး၊ သူဟာ အားကောင်းမောင်းသန်နဲ့ လူလုံးလူဖန်ထွားထွား ကြွားကြွားရွားရွားကြီးဖြစ်နေပြီ၊ သူ့မှာလဲ မော်လို့ ပျော်လို့၊ သူ့မျက်နှာပေါ်က ချွေးစက်တွေဟာ မေးစေ့အထိ ကျလာနေတယ်၊ မှတ်မှတ်ရရ မြင်ကွင်းတစ်ခုပါပဲ"

တိမ်တိုက်သည် သူ့ဘာသာပင် လင်းချင်း၍သွားသည် ထင်ရ၏။

"သက်ရှိသတ္တဝါတွေကို ဘယ်သူ့ကိုမဆို ခုလို တောက်တောက်ပပ ဝင့်ဝင့်ကြွားကြွား မြင်လိုက်ရရင် အားတက်စရာပါပဲ၊ အမြဲတမ်း တောက်ပရွှင်လန်းနေတယ်လို့ မဟုတ်ဘူးပေါ့၊ လူ့ဘဝမှာ အလင်းနဲ့အမှောင်ဆိုတာလဲ သူ့အချိုးနဲ့သူ ရှိနေတာကိုး၊ အင်းလေ . . . ဒီလူငယ် ကလေးမှာလဲ ဘဝအတွေ့အကြုံတွေ ထူထပ်လာပြီး ကိုယ့်ဘဝဇာတ်လမ်းကို ကရတဲ့အခါ သူ့မှာလဲ အများနည်းတူ ကြုံရတာပေ့ါ။

"နောင်နှစ်ပေါင်း အတော်ကြာတော့ အဲဒီ အိုဘိုနေရာကလေးက ကျုပ်ဖြတ်ရပြန်ရော၊ ဒီတော့ ဒီလူငယ်ကို ပြန်တွေ့ရသေးတယ်၊ အခုတော့ နှုတ်ခမ်းမွေးနဲ့ ခွန်အားဗလ ခိုင်ခိုင်မာမာနဲ့ ပါပဲ၊ ဒီတစ်ကြိမ်မှာလဲ သူ့မျက်နှာပေါ်မှာ ချွေးသံလို ရွဲရွဲတွေကို တွေ့ရပြန်တယ်၊ အမှန်တော့ မျက်ရည်တွေဖြစ်နေတယ်၊ သူဟာ အိုဘိုမို့မို့ပေါ်ကို လက်ထဲက မြင်းခေါင်းရိုးကြီးကို အသာအယာ တင်ပေးရင်း သူငိုနေတယ်လေ။

"မြင်းခေါင်းဆိုတာ ခင်ဗျားမြင်ဖူးလားဟင် . . . ခပ်ကြီးကြီး အရိုးစုပါပဲ၊ မျက်လုံး နေရာမှာ ဟောင်းလောင်းပေါက်ကြီး ဖြစ်နေတယ်၊ 'နှင်းဖြူ' ဆိုတဲ့ သူ့မြင်းကြီးဟာ အဲဒီ ပထမစွဲတဲ့ ပွဲကစပြီး ပွဲပေါင်းများစွာကိုနွှဲပြီး ဆုဖလားတွေ ယူနိုင်ခဲ့တယ်၊ အင်း . . . ဒီမြင်း ကြီးဟာ ကြိုးကြိုးစားစားပြေးခဲ့တာဖြစ်မှာပါ၊ ဝေးဝေးလဲပြေး၊ မြန်လဲမြန်၊ ပွဲဆက်တွေကလဲ များတော့ သူပြေးလို့ လွတ်လမ်းမရှိတဲ့ ကြောက်စရာရောဂါတစ်မျိုးမျိုးနဲ့ လဲတော့တာပေ့ါ၊ နှင်းဖြူကြီးဟာ မကြာခင် သေဆုံးသွားတယ်၊ သူ့သခင် လူငယ်လဲ သူတစ်ယောက်တည်း အထီးတည်း ကျန်ခဲ့ရှာတယ်၊ သူ့မှာ ဗူးလေးရာ ဖရုံဆင့်တာကတော့ အဲဒီအချိန်အတွင်းလောက် မှာပဲ သူ့ချစ်သူနဲ့ ကွဲကွာသွားရပြန်လို့ ရင်ကျိုးပြီး ကျန်ရစ်ရတယ်"

မိုးတိမ်သည် သက်ပြင်းချလျက် သူ့ကိုယ်မှ ရေငွေ့အချို့ကို ပယ်ရှင်းလိုက်ရသည်။

http://www.linhtet.com



"ဟောဒီ မွန်ဂိုလီးယားက လူတွေဟာ အိုဘိုဆိုတဲ့ နေရာကလေးကိုလာပြီး သူတို့မြတ်နိုး သုံးစွဲခဲ့ဖူးတဲ့ သံယောဇဉ်ကြီးတဲ့ ပစ္စည်းကလေးတွေကို မှတ်မှတ်ရရလာပြီး စုပုံချထားတဲ့အလေ့ ရှိကြတယ်၊ မြင်းဆိုရင်လဲ အိုဘိုမှာ မြင်းတိုင်းရဲ့ အရိုးစုကို လာပြီးမထားဘူးပေါ့၊ သံယောဇဉ် အဖြစ်ရဆုံး မြင်းလိမ္မာကိုမှ၊ သခင်ကို သစ္စာရှိတဲ့ မြင်းမျိုးကိုမှ ဒီနေရာမှာ လာပြီးဂုဏ်ပြု မော်ကွန်းထားလေ့ရှိတယ်၊ နှင်းဖြူရဲ့ အရိုးခေါင်းကို ဒါကြောင့် အိုဘိုမှာ လာထားတာလေ၊ ဒီမြင်းခေါင်းကြီးကို သယ်လာတဲ့အခါ သူ့ချစ်သူကို အမှတ်ရ လွမ်းဆွတ်တဲ့စိတ်ထားလဲ ပါပေ မပေါ့၊ တချို့ကိစ္စတွေမှာတော့ ကျုပ်တို့လို မိုးပေါ်က စီးကြည့်တဲ့ တိမ်သားတွေတောင် အသိရ ခက်တာတွေ ရှိမှာပါ၊ လူငယ်ရဲ့ရင်ထဲမှာ ဘာတွေရှိတယ် ဆိုတာမျိုးကိုပေါ့။

"ဒီလူငယ်ဟာ သူချစ်တဲ့ မြင်းကြီးကို အမှတ်တရရှိဖို့အတွက် 'နှင်းဖြူ' ရဲ့ အမြီးကို ဖြတ်ယူပြီး တယောဘိုးတံမှာ တပ်ထားတယ်၊ သူတို့တယောကို 'မိုရင် ဟူးအား' လို့ခေါ်တယ်၊ မြင်းခေါင်းပုံ တယောကို ဆိုလိုတာပေါ့၊ မွန်ဂိုလီးယားမှာသုံးတဲ့ ဒီလို နိမိတ်ပုံပါပြီး လုပတဲ့ တယောဟာ ထိုးလိုက်ရင် လွမ်းသွဲ့သွဲ့ဂီတသံဟာ ကန္တာရလွင်ပြင်ကြီးထဲမှာ ချိုချိုအေးအေး ဖြတ်သန်းသွားတော့တယ်၊ တယောကထွက်တဲ့ ဂီတသံဟာ ရင်ထဲက လှုပ်ရှားမှုတွေ၊ နှလုံးသား က အမှတ်ရစရာတွေကို သယ်ဆောင်သွားတာပေါ့။

"နှင်းဖြူရဲ့ ဦးခေါင်းရိုးကတော့ အိုဘို ကမူကလေးထိပ်ပေါ်မှာ ငြိမ်သက်ပြီး လေပြင်း တစ်ချက် တိုက်လိုက်တဲ့အခါမှာ မထိတထိ လှုပ်သွားတတ်တယ်၊ လူငယ်နဲ့ သူ့မြင်းကြီးတို့ ဖြတ်ကျော်ပြီး စီးနင်းသွားလေ့ရှိတဲ့ မြက်တောကြီးကတော့ ခြောက်သယောင်းတဲ့ပုံစံနဲ့ မြောက်လေအပင့်မှာ မွန်ဂိုလွင်ပြင်မှာ ရာသီပြောင်းတော့မယ် ဆိုတဲ့ ဆောင်းကြိုတေးကိုသီရင်း ရာသီကို လက်ယမ်းပြနေသလိုပါပဲ။

"ကျုပ်တို့လို တိမ်တောင်တိမ်လိပ်တွေကတော့ ရာစုနှစ်တွေနဲ့ချီပြီး နေရာအနှံ့ ရောက်ရာ ဒေသတွေမှာ ဆောင်းပြီးရင် နွေဦးရောက်တော့မယ်၊ နွေဦးသစ်တော့မယ်ဆိုတဲ့ အကြိုကတိကို ပေးနေကြတာ တွေ့ရတယ်၊ အင်းလေ . . . ကျုပ်လဲ ဒီနေရာကို တစ်ကျော့လာပြီး ဒီလူငယ်ရဲ့ ရင်သွေး ကလေးငယ်တွေ သူတို့မြင်းကို စိုင်းနေကြဦးမှာကို တွေ့ရဦးမယ်လို့ မျှော်လင့်ထားတယ်၊ သူတို့လဲပဲ လွင်ပြင်တစ်ကြောမှာ လေနဲ့အတူ ပျံသွားနေကြဦးမှာပဲ၊ သူတို့လဲပဲ နှင်းဖြူကြီးနဲ့ သူ့သခင်လူငယ်တို့ ကြည်နူးသလို ကြည်နူးမှုရကြဦးမှာပါပဲ၊ ခုလို မျိုးဆက်တွေ တစ်ခုပြီးတစ်ခု

http://www.linhtet.com



အပျော်တွေ၊ အလွမ်းတွေ တစ်ခုပြီးတစ်ခု ဆင့်ကဲပြီး လာလိုက်သွားလိုက် ဖြစ်နေပုံဟာ လူငယ်တွေကိုရော၊ လူကြီးတွေကိုပါ၊ ပြီးတော့ ချမ်းသာသူကိုရော ဆင်းရဲသူကိုပါ သတိတရားနဲ့ အမြော်အမြင်ကိုဖြစ်စေတယ်၊ ဒါဟာ သက်ရှိလူသားတွေကို မိုးတိမ်ယံက မြင်ရလို့ သဘောပေါက်ရတဲ့ အကြောင်းတွေပါပဲ"

တိမ်သားသည် သူပြောသောပုံပြင် ပြီးဆုံးသွားသည့်အခါ တရွေ့ရွေ့ လွင့်ပါးသွားရာ မြင်ကွင်းမှ ပျောက်ကွယ်သည်အထိဖြစ်သည်။ ထိုတိမ်တိုက်သည် ဂိုဘီ သဲကန္တာရဆီသို့ ခရီးနှင်လျက် ရှိလေသည်။

http://www.linhtet.com



# 'မီလာ' ဂီတပွဲတော်

"တစ်ခါတုန်းက ဒီရွာကြီးရဲ့ ကောင်းကင်ထက်မှာ ကျုပ် ကျက်စားခဲ့တာကို အမှတ်ရတယ်ဗျာ"

မိုးတိမ်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိ ယာဒီပူရရွာပြင်ရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေတတ်သည့် ပုဂ္ဂိုလ်နှင့် စကားလက်ဆုံကျခဲ့သည်။

"ဒီဒေသမှာ မီလာလို့ အမည်တပ်တဲ့ ဂီတပွဲတော်ကြီးတစ်ခုကို အကြီးအကျယ် ကျင်းပလေ့ရှိတယ်၊ သုံးရက်လောက်ကို ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် ကျင်းပကြတာဗျ၊ အဲဒီ ဂီတပွဲတော်ကို 'ဘား' အနုပညာ ဂီတအဖွဲ့သားတွေက ဦးဆောင်ကြတာပေါ့။

"အဲဒီပွဲတော်ကို ကောင်းကင်က လှမ်းမြင်ရတဲ့မြင်ကွင်း ခင်ဗျားကို ပြောပြရဦးမယ်၊ ကျုပ်ကလဲ ဘာသာလွင့်မျောပြီး စပ်စုတာဗျ၊ အမလေး . . . ပွဲတော်ကျင်းပတဲ့ကွင်း ဧရိယာကိုက မနည်းပါလား၊ ကွင်းပြင်ကြီးကနေ ဘယ်ဘက်ကိုကြည့်ကြည့် စပါးခင်းတွေ၊ တမာတောကြီးဟာ မျက်စိတစ်ဆုံးဖြစ်နေတာ ကောင်းကင်နဲ့မြေကြီး ထိစပ်နေတယ်လို့တောင် ထင်ရပါရဲ့၊ အဲဒီအပင်တွေရဲ့ခြေရင်းမှာ 'ဘား' တွေဟာ ဘုရားရှင်ကို အလေးအမြတ်ပြု ပူဇော်တဲ့ပွဲကြီးဖြစ်ပြီး ပွဲတော်လာ ပရိသတ်ကတော့ 'ဘား' တွေကို ပူဇော်ကြတယ်ပေါ့၊ တကယ့်ပွဲတော်ကြီးပါပဲဗျာ၊ လယ်ကွင်းတွေရဲ့ နံဘေးမှာ ကောနေတဲ့ မြစ်ကြီးတစ်ခုရှိတယ်၊ ရေခန်းနေတဲ့ မြစ်ပြင်က သဲဖြူတွေဟာ မွန်းတည့်နေရောင်အောက်မှာ ငွေရောင်လက်လက် ထနေတာပေါ့"

မိုးတိမ်သည် စကားစကို မဖြတ်နိုင်ပေ။

"ဘား" ဂီတအဖွဲ့သားများသည် တူရိယာများကို ကိုင်ဆွဲလျက် တောအုပ်များမှတစ်ဆင့် လယ်ကွင်များ၊ မြစ်များကို ဖြတ်ကျော်လျက် ပွဲတော်ဆင်နွှဲရန် ရောက်ရှိလာကြသည်။ ရွာနီးချုပ်စပ်က လူများမှာလည်း "ဘား" ဂီတသံသာများကို နားဆင်ရန် လာကြသကဲ့သို့ ကုန်သည်များလည်း မျိုးစုံပစ္စည်းများ ရောင်းချရန် ရောက်ရှိနေကြသည်။ ပွဲကြည့်သူများသည် ခြေကျင်တစ်မျိုး၊ နွားလှည်းနှင့်တစ်ဖုံ လာကြသူတွေရှိသလို မော်တော်ကားကြီးပေါ်တွင် တွဲလွဲခိုလိုက်လာသူများ၊ ကားခေါင်မိုးပေါ် စီးနင်းလာကြသူများလည်း ရှိကြသည်။

http://www.linhtet.com



ယနေ့တွင်မူ မိုးတိမ်သည် လေပြည်ညင်းပေါ် စီးနင်းလိုက်ပါရင်း “မီလာ” ပွဲခင်း မြင်ကွင်းကို အရသာခံ ကြည့်ရှုမည် စိတ်ကူးသည်။ နေလုံးကြီး စုံးစုံးမြုပ် ပျောက်ကွယ်လျက် လရောင်ထွက်လာသည်အထိ ပရိသတ်များလည်း စောင့်ကြည့်ကြပေဦးမည်။ အဘယ်ကြောင့် ဆိုသော် ဂျေရဒီပမီလာပွဲတော်နေ့သည် ဇန်နဝါရီလ၏ နောက်ဆုံးလပြည့်ညတွင် ကျရောက်သည်ဖြစ်၍ပင်ဖြစ်သည်။

လပြည့်ညချိန် ရောက်သောအခါ ခြောက်သွေ့နေသည့် မြစ်ပြင်တွင် ရေများ ပြည့်လျှံနေသည်ကို တွေ့ရသဖြင့် မိုးတိမ် အံ့သြရပြန်သည်။

“မျက်လှည့်ပြနေသလိုပါလား . . . တကယ်ပဲ လရောင်မျက်လှည့်လို့ ဆိုရမယ်”

လရောင်အောက်တွင်မြစ်ပြင်ရှိသဲဖြူကလေးများသည်ငွေရောင်ရေလှိုင်းတွန့်လေးများသဖွယ် ဖြစ်ကာ မြစ်ထဲတွင် ရေများပြည့်လျှံနေဟန်ဖြစ်နေလေသည်။

“ဘား” ဂီတအဖွဲ့သားများ လူစုံတက်စုံ သီဆိုနေကြသည်အထိ လရောင်တွင် မိုးတိမ် နစ်မျောနေခဲ့သည်။ မိုးတိမ်နှင့် လရောင် ဆော့ကစားမြူးတူးကြပြီး နောက်ဆုံး “မီလာ” ပွဲခင်းလယ်သို့ ရောက်နေခဲ့ပေပြီ။

ပွဲကြည့်ပရိသတ်များ ပြည့်လျှံနေခဲ့သည်။ အတန်ကြာသော် မိုးတိမ်၏ အောက်တည့်တည့် ပွဲခင်းစင်မြင့်ပေါ်တွင် အရောင်တောက်ပသည့် ခေါင်းပေါင်းကိုဆောင်းလျက် ကြိုးတစ်ချောင်းတပ် “အက်တာ” နှင့် “ဂိုပီယန်ထရာ” တူရိယာများနှင့် အခြားတူရိယာများကို တီးမှုတ်နေကြသည့် “ဘား” အဖွဲ့သားများကို တွေ့ရသည်။ ညဉ့်နက်သည်အထိ တီးမှုတ်ဖြေဖျော် သီဆိုမှုမှာ မရပ်ကြသေး။



**အို . . . ချစ်သော ညီအစ်ကို မောင်နှမတို့**
**ဘားတို့၏ဘဝကို နားသောတဆင်ကြပါ**
**လူသားချင်း ကာရံထားသည့် တံတိုင်းများ**
**အယူအဆ မူဝါဒ မတူကြမှုများ**
**ဘားတို့ရဲ့ကမ္ဘာမှာ မရှိပါ။**
**သခင်လဲမရှိ သခင်လဲမဟုတ်**
**ဘုရားရှင်ကို အစေခံသူများသာ**
**ဘားတို့ဘဝ သီကျူးဖွဲ့သီ**
**သီချင်းဆိုမည် ပျော်ကြသည်**
**တစ်ညတာလုံး ဆိုကြ ကကြပြီ**
**အားလုံး နားသောတဆင်ကြစေလိုသည်။**

http://www.linhtet.com



ဘားတို့၏ သီချင်းသားကို မိုးတိမ် အလွတ်ရ၍ ရွတ်မိသည်။

လရောင်ဖြာကျနေသော သစ်ပင်ကြီးများပတ်လည်၌ အားပေးသော ပရိသတ်သည် ဦးခေါင်းတဆတ်ဆတ် လှုပ်ခါလျက် လက်ခုပ်သြဘာပြုကြသည်။ "ဘား" အဆိုတော်နှစ်ဦးသည် ခြေမျက်စိတွင် ခေါင်းလောင်းလေးများ သီထားသည့်ကြိုးကိုချည်ကာ အဆက်မပြတ် လှည့်ပတ်ကခုန်လျက်ရှိသည်။ သူတို့သည် ဂီတရေယာဉ်ကြောတွင်မျောကာ ဟစ်ကြွေးသီဆို ပျော်ရွှင်မြူးတူးနေကြသည်။

"ဖေဖေ . . . သားကြီးလာရင် အဲဒီ 'ဘား' အဆိုတော်တွေနဲ့အတူ ဆိုချင် ကချင်လိုက်တာဗျာ"

ပွဲခင်းဆီမှ သားအဖနှစ်ဦး၏ စကားသံကို မိုးတိမ် ကြားမိပြီး စပ်စုမိပြန်သည်။ သားဖြစ်သူ၏ စကားကြောင့် ဖခင်သည် စင်မြင့်ပေါ်ရှိ "ဘား" လူငယ်တို့ကိုကြည့်လျက် မျက်မှောင်ကျုံ့ကာ သားဖြစ်သူကို မာန်မဲမိသည်။

"ဘာကွ . . . မင်း 'ဘား' ဖြစ်ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့၊ သားဟာ ဂုဏ်သရေရှိ အသိုင်းအဝိုင်းက ဆင်းသက်တာမို့ ဂုဏ်သိက္ခာရှိရှိ နေထိုင်ရမယ်၊ ကိုယ့်အဆင့်နဲ့ ကိုက်ညီတဲ့ ရည်မှန်းချက် ထားရမယ်၊ ဘုန်းတော်ကြီး ဒါမှမဟုတ် ပညာတော်သင်ဖြစ်အောင် မင်းစာကြိုးစားရမယ်"

ဖခင်က သားဖြစ်သူ မိမိစကားကို ထောက်ခံမှုရှိမရှိကို ခပ်စူးစူး အကဲခတ်မိသည်။ ထောက်ခံဟန်မရှိ။ စင်ပေါ်တွင်မူ "ဘား" အဆိုတော်တစ်ဦးသည် လက်ခုပ်တီးလျက် ကခုန်သီဆို ဖျော်ဖြေဆဲဖြစ်သည်။

ဖခင်ဖြစ်သူသည် စင်ပေါ်သို့ လက်ညှိုးထိုးလျက် သားဖြစ်သူ၏အနားသို့ကပ်ကာ အော်ဟစ်ပြောဆိုသည်။

"သား . . . မင်း သူတို့လို လူပုံအလယ်မှာ အရှက်မရှိ ကခုန်တတ်လို့လား၊ ကြည့်စမ်း၊ သူတို့ဟာ အောက်တန်းစားတွေပဲ၊ မွေးကတည်းက သေတဲ့အထိ ကခုန်သီဆိုရမယ့်ကံတွေပါတာလေ"

ဖခင်ဖြစ်သူ မဆိုထားနှင့်၊ ကောင်းကင်ထက် အပေါ်စီးမြင်ကွင်းက မိုးတိမ်သည်ပင် သားဖြစ်သူ၏ မျက်နှာရိပ်ကို အကဲမခတ်နိုင်ပေ။ သားသည် တစ်စုံတစ်ခုကို စဉ်းစားနေဟန်ပင်။

http://www.linhtet.com



"ဘယ်လိုပဲဖြစ်ဖြစ် 'ဘား' အဆိုတော်တွေလို သီချင်းဆိုနိုင်တယ်ထားဦးတော့၊ သူတို့လို ကခုန်ရဲတဲ့သတ္တိ ရှိပါ့မလား"

သားဖြစ်သူ တွေးတောတွေဝေနေစဉ်မှာပင် ဂီတပွဲတော်ကမူ သီဆိုဖျော်ဖြေမှုအရှိန် ကောင်းဆဲပင်။ မည်သို့ဆိုစေ ယင်းဂီတသံစဉ်များသည် သားဖြစ်သူ၏နားမှတစ်ဆင့် နှလုံး အိမ်သို့ တိုးဝင်ထိုးဖောက် ခံစားနေရာယူနေခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။

လပြည့်ည လရောင်အောက်တွင် "ဘား" ဂီတ အနုပညာ လူငယ်လေးများသည် တမာပင် ကြီးကို လှည့်ပတ်လျက် ငြိမ့်ညောင်းစွာ ကခုန်နေကြသည်။ သူတို့၏ နဖူးထက်ဆီသို့ တမာသီးများ ကြွေကျလျက် သူတို့ခေါင်းပေါင်းများလည်း လေပြည်ထဲတွင် ပြေလျော့စပြုနေကြပေပြီ။

"အိုး . . . သူတို့ နောက်ထပ် ဘယ်လောက်ကြာကြာ ခုလိုခရီးဆက်ကြဦးမလဲမသိ"

မိုးတိမ်သည် မိမိ၏မှတ်ချက်ကို ထုတ်ဖော်မိသည်။ ပတ်ဝန်းကျင်ရှိ ဂျေရဒီပဗူရ ကောင်းကင်ကြီးကမူ နံနက်ခင်း နေခြည်ဦးကို ကြိုဆိုရန် ပြင်ဆင်စိုင်းပြင်းနေပြီကို မိုးတိမ် သတိပြုမိသည်။

"ဘာပဲပြောပြော ကျုပ်တို့အားလုံး နေ့ရောညပါ တကယ်ပျော်ရွှင်ခဲ့ကြတာပါခင်ဗျာ၊ မမေ့နိုင်တော့ပါဘူး"

မီလာ ဂီတပွဲတော်အကြောင်းပြောပြီးသဖြင့် မောသွားသည့် မိုးတိမ်သည် အသက်ရှူသွင်း ရှူထုတ်လျက် အမောဖြေပြီး ခရီးဆက် ရွေ့လျားရန် ဟန်ပြင်သည်။

ထို့နောက် ပူနွေးပြုထွက်လာသည့် နံနက်ခင်းကို ကျောခိုင်းကာ မီတာ ၁၀၀ ခန့် ဝေးကွာသည့် တောင်စူးစူးရှိ မြစ်ကြီးတစ်စင်းရှိရာသို့ ဦးတည်လွင့်မျောလာခဲ့မိတော့သည်။

http://www.linhtet.com



# ဘိုပါးမြို့က နွားသိုးအို

“အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်းရဲ့ ဘိုပါးမြို့ပြင်က အဖြစ်ကလေးတစ်ခုပေါ့” ဟူ၍ အစချီလိုက်သည်။ လျှို့ဝှက်သည့် အကြောင်းရပ်တစ်ခု သို့တည်းမဟုတ် ရိုသေလေးစားမှုကိုပြသည့် ပြယုဂ်အဖြစ် မိုးတိမ်သည် တိုးညင်းနွမ်းလျစွာ ရေရွတ် ပြောပြသည်။

ယင်းဒေသ လမ်းတစ်လျှောက်၌ ပန်းပဲဖိုများ၊ အိမ်များ ပြည့်ကြပ်နေသည်။ ယင်းတို့နှင့် တန်းတန်း ဆန့်ကျင်ဘက်ဆီတွင်မူ သက်ငယ်စိမ်းများ မိုးကာထားသည့် ရွှံ့တင်းကုပ်ငယ်လေး တစ်ခု တည်ရှိသည်။ ယနေ့တွင်မူ ယင်းတဲကုပ်ကလေးဆီသို့ မိုးတိမ် ဖြစ်အောင်သွားခဲ့သည်။

တဲကုပ်နံရံတွင် မည်သူ့ကိုမျှ ထိမထင်ဟန်ရှိသော တောက်တဲ့သုံးကောင်သည် တွဲလွဲဆွဲကာ ကျင်လည်ကျက်စားလျက်ရှိနေပြီး သူတို့၏ မျက်လုံးပြူးကြီးများမှာ ချာချာလည် လှည့်ပတ်နေလေသည်။ ယင်းတို့၏ အောက်နားတွင်မူ အသက်ငင်နေဟန်ရှိသည့် နွားသိုးအိုကြီး တစ်ကောင်သည် ရွှံ့နွံပြည့်နေသော ကြမ်းပြင်ပေါ်တွင် ခွေလှဲလျက်ရှိသည်။ သက်ငယ်နံရံကိုသာ စိုက်ကြည့်နေသော ရီဝေနေသည့် မျက်လုံးအစုံနှင့် နွားသိုးအိုကြီးသည် ရက်ပေါင်းများစွာ အစာရေစာ ငတ်ပြတ်ခဲ့ပုံရသည်။

တဲနံရံတွင်မူ ရုပ်ပုံတစ်ပုံကို ချိတ်ဆွဲထားသည်။ ယင်းမှာ နှင်းများ အစဉ်ဖုံးလွှမ်းနေသည့် ဟိမဝန္တာ တောင်တန်းများကို နောက်ခံထားပြီး ဧရာမ ခွန်အားရှိသည့် နွားသိုးဖြူကြီး တစ်ကောင်၏ပုံဖြစ်သည်။ နွားသိုးအိုကြီးကမူ ယင်းပုံကို မျက်လွှာတစ်ချက်ပင် ဝင့်ကြည့်နိုင်ခဲ့ဟန် မတူပေ။ သို့သော် တစ်ခါတစ်ခါတွင်မူ ဟူးခနဲ သက်ပြင်းကို အားလျော့စွာ ချတတ်ပြီး နှုတ်ကရင်ဖွင့်တတ်သည်။

“အဲဒီပုံထဲက ဧရာမ သတ္တဝါကြီးဟာ ကျုပ်ရဲ့ပုံပါပဲ၊ ငယ်ငယ်တုန်းက ကြံ့ခိုင်သန်စွမ်းတဲ့ ကျုပ်ကိုယ်ခန္ဓာဟာ တင့်တယ်ပေတာကလား၊ ဘယ်သူပြိုင်ပြိုင် ကျုပ်ကို မနိုင်ပါဘူး၊ ဒါတင်မက ကျုပ် အလုပ်လုပ်ခဲ့တယ်၊ တကယ့်ကို အစွမ်းရှိသမျှ အလုပ်လုပ်ခဲ့တာပါ၊ လူတိုင်းက ချီးကျူး


http://www.linhtet.com



ကြတာပေါ့၊ တကယ်လဲ ကျုပ်တို့ရဲ့ လယ်မြေတစ်ဝက်လောက်ကို ကျုပ်တစ်ဦးတည်း ထွန်ခဲ့တာပါ၊ ဒါကြောင့်လဲ ကျုပ်တို့ရွာမှာ ကျွဲတွေနွားတွေ အများကြီးရှိတဲ့အထဲက ပန်းချီဆရာက ကျုပ်ပုံတူကို ရေးခဲ့တာ ဖြစ်မှာပါပဲ။

"ဒါပေမဲ့ အခုတော့ ကျုပ် သေမင်းဆီကို ခြေလှမ်းနေရပါပြီ၊ ဒီကမ္ဘာမြေကြီးကခွာပြီး ဘုရားသခင်ဆီကို ပြန်ရပေဦးမယ်၊ ကျုပ်ငယ်နုစဉ် ကြံ့ခိုင်သန်စွမ်းတဲ့ ပုံတူပန်းချီကားကြီး ကိုတော့ အသက်ရှင် ချန်ထားခဲ့ပါတယ်"

နွားသိုးအိုကြီးသည် ကြီးမားလှသော မေးရိုးကြီးများမှ တံတွေးများ တသွင်သွင်ကျလျက် သူ၏ပုံတူ ပန်းချီကားကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ငေးစိုက်ကြည့်နေမိပြန်သည်။



http://www.linhtet.com



ယင်းသတ္တဝါတစ်ကောင်၏ ဘဝ နေဝင်ချိန် မြင်ကွင်းမှ လွှဲဖယ်လျက် မိုးတိမ်သည် ရှန်တိနိကေတန် ငြိမ်းချမ်းရေးလွင်ပြင်အနီး ဘိုပါးမြို့ငယ်လေး၏အပေါ်သို့ အသာအယာ လေးတွဲ့စွာ လွင့်ပါး ဆုတ်ခွာခဲ့သည်။ သို့သော် ညနေစောင်းတွင်မူ ယင်းတဲကုပ်လေးအနီးသို့ ပြန်ရောက်ခဲ့ရပြန်သည်။ အချိန်မရွေး အသက်ထွက်သွားနိုင်သော နွားသိုးအိုကြီး၏ နောက်ဆုံး ထွက်သက်ကို မိုးတိမ် စိတ်ဝင်စားမိသည်။ ထို့ကြောင့် နွားသိုးကြီး၏ ပြတင်းဝသို့ အသာအယာ လွင့်ပျံ၍ ရောက်ခဲ့ပြန်သည်။

"ကဲ . . . လေးစားရတဲ့ ရဲဘော်ရောင်းရင်း နွားသိုးအိုကြီးရေ . . . မင်း မကြာခင် ဟိမဝန္တာတောင်ကြောဘက်ကို ပြန်ပေဦးပေါ့၊ ဒါပေမဲ့ ရဲဘော်ကြီးရဲ့ ပုံတူကိုမြင်တိုင်း မင်း အလုပ်ကြိုးစား တာဝန်ထမ်းခဲ့တာတွေနဲ့ ရဲဘော်ကြီးရဲ့ ခွန်အားကြံ့ခိုင်မှု အလှတွေကို ဒီကမ္ဘာ မြေရဲ့ ရွာသူရွာသားတွေက အမြဲဂုဏ်ယူရစ်ကြမှာပါ"

ထိုစဉ် ပန်းပဲဖိုတစ်ခုအတွင်းမှ တူထုရိုက်သံများသည် လမ်းမဆီမှ လွင့်ပျံ့လာသည်။ သခင်ဖြစ်သူ၏ ထုနှက်သံများသည် ချိုမြိန်သော ဂီတသံများအဖြစ် နွားသိုးအိုကြီး၏ နားဆီသို့ ပွဲတင်ထပ် စီးဝင်လာသည်။ "ကလင် . . . ကချွင် . . . တတ် . . . တတ်" စသည့် သံစဉ် များနှင့်အတူ နွားသိုးအိုကြီးသည် နောက်ဆုံးထွက်သက်ကို ခက်ခဲစွာ ရှူထုတ်လျက် သူ၏တဲ တင်းကုပ်မှ ခွာသွားတော့သည်။

တဲကုပ်လေး၏ စွတ်စိုနေသောနံရံရှိ နွားသိုးအိုကြီး၏ ပုံတူပန်းချီအနီးမှ တောက်တဲ့ သုံးကောင်သည်လည်း သေခြင်းတရားကို တိတ်ဆိတ်စွာ ခံယူကြပြီး မြေပြင်ပေါ်သို့ မိမိဘာသာ အသာအယာ ဆင်းလာခဲ့ကြသည်။ ထို့နောက် ခဏကြာသော် လှုပ်ရှားလာကြပြီး သူတို့ဘဝ သူတို့ ကြိုက်နှစ်သက်သည့် သတ္တဝါငယ်ကလေးများကို ဝမ်းစာအလို့ငှာ ရှာဖွေ ဖမ်းဆီးရန် ထွက်ကြပြန်လေပြီ။ သို့မှသာ ဘဝရှင်သန်မှုကို ဆက်နိုင်ကြလေမည်မဟုတ်လော။

http://www.linhtet.com



# ဒါချောမြို့၏ ဒဏ္ဍာရီ

"အမှန်တော့ အဲဒီအကြောင်းတွေကို ပြန်မပြောချင်ပါဘူး၊ တကယ့်ထိတ်လန့်စက်ဆုပ်ဝမ်းနည်းစရာ မြင်ကွင်းတွေပါ"

ကြည်လင်နေသည့် ဂိမန္တ ကောင်းကင်ပြင်နှင့် ဆန့်ကျင်ရာအရပ်ကို မျက်နှာမူကာ မိုးတိမ်သည် တိုးတိတ်စွာ ရေရွတ်လျက် သူ၏ပုံပြင်ကို နိဒါန်းပျိုးသည်။

"ဂျာမနီနိုင်ငံရဲ့ ကောင်းကင်ထက်ကို ကျုပ်ရောက်ခဲ့တဲ့ တစ်နေ့မှာပေ့ါဗျာ၊ ကျုပ်ရောက်တဲ့ အောက်တည့်တည့်မြို့ကတော့ အဲလ်တောင်တန်းကြီးတွေရဲ့ တောင်ဘက်မှာရှိတဲ့ မန်ချန်မြို့တော် အစွန်နားဆီက 'ဒါချော' ဆိုတဲ့ မြို့ကလေးပဲ။

"တောင်တန်းကြီးတွေ ဝန်းရံထားတဲ့ လွင်ပြင်ကျယ်ကြီးကို ကောင်းကင်ကနေ ကြည့်ရတာ အဆုံးအစမရှိ မြစ်ပြင်ကျယ်ကြီးလိုပါပဲဗျာ၊ အဲဒီမြင်ကွင်းကျယ် လေဟာပြင် လွင်ပြင်ကြီးကို သဘောကျလွန်းလို့ ကျုပ်တောင် တဝဲလည်လည် ကျက်စားမိတယ်။

"အဲဒီကွင်းပြင်ရဲ့အလယ်မှာ ချုံပုတ်တစ်ခု ထီးတည်းပေါက်နေတာ တွေ့ရပြီး မြောက်ပြန်လေဒဏ်ကြောင့် လှုပ်ယမ်းခါနေလိုက်တာဗျာ။

"အဲဒီနေ့က ကျုပ်မျက်စိထဲမှာ ခေါင်းတိုင်သုံးခုက ထွက်နေတဲ့ မီးခိုးငွေ့တန်းကြီးတွေကို လှမ်းတွေ့ရတာဗျ၊ ဒါတင်ဘယ်ကမလဲ၊ ထွက်လာတဲ့ အနံ့ဆိုးတွေကလဲ ဆိုးဝါးလိုက်တာဗျာ။

"တကယ်တော့ ကျုပ်တို့လို မိုးတိမ်တွေရဲ့ ပတ်ဝန်းကျင်မှာ လေကောင်းလေသန့်တွေပဲ ရှုရတာကလား၊ ကျုပ်ကလဲ အနံ့အသက်ဆိုးဆို မခံနိုင်တာကြောင့် လမ်းကြောင်းပြောင်းပြီး အဲဒီအခိုးတွေကို ရှောင်လိုက်ရတယ်"

မိုးတိမ်သည် ပြောရင်းမှ ခဏရပ်ပြီး ကြေကွဲသော မျက်နှာထားနှင့် စကားဆက်သည်။

http://www.linhtet.com





http://www.linhtet.com



အမှန်မှာမူ "ဒါချော" မြို့အနီးရှိ ယင်းလွှင်ပြင်ကြီးသည် မကောင်းဆိုးဝါးအဖြစ် နာမည်ကြီးခဲ့သည်။ နာဇီတို့၏ ခေါင်းဆောင်ကြီး ဟစ်တလာ အမွေထားခဲ့သည့် အကျဉ်းစခန်းဖြစ်သည်။ ဥရောပတိုက် အနှံ့အပြားက ဂျူးလူမျိုးများကို ယင်းနေရာသို့ ကုန်တင်မီးရထားဖြင့် ဖမ်းဆီးခေါ်ဆောင်လာလေ့ရှိသည်။ အကျဉ်းသားအားလုံးမှာ ဂျူးလူမျိုးများဖြစ်ကြသည်။

ဤနေရာသို့ရောက်ပြီး မကြာမီတွင်ပင် သူတို့ကို အဝတ်ချည်းစေးဖြင့်ထားသည်။ ယင်းနေရာတွင် မည်သည်မှာ တန်ဖိုးမရှိတော့ပေ။ ယုတ်စွအဆုံး သွားကို ရွှေကွပ်ထားစေဦး။ အသုံးမဝင်တော့ပေ။

သူတို့၏ ရင်ဘတ်များပေါ်တွင် ဒါဝိဒ်၏သားများ ဟူသည့် မျိုးနွယ်တံဆိပ်ကို ခတ်လေသည်။ ဒါဝိဒ်မှာ ရှေးဂျူးလူမျိုးတို့၏ နာမည်ကြီး ဘုရင်တစ်ပါးဖြစ်သည်။

ထို့နောက် ကျန်းမာကြံ့ခိုင်ပြီး အလုပ်ကြမ်း လုပ်နိုင်သူများနှင့် မလုပ်နိုင်ကြသူဟူ၍ နှစ်စုခွဲသည်။ ထို့နောက် စစ်သားများက သူတို့၏ရင်ဘတ်ကို သံကြိုးဖြင့် ကြက်ခြေခတ်သိုင်းချည်လျက် ကြမ်းကြုတ်ရက်စက်စွာ အော်ဟစ်အမိန့်ပေးလျက် ရပ်နေကြသော ဂျူးအုပ်စုများကို ခိုင်းစေသည်။

ဥရောပစစ်ပွဲကြီးအတွင်းတွင် သနားစရာ အကျဉ်းသားများစွာတို့သည် ရက်လနှစ်ကြာလာသောအခါ ဒဏ်မခံနိုင်ရုံမက နာလန်မထူနိုင်ကြတော့ပေ။

သေတ္တာကုန်တွဲကြီးပေါ်တွင် ပြည့်နှက်ပြွတ်သိပ်လျက် ခရီးရှည် လိုက်ပါလာခဲ့ရသူတို့မှာ ညစ်ပတ်နံစော်လျက်ရှိကြသည်။ မျက်လုံးများလည်း အမိန့်ပေးစစ်သားဆီသို့သာ စိုက်နေရသော်လည်း သူ့လက်ညှိုးက အလုပ်ကြမ်းလုပ်ကွက်ဆီသို့သာ ညွှန်ပြမြဲဖြစ်သည်။

"ကျွန်မ နားပါရစေ၊ ဒီအလုပ်စခန်းက ခဏနားခွင့်ပေးပါ"

မျက်လုံးတောက်တောက်နှင့် မိန်းကလေးတစ်ဦး၏ အော်ဟစ်ငိုကြွေးသံဖြစ်သည်။ သူမ၏ အစ်မကြီးမှာမူ အလုပ်စခန်းမှ နားခွင့်ရခဲ့သည်။ မနားရလျှင် မဖြစ်တော့ပေ။ သူမမှာ ကြုံလှီဖျော့တော့လျက် ရှိနေခဲ့ပြီ။ ဘာမျှမတတ်နိုင်တော့ပေ။ ညီမနှင့် အခြားသူများ ချွေးတပ်ဆွဲခံနေရသည်ကိုသာ ကြည့်နေရတော့သည်။

http://www.linhtet.com



ကျန်ခဲ့သည့် အကျဉ်းသားများကိုမူ ခေါင်းတိုင်သုံးခုပါသည့် ကြယ်မြင်လမြင် တိုက်အိမ်လေး တစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။ အိမ်၏တစ်ဖက်တွင်မူ ထောင်ခြံစည်းရိုးဖြစ်ပြီး စည်းရိုးထိပ်တွင် သံချွန်ကြိုးများဖြင့် ချည်နှောင် ကာရံထားသည်။ အခြားတစ်ဖက်တွင်မူ တောတန်းတွင်းမှ ငှက်ကလေးများ၏ သီဆိုပျော်ရွှင်သံကို ကြားရလေသည်။

"အို . . . သာယာလိုက်တာနော်"

မျက်လုံးတောက်တောက်နှင့် မိန်းကလေးက နံဘေးတွင် အတူလျှောက်လာသည့် ရွယ်တူမိန်းကလေးကို ပြောလိုက်သည်။

"ဟုတ်ပါရဲ့၊ တကယ်သာယာတဲ့ သီချင်းသံပါပဲ၊ တို့က သီချင်းဆိုတဲ့ ငှက်ကလေးတွေဆို သိပ်ချစ်တာ"

ပြောရင်းမှာ ငှက်ကလေးများသည် စိုးစီညံ သီချင်းသီဆိုလျက် ကောင်းကင်ထက်ဆီသို့ ပျံသန်းသွားကြတော့သည်။

ထိုစဉ် အရပ်ပုပု ဂင်တိုတိုနှင့် လူတစ်ယောက် အိမ်ငယ်ဆီမှ ဆောင့်ကြွားကြွား ထွက်လာပြီး အကျဉ်းသားအုပ်စုထံ ခက်ထန်မောက်မာစွာ အမိန့်ပေးသည်။

"ကဲ . . . အားလုံးငြိမ်ငြိမ်နားထောင်ကြ၊ အခု မင်းတို့တစ်တွေ ကုန်ရထားပေါ်မှာ ဘယ်လောက်ညစ်ပတ် နံစော်လာခဲ့ကြသလဲ၊ ဒါကြောင့် မင်းတို့အားလုံး ရေနွေးနဲ့ ရေချိုးဖို့လိုတယ်၊ အခု ရေချိုးခန်းသုံးခုမှာ အဆင်ပြေသလို သွားချိုးရမယ်"

သီချင်းဆိုသည့် ငှက်ကလေးများကိုချစ်သည့် မိန်းကလေးနှင့်တကွ အခြားသူအားလုံး အံ့သြပျော်ရွှင်မှုကို မထိန်းသိမ်းနိုင်ကြဘဲ အော်ဟစ်နေကြလေသည်။

"ဟာ . . . ရေချိုးရမယ်တဲ့၊ တကယ့်ပျော်စရာကြီးပဲ၊ ငါတို့ ရေမချိုးရတာ သုံးပတ်ရှိနေပြီ၊ လူတွေလဲ ညစ်ပတ်နံစော်နေပြီ၊ အိပ်မက်ထဲကလို တကယ်ရေချိုးရတော့မယ်"

သူတို့ကိုကြည့်ကာ မိုးတိမ်လည်း လွန့်လူးပြီး သက်မချမိသည်။

"ဒါဟာ အိပ်မက်လား . . . တကယ်လား၊ ကျုပ်အထင်တော့ အိပ်မက်ပဲဖြစ်မှာပဲ"

http://www.linhtet.com



သူတို့အားလုံး ပျော်ရွှင်မြူးတူးစွာ တိုက်ငယ်ဆီသို့ သွားကြသည်။ သူတို့ဝင်ပြီး ခဏအကြာတွင် အိမ်သံတံခါးငယ်မှာ ပိတ်သွားခဲ့သည်။ သူတို့၏ ခေါင်းပေါ်တွင်မှ မျက်နှာကြက်တွင် တွဲလွဲချထားသည့် ရေပန်းများကို အပေါ်စီးမှ မိုးတိမ် တွေ့ခဲ့ရသည်။

မိုးတိမ်သည် သူတို့အနေအထားကို လှည့်ပတ်အကဲခတ်မိသည်။ ပြီးတော့ တစ်စုံတစ်ခုကို ဖုံးကွယ်လှည့်စားထားသည့် အဖြစ်တစ်ခုလည်း ရှိကောင်းရှိမည် ထင်မိသည်။ မိုးတိမ်က အခြေအနေကို ဆက်လက်အကဲခတ်နေသည်။

"အိုး . . . အမလေး . . . ဒါဟာ အားကိုးရာမဲ့ ဂျူးအကျဉ်းသားတွေ ရေနွေးချိုးရမယ့် ရေချိုးအိမ် မဟုတ်ပါလား၊ ပိတ်ထားတဲ့အိမ်ရဲ့ ပုံစံကတော့ အာဏာရှင်အရူး ဟစ်တလာရဲ့ အကြံနဲ့ လူတွေကို အစုလိုက် အပြုံလိုက် အဆိပ်ငွေ့နဲ့သတ်တဲ့အိမ်ပဲ၊ ဘုရား . . . ဘုရား"

ထိုစဉ် ခေါင်းတိုင်များဆီမှ တရှဲရှဲအသံမြည်ကာ အဖြူရောင်အငွေ့များ ထွက်လာခဲ့လေပြီ။ စက္ကန့်အနည်းငယ်ကြာသော် ဝေဒနာ ပြင်းထန်စွာ ခံစားလျက် အော်ဟစ်နေကြသော အသံနက်ကြီးများ၊ ညည်းတွားသံများနှင့် ငိုယိုဆုတောင်းကြသည့်အနိဋ္ဌာရုံ အသံများအားလုံးတို့သည် လေတွင်လွင့်ပျံထွက်ပြီးနောက် အံ့သြလောက်အောင် ငြိမ်သက်သွားခဲ့လေပြီ။

"လောကငရဲဆိုတာ ဒါပေါ့ဗျာ၊ လူဆိုတဲ့သတ္တဝါက ဘဝတူ သတ္တဝါတွေကို လုပ်ကြံဖန်တီးပေးတဲ့ တကယ့်ငရဲပါပဲ"

မိုးတိမ်မှာလည်း ခဏချင်းပင် အသံသဲ့သဲ့သာ ဆိုနိုင်တော့သည်။ သို့သော် အစွမ်းကုန်အားတင်းလျက် ကြေကွဲထိတ်လန့်ဖွယ် အဖြစ်အပျက်ကြီး ပြီးဆုံးသည်အထိ ထက်ချပ်မကွာ လိုက်မိသည်။

ဆယ်မိနစ်ခန့်ကြာသော် ဂင်တိုတို အရပ်ပုပုလူသည် လူတစ်စုလုံး သေကြေပျက်စီးမှုကို သံသယမရှိဟန်ဖြင့် အိမ်တွင်းမှ ထွက်လာပြီး အိမ်နောက်ဘက်နှင့် အတွင်းရှိ ပြတင်းပေါက်ငယ်နှစ်ခုကို ဖွင့်လိုက်ပြီး ရေရွတ်သည်။

"ကဲ . . . အားလုံးအဆင်ပြေတယ်၊ ရေချိုးပြီးကြပြီ"

ပြီးမှ လှောင်ထေ့ထေ့ပြုံးလျက် ထပ်မံရေရွတ်ပြန်သည်။

http://www.linhtet.com



"ကဲ . . . ထွက်ပြေးလွတ်မြောက်ချင်နေကြတဲ့ ဂျူးကောင်တွေ အငွေ့အဖြစ်နဲ့ပဲ ခေါင်းတိုင်ထိပ်က ထွက်သွားကြပေတော့"

ယင်းမှ လအနည်းငယ် ကြာသည့်အခါ အနိဋ္ဌာရုံစစ်ပွဲကြီး ပြီးဆုံးသွားခဲ့လေသည်။ အနည်းငယ်သာ ကျန်တော့သော အကျဉ်းစခန်းများမှ အကျဉ်းသားများလည်း စိတ်ရောကိုယ်ပါ ဝေဒနာ ခံစားလျက်က အငတ်ဘေးဒုက္ခမှ လွတ်ငြိမ်းခွင့်ရကြလေပြီ။

"ဘယ်ရာသီမဆို ငှက်ကလေးတွေဟာ သူတို့သီချင်းသံကို ချစ်မြတ်နိုးတဲ့ ကံဆိုးမလေးနဲ့ သူမရဲ့ အပေါင်းအသင်းတွေရှိတဲ့ ဒါချောမြို့ကို မကြာမကြာလာပြီး ပျော်ရွှင်မြူးတူးစွာ သီချင်းသံ ပေးကြတယ်လို့ ပြောစမှတ်ဖြစ်နေကြတယ်၊ အင်း . . . သူတို့လဲ မိန်းကလေးရဲ့ ကြမ္မာဆိုးကို သိကြမှာပေါ့လေ"

မိုးတိမ်သည် သူ၏ ကြေကွဲပုံပြင်ကို ဆိတ်ငြိမ်စွာ အဆုံးသတ်လိုက်သည်။ယနေ့အတွက် ပြောစရာ ရှိတော့မည် မထင်ပါ။ ရာစုများစွာ ကုန်ဆုံးခဲ့ပြီးသော်လည်း စစ်၏ ကြေကွဲဖွယ်များ၊ သင်ခန်းစာ ယူစရာများ ဒုနှင့်ဒေး ရှိပေလိမ့်ဦးမည်ဟု အတွေးနှင့်အတူ မိုးကောင်းကင်၏ တောင်ဘက်သို့ တိုးဝင်ကာ ပါလက်စတိုင်းဒေသ၏ အခြားလွင်ပြင်ကျယ်တစ်ခုဆီသို့ ရွေ့လျား ခဲ့မိတော့သည်။

http://www.linhtet.com



# မြည်းငယ်လေး၏ မျက်ဝန်းအိမ်မှတစ်ဆင့်



"မနေ့က အပေါင်းအသင်း မိုးတိမ်တွေနဲ့ သက်သောင့်သက်သာ ခရီးသွားခဲ့သေးတယ်"

မိုးတိမ်သည် ယမန်နေ့က ခရီးစဉ်ကို နိဒါန်းပျိုးလျက် ဇာတ်လမ်းတစ်ခုကို စတင်ခဲ့သည်။

"ကျုပ်တို့အောက်တည့်တည့်က ရွာကလေးမှာတော့ ကျောပေါ်မှာ အထုပ်အပိုးအပြည့်နဲ့ မြည်းတစ်အုပ်ဗျ၊ အဲဒီမြည်းတွေဟာ ခဝါသည်ကြီးတွေရဲ့ အဝတ်တွေကို လေးလေးလံလံ သယ်ပိုးထားရတာ ကြည့်လို့တောင် မကောင်းပါဘူးဗျာ"

http://www.linhtet.com



မိုးတိမ်၏ ဇာတ်လိုက်များမှာ ယနေ့အဖို့ မြည်းတိရစ္ဆာန်ကလေးများဖြစ်သည်။

"ရပ်နေတဲ့ ပထမဦးဆုံး မြည်းဟာ မျက်တောင် တဖျပ်ဖျပ်ခတ်ပြီး ဘေးနားဆီက သူငယ်ချင်း မြည်းလေးကို စိုက်ကြည့်နေတယ်၊ အဲဒီကောင်ကလည်း သူ့ဘေးကမြည်းကိုကြည့်လို့၊ သူတို့ ခေါင်းတွေ အကုန်လုံး အတွင်းဘက် စီတန်းလှည့်ထားကြသလိုပါပဲ၊ နောက်ဆုံးမြည်းလေး ကတော့ ကြည့်စရာမရှိတော့လို့ ကျယ်ပြောလှတဲ့ ကောင်းကင်ဆီက မိုးတိမ်တွေကို စိုက်ငေးနေ လေရဲ့"

မိုးတိမ်သည် သူနှင့် မျက်လုံးချင်း ဆုံမိသည့် မြည်းလေးကို စိတ်ဝင်စားမိဟန်တူသည်။ သူ့အကြောင်းကို စပ်စုပြန်သည်။ အမှန်ကမူ နောက်ဆုံးမြည်းငယ်လေးသည် သူတို့ပတ်သက်ရာ မြည်းမျိုးစုများအကြောင်းကို စဉ်းစားခန်းဝင်နေခြင်းဖြစ်သည်။ ဥပမာဆိုပါတော့ - မြည်းတို့၏ ရာဇဝင်နှင့် မြည်းတို့၏ ဘဝဖြစ်စဉ် စသည်များဖြစ်သည်။ တစ်ခါတစ်ခါလည်း မြည်းတို့နှင့် အပေါင်းအသင်းဖြစ်ရသည်မှာ စိတ်ကသိကအောင့်ဖြစ်ရတာတွေ၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတာတွေ ဘယ်နေရာသွားသွား ဖြစ်တတ်သည်။ ကမ္ဘာ့သမိုင်းစဉ်များတွင် မြင်းများ အကြောင်းသာ မှတ်တမ်းတင်ခံရပြီး မြည်းများအကြောင်းကတော့ မတွေ့ခဲ့ပေ။ ထိုမျှမက ကမ္ဘာအနှံ့ ကျော်ကြားသော ထင်ရှားသော ပုံပြင်၊ ဒဏ္ဍာရီများ၊ ပန်းချီကားများ၊ ပြဇာတ်အဖွဲ့ များ၌လည်း မတွေ့ရ။ ဘာကြောင့်များ မြည်းတွေဟာ ကျောပေါ်မှာ တင်ထားတဲ့ မချိမဆန့် ဝန်တွေကိုထမ်းပြီး မသက်မသာမျက်နှာနှင့် အားစိုက်ခြေလှမ်းနေရတဲ့ ဘဝမျိုးမှာ ရောက်နေ ရတဲ့ သတ္တဝါဖြစ်နေရပါလိမ့်။

မြည်းလေးမှာ ညည်းတွားအသံပြုနေရသော်လည်း ဘဝတူ မိတ်ဆွေများကို သူ ကူညီနိုင် သည်တော့ မဟုတ်။

"ငါဟာ ဘာလဲ . . . ဘာအတွက် ကျုပ်တို့ ဒီကမ္ဘာမြေမှာ ရောက်နေခဲ့သလဲ"

နေ့တစ္စဝ မြည်းတို့၏ ဘဝအဖြစ်ကို စဉ်းစားခန်းဝင်မိသည်။ သူ၏ဘဝသမိုင်းဖြစ်စဉ်နှင့် ယခင်မှ သည်နေ့ထိ သူ၏ကြင်နာမှုများက သူ၏မျက်ဝန်းညိုကြီးများတွင် ထင်ဟပ်ခဲ့သည်။ ယင်းမျက်ဝန်းကြီးများက မြည်းဟု အမည်ပညတ်ပြုသည့် မည်သည့်ဒေသက သတ္တဝါမျိုးကို မဆို ကိုယ်စားပြုဟန်ရှိသည်။

မြည်းလေးကို ကြည့်ရသည်မှာ မှုမှုတတ တွေးခေါ်တတ်ပုံရသည်။

http://www.linhtet.com



"ဘယ်နေရာမှာဖြစ်ဖြစ် ကျုပ်ဘိုးဘေးတွေ၊ အစ်ကိုတွေ၊ အစ်မတွေနဲ့ သူငယ်ချင်းတွေ အားလုံးဟာ စိတ်သွားရာ ကိုယ်မပါကြပါဘူးဗျာ၊ ကိုယ်လုပ်ချင်ရာ လုပ်ရတာ မဟုတ်ဘူးဗျ၊ လူတွေလုပ်ချင်တာကိုသာ ကျုပ်တို့က ဖြည့်ဆည်းရတာ၊ ဒါကြောင့်ပဲ ခဝါသည်ကြီး စေခိုင်းရာ အားသွန်ခွန်စိုက် အလုပ်လုပ်ရတဲ့ကျွန်ဖြစ်နေတာ မဟုတ်လား"

တွေးရင်းမှာပင် မြည်းကလေးသည် မခံမရပ်နိုင် ဒေါသထွက်လျက် အသံကျယ်ဖြင့် ဟီလိုက်သည်။ သို့သော် သူ့ဟီသံကို မည်သူကမျှ အသိအမှတ်မပြုခဲ့ပါချေ။

နံနက်တိုင်း အခြားမည်သူမျှ မနိုးခင် မြည်းကလေးသည် အိပ်ရာမှနိုးကာ မျက်လုံး ဖွင့်လျက် တစ်နေ့တာ ဝန်သယ်ရမည့် မိမိ၏အလုပ်တွေကို စဉ်းစားမိသည်။ မြို့က ခဝါသည် ကြီး၏ လျှော်ဖွပ်ရမည့် အဝတ်ပုံကြီးကို ကျောပေါ်ထမ်းလျက် ရေကန်ဆီသို့သွားရသည်။ ပြီးလျှင် တစ်နေ့လုံး အချိန်ကုန် ဒုက္ခခံ ရပ်စောင့်ပြီး လျှော်ဖွပ်ပြီးသည့် အဝတ်များကို မြို့သို့ပြန်သယ် ရမည်။ အသွားအပြန် လမ်းတစ်လျှောက်တွင်မူ သတ္တဝါ တိရစ္ဆာန်မျိုးစုံတို့က သူ့ကိုနှုတ်ဆက် တတ်ကြသလို လူအုပ်ကြီးကလည်း စောင့်နေတတ်သည်။

အချို့မြည်းကလေးများကမူ လူတို့၏ ကလိန်ကကျစ်ဉာဏ်များကို အသေးစိတ် မလေ့လာ တတ်ကြ။ လူတို့၏ ကျွေးသမျှ စားသောက်ပြီးသည်နှင့် လူတွေကျေနပ်မည့် ဟန်အမူအရာများနှင့် ပိုင်ရှင်ကို မျက်နှာလုပ်နေတတ်သည်။ တချို့မြည်းကလေးများကမူ စိတ်မထင်လျှင် မထင်သလို လူတို့ရက်စက်သကဲ့သို့ သူတို့က ပြန်၍လက်စားချေတတ်သည်။ ယင်းအကြောင်းကလည်း မြည်းများကို လူတွေကြောက်ရွံ့သည့် အခြေခံအကြောင်းတစ်ကြောင်း ဖြစ်ပေလိမ့်မည်။

"ကဲ . . . ထားလိုက်ပါတော့၊ အဲ . . . လူ . . . အဲဒီလူတွေကရော လူသားမျိုးနွယ်စု ဆိုတာ တခြားသတ္တဝါတွေထက် ယဉ်ကျေးသိမ်မွေ့မှုရှိတယ်ဆိုပြီး တို့မြည်းတွေအပေါ်မှာ ဘာလို့ အဲဒီလို မဆက်ဆံကြတာလဲ၊ မြည်းတွေဟာ လူသားတွေရဲ့ ကျွန်လုပ်ဖို့နဲ့ လူသားတွေကို အလုပ်အကျွေးပြုဖို့ပဲ မွေးဖွားခဲ့တာမဟုတ်ဘူး၊ မြည်းသဘာဝ လွတ်လပ်ခွင့်နဲ့ ပျော်ရွှင်ခွင့်ဆိုတာ မရှိတော့ဘူးလား၊ ကျောပိုးနေရာမှာ မနိုင်ဝန်တွေတင်မယ်၊ ပြီးတော့ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အတင်းတွန်းထိုးပြီး အလုပ်လုပ်ခိုင်းမယ်၊ အဲ . . . မတရားလွန်းပြီဆိုရင်တော့ မြည်းအကန်ခံရမှာ မလွဲဘူးပေါ့"

http://www.linhtet.com



တချို့မြည်းများဆိုလျှင် အိပ်မက်ထဲတွင်ပင် တစ်နေ့တာအလုပ်ဝန် ဖိစီးမှုက စိုးမိုးနေတတ်သည်။ အချို့မှာလည်း သူတို့ပိုင်ရှင်အတွက် နည်းမျိုးစုံနှင့် သွေးချွေးပေးဆပ်ရမှုကို စိတ်တွင် မချိတင်ကဲ ခံစားရသည်။ သူတို့အားလုံး စိတ်ထဲတွင်မူ စာနာထောက်ထားမှု တစ်ခုကို ပိုင်ရှင်ထံမှရရန် တောင့်တ မျှော်လင့်ကြသည်။

ဥပမာပြောရလျှင် မြည်းအိုကြီးတစ်ကောင်၏ ခံစားချက် ဆိုပါစို့။ မြည်းအိုကြီးနှင့် သူ၏ မြည်းမကြီးတို့ ပူပြင်းသည့် နွေရာသီ နေ့လယ်ခင်း၏ အပူဒဏ်အောက်တွင် ရပ်နေရသည်။ သူတို့၏ဇက်များမှာလည်း အပူဒဏ်ကြောင့် ကျိုးကျနေပြီး ခြစ်ခြစ်တောက် ပူနေသည့် နေရောင်အောက်တွင် မျက်လုံးများမှာလည်း ပွင့်ထွက်မတတ်ရှိနေခဲ့သည်။ ယင်းအချိန်တွင် ကလေးတစ်ဦးသည် သူတို့၏ဇက်ကြိုးကိုဆွဲကာ အနီးရှိ သစ်ပင်ရိပ်အောက်သို့ နားနေရန် ပို့ခဲ့ဖူးသည်။ ဤသည်မှာ သာမန်ကြင်နာမှုလေးဖြစ်သော်လည်း ထိုသူငယ်၏ ကျေးဇူးကို မြည်းအိုကြီးတို့ မမေ့နိုင်တော့ပေ။

သူတို့ အလုပ်လုပ်ပေးရသည့် လူသားတို့၏စကားကို သင်ကြားတတ်မြောက်ရန် ခက်ခဲသော်လည်း မြည်းတို့၏ ဘာသာစကားဖြင့်မူ ကျေးဇူးတင်ရှိမှုကို ဖော်ပြတတ်ပါသည်။ လုပဝန်းဝိုင်းသည့် မျက်ခွံလေးကို ဖြည်းဖြည်းညင်သာစွာဖွင့်လျက် ခတ်လျက် ဖော်ပြတတ်သည့် မြည်းတို့၏ ကျေးဇူးတင်ကြောင်း အမှတ်အသားကို လူတို့နားလည်လျှင်၊ မြင်တတ်လျှင် တွေ့နိုင်ပါသည်။ ပိုင်ရှင်က ချည်ထားသည့် မသက်မသာ မြင်းဇက်ကြိုးက တစ်ဝက်တပျက် ဖုံးကွယ်နေတတ်သည့် မြည်းကလေး၏မျက်နှာကို မြင်းဇက်ကြိုးကို ခပ်ကြမ်းကြမ်းကိုင်ကာ ကျောပေါ်တွင်ထိုင်လျက် အမိန့်ပေး ခိုင်းစေတတ်သည့် ပိုင်ရှင်သခင်က မြင်နိုင်ပါမည်လား။ လူဆိုသည့်သတ္တဝါကမူ တိရစ္ဆာန်များ မည်မျှကျိုးနွံ နာခံစေကာမူ နှုတ်နှင့်လက်ကမူ အာဏာပြထောင်လွှားမြဲဖြစ်သည်မဟုတ်လား။

တကယ်တော့လည်း ကမ္ဘာကြီး၏ သမိုင်းဖြစ်စဉ်များတွင် မြည်းတွေသာမက မည်သည့် တိရစ္ဆာန်တို့မဆို ပြန်ကြည့်ပါလျှင် သူတို့အတွက် မည်သည့်ကကြိုးတန်ဆာတွေ တပ်ဆင်ပေးထားသည်ဖြစ်စေ လူသားတွေ စီးဖို့၊ ဆွဲဖို့၊ တွန်းဖို့အတွက်သာ အသုံးပြုခဲ့ကြသည်သာဖြစ်သည်။ နောင်ဆိုလျှင်မူ တိရစ္ဆာန်များ၏ ကိုယ်တိုင်ခွင့်ပြုချက် ဒါမှမဟုတ် ကျေးဇူးဆပ်ဖို့ တစ်စုံတစ်ရာ ပေးမည် ဆိုမှသာပင် လူသားတွေ ခိုင်းချင်ရာ ခိုင်းစေလို့ရမည်ဆိုလျှင် အလွန်ကောင်းပေမည်။

http://www.linhtet.com



သူတို့ အတင်းအကြပ် နှိပ်စက် ခိုင်းစေမည်ဆိုပါက နောင်တွင် တိရစ္ဆာန်များကို သူတို့၏ ဖျော်ဖြေရေးအတွက်သာ သုံးနိုင်အောင် ကာကွယ်ရပေမည်။

ယင်းကား နောက်ဆုံးမြည်းငယ်၏ အတွေးဖြစ်သည်။ သူ၏အတွေးကို သူ့ဘာသာ ကျေနပ်လျက် သူ၏မျက်ဝန်းညိုကြီးများဖြင့် ကျေနပ်သည့် မြည်းသင်္ကေတကို ပြလေသည်။ ထိုစဉ်မှာပင် သူ့သူငယ်ချင်း မြည်းများအားလုံးသည် လျှော်ဖွပ်ပြီးစီးသည့် အဝတ်ထုပ်များကို ကျောပိုးတွင် မတန်တဆ အသင့်တင်လျက် နေပူကြဲကြဲတွင် အပူဒဏ်ကို ညည်းတွားနေကြပြီဖြစ်သည်။ အတွေးသမားမြည်းငယ်လည်း မကြာမီ တာဝန်ချိန်ရောက်ပေတော့မည်။

ယင်းမြင်ကွင်းကိုကြည့်လျက် မိုးတိမ်လည်း စိတ်မသက်မသာ ညည်းတွားကာ မြည်းအုပ်ကို နှုတ်ဆက်လျက် သူတို့၏ အလုပ်ခွင်မှ ထွက်ခွာခဲ့မိတော့သည်။

http://www.linhtet.com



# ပင်လယ်၏ သားသမီးများ

"အလို . . . ပင်လယ်ဟာ ခက်ထန်လွန်းလှပါလား"

မိုးတိမ်သည် ပင်လယ်ကိုကြည့်လျက် တုန်လှုပ်စွာ ရေရွတ်မြည်တမ်းမိသည်။


ယမန်နေ့ကမူ ဘင်္ဂလားပင်လယ်အော်၏ မျက်နှာချင်းဆိုင်ရှိ အိန္ဒိယ ကမ်းခြေမှ ရှေးမြို့တော်ဟောင်း "ပူရီ" ကို ဖြတ်တိုက်လာသည့် လေဒဏ်ကို ခံလိုက်ရသည်။ မိုးတိမ်နေရာမှ စီးမိုးကြည့်လျှင် ပူရီ၏ မိုးကုပ်စက်ဝိုင်းသည် ဘုရားဝတ်ကျောင်း ဗိမာန်များ၏ စုလစ်မွန်းချွန်များ ပေါ်တွင် ဝင့်ကြွားစွာရှိသည်။ တိမ်သား လွင့်ပါးရာ ကောင်းကင်မှ အိန္ဒိယမြေပြင်အနှံ့၌ မရေမတွက်နိုင်သည့် ဝတ်ကျောင်းဗိမာန်များ၏ မြင်ကွင်းကို မြင်ရသည်။ ယမန်နေ့က ကမ်းရိုး၏ အခြေအနေကို သုံးသပ်မိသည်။

ကမ်းခြေကို ပြင်းထန်သော လှိုင်းလုံးကြီးများ ရိုက်ခတ်လျက်ရှိသည်။ လူအရပ် နှစ်ပြန်ခန့် မြင့်သော လေထန်လှိုင်းကြီးများမှာ ကမ်းပေါ်သို့ အသံမြည်ဟည်းလျက် ကျဆင်းရိုက်ခတ်နေလေသည်။ လှိုင်းထန်သော ပင်လယ်တွင် ကမ်းခြေကို ဦးတည်လှော်ခတ်လာနေသည့် ငါးဖမ်းလှေကလေးနှစ်စီးကို မြင်မိသည်။ လှေပေါ်တွင် အနားသုံးဘက်ပုံ ထန်းလက်ဦးထုပ်ဆောင်းလျက် တံငါသည်ဖြစ်ဟန်ရှိသူနှစ်ဦးသည် သူတို့၏ လှေတစ်စင်းစီဖြင့် အဖော် လှော်တက်ယပ်များကို အားစိုက် လှော်ခတ်လျက်ရှိနေကြသည်။ သူတို့နောက်တွင် တောင်လို မောက်သော လှိုင်းလုံးကြီး တက်လာနေသည်ကို သူတို့ဦးခေါင်းပေါ်ကျော်၍ မြင်နေရသည်။ ကမ်းခြေတူရူကို လှမ်းမျှော်လျက် စိုးရွံ့စိတ်စောဟန်များ အထင်းသားနှင့်ဖြစ်သည်။ မိုးတိမ်သည် မိမိ၏အသံဝါကြီးနှင့် အော်ဟစ် သတိပေးနိုင်လျှင် ကောင်းလေစွဟု တွေးတောနေစဉ်ပင် သူတို့လှေကလေးများ ထိုလှိုင်းလုံးအောက်သို့ စုံးစုံးမြုပ်သွားတော့သည်။

စက္ကန့်အနည်းငယ်အကြာတွင် လှေငယ်ကလေးများ ပြန်ပေါ်လာသည်ကို တွေ့လိုက်ရသည်။ သို့သော် လှေကလေးများမှာ မှောက်လျက်သားဖြစ်သည်။ ကမ်းခြေနှင့် မနီးမဝေးနေရာ

http://www.linhtet.com





http://www.linhtet.com



ဖြစ်သဖြင့် သူတို့ ကံကောင်းသည်။ လှေများ လူးနေသဖြင့် သူတို့မှာလည်း ပေါ်လိုက် မြုပ်လိုက်။ လှေပေါ်ရောက်သည်ဆိုလျှင် သူတို့ အားစိုက်လှော်ပြန်သည်။ မာန်ဖီနေသည့် လှိုင်းလုံးကြီးများကို အန်တုလှော်ခတ် ဖြတ်ကျော်ရင်း ကမ်းခြေကို ရောက်ရှိခဲ့လေပြီ။ ကမ်းခြေသဲသောင်ပေါ်တွင် သူတို့ အမောဆို့လျက် အသက်ကိုပင် မနည်းရှူရှိုက်နေရချေပြီ။

တံငါများနှင့် မိသားစု လူအုပ်ကြီးမှာ သူတို့ကိုတွေ့ရန် ကမ်းခြေသို့ တစ်အုပ်ကြီး ရောက်နေသည်။ သို့သော် သူတို့အားလုံးသည် ပင်လယ်ကြီး မုန်တိုင်းထန်စဉ် မည်သို့ဖြစ်လာတတ်သည်ကို သိပြီးသားဖြစ်ကြ၏။ ထို့ကြောင့် ရေတံငါသည်များ ချောမောစွာ အိမ်သို့ပြန်ရောက်ကြမည်ကို စိတ်မချသဖြင့် လာရောက်ကြည့်ကြခြင်း ဖြစ်သည်။

ကမ်းခြေတစ်နေရာတွင်မူ လှေတစ်စင်းမှာ နှစ်ပိုင်းကွဲနေခဲ့ပြီ။ ဤသို့ ထက်ခြမ်းကွဲထွက်သွားသည့် လှေမျိုး တစ်ခါမျှ မမြင်စဖူးပေ။ သို့သော် ကမ်းစပ်တွင် ဆိုက်ကပ်ထားသည်တို့မှာ ထိုသို့ပင် သစ်လုံးများကို တွဲစပ် တည်ဆောက်ထားသော လှေများချည်းဖြစ်သည်။ သစ်လုံးများ လှေဦးတွင် စုစည်းမိရန်အတွက် သစ်များကို ရွေ၍ စပ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

စိတ်ပူပန်စွာ စောင့်နေကြသည့် လူအုပ်ထဲမှ လေးငါးဦးသည် လှေကွဲရှိရာ သဲသောင်ပေါ်သို့ အပြေးသွားလိုက်ကြသည်။ သူတို့သည် လှေနှစ်ခြမ်းကို လေးပင်စွာ မ-လျက် သံပြိုင်အော်ဟစ်ကာ ပခုံးပေါ် ထမ်းတင်လိုက်သည်။ သူတို့ထံမှ သံပြိုင်ဆိုသံမှာ လုပ်ငန်းခွင်ဝင်နေသည့် အားကောင်းမောင်းသန် တံငါသည်ကြီးများ၏ ဟစ်ကြွေးသံမျိုးနှင့် ခြားနားလျက်ရှိသည်။ သူတို့ဟန်ပန်နှင့် ဆိုမြည်သံမှာ “ပင်လယ်၏ ကြေကွဲခြင်းများ” ဟု အမည်ပေးရမည့် အလွမ်းပြဇာတ်သရုပ်နှင့် တူတော့သည်။

ဘာကြောင့် ဝမ်းနည်းပူဆွေးဟန် ရှိနေကြသနည်းဟု တွေးတော ပင့်သက်ချလျက် မြင်ကွင်းအနီးသို့ ချဉ်းကပ်ကာ စူးစမ်းမိသည်။

“အလို . . . ဘုရား . . ဘုရား . . ဒါကြောင့်ပေကိုး” ဟု တီးတိုးရေရွတ်မိလိုက်၏။

ကမ်းသို့ကပ်လာသည့် တံငါလှေနှစ်စီးတွင် နှစ်ဦးစီ စီးနင်းလှော်ခတ်နိုင်သော်လည်း သုံးဦးသာ ပြန်လာခဲ့၏။ အမှန်အားဖြင့် လေးဦးစလုံး ကမ်းသို့ရောက်ခဲ့သော်လည်း ရေစပ်တွင် ကျန်နေသော လှေပေါ်မှ တစ်ဦးကား အမောဆို့လျက် သေဆုံးခဲ့လေပြီ။

http://www.linhtet.com



ထိုစဉ်တွင် အမေအိုတစ်ဦး သဲသောင်သို့ အပြေးဆင်းလာကာ ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးလေသည်။

လှေပေါ်တွင် အသက်မဲ့နေပြီဖြစ်သည့် သား၏အလောင်းကို ပွေ့ဖက်ကာ သူ့ခမျာလူးလိမ့်ငိုကြွေးတော့သည်။

အမေအို၏ ပူဆွေးမှုမှ မျက်ရည်များ လှေဝမ်းထဲရှိ ဆားငန်ရေများ ရောနှောစီးဆင်းသွားတော့သည်။

"လှိုင်းက ထန်လွန်းလှပါတယ်ဗျာ၊ ကျုပ်တို့ ကမ်းကိုရောက်အောင် အားကုန်လှော်ခတ်နေတုန်း ဝဲနဲ့ မိပြန်ပါရော၊ အဲဒီမှာ ဧရာမ လှိုင်းလုံးကြီးက ဆွဲယူပြီး ချေမွလိုက်တာပါပဲ၊ လှေလူးပြီးမှောက်ရော တံငါလေး 'ဆန်းနေ' ဟာ သူ့ခေါင်းကို ခိုက်မိသွားတယ်၊ ကျွန်တော်တို့လဲ ဝဲထဲကျသွားတဲ့သူ့ကို အတင်းဝိုင်းဆွဲကြပေမယ့် နောက်ဆုံးတော့ . . ."

ဇာတ်ကြောင်းပြန်နေသည့် ကိုတံငါနှင့် နားထောင်နေကြတဲ့သူများအားလုံး ကြေကွဲဖွယ်အလွမ်းပုံပြင်တစ်ပုဒ်ကို နားထောင်နေရသဖြင့် မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲ ပြည့်လျှံနေကြသည်။ မည်သူမှ စကားမဆိုကြဘဲ တိတ်ဆိတ်နေကြသည်။ ဤအဖြစ်မျိုးကို အကြိမ်ပေါင်းများစွာ ကြုံခဲ့ရဖူးသူများပီပီ လုပ်စရာရှိသည်ကို ဆက်၍လုပ်ကြရန် ရှဲသွားတော့သည်။

ကံဆိုးသူ ကိုတံငါ၏ သက်မဲ့ခန္ဓာကိုယ်ကို သူ၏မိတ်ဆွေများက အဝတ်ဖြူဖြင့် ထွေးပတ်လျက် ဘေးရွာသို့သွားသည့် ကွေ့ဝိုက်သော ကမ်းခြေလမ်းအတိုင်း သယ်ခဲ့ကြသည်။ နာရီအနည်းငယ်အတွင်း သူတို့သည် ထင်းများစုပုံလျက် မီးသဂြိုဟ်စင် ဆောက်ကြသည်။ နောက်ဆုံး သူတို့ချစ်သည့် မိတ်ဆွေတံငါသည်ကြီး "ဆန်းနေ" ကို မီးရှို့ သဂြိုဟ်လိုက်ကြတော့သည်။

မီးခိုးငွေ့များသည် ဘင်္ဂလားပင်လယ်အော်အထက်သို့ တဝေ့ဝေ့ လွင့်ပျံ့သွားစဉ်၌ အစဉ်ခက်ထန်နေတတ်သော ပင်လယ်ပြင်သည်လည်း မာန်ဟုန်ပြင်းမြဲ ပြင်းလျက်ပင်ရှိသည်။ မုန်တိုင်းတစ်လုံး လာချေဦးတော့မည်။ ဤသည်ကိုတော့ မိုးတိမ်အနေဖြင့် အတတ်သိနိုင်ပါသည်။ သေချာသည်ကား လေအေးတစ်ချက် မိမိထံ တိုးဝင်လာပြီဆိုလျှင်ဖြစ်သည်။

တစ်ကြိမ်က တံငါကလေးဖြစ်ခဲ့ဖူးသူ၏ ကိုယ်မှကြွင်းသော ပြာများကို သူ့အား ရှင်သန်ရန်ထောက်ကူခဲ့လျက် သူ့အသက်ကိုလည်း ပြန်လည် ရုပ်သိမ်းပေးလိုက်သော ပင်လယ်ပြင်သို့

http://www.linhtet.com



အပ်နှင်းခဲ့ရလေပြီ။ သူ့ဘဝ၏ တစ်ဦးတည်းသော မိသားစုဝင် ကျန်ရစ်သူ အမေအိုကြီးကမူ သားဖြစ်သူ၏ ပြာများကို ရေပြင်သို့ လွှင့်ကြဲရင်း အချိန်ကာလ အဆက်ဆက်က ရွတ်ဆိုခဲ့ကြသော ဆုတောင်းကိုပင် တဖွဖွ ရွတ်ဆိုနေရှာလေသည်။

"မဖြစ်မနေ၊ ပြန်ရချေလျှင်
သွားနှင့်ပါလေ သားမောင်ရေ
မုန်တိုင်းကြီးတဲ့ ပင်လယ်ဝေ့။

မွေးလာကြပေ၊ ဆုံးပြန်ချေနှင့်
သူငါတို့တွေ၊ ကြုံရပေလည်း
အမေ့မှာကား၊ ချစ်သားအလှ
သက်တစ်မျှပင်။

ရောက်ရှိထွက်ခွာ၊ ရေဇလာမှ
သင်သာဖန်တီး၊ အားမာန်ကြီးသည့်
ခရီးသမုဒ္ဒရာ၊ သင်မာတာပေ။

အမေ၏သား၊ ပြန်လာငြားဖို့
မွေးဖွားတစ်ဖန်၊ ခွင့်ပြုရန်တွက်
ခွင့်ဆက်ပန်ကြား၊ တောင်းပန်ငြားလည်း
ပြုအားပါလင့် အို-အရှင်"

အမေအို၏ ပူဆွေးဆုတောင်းမေတ္တာကို တုံ့ပြန်သည့်အနေဖြင့် လှိုင်းလုံးများ ကျယ်လောင်စွာ မြည်ဟီးလျက် ကမ်းခြေကို ရိုက်ခတ်နေကြသည်။

အမှန်မူ မိုးတိမ် ကျွန်ုပ်အနေဖြင့်လည်း ပင်လယ်ကြီးကို ခက်ထန်စေရာတွင် ဝန်တာရှိပါကြောင်း အားတုံ့အားနာဖြင့် ဝန်ခံပါရစေ။

မိုးတိမ်၏ စာနာမှုတရားများကို ဖော်ပြသည့်အနေဖြင့် အမေအို၏ ပခုံးပေါ်သို့ မိုးရေစက်များကို နွေးထွေးစွာ ရွာသွန်းပေးလိုက်ပါသည်။ ထိုမျှမက အထီးကျန်ဘဝနှင့် နှလုံးသားဒဏ်ရာကို ပွေ့ပိုက်လျက် သဲသောင်ပြင်နှင့် မြက်တောများ ထိစပ်ရာ အိမ်ငယ်လေးဆီသို့ တရွေ့ရွေ့

http://www.linhtet.com



ပြန်သွားရှာသည့် အမေအိုရဲ့ အပြန်လမ်းကို စောင့်ကြည့်နေမိပါသည်။ အနီးဝန်းကျင်အိမ်များမှ ညနေစာ ချက်ပြုတ်ပြင်ဆင်နေကြသော မီးခိုးငွေ့များ ယှက်သန်းစဉ်၌ ကောင်းကင်နှင့် ပင်လယ်တို့သည် ဝေ့ဝယ်မ်း ကြမ်းတမ်းမြပင် ရှိနေလေသည်။

ထိုအခြေအနေ၌ မိုးတိမ်သည် မလှုပ်မယှက် ငြိမ်သက်သွားရပြန်လေသည်။ ဤသည် ပင်လျှင် လူသားတို့က မိုးတိမ်ကို ထိုသို့ဖြစ်နေစေရန် မျှော်လင့် ဆန္ဒပြုကြသည် မဟုတ်ပါလော။

http://www.linhtet.com



# နီရန်ဂျန်မြစ်၏ပုံပြင်

"တကယ်တော့ မိုးတိမ်ဆိုတာ မိုးကောင်းကင်မှာပဲ လွင့်မျောကျက်စားနေတာ မဟုတ်ပါဘူး"

မိုးတိမ်သည် တွေ့ရခဲ့စွာ ကောင်းကင်တွင် ပျော်မြူးလွင့်ပါးလျက် နိဒါန်းကို အစချီသည်။

မိုးတိမ်၏ ဆိုလိုရင်းကို သဘောပေါက်ကြမည်လား။

မိုးတိမ်များသည် ကောင်းကင်တွင် အစဉ်လွင့်မြူးနေတတ်သည်မဟုတ်ပါ။ တစ်ခါတစ်ရံ လူသားတို့၏ အသည်းနှလုံးတွင်းသို့တိုင် နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက် နေရာယူတတ်သည်ကို တွေ့နိုင်ကြသည်။ နှလုံးသားထဲတွင် မိုးတိမ်အစိုင်အခဲကြီး ကျယ်ပြန့်လာပြီဆိုလျှင်မူ အိပ်မပျော်သောညများကို ရင်ဆိုင်ရပေမည်။ အမှန်တကယ်မူ တိမ်မည်းညိုတို့ လွင့်ပါးပြီး လူ့ဘဝထဲသို့ ကျူးကျော်ဝင်ရောက်ခြင်းသည် သာမန်ထက်တော့ ထူးခြားသည့် ဖြစ်စဉ်တစ်ခု ဖြစ်လေသည်။ ပူပြင်း ခြောက်သွေ့နေသည့် သဲကန္တာရအလယ်တွင် ရေကြည်စမ်းရေကို ရှာဖွေလျက် တူးသောက်ရသည့်နှယ်ပင်။


ဒုက္ခအမှောင်နှင့် ပြည့်လွှမ်းနေရသော ကမ္ဘာကြီးအတွင်း၌ အလင်းရောင်ခြည်မျှင်လေးကို တောင့်တ မျှော်လင့်နေကြသူတွေ ဒုနှင့်ဒေးဖြစ်သည်။ လင်းရောင်ခြည်ကို တောင့်တနေကြသူများ၏ နှလုံးသားကွက်လပ်များဆီသို့ နီးသည်ထက်နီးအောင် မိုးတိမ် တိုးဝင်ခဲ့ပါသည်။ နှလုံးသားတွင်းက မိုးတိမ်ဟု ဆိုသော်လည်း မိုးကောင်းကင်ထက်မှာ လွင့်ပါးနေသည့် မိုးတိမ်နှင့် တူသယောင်။

လူဆိုတာကလည်း အခက်သားကလား။ နေမင်း၏ ကြင်နာခြင်းကဲ့သို့ ထာဝစဉ် အလင်းပေးမိလျှင်ဖြင့်လည်း မကြာခင် လင်းရောင်ခြည်၏တန်ဖိုးမှာ လျော့ပါးသွားကာ တန်ဖိုးမှထားကြပါတော့မည်လားမသိနိုင်။သဘာဝတရား၏ စောင့်ရှောက်မှုကျေးဇူးကို လူသားတို့ မမေ့မလျော့သင့်။

**Neeranjan River**

http://www.linhtet.com





http://www.linhtet.com



သူသည် နေ့စဉ်လိုလို ကမ္ဘဌာန်းထိုင်လျက် ထီးတည်းနေလေ့ရှိသည်။ ယင်းသို့နေရင်းမှ တစ်ညနေခင်းတွင် ဆုတ်ယုတ်လာသော လက္ခဏာရှိသော အရိုးပေါ် အရေတင်နေသည့် ထိုသူ၏ ခန္ဓာကိုယ်ကိုကြည့်လျက် သူ့ကို မကူညီနိုင်သော်လည်း တီးတိုးရေရွတ်မိသည်။

"ဩော် . . . ဝမ်းနည်းရမှာထက်ပိုပြီး ဝမ်းနည်းနေတဲ့လူပါလား"

နီရန်ဂျန်မြစ်သည် စိုစွတ်စိမ်းမြသော ကမ်းခြေနှစ်ခုကြားတွင် ငြိမ်သက်စွာ စီးဆင်းလျက် ရှိသည်။ မြစ်ကမ်းတစ်လျှောက်ရှိ ညောင်ပင်ကြီးများသည် လေတိုက်တိုင်း တရှဲရှဲမြည်နေလေသည်။ အနီးအနား ကျေးရွာကလေးမှ နွားကျောင်းသားလေး၏ ချိုလွင်သော ပုလွေသံကလေးကို လေပြည်လေညင်းလေးများက သယ်ဆောင်လာသဖြင့် သုတိသံသာ ရှိလှပါသည်။ ထိုသူကမူ မျက်စိမှိတ်လျက် ကမ္ဘဌာန်းရှုရင်း တီးတိုးရေရွတ်နေသည်။ မိုးတိမ်သည် ထိုသူ၏ နှုတ်ခမ်းအစုံ လှုပ်ရှားမှုကို သေချာကြည့်လျက် စကားသံကို ဖမ်းမိသည်။ "ဘာမှမရှိ" "ဘာမှမရှိ" ဟူသည့် စကားတစ်လုံးတည်းကိုသာ ထပ်ခါထပ်ခါ ရွတ်ဆိုနေသည်ကို ကြားရသည်။

နောက်နေ့ နံနက်စောစောတွင် ကောင်းကင်ထက်၌ ကြယ်ကလေးများ လင်းလက်နေဆဲ အချိန်တွင် မြစ်အနီးတွင် ထိုသူထိုင်နေဆဲဖြစ်သည်။ သူသည် "အားလုံး ဘာမှမရှိ" "အားလုံး ဘာမှမဟုတ်" ဟု ကျယ်လောင်စွာ ထပ်ခါတလဲလဲ အော်ဆိုပြန်သည်။

သူ၏အသံဝါကြီးကြောင့် ဆန်းကြယ်သော အင်အားတစ်ခု ရုတ်တရက် ဝင်ဆောင့်သကဲ့သို့ မိုးတိမ်ခံစားရပြီး သူ့ထံမှ မိုးတိမ်ထုများ စီးထွက်ကျလျက် အတွင်းအားများအချို့ ကောင်းကင်သို့ လွင့်ပါးသည်ကို အံ့ဩစွာ တွေ့မြင်ရသည်။ ထိုသူသည် မိုးတိမ်များ ကောင်းကင်သို့ ထိုးထွက်လွင့်ပျံသွားကို တည်ငြိမ်စွာ ကြည့်နေမိသည်။ ယင်းအဖြစ်အပျက်သည် တစ်စုံတစ်ယောက်ဆီ၌ ဖြစ်ပျက်သယောင်ပင်။

ထိုမှထပ်မံ၍ စကားအသစ်တစ်မျိုးကို ရွတ်ဆိုပြန်သည်။

"အင်း . . . နောက်ဆုံးတော့ တိမ်တိုက်တွေကြားထဲက အလင်းရောင်ဆိုတာ ထွက်လာခဲ့ရတာပဲ၊ ဒါပေမဲ့ အလင်းရောင်ဆိုတာကို တွေ့ဖူး ခံစားဖူးတယ် ဆိုပါတော့၊ ဘယ်လောက်ကြည်နူးစရာပါလဲ၊ ဘယ်လောက်ကြေကွဲစရာပါလဲ၊ အဲဒါတွေဟာ ဉာဏ်စဉ်ဖြစ်လိမ့်မယ်လို့တော့ မထင်မိဘူး၊ ဒါပေမဲ့ ဒီအရာတွေဟာ လောကကြီးမှာ တကယ်မရှိပါဘူး၊ အလင်းအားနဲ့ သတ္တဝါတွေဟာ ဘဝသက်ရှင် ရပ်တည်ကြရသလို အလင်းကြောင့်ပဲ ဘဝကြေပြုန်း ပျက်စီးကြရတာပဲ၊

http://www.linhtet.com



ဒီမြစ်ပြင်ထဲက ရေတွေလိုပါပဲ၊ ဘယ်နေရာကမှန်းမသိ စီးဆင်းလာကြတဲ့ ရေတွေဟာ ဘယ်နေရာဆီကိုမသိ ဆက်လက်စီးဆင်းသွားတော့မယ်"

ညောင်ပင်ကြီးကို ကျောခိုင်းလျက် အားလျော့ ပိန်လှီနေသည့် ကိုယ်ခန္ဓာရှင်သည် မိမိဘာသာ တီးတိုးရေရွတ်လျက်ရှိသည်။ သူ့ရဲ့မျက်လုံးတွေ အရောင်တောက်ပမှုကို ကြည့်ပါဦး။ နေရောင်ခြည်ဟာ နှစ်ဖြာကွဲထွက်ပြီး ကောင်းကင်ကို ဖြာထွက်နေသလိုပင်။ မိုးတိမ်သည် ရွှေရောင်ဟပ်နေသည့် မိမိကိုယ်ကို ကြည့်ကာ အံ့အားသင့်လျက်ရှိသည်။ ထိုသူကတော့ ဆက်လက်ရေရွတ်ဆဲဖြစ်သည်။

"ကောင်းကင်က နေရောင်ခြည်ဟာ ကမ္ဘာမြေပေါ်ကို ဖြာကျနေခဲ့တယ်၊ အသက်ဓာတ်တွေရဲ့ ဖြစ်ပျက်သံသရာစက်ဝိုင်းကို ဖြစ်ပေါ်စေတယ်၊ အရာဝတ္ထုတွေဟာ ဖြစ်ပျက်ပြောင်းလဲပြီး နောက်ဆုံး ပျောက်ကွယ်ကုန်ကြတယ်၊ ကြေကွဲမှုတွေ ပြည့်နှက်နေတဲ့ ကမ္ဘာကြီးမှာ နေရောင်ခြည်လို ကျင့်သုံးတာ အကောင်းဆုံးပါပဲ၊ ကမ္ဘာကြီးကို တတ်စွမ်းသရွေ့ အလင်းပေးဝေပြီး သတ္တဝါတွေရဲ့ဘဝကို ဖြည့်ဆည်းနိုင်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်"

အနိစ္စတရားသဘောဖြင့် ရေရွတ်သံ ဆုံးသည်နှင့် သူသည် တရားထိုင်ခြင်းကို ရပ်တန့်ပြီး ညင်သာစွာ လဲလျောင်းလိုက်သည်။ ခဏချင်းပင် အိပ်ပျော်သွားကာ ဟောက်သံပင် ပေါ်လာခဲ့သည်။

မိုးတိမ်သည် သက်ပြင်းချလိုက်ပြီး သူ၏ယုံကြည်ချက်အတွေးကို နားလည် သဘောပေါက်အောင် ကြိုးစားခဲ့သည်။

"တကယ်တော့ ကျုပ် ဒဿနဗေဒကို နားမလည်ပါဘူး၊ ဒါတင်မက တချို့ ရှုပ်ထွေးနေတဲ့ တရားသဘောတွေကိုလဲ မသိပါဘူး၊ ဒါပေမဲ့ ဥပမာဗျာ . . . ခုနပုဂ္ဂိုလ်မှာတော့ ဒုက္ခပြွမ်းနေပြီး ကြပ်တည်းမွဲတေတဲ့ဘဝနဲ့ ရင်ဆိုင်ခဲ့ရတယ်ဆိုတာ သေချာတယ်၊ လူ့ဘဝဆိုတာ မသေချာ မရေရာမှုတွေ၊ ရှုပ်ထွေးပွေလီမှုတွေ၊ မဖြေရှင်းနိုင်တဲ့ အခြေအနေတွေဟာ လူတိုင်း ကိုယ့်ဘဝနဲ့ ကိုယ်ရှိကြတာပဲ၊ တို့မိုးတိမ်မှာလဲ ရှိတယ်ဆိုတာ မင်းတို့သိကြရဲ့လား"

"အရိပ်များရင် အလင်းတွေ ပေါ်လာတယ်၊ အလင်းများရင်လဲ အရိပ်တွေ ပေါ်လာ ပြန်ရော"

http://www.linhtet.com



မိုးတိမ်သည် ငြိမ်သက်စွာ အတွေးတစ်ခုပေါ်လျက် သူ၏ဒဿနကို ထုတ်ဖော်လိုက်သည်။ ထို့နောက် ထူထပ်ရှည်လျားစွာရှိနေသည့် တိမ်ထုကြား လွင့်မြောသွားလေသည်။ မိုးတိမ်၏ နှလုံးအိမ်တွင်း၌ အံ့ဩဖွယ် နေရာယူခဲ့သည့် နီရန်ဂျန်မြစ်၏ ဝေဟင်ဆီမှ မည်သည့်ဒေသ၊ မည်သည့်အချိန်တွင် မည်သည့်နှလုံးသားထဲ တိုးဝင်ရမည် မသေချာသည့်အနေဖြင့် နေရာတစ်ခု ဆီသို့ ထွက်ခွာခဲ့တော့သည်။

http://www.linhtet.com



# ပစိဖိတ်ထဲက မူကြိုကျောင်း

ခရီးသွားဖော် တိမ်အုပ်များကြားက ရုန်းထွက်လာခဲ့သည့် မိုးတိမ်သည် အလွန်ပေါ့ပါးသွက်လက် ပျော်ရွှင်နေဟန်ရှိသည်။ သူ့မှာ ပြောစရာတွေ ရှိနေသည်။

"ကမ္ဘာပေါ်မှာ ကျယ်ပြောနက်ရှိုင်းလှတဲ့ ပစိဖိတ်သမုဒ္ဒရာကြီးရဲ့ ရေပြင်အထက်မှာ ကိုယ့်စိတ်တိုင်းကျ ကူးမျောနေခဲ့ဖူးတယ်လေ"

မိုးတိမ်သည် တီးတိုးရေရွတ်ရင်း စိတ်လွင့်မျောနေသည်။

ပစိဖိတ်လှိုင်းလုံးပြာကြီးများသည် ကမ်းစပ်သို့ အလုအယက် ရိုက်ခတ်လာနေကြသည်။ ကမ်းစပ် ကျွန်းသောင်များပေါ်တွင်မူ အုန်းပင်တောများအတွင်း လေပြည်များ တရှိုးရှိုး တိုက်ခတ်နေခဲ့သည်။

အချို့ဒီလှိုင်းများကမူ သူတို့၏ ခရီးရှည်ကြီးကို ပါပူဝါ နယူးဂီနီကျွန်း၏ ကမ်းခြေတွင် ခရီးအဆုံးသတ်လျက် အနားယူကြတော့မည့်ဟန်ပင်။

ပါပူဝါ နယူးဂီနီကျွန်းတွင် လူဦးရေ လေးသန်းခန့် နေထိုင်ကြပြီး တိုင်းရင်းဘာသာစကား အမျိုး ၈၀၀ ကျော် ရှိနေလေသည်။ ထို့ပြင် ယင်းနိုင်ငံတွင် တီးမှုတ်သီဆို ကခုန်လျက် ဆင်နွှဲကြသော ပွဲတော်ပေါင်းများစွာ ရှိသည်။ နှစ်စဉ် စက်တင်ဘာလတွင် ပြုလုပ်နေကျဖြစ်သည့် "ဆင်းဆင်း" ခေါ် ဂီတပဒေသာပွဲတော်တစ်ခုမှာ ကျော်ကြားလှသည်။

ယမန်နေ့ကမူ မိုးတိမ်သည် ယင်းနိုင်ငံ၏ တောနက်တွင်းတစ်နေရာရှိ မူကြိုကျောင်းလေး တစ်ခုကို လှမ်းမြင်ရသည်။ အမှန်တကယ် အမှတ်တရ အဖြစ်အပျက်လည်းဖြစ်သည်။ ကလေး ပုလုကွေးတို့၏ တေးဆိုသံများ၊ တက်ကြွဆူညံ ပျော်ရွှင်နေကြသော သူတို့၏ လှုပ်ရှားမှုအသံ များတို့နှင့် ထိုမြင်ကွင်းကို စိတ်မဝင်စားဘဲ မနေနိုင်။

မိုးတိမ် ရောက်ရှိချိန်တွင် မူကြိုကျောင်းတက်ခါစဖြစ်သည်။ မိုးတိမ်သည် မနီးမဝေးမှ စိတ်ဝင်တစား ကြည့်မိသည်။

**A Pacific Kindergarten**

http://www.linhtet.com





သူတို့ကစားကွင်းကား မြေသားနီနီကို ကွင်းပြင်ကျယ်ကျယ်ဖြစ်အောင် ဖို့ထားပြီး မြက်ဖုတ်များဖြင့် ကာရံကာ စည်းဝိုင်းပြုလုပ်ထားသည်။ အသေအချာကြည့်သော် ယင်းကွင်းထဲ၌ ကလေးပေါင်း ၃၂ ယောက် ရှိနေသည်။ ထိုင်နေကြသည် ဆိုသော်လည်း တစ်ယောက်မှ အငြိမ်မနေကြ။ သူတို့ထံမှ အော်ဟစ်ညံစီနေသော အသံများသည် ကောင်းကင်ထက်က မိုးတိမ်ဆီသို့ပင် ဘဝင်ညံကာ ရိုက်ခတ်လေသည်။

ခဏအကြာတွင် သူတို့၏ ဆရာမလေးအသံကို ကြားရသည်။

"ကလေးတို့ရေ . . . အားလုံးနားထောင်ကြပါဦးကွယ်၊ ဒီနေ့အစီအစဉ်ကတော့ တို့တွေအားလုံး တောနက်ကြီးထဲသွားပြီး တောတောင်တွေရဲ့ သဘာဝကို စွန့်စားရှာဖွေကြဖို့ပါပဲ။

"ကဲ . . . အရင်ဆုံး မင်းတို့ရဲ့ မျက်လုံးတွေကိုပိတ်မယ်၊ ပြီးရင် မိန်းကလေးရော၊ ယောကျ်ားလေးရော လုပ်နေကျအတိုင်း မျက်စိကို အဝတ်တင်းတင်းချည်ပြီး စည်းထားမယ်နော်၊

http://www.linhtet.com



ကဲ . . . ပြီးရင် သစ်ပင်တွေ အများကြီးရှိတဲ့ သစ်တောကြီးထဲကို သွားကြမယ်၊ တို့သွားမယ့် တောအုပ်ကြီးဟာ တစ်ပင်နဲ့တစ်ပင် နီးကပ်ပြီး ဘယ်လောက်ထူထပ်သလဲဆိုရင် အရွက်တွေကြားထဲ နေပြောက်တောင် ထိုးမပေါက်နိုင်ဘူးကွယ့်"

မကြာမီ ကလေးများအားလုံးသည် မျက်စိများပိတ်ကာ ငြိမ်သက် တိတ်ဆိတ်လျက်ရှိကြသည်ကို တွေ့ရသည်။ မိုးတိမ်သည် အလွန်အံ့အားသင့်သွားမိ၏။ မျက်မမြင်တစ်ယောက်အလား မျက်စိပိတ်စည်းထားသူများ တောထဲကို တန်းစီပြီး စွန့်စားသွားကြမည် ဆိုသည်မှာ ထူးဆန်းနေပါသည်။ ဖြစ်နိုင်ပါမည်လား။

အမှန်စင်စစ်မူ ကလေးများကို ငြိမ်သက် တိတ်ဆိတ်စွာ ဉာဏ်ကွန့်မြူး ကစားနိုင်ရန် ပြုလုပ်သည့် ဆရာမ၏ ကစားနေကျ ကစားနည်းပင်ဖြစ်သည်။

အတန်ကြာငြိမ်သက်ပြီးနောက် ဆရာမက ကလေးများအားလုံးဆီသို့ စေ့ငုအောင် ဝေ့ကြည့်လိုက်သည်။

"ကဲ . . . ကလေးတို့ရေ . . . တောထဲကို ဝင်ဝင်ချင်း ဘာတွေများ တွေ့ရမလဲကွယ်"

သူမကိုယ်တိုင်လည်း မျက်စိကို ပိတ်လိုက်ကာ ညင်သာသောလေသံဖြင့် ချော့မော့ဟန် မေးခွန်းထုတ်သည်။

"ဟော့ . . . မာလုံး၊ ကဲ . . . မင်း ဘာတွေများ တွေ့သလဲကွယ်"

အရပ်မြင့်မြင့် ကလေးတစ်ဦးက -

"ကျွန်တော့်ရှေ့မှာ သစ်ပင်အကြီးကြီးတစ်ပင် တွေ့ပါတယ်၊ အဲဒီအပင်ကြီးက မြင့်လဲမြင့်၊ သန်လဲသန်တယ်၊ ပြီးတော့ အရွက်စိမ်းတွေလဲ ဖားဖားဝေလို့၊ သူ့အသီးတွေ ကြည့်ရတာ အရမ်းစားကောင်းမယ့်ပုံပါပဲ၊ အား . . . ဒါပေမဲ့ တောက နက်လွန်းတယ်၊ သစ်ပင်ကြီးတွေက ပိန်းပိတ်နေပြီး အဲဒီအပင်တွေကလွဲပြီး ဘာကိုမှ မတွေ့ရဘူးခင်ဗျ"

"ဟား . . . တယ်ဟုတ်ပါလား မာလုံးရေ၊ မင်းရဲ့ သစ်တောကြီးထဲက အသီးချိုချိုတွေ ဆရာမအတွက်ပါ ခူးလာခဲ့ဦးနော် "

ထိုစဉ် "ကိရိ" ဟူသည့် ကျောင်းသူတစ်ဦးက -

http://www.linhtet.com



"ဟင် . . . ဆရာမရေ . . . ကျွန်မကတော့ သမင်လေးတစ်ကောင်ကို တွေ့တယ်တော့၊ အတင်းမိအောင် ဖမ်းလိုက်ပေမယ့် မမိဘူး၊ သူ့ခြေထောက်လှီလှီလေးတွေက အရမ်းလျင်တာပဲ၊ သူ့ကိုဖမ်းမိရင် ကျွန်မတို့ ကောင်းကောင်းပြုစု ကျွေးမွေးရအောင်ပါ"

"သိပ်ကောင်းတဲ့ အကြံပါပဲ ကိရိရယ်"

ဆရာမက နှစ်သက်စွာ အပြုံးဖြင့် ပြောပါသည်။

"ဟေး . . . တို့တွေရဲ့ တောအုပ်ကြီးထဲမှာ စိတ်ဝင်စားစရာ တခြားဘာတွေများ ရှိနေသေးပါလိမ့်ကွယ်၊ ကဲ . . . ကဲ . . . ပိုနာပီရော ဘာတွေရှာတွေ့သေးလဲ၊ မျက်စိမှိတ်ထားရင်း ရှာကြည့်ကြပါဦး"

ပိုနာပီက ဝမ်းသာအားရထပြီး -

"ဆရာမရေ . . . ပန်းတွေ အရမ်းလှတာပဲ၊ အနီ၊ အဝါ၊ မရမ်းရောင်၊ အို . . . တောထဲမှာ ရောင်စုံပွင့်ဖူးနေကြတာပါလား၊ တစ်ပွင့်ပြီးတစ်ပွင့် တစ်နေကုန် ခူးလိုက်ချင်စမ်းပါဘိတယ်၊ ကျွန်မတောင် အခုမောလာပြီ၊ ပန်းတွေ ကူပြီး ခူးပေးကြပါဦး၊ ဆရာမအတွက် ပန်းတွေခူးခဲ့မယ်နော်"

"ကောင်းပါလေ့ ကောင်းပါလေ့ . . . ကျေးဇူးတင်ပါတယ်ကွယ်"

ထိုစဉ် လူကောင်ထွားထွား ကလေးကြီးတစ်ယောက်က -

"ဟာ . . . ဆရာမရေ . . . ကယ်ပါဦး၊ ကျွန်တော်တော့ တောနက်ကြီးထဲမှာ လမ်းပျောက်နေပြီ၊ အနားဘေးဘီမှာလဲ သစ်ပင်ကြီးတွေချည်းပဲ၊ ဒီတောထဲကနေ ရွာကိုပြန်ဖို့ လမ်းကို ဘယ်လိုရှာရပါ့မလဲ"

"ဟေ့ . . . ဗလကြီး၊ မင်း မျက်စိလည် လမ်းမှားပြီး ဒုက္ခတွေ့နေပြီပေါ့၊ ကဲ . . . တောကြီးမြက်မည်းထဲမှာ လမ်းပျောက်နေရင် ဘယ်လိုလုပ်ရမယ်ဆိုတာ နည်းလမ်းပေးထားတဲ့ မင်းအဘိုးရဲ့ ဆုံးမ စကားတွေကို မေ့နေပြီလား၊ အမြန်စဉ်းစားလိုက်ပါဦး"

"ဟာ . . . ဟုတ်တယ်၊ ကျွန်တော် သတိရပြီ"

ဗလကြီးက ဝမ်းသာအားရ အော်လိုက်သည်။ ထိုစဉ် ကျောင်းသားအုပ်စုထဲမှ အငယ်ဆုံးဖြစ်ဟန်ရှိသည့် ကလေးက -

http://www.linhtet.com



"ဆရာမရေ . . . ဆရာမ၊ ဒီတစ်ခါ သမီးအလှည့်နော်၊ တောထဲမှာ အရမ်းလှတဲ့ ကျောက်တုံးကြီးတစ်တုံးကို တွေ့နေပြီ၊ ကောင်းကင်မှာ ကြယ်တွေအပြည့် ပြိုးပြက်သလို ကျောက်တုံးကြီးက လက်နေတယ်၊ ကျောက်တုံးမျက်နှာပြင်ကိုကြည့်ရင် သမီးမျက်နှာကိုတောင် ပြန်မြင်ရတယ်"

ကလေးငယ်သည် ဝမ်းသာရွှင်မြူးလျက်ရှိသည်။ ဆရာမနှင့် အခြားသူငယ်ချင်းများပါ သူနှင့်အတူ ရယ်မော ပျော်ရွှင်လျက်ရှိကြသည်။ ဤရယ်မောသံများသည် ဘဝ၏ ချိုမြိန်သော ရသများဖြစ်ပြီး ဝေဟင်တွင် လွင့်ပျံကာ တောတောင်များကို ပွဲတင်ထပ် ကျော်ဖြတ်လျက် ပစိဖိတ်ပင်လယ်ပြင်ထက်က မိုးကောင်းကင်သို့ပင် ရောက်ရှိသွားပေမည်။

မိုးတိမ်သည် မြင်ကွင်းကိုကြည့်လျက် တီးတိုးရေရွတ်မိပြန်သည်။

"အို . . . ကြည်နူးစရာ ကောင်းလှပါဘိခြင်း၊ ကစားရင်း စာသင်၊ စာသင်ရင်း ကစား၊ အလွန်အားကျ အတုယူစရာ မူကြိုဥယျာဉ်လေးပါပဲ၊ လူငယ်တွေရဲ့ ဦးနှောက်နဲ့ နှလုံးသားကို အရောင်တောက်ဖို့ စိတ်ကူးစိတ်သန်းတွေနဲ့ လေ့ကျင့် ဖန်တီးဖို့ လိုအပ်လှပါတယ်"

ဤသို့ရေရွတ်ပြီးနောက် မိုးတိမ်သည် ပါပူဝါ နယူးဂီနီ၏ ကောင်းကင်ထက် ပြာလွင်နေသော သမုဒ္ဒရာပေါ်သို့ လွင့်တက်ကာ အီစတာကျွန်းရှိရာဘက်သို့ ခရီးဆက်လက် ထွက်ခွာသွားပါတော့သည်။

http://www.linhtet.com



# ချမ်းသာသော်လည်း ဆင်းရဲသူ

"ဟိုးရှေးရှေးတုန်းကပေါ့"

တိမ်ငွေ့မှုန်များ ဝေဝါးနေသည့်ကြားမှ မိုးတိမ်က သူ့ပုံပြင်ကို နိဒါန်းပျိုးသည်။

ဘင်္ဂလားနယ် ကမ်းစပ်မြေရဲ့ အချက်အချာ ထောင့်စွန်းက ဆင်းရဲသားရွာကလေး တစ်ရွာမှာပေါ့။ လူတိုင်းကို အမြဲတမ်း ကိုယ့်ရဲ့အရေးပါမှုအကြောင်း ဝင့်ကြွားနေတတ်တဲ့ သူဌေးကြီး တစ်ယောက်က အဲဒီရွာပတ်ပတ်လည်က လယ်မြေတွေအကုန်လုံးကို ပိုင်ဆိုင်တယ်။

တစ်နေ့မှာတော့ သူ့ရဲ့ငွေကြေးတွေ၊ ပိုင်ဆိုင်မှုတွေနဲ့ တစ်ရွာလုံးကို အာဏာချုပ်ကိုင်ထားတဲ့ အဲဒီသူဌေးကြီးဟာ အမဲလိုက်ထွက်ဖို့ ကသောကမျော ပြင်ဆင်တယ်။ ခေါင်းလောင်းကြီး ထိုးပြီး ရွာသားတွေ စုဝေးကြဖို့ အမိန့်ပေးပြီး သူနဲ့အတူ အမဲလိုက်ထွက်ဖို့ ဘယ်သူသင့်တော်မလဲ ဆိုတာ ရွေးချယ်တယ်။

အဲဒီရွာမှာ သူခိုင်းနေကျ သွက်လက်တဲ့ "အိုဆော့" ဆိုတဲ့ လူငယ်လေးရှိတယ်။ သူဟာ အစ်မဖြစ်တဲ့ "မီနူတီ" နဲ့ ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ကြပြီး သူတို့မောင်နှမကို လူတိုင်းက ချစ်ခင်ကြတယ်။ အဲဒီနေ့မှာတော့ သူဌေးကြီးဟာ အိုဆော့ကို ခက်ထန်စွာပဲ အမိန့်ပေးတယ်။

"ဟေ့ . . . အိုဆော့၊ မင်းဟာ တကယ်သန်မာ ကြံ့ခိုင်တဲ့ လူငယ်လေးဖြစ်လာပြီ၊ ဒီနေ့တော့ မင်း ငါနဲ့အတူ အမဲလိုက်ထွက်ရမယ်၊ မင်းဟာ သမင်တော့ ဖမ်းဖူးဟန်မတူဘူး၊ တခြားလူငယ်တွေ မရတဲ့ အခွင့်အရေးကို ငါပေးမယ်၊ မင်း ဒီနေ့ အလုပ်ကောင်းကောင်းလုပ်ဖို့ ထမင်းဝဝစားခဲ့၊ ဒီနေ့ကတော့ မင်းရဲ့အစွမ်းကိုပြဖို့ အခွင့်အရေးပေးတာပဲ၊ နားလည်လားကွဲ့"

မိုးတိမ်၏ ပုံပြင်ကတော့ အတန်ငယ် ရှည်လျားဟန်ရှိသည်။ မိုးတိမ် အားတက်သရော ပြောနေသည်ကို စိတ်ဝင်တစား နားထောင်မိသည်။

http://www.linhtet.com



သူဌေးကြီးသည် သူ၏မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ တောအုပ်ကြီးဆီသို့ ဒုန်းစိုင်းသွားလေသည်။ သူတို့ တောနက်ထဲ ရောက်ရှိကွယ်ပျောက်သွားသည်အထိ သူ့နောက်လိုက်ပါ စောင့်ရှောက်ရသည့် လူများ၊ ခွေးများ ပျားပန်းခတ်မျှ လှုပ်ရှား ပြေးလွှားမှုများကြောင့် ရွာကြီးသည် ဖုန်မှုန်များကြားတွင် ကွယ်ပျောက်လုမတတ်ရှိတော့သည်။

သူတို့အားလုံးပင် ထိုနေ့တစ်နေ့လုံး တောနင်းနေခဲ့ကြသည်။ ကိုယ့်ခြေကို မသယ်နိုင်လောက်အောင် ဒရွတ်ဆွဲလျက် မောပန်းမှုကြောင့် သူ့လူများ အသက်ရှူရပ်မတတ်ဖြစ်ရုံမက မိမိနှလုံးခုန်သံကိုပင် မကြားရဲတော့။ ပြေးလွှားရင်း အမောဆို့ရင်းမှ နောက်ဆုံးတွင် တောတွင်း



http://www.linhtet.com



တစ်နေရာရှိ ချုံပုတ်တစ်ခုထောင့်တွင် သမင်တစ်ကောင်ကို တွေ့လိုက်သဖြင့် လေးဖြင့်ဝိုင်း၍ ပစ်လျက် ဖမ်းမိခဲ့သည်။ သူဌေးကြီးဆီသို့ ဆွဲလာခဲ့သော အသက်ပျောက်နေသည့် ရွှေရောင် အဆင်းရှိ သမင်လေးမှာ လှပလွန်းလှသည်။ သူဌေးကြီးမှာ ဝမ်းသာလုံးဆို့လျက် ရယ်မောအော်ဟစ် ကြွေးကြော်သံမှာ တောနက်တစ်ခွင် ပဲ့တင်မြည်ဟည်းသွားတော့သည်။

သူဌေးကြီးသည် ရယ်မောနေရာမှ ရုတ်တရက် ရပ်ပစ်လျက် -

"အိုး . . . ငါရေငတ်တယ်၊ တကယ့်ကို ရေဆာနေတာ၊ ရေပေးစမ်း . . . ရေပေး"

ရွာသားများ အသင့်ယူဆောင်ပေးသော ရေကရားများမှရေကို တဂွပ်ဂွပ်မြည်အောင် အဆက်မပြတ် သောက်လိုက်သည်မှာ ရွာသားတိုင်း သယ်လာသည့် ရေကုန်သလောက် ဖြစ်သွားတော့သည်။

"ရေထပ်ပေးဦး၊ ရေ . . . ရေ"

သူဌေးကြီးက ရေထပ်တောင်းပြန်သည်။ သောက်ရေကား လုံးဝမရှိတော့။

"ဟင် . . . ဒီကရားတွေထဲမှာလဲ မရှိတော့ပါလား"

"ဟော့ . . . ရေတွေကုန်ပြီဆိုပေမယ့် ငါရေငတ်တုန်းပဲ၊ မင်းတို့ ဒါကိုနားမလည်ဘူးလား၊ အခုသွားပြီး ရေရှာကြ၊ ငါ့ဗိုက်မပြည့်မချင်း သောက်ရမှာကွ"

ရွာသားများလည်း သူတို့အတွက် ယူဆောင်လာသောရေများကို ပေးလိုက်ရသဖြင့် အားလုံးမှာ ရေငတ်လျက် လည်ချောင်းများလည်း ခြောက်သွေ့ကွဲအက်လျက်ရှိနေပြီ။ သူတို့တွင် ပေးရန်လည်း မရှိတော့။ နောက်ဆုံး ဦးခေါင်းထက်တည့်တည့်တွင် ပူခြစ်နေသော မွန်းတည့်ချိန်ကြီးတွင် တောထဲသို့ သောက်ရေရှာထွက်ကြရပြန်သည်။

"အမလေး . . . ဒီနေ့တော့ ကံဆိုးပြီးရင်း ဆိုးပါကလား၊ တောထဲမှာ သောက်ရေတွေ့မယ်လို့ ထင်သလား၊ ဒီလောက် နွေခေါင်ခေါင်ကြီးမှာ ရေကန်တွေ့ရင်တောင် အဲဒီရေကန်မှာ ရေခန်းပြီး အက်ကွဲခြောက်သွေ့နေရောပေါ့၊ အင်း . . . ပိုပြီးကံဆိုးရင်တော့ အဲဒီရေကန်ထဲမှာနေတဲ့ ရေနတ်ဆိုးသရဲကို တွေ့ရဦးမယ်၊ သူက ရေရှာထွက်တဲ့ သတ္တဝါတွေကို ရေနဲ့ဖြားယောင်းပြီး သူ့ရဲ့ချောက်နက်ကြီးထဲကို ပစ်ချတာ"

ပြောနေရင်းမှာပင် ဒဲမွန်နတ်ဆိုးနှင့် ဆုံတော့သည်။ ဒဲမွန်သည် ရေဆာလောင်ငတ်မွတ်လျက် ရေရှာထွက်ကြသော ရွာသားများကို တွေ့သည်နှင့် -

http://www.linhtet.com



"အိုးဟိုးဟိုး . . . ဘာတွေပါလိမ့်၊ လူတွေပါလား"

သူ၏လက်နှစ်ဖက်ကို ပွတ်သပ်လျက် စိတ်လှုပ်ရှားစွာ စူးစမ်းသည်။

"အင်း . . . တကယ်တော့ လူဟာ သမင်နဲ့ရော ရှဉ့်နဲ့ရော ယုန်နဲ့ပါ မတူဘူး၊ လူရဲ့ အရသာဟာ ဘာနဲ့မှ မတူဘူးဆိုတာလဲ အမှန်ပဲ၊ အထူးသဖြင့် သူတို့ရဲ့လက်တွေ ခြေထောက်တွေကို ကြွပ်ကြွပ်မြည်အောင် ဝါးစားရတာ တယ်အရသာရှိတာကလား"

နတ်ဆိုး ဒဲမွန်သည် လူသားမစားရသည်မှာ ကြာလှချေပြီ။ ထို့ကြောင့်ပင် သူ၏အသံဖြင့် ဖြားယောင်းသွေးဆောင်ရန် အကြံရသည်။ စိတ်ကောင်းရှိလျက် ကြင်နာသနားတတ်သော လေသံလေးဖြင့် နှုတ်ဆက်လိုက်သည်။

"အလို . . . ခရီးသွားတွေပါလား၊ ရေဆာလောင်လာကြဟန်တူရဲ့၊ ဒီမှာ အေးမြပြီး အရသာရှိတဲ့ရေတွေ ရှိပါတယ်၊ သောက်ချင်သလောက် သောက်ကြပါ၊ ရေအဝသောက်ပြီး အနားယူကြပါဦး၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့ခင်ဗျာ"

"ခဏနေကြဦး . . . ဒီအသံဟာ ချိုသာပေမယ့် လူပုံကြီးက ထိတ်လန့်စရာပဲ"

ရွာသားများသည် ငယ်စဉ်ဘဝက ကြားခဲ့ဖူးသည့် တောတွင်းက ဒဲမွန် နတ်ဆိုးအကြောင်းကို သတိရမိကြသည်။

"ဘုရားသခင် . . . ကျွန်တော်မျိုးတို့ဒုက္ခကို ကယ်တော်မူပါ၊ နတ်ဆိုးဒဲမွန်ရဲ့ အသံများလား၊ ဒဲမွန်ဆိုရင် တကယ့်ကို အန္တရာယ်ကြီးတာနော်၊ အရမ်းဆိုးတာ၊ သူ့လက်ထဲရောက်ပြီဆိုရင်တော့ ဇီဝိန်ချွေပြီပဲ၊ ဒဲမွန်ရဲ့ရေကို ယူမိရင် ဘယ်သူမှ ပြန်လမ်းမရှိနိုင်တော့ဘူး"

ရွာသားများ အလန့်တကြား ပြောဆိုနေကြသော်လည်း သူဌေးကြီးကမူ ရေငတ်လွန်းသဖြင့် အဆက်မပြတ် ရေရှာခိုင်းနေလေသည်။

"အဓိပ္ပာယ်မရှိတာတွေ မပြောကြနဲ့ကွ၊ ငါဂရုမစိုက်ဘူး၊ ငါပြောတာပဲ နားထောင်၊ ရေပဲလိုချင်တယ်၊ ဘယ်မှာလဲ . . . ရေ"

သူဌေးကြီး၏ ပေါက်ကွဲအော်ဟစ်သံကြောင့် ရွာသားများလည်း ကြောက်ရွံ့ထိတ်လန့်စိတ်ရှုပ်ထွေးသော မျက်နှာများနှင့် ပြန်လှည့်လာကြသည်။

"အိုဆော့ ဘယ်မှာလဲ၊ အိုဆော့ . . . လာပါဦး"

http://www.linhtet.com



သူဌေးကြီးသည် ပတ်ချာလည် စူးစမ်းကာ လူငယ်လေး အိုဆော့ကို လက်ညှိုးညွှန်သည်။

"မင်းကို ဘာလို့ ဒီနေ့ငါခေါ်လာတယ်ဆိုတာ သိတယ်မဟုတ်လား၊ မင်းရှောင်လွှဲဖို့ မကြိုးစားနဲ့၊ မင်း အခုချက်ချင်း ငါ့ကိုသောက်ရေခပ်ပေးပါ၊ မခပ်ရင် မင်းမိသားစုစိုက်တဲ့ လယ်မြေတွေကို ငါသိမ်းမယ်၊ နောင်နှစ်ကျရင်တော့ မင်းတို့ကောက်သိမ်းဖို့ မကြိုးစားနဲ့တော့၊ မင်း ဒီလိုအခြေအနေမျိုးတော့ မဖြစ်မခံဘူး မဟုတ်လား"

အိုဆော့သည် ကြံရာမရဟန်ဖြင့် ဦးခေါင်းကို အသာအယာ လှုပ်ယမ်းကာ တီးတိုးညည်းတွားသည်။

"ငါ ဘာလုပ်ရပါ့မလဲ"

ရွာသားများမှာလည်း သူ့ကိုကူညီနိုင်စွမ်းရှိပုံမပေါ်ကြ။ သူဌေးကြီး၏ဒေါသကို ကြောက်လန့်ကြသကဲ့သို့ အိုဆော့ကိုယ်စား နတ်ဆိုးထံတွင်လည်း ရေမတောင်းရဲကြ။ သူဌေးကြီး စိတ်ဆိုးပြီဆိုလျှင်မူ အိုဆော့နှင့် သူ၏အစ်မထံမှ လယ်ယာမြေတွေကိုသိမ်းမည် အမှန်ပင်။ ယခင်က လယ်မဲ့ယာမဲ့ တောင်သူလယ်သမားတွေ အငတ်ဘေး ရင်ဆိုင်ရသည်ကို ကြုံခဲ့ဖူးသည်။ သို့ဆိုလျှင် သရဲဒဲမွန်ကိုရော . . . မပြောပါနှင့်။ အလွန်ကြောက်ရွံ့ ထိတ်လန့်မိသည်။ သူဌေးကြီး စိတ်ဆိုးပြီး ဆင်းရဲသား ရွာသားတွေကို ဒုက္ခပေးမည်ကိုလည်း စိုးရိမ်သည်။ တွေးရင်းမှပင် အိုဆော့ခေါင်းတွေ ချာချာလည်နေလေပြီ။

"တကယ်လို့ နတ်ဆိုးဒဲမွန် လှမ်းဆွဲလို့ သူ့လက်ထဲ ငါရောက်ပြီဆိုရင်တော့ အစ်မကြီး မီနူတီလဲ ငိုရှာလိမ့်မယ်၊ ပြီးတော့ . . . "

အိုဆော့အတွေးကို သူဌေးကြီးအသံက ဖြိုခွဲလိုက်ပြန်သည်။

"အိုဆော့ . . . မင်း ဘာလို့ ငြိမ်နေတာလဲ၊ ကျုပ်အတွက် သောက်ရေ အမြန်သွားခပ်ပေးပါ၊ ဘာလဲ . . . မင်း နောက်နှစ်မှာ ကောက်သိမ်းပွဲ မလုပ်ချင်ဘူးထင်တယ်၊ ဟုတ်လား"

သူဌေးကြီးက မျက်ထောင့်နီလျက် ဒေါသဖြင့် မေးသည်။

အိုဆော့လေးမှာမူ ကိုယ့်ဘာသာ ညည်းတွားရုံကလွဲလို့ မတတ်နိုင်ပေ။

"ကဲ . . . ဘာပဲဖြစ်ဖြစ် ငါ့အစ်မ အသက်ရှင်ဖို့အတွက်ပဲ အရေးကြီးတယ်"

နောက်ဆုံးတွင်မူ အိုဆော့သည် သောက်ရေရရှိရန်အတွက် ရေခန်းနေသော ရေကန်ဟောင်းကြီးဆီသို့ ဦးတည်သွားခဲ့တော့သည်။

http://www.linhtet.com



ရေကန်၌ ရေတစ်စက်မျှ ရှိမနေပေ။ ပပ်ကြားအက်များမှာလည်း နေရာအနှံ့ရှိနေကာ လမ်းကြောများ ကွေ့ကောက်လျက်ရှိသည်။ လေပြင်းကလည်း ပပ်ကြားအက်မြေပြင်ကိုဖြတ်ကာ တဝူးဝူးတိုက်လျက်ရှိသည်။

"သူဌေးကြီးခင်ဗျား"

ရေကန်ပျက်ကြီး အလယ်နားဆီမှနေ၍ အိုဆော့ လှမ်းအော်မိသည်။

"ရေကန်ထဲမှာ ရေတစ်စက်မှ မရှိပါဘူး၊ ရွှံ့ခြောက်တွေပဲရှိပါတယ်၊ ဒါကြောင့် ကျွန်တော် ပြန်လာခဲ့ပါရစေ"

အိုဆော့အသံကို ကြားသဖြင့် သူဌေးကြီးသည် အဝေးကနေ၍ ပြန်လှမ်းအော်ပြန်သည်။

"မင်းဘယ်လိုပြောလိုက်တာလဲ အိုဆော့၊ ရေကန်အလယ်က ဒဲမွန်လို့ခေါ်တဲ့ သူ့ရဲ့နေရာကို သွားပေါ့၊ အဲဒီမှာ ရေရှိတယ်၊ ရေပေးဖို့လဲ သူစောင့်နေတယ်၊ မင်း အဲဒီကိုမသွားရင် ရေဘယ်ရမလဲ၊ မင်းသွားကိုသွားယူစမ်း"

အိုဆော့တွင် ရွေးချယ်စရာလမ်း မရှိတော့။ သို့ကြောင့်ပင် ကြောက်ကြောက်နှင့် ရေရှိရာသို့ သွားရတော့သည်။ ရေကန်ကြီး အလယ်နားဆီ ရောက်ခါနီးတွင် ရွှံ့ဗွက်ထဲမှ နတ်ဆိုးကြီး ဒဲမွန်၏ နီရဲကြီးမားသော ပါးစပ်ကြီး ပေါ်လာလေသည်။ ဒဲမွန်၏ ရဲရဲနီနေသော ပါးစပ်ကျယ်ကြီးမှာ နှစ်ခြမ်းကွဲထွက်တော့မတတ် ဟ၍နေသည်။

"ဝူး . . . ဝူး . . . ဝူး"

မကြာမီ ယင်းပါးစပ်ကြီးအတွင်းမှ ရေများ ပန်းထွက်လာတော့သည်။

"အမလေး . . . ဟူး . . . အမလေး . . . ဟူး"

ဒဲမွန်၏နှုတ်မှထွက်သော ရေကြောတွင် အိုဆော့လေး မျောပါသွားခဲ့ပြီ။


"အစ်မ မီနူတီရေ . . . ကယ်ပါဦး"

ဒဲမွန်၏ တွင်းထဲသို့ ခြေနှစ်ချောင်း မိုးပေါ်ထောင်လျက် ဇောက်ထိုးနစ်မြုပ်သွားသော အိုဆော့လေး၏အဖြစ်ကို ကြည့်နေကြသော ရွာသားများမှာ မျက်ရည်မဆည်နိုင်တော့ပေ။

"အိုဆော့လေးခမျာ သနားစရာကွာ"

http://www.linhtet.com





အိုဆော့၏အဖြစ်ကို စုပ်တသပ်သပ်ဖြစ်နေကြသော်လည်း လက်တွေ့တွင်မူ မည်သူမျှ ကြိုးစားမကယ်တင်ကြပါ။ ကိုယ့်အသက်ကိုသာ ပို၍တန်ဖိုးထားကြသည် မဟုတ်ပါလော။ သို့သော် ယင်းအဖြစ်ကို ရယ်မောပျော်ရွှင်နိုင်သူမှာ သူဌေးကြီးဖြစ်သည်။ ဒဲမွှန် သွန်ချပေး လိုက်သည့် မည်သည့်နေရာမျှ ရှာမရနိုင်သည့် ရေချိုသောက်ရေသန့်များကို သူဌေးကြီးသာမက ရွာသားများအားလုံးပါ အငမ်းမရ သောက်ကြတော့သည်။

"ဟား . . . တယ်သောက်လို့ကောင်းပါကလား၊ ဒီနေ့ အမဲလိုက်ရတာ ပျော်စရာပဲ၊ တကယ်တွက်ချေကိုက်တာပဲဟေ့၊ ဟား . . . ဟား . . . ဟား"

သူဌေးကြီးသည် အမဲပစ်၍ ရထားသည့် ရွှေရောင်သမင်လေးကို ပွတ်သပ်ရင်း ကျယ်လောင်စွာ အဆက်မပြတ် ရယ်မောနေပြန်သည်။

http://www.linhtet.com



ယင်းအဖြစ်အပျက် အစအဆုံး စပ်စုနေသည့် မိုးတိမ်သည် သူဌေးကြီးကိုကြည့်ကာ မင်သက်နေမိသည်။

"ဟာ . . . ဒီလူတွေ တကယ့်ကို အကြင်နာကင်းမဲ့ကြပေတာကိုး၊ အံ့သြစရာပဲ၊ ကျုပ်မြင်ဖူးတွေ့ဖူးသမျှထဲမှာတော့ အဆိုးဝါးဆုံးအဖြစ်လို့ ဆိုနိုင်တယ်"

ခရီးသွား မိုးတိမ်သည် သက်ပြင်းချ ညည်းတွားရင်း အမဲလိုက်အဖွဲ့နှင့်အတူ နောက်ယောင်ခံ လိုက်ပါသွားမိပြန်သည်။ မိုးတိမ် လိုက်သွားသည့်အတွက်မူ မောပန်းနွမ်းလျနေကြသည့် အမဲလိုက်အဖွဲ့ နေပူလေပူဒဏ်ကို ခံရသက်သာပေလိမ့်မည်။

ရွာထိပ်တွင်မူ အိုဆော့၏ အစ်မဖြစ်သူ မီနူတီသည် မောင်ဖြစ်သူပြန်အလာကို စိတ်ပူပန်လျက်ရှိသည်။ သူတို့အပြန်လမ်းကို မျှော်ရသည်မှာလည်း လည်ပင်းတစ်တောင်ခန့် ရှည်ထွက်လုပြီ။ နေစောင်းသည်အထိ အိုဆော့၏ အရိပ်အယောင်မျှ မတွေ့ရသဖြင့် အလွန်စိတ်ပူလျက်ရှိနေသည်။

ထိုစဉ် အမဲလိုက်အဖွဲ့ ပြန်လာသံများ ဆူဆူညံညံ ကြားရ၏။ မီနူတီသည် သူဌေးကြီး၏ အိမ်သို့ အပြေးသွားခဲ့သည်။ မောင်ဖြစ်သူ အိုဆော့ ပါမလာ၍ အကျိုးအကြောင်း မေးမြန်းသောအခါ ပြန်မဖြေဘဲ လှည့်ထွက်သွားလေသည်။ ဝမ်းနည်းငိုရှိုက်နေသော မီနူတီကိုကြည့်ပြီး နောက်ဆုံးတွင်မှ စကားသံထွက်လာသည်။

"ခြေနှစ်ချောင်း လေထဲလွင့်ပြီး ရေဇွက်ထဲ မြုပ်သွားတာကလွဲလို့ ဘယ်သူမှ သေချာမသိကြဘူး၊ တောထဲကရေကတော့ တကယ့်ကို အရသာရှိတယ်ဟေ့"

သူဌေးကြီးသည် မီနူတီ မေးသမျှကို မျက်မှောင်ကျုံ့ပြီး တစ်ချက်ဝင့်ကြည့်လျက် ဤမျှသာ အဖြေပေးသည်။ ပြီးမှ မထေ့တထေ့ပြုံးလျက် -

"ဘယ်လိုလဲ မီနူတီ . . . နောင်နှစ်မှာတော့ မင်းစပါးတွေကို ရိတ်သိမ်းရမှာပဲ မဟုတ်လား၊ ဟား . . . ဟား"

ထိုစဉ် အိုဆော့၏အချစ်တော် ခွေးကလေး "ကူတ" သည် မီနူတီထံ အပြေးလာလေသည်။

"အို့-အို့ . . . ကူတ . . . ကူတလေးရေ . . . မင်းဘယ်လိုဖြစ်လာတာလဲ၊ မင်းရဲ့သခင်တို့မောင်လေးရော မပါပါလား"

http://www.linhtet.com



ကူတမှာ စိတ်ထိခိုက်ဟန်ဖြင့် အမြီးကို လေးကန်စွာ လှုပ်ယမ်းပြီး အသံဆွဲပြီး ဟောင်လေသည်။ ထို့နောက် မီနူတီ၏ဆာရီကို နှုတ်သီးဖြင့်ဆွဲ၍ ပြေးလေသည်။ ထိုအချိန်တွင် နေဝင်စပြုသဖြင့် တောထဲတွင် ပို၍မှောင်ရိပ်သမ်းလျက်ရှိပေပြီ။ မီနူတီမှာမူ ပတ်ဝန်းကျင်ကို မမှုနိုင်။ မောင်ဖြစ်သူအတွက် ဇောကပ်နေလေသည်။

"အိုဆော့ ဘယ်မှာရှိနိုင်သလဲ . . . သူဘယ်လိုဘေးအန္တရာယ်တွေ ကြုံနေပါလိမ့်"

မီနူတီသည် ခွေးကလေးကူတ ဆွဲခေါ်ရာသို့ လိုက်ပါရင်း အတွေးနယ်ချဲ့မိသည်။ တောနက်ကြီးအတွင်းက မြေခွေးများ၊ အဆိပ်ပြင်းသည့် ပိုးကောင်များကိုသာမက တောရိုင်းသတ္တဝါကြီးများကိုပင် မကြောက်နိုင်တော့ပေ။ နောက်ဆုံး ရေကန်ပျက်ကြီးသို့ရောက်မှ ခွေးကလေး ကူတသည် ရပ်လိုက်ပြီး မီနူတီထံ ပြန်ပြေးလာကာ နှစ်ချက်ခန့် အသံကျယ်ဖြင့် ဟောင်လေသည်။

"ဝု . . . ဝူ"

"ဟုတ်ပြီ ကူတရေ . . . တို့သဘောပေါက်ပြီ"

ကူတ၏ အချက်ပြမှုကြောင့် ရေတွင်းထဲ၌ အန္တရာယ် တစ်စုံတစ်ခုဖြစ်နေပြီကို ရုတ်ချည်းသဘောပေါက်မိသည်။ ငယ်စဉ်က ကြားခဲ့ဖူးသော ကြောက်စရာ ရေနတ်ဆိုးကြီး ဒဲမွန်၏ အကြောင်းများကို ချက်ချင်းသတိရမိသည်။

"မောင်လေးကို သရဲကြီးဒဲမွန်များ ခေါ်သွားပြီလားမသိဘူး၊ ငါရောက်မလာခင် သူ ဒုက္ခများ ရောက်နေပြီလား"

မီနူတီသည် တွေးရင်း တုန်လှုပ်လာမိသည်။

"အိုဆော့ကို ဒီကောင်ကြီးများ ဖမ်းထားပြီလားမသိဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ"

မီနူတီသည် ကြောက်ကြောက်ရွံ့ရွံ့ ရပ်လျက်က ရေတွင်းအလယ်ဆီသို့ရောက်သည်နှင့် ဒဲမွန်၏ မကောင်းဆိုးဝါးသံကြီးကို ကြားရတော့သည်။

"အို . . . အသင်ခရီးသွားပါလား၊ မင်းလည်ချောင်းတွေ ခြောက်သွေ့နေပြီမဟုတ်လား၊ ဒီမှာ ရေအေးအေးလေး ရနိုင်ပါတယ်၊ ကြိုက်သလောက် သောက်သုံးပါနော်၊ ကျွန်တော်ခင်ဗျားကို ရေတိုက်ပါရစေ၊ အဟဲ . . . ဟဲ . . . ဟဲ"

http://www.linhtet.com



မီနူတီသည် ဒဲမွန်၏ အာလုပ်ပြုသံကြီးဆုံးသည်နှင့် သူမ၏ ချိုမြသာယာသော အသံလေးဖြင့် စကားပြန်လိုက်သည်။

"ရေကန်ကြီးရဲ့ အရှင်သခင် နတ်မင်းကြီး ဒဲမွန်ရှင့်"

လပြည့်ည၏ သာယာရွှန်းလက်မှုက တောအုပ်ကြီး၏ကောင်းကင်ကို ဖြန့်ကြက်မိုးကာ လင်းထိန်လျက်ရှိသည်။

သူ့အား နတ်မင်းကြီးဟု မမျှော်လင့်ဘဲ တင်စားသုံးနှုန်းလျက် နှုတ်ဆက်သည့် အသံချိုအေးပိုင်ရှင်ကို အံ့အားသင့်ကာ ကောင်းကင်ဆီကို မော့ကြည့်မိသည်။ သူ၏ ပြူးကျယ်ကြီးမားသော မျက်လုံးကြီးများက ပုတ်ခတ်လျက် ခေါင်းထောင်လှည့်ပတ် စူးစမ်းနေမှုမှာ ကြောက်စရာကောင်းလှသည်။

"အလို . . . ကျုပ်တစ်ခါမှ မကြုံဖူးပါကလား၊ အခုဘယ်သူလဲ၊ ဘာအတွက်ကြောင့် ကျုပ်ကို နတ်မင်းကြီးလို့ ခေါ်တာလဲ၊ ကျုပ်က သရဲကြီးဒဲမွန်ပဲဗျ၊ ဒဲမွန်ပါ၊ ဒါမှမဟုတ် ကျုပ်အိပ်မက်နေတာများလား"

မီနူတီက ထပ်မံချိုသာသောအသံဖြင့် နှုတ်ဆက်လိုက်ပြန်သည်။

"အို . . . ရေနတ်သား ဒဲမွန်၊ အရှင့်ရဲ့ ရေကန်ထဲမှာ အေးမြပြီး အရသာရှိတဲ့ရေတွေရှိတယ်ဆိုတာ ဟုတ်ပါသလား၊ ကျွန်ုပ်တို့ရော သောက်ခွင့်ရှိပါသလား၊ ကျေးဇူးပြုပြီး အဲဒီရေတွေကို ဝေမျှပေးဖို့ မေတ္တာရပ်ခံပါတယ်ရှင်"

မီနူတီ၏အသံကြောင့် ဒဲမွန်၏စိတ်တွင် ကျေနပ်မှုတစ်မျိုး ခံစားမိသည်။ လူတိုင်းက နတ်ဆိုးသရဲဟု သူ့ကို ခေါ်ကြစမြဲမို့ နတ်သားလေးဟု ခေါ်သံမှာ ချိုမြလှသည်။ မည်သူမျှ ဤကဲ့သို့ မခေါ်စဖူးပေ။ သူ့အပေါ် လှည့်ဖြားခေါ်သည်ဆိုဦးတော့ ဒဲမွန်က ကျေနပ်နေမိသည်။

"အိုး . . . ဟိုး . . . ဟိုး . . . မိတ်ဆွေလေးရေ၊ ညဥ့်နက်သန်းခေါင်မှာ မင်းဘာလိုချင်ပါလိမ့်၊ ရေနတ်သား ကျုပ်ဆီကို မင်းဘာလုပ်လာတာပါလဲ"

"ဒီလိုပါ ရေနတ်မင်းကြီးရယ် . . . အရှင် ဒီတောကြီးရဲ့ အပြင်ဘက်ကို ထွက်ကြည့်လိုက်ရင် ပတ်ပတ်လည်မှာ ခြောက်သွေ့ကွဲအက်နေတဲ့ လယ်မြေတွေကိုချည်းပဲ တွေ့ရပါလိမ့်မယ်၊ နေပူဒဏ်အောက်မှာ ဘာဖြစ်လို့ သဲမြေတွေချည်း ဖြစ်နေရသလဲဆိုရင် အဲဒီနားမှာ

http://www.linhtet.com



မြက်တွေ သစ်ပင်တွေ တစ်ပင်မှမရှိလို့ပါပဲ၊ လူတွေအားလုံးဟာ အရှင့်ရဲ့ တန်ခိုးအာဏာနဲ့ သစ်ပင်တွေ မြက်ပင်တွေ ပေါက်ရောက်နိုင်တယ်ဆိုတာ ယုံကြည်အားကိုးနေကြပါတယ်၊ အဲဒါတွေရဲ့ အသက်ဓာတ်ဟာ အရှင့်ရဲ့ အေးမြ အရသာရှိတဲ့ရေတွေ ရရှိမှုအပေါ်မှာ မူတည်နေပါတယ်"

မိနူတီသည် နှိမ့်ချချိုသာစွာ အသနားခံနေလေသည်။ ဒဲမွန်သည် ယင်းတောင်းဆိုချက်ကို အပြင်းအထန် ငြင်းဆိုရမည့်အစား မိမိပြုနေကျ လောဘရမ္မက်ကိုပင် ထားရှိရန် မေ့လျော့နေခဲ့သည်။ ကောင်းကင်မှ လင်းလက်နေသော ကြယ်များကို မော့ကြည့်လျက် ဒဲမွန်က စိတ်ကို လျှော့ချကာ အဖြေပေးလေသည်။

"ဟုတ်ပြီ . . . ဟုတ်ပြီ၊ မင်းလိုချင်ရင် ငါဘယ်သွားပေးရ ပေးပါ့မယ်၊ ရေဝေရေကြော အားလုံးကို ကျုပ်အာဏာတည်ပါတယ်၊ တစ်ခုပဲရှိတယ်၊ ကျုပ်ဆီကရေကို ရွာသားတွေလဲ သောက်ပါစေ"

"ကောင်းပါပြီအရှင် . . . သူတို့လဲ ရေနတ်မင်းဆီက အလွန်အရသာရှိတဲ့ ရေကို သောက်ချင်နေကြပါတယ်၊ သွားကြပါစို့"

ဒဲမွန်သည် သူ၏ နီရဲနေသော ပါးစပ်ကြီးကိုဖြဲလျက် ဂုဏ်ယူကျယ်လောင်စွာ အသံပြုလိုက်သည်။ ထို့နောက် ရေများပြည့်ကာ ဖောင်းကားနေသော ဝမ်းဗိုက်ကြီးကိုမြှောက်လျက် ရွေ့လျက် ရေကန်ထဲမှ ထကြွရွေ့လျားလာခဲ့သည်။

ထိုမြင်ကွင်းကိုကြည့်ကာ စိုစွတ်နေသော မြေပြင်ပေါ်တွင် ရပ်လျက်ရှိသော မိနူတီမှာ ချောက်ချားသွားခဲ့သည်။ သို့သော် ကြောက်ရွံ့တုန်လှုပ်နေရန်အချိန်မဟုတ်ဟု တွေးလျက် အားတင်းမိသည်။ ယခုအချိန်တွင် ကံကြမ္မာသည် မိနူတီလက်ထဲတွင် ရှိနေသည် မဟုတ်လား။ ဘုရားတလျက် ထိတ်လန့်တုန်လှုပ်စွာ တောအုပ်ဆီသို့ အပြေးထွက်ခဲ့သည်။ သေမင်းတမန်ကြီးက မိမိနှင့် ဖဝါးခြေထပ် လိုက်ပါလာသကဲ့သို့ ခွေးလေးကူတမှာလည်း နောက်မှ ခုန်ပေါက်လိုက်ပါလာသည်။

ပြေးရင်းလွှားရင်းမှာပင် နံနက်ခင်းနေသည် ထွက်ပြူလာရုံမက မွန်းတည့်ချိန်ရောက်ခဲ့သည်။ ထိုမှ မိုးကုပ်စက်ဝိုင်းဆီသို့ နေပြန်ဝင်သွားကာ မြေပြင်ပေါ်သို့ ကြယ်လေးများ လင်းလက်ကာ ညအမှောင် စိုးမိုးလာပြန်ချေပြီ။ နောက်တစ်နေ့ နံနက်ခင်းအထိ မိနူတီကတော့

http://www.linhtet.com



အလန့်တကြား ပြေးလွှားနေဆဲပင်။ ဒဲမွန်လည်း တတ်နိုင်သမျှ နောက်ကထက်ချပ် ပါလာသည်ဟုတော့ မီနူတီ တွေးထင်နေဆဲဖြစ်သည်။ နောက်ဆုံးတွင် မီနူတီ၏နောက်မှ ဒဲမွန် လက်လျှော့ကာ အော်ဟစ်ရသည်။

"အိုး . . . ရပ်ပါဦး . . . ရပ်ပါဦး၊ ကျုပ် ဒီအပူဒဏ်ကို မခံနိုင်တော့ဘူး၊ ဘယ့်နှယ်ဗျာ၊ သုံးညနဲ့နှစ်ရက် သဲကန္တာရအလယ်မှာ ပြေးလွှားနေရသလိုဖြစ်နေတာဗျ၊ ကျုပ် မထင်လို့ လိုက်ခဲ့မိတာ"

"အရှင်ရေနတ်မင်းရယ် . . . သိပ်မဝေးတော့ပါဘူး၊ အဲဒီနေရာရောက်ဖို့ နည်းနည်းပဲ လိုပါတော့တယ်၊ တောင်းပန်ပါတယ်၊ သည်းခံပါနော်"

ထို့နောက် မီနူတီသည် နားကိုပိတ်ကာ အားသွန်ပြေးတော့သည်။

ပူပြင်းသော နေရောင်အောက်တွင် ဒဲမွန်၏ရင်မှာ လှိုက်ဖိုမောနေတော့သည်။ သူ၏ ဝမ်းဗိုက်ကြီးအတွင်းရှိ ရေများမှာလည်း ဆူပွက်ကာ ရေငွေ့ပျံလေတော့သည်။ သူ၏ဗိုက်ကြီး ပိန်လိုက်ဖောင်းလိုက်ဖြစ်နေသဖြင့် ဒဲမွန်သည် ရပ်နားရတော့သည်။

"ကဲ . . . ဘယ်လိုလဲ၊ ရေအေးလေး သောက်ချင်တယ်ဆိုတဲ့ မင်းရဲ့ရွာသားတွေရော၊ ကျုပ်ကိုပြစမ်းပါဦး၊ အခု ကျုပ်သိပ်ဆာနေပြီ၊ ရှေ့ဆက်မသွားနိုင်တော့ဘူး"

သူ့ကိုယ်ခန္ဓာ အတ္တဘောကြီးမှ ချွေးဒီးဒီးကျလျက် သူသည် သဲပြင်ပေါ်သို့ ပျော့ခွေလဲကျသွားတော့သည်။

"ဟား ဟား . . . ဒဲမွန်ကြီးရေ၊ ကျေးဇူးပြုပြီး မင်းရဲ့ဝမ်းဗိုက်ထဲမှာ ရေကူးနေကြရတဲ့ တို့မောင်လေး အိုဆော့ အပါအဝင် ရွာသားတွေ အများကြီးကို တို့ရွာကို ပြန်ခေါ်ပါရစေ"

မီနူတီ၏စကားကို ကြားသည်နှင့် ဒဲမွန် တုန်လှုပ်သွားသည်။ ခြေထောက်ကို ကြိုးစားခိုင်ခိုင်ရပ်လျက် သူ၏မျက်နှာကြီးမှာ နီရဲခက်ထန်နေလေသည်။ ထိုစဥ်မှာပင် ဒဲမွန်၏ ဖောင်းကားနေသော ဝမ်းဗိုက်ကြီးတွင်းရှိ ရေများစီးထွက်ပြီး ထိုရေထဲတွင်ပင် သူနစ်မြုပ်လျက်ရှိသည်။

"ခဏလေး . . . ခဏလေး . . . အကြိမ်ငါးထောင်လောက် တောင်းပန်ပါတယ်၊ ကန္တာရ နေပူထဲမှာ မင်းဘာရည်ရွယ်ချက်နဲ့ ငါ့ကိုခေါ်နှိပ်စက်တာလဲ"

"မင်းရော . . . တို့မောင်လေးနဲ့ ရွာသားတွေကို ဘယ်လိုရက်စက်ခဲ့တယ်ဆိုတာကိုလဲ ရှင်းခဲ့ပါဦး"

http://www.linhtet.com



မိနူတီက ပြောလိုက်သည်။

ဒဲမွန်အတွက်မူ အခက်ကြုံလေပြီ။

"အူး . . . ဟူး . . . ဟူး"

သူ၏ပါးစပ် နီရဲရဲကြီးကို အစွမ်းကုန် ဖြဲဟကာ အသံကုန် အားကုန် အော်ဟစ်နေသည်။ သူ့ပါးစပ် ဟလေလေ ရေတွေ အဆက်မပြတ် ထွက်လာလေဖြစ်သည်။ မိနူတီမှာလည်း ရေကူးလျက်၊ ပတ်ဝန်းကျင်မှာလည်း ရေလွှမ်းလျက်ရှိပြီ။

ဒဲမွန်မှာလည်း သူ့ကိုယ်ခန္ဓာတွင်းမှ ရေတွေဒလဟောထွက်သည်ကို အံ့အားသင့်လျက် ရှိသည်။ ခြောက်သွေ့နေသော မြေကြီးပေါ်မှာ ရေတွေဖုံးလွှမ်းနေတာမြင်လျှင် လူများလည်း အံ့သြကြပေဦးမည်။ ဒဲမွန်သွန်ချသော ရေများဖြင့် ကန္တာရပြင်ကျယ်ကြီးသည် သာယာစိမ်းလန်း လှပလာပေဦးတော့မည်။

"အိုး . . . အိုး . . . ကယ်ကြပါဦး"

ဒဲမွန်က နောက်ဆုံးအနေဖြင့် ညည်းတွားလိုက်ပြန်သည်။

"ကျုပ်ရဲ့ရေတွေ အကုန်ပျောက်ကုန်ပြီ၊ မင်းတို့ ကျုပ်ဘဝဆုံးပြီဆိုတာကို ကျေနပ်ကြ ရဲ့လား"

ဒဲမွန်၏ ပါးစပ်ကြီးမှာ ကျယ်သထက်ကျယ်ကာ ဝေါခနဲ ဝေါခနဲ ရေများသွန်ချပြန်သည်။ သဲကန္တာရကြီးကတော့ ဒဲမွန်ပေးသမျှ ရေတွေကို သိုမှီးသိမ်းဆည်းထားဦးမည်ဖြစ်သည်။ ရေလွှမ်းမိုးပြီးသည်အထိ ဒဲမွန်ကလည်း အားမလျှော့သေး။ သူ၏လက်ဖြင့် ဝမ်းဗိုက်ကြီးကို ထိန်းလျက်ရှိသည်။ သို့သော် ပူဖောင်းနေသော ဝမ်းဗိုက်ကြီးမှာ တဖြည်းဖြည်း ပိန်ချပ် ပြားကပ် လျက် နောက်ဆုံးအနေဖြင့် ရေတွေအားကုန် စီးထွက်လာပြန်သည်။ ထို့နောက် နောက်ဆုံး တစ်စက်စက်သာ ရေကျတော့လျက် ဒဲမွန်မှာ နေပူကျဲကျဲတွင် နောက်ဆုံးထွက်သက်ကို ခက်ခက် ခဲခဲ ရှူသွင်းကာ ရေစွတ်စိုနေသော မြေပေါ်သို့ ဇောက်ထိုးမိုးမျှော် ပြိုလဲကျသွားတော့သည်။

"ဟေး . . . နတ်ဆိုးကြီးတော့ သွားပြီဟေ့"

ထိုမျှမက ရေများလည်း မြေပြင်ကို ဖုံးလွှမ်းသွားသည်။ ဒဲမွန်၏ အနည်းငယ် ကွဲဟ နေသော အာခံတွင်းမှ တွယ်တက်ထွက်လာကြသော အိုဆော့နှင့် အခြားရွာသားများမှာ လက်များကို ဝှေ့ယမ်း၊ ခေါင်းများလည်း တခါခါနှင့် လွတ်မြောက်မှုကို ပျော်မဆုံးဖြစ်နေကြသည်။

http://www.linhtet.com



မသေကောင်း မပျောက်ကောင်း ပြန်လည်ဆုံဆည်းကြသော မီနူတီနှင့် အိုဆော့တို့ မောင်နှမ မည်မျှပျော်ရွှင်ပါမည်နည်း။ သူတို့၏ ဝမ်းသာမှုတို့မှာ ဆိုဖွယ်ရာမရှိပြီ။

ရွာသားအချို့မှာ မြေပေါ်သို့ ခုန်ချကြပြီး ကင်းကွာခဲ့သော လောကကြီးကို အံ့သြမကုန် စူးစမ်းကြသည်။ ဒဲမွန်၏ ကိုယ်တွင်းမှ သူတို့ကူးခတ်ခဲ့ရသည်ကို တကယ်ပင် မယုံနိုင်စရာ ကောင်းလောက်အောင်ပင် သဲကန္တာရ တစ်ခွင်တစ်ပြင်ကြီးကို စိုပြည်စေခဲ့ပြီ။ လူသားများသာ မက သားရဲကျေးငှက် သတ္တဝါအမျိုးစုံတို့ ရေတွင်မြူးတူး ကူးခတ်သောက်သုံးနိုင်ခဲ့ကြလေပြီ။

ထို့ထက်ပျော်စရာကား သူတို့ကို ခေါင်းပုံဖြတ် အနိုင်ကျင့်သည့် သူဌေးကြီးထံ ပြန်သွားစရာ မလိုတော့။ ဒဲမွန် လဲကျသေဆုံးရာမြေပေါ်တွင် အခြေစိုက် နေထိုင်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ အမှန်မှာမူ ရှေးယခင်ကတည်းက ယခု သည်မြေသည်ရေသည် သာယာ စည်ပင် ဝပြောသည့် ပျော်စရာအတိပြီးသည့် အမိမြေဖြစ်ခဲ့ပေသည်။

မကြာမီ ရွာသစ်ကြီး ကြီးမားကျယ်ပြန့်လာပြီး တိုင်းပြည်ဒေသအနှံ့မှ လူများ လာရောက် အခြေစိုက် နေထိုင်ကြသည်။ သူဌေးကြီးမှတစ်ပါး အိုဆော့တို့ ရွာဟောင်းမှ ရွာသားများလည်း နေရာသစ်သို့ ပြောင်းရွှေ့လာကြသည်။ မကြာမီတွင်ပင် သူဌေးကြီး၏ လယ်ယာခြံမြေများလည်း ပြုပြင်မည့်သူမရှိ၍ ဖုန်းဆိုးမြေဖြစ်ခဲ့လေပြီ။ သူဌေးကြီးကမူ မာန်မလျှော့ပေ။ သူ၏ ကန္တာရ တစ်ပိုင်း မြေများ ပိုင်ဆိုင်မှုကို ဂုဏ်ယူဝင့်ကြွားဆဲပင်ရှိသည်။

"ကြည့်နှင့်ဦးပေါ့ကွာ . . . မင်းတို့ ငါ့မြေပေါ်မှာ ဘယ်ကျန်သေးလဲဟေ့"

သို့သော် သူ့အသံ ပျော့သွားသည်။

သူဌေးကြီး၏ မာန်ဝင့်သံများ ယခုအခါမူ ငြိမ်သက် နိဂုံးချုပ်သွားခဲ့လေပြီ။ မိတ်ဆွေ မရှိ၊ ကူညီသူမဲ့လျက် တစ်ကိုယ်ထီးတည်းဘဝဖြင့် သူ့မှာ သနားစဖွယ်ဖြစ်နေပေတော့သည်။

မိုးတိမ်သည် လူတစ်ဦးသည် ဘယ်လောက်ကြွယ်ဝ ချမ်းသာ ပြည့်စုံနေစေကာမူ မိတ်ဆွေ အဖော် ပတ်ဝန်းကျင် မရှိပါက ဆင်းရဲသား အထီးကျန်သဖွယ်သာဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ခဲ့မိသည်။

ထိုမှ မိုးတိမ်သည် ဘယ်ဆီဘယ်ဝယ် ဆုံးမည်မသိရသည့် ခရီးရှည်ကြီးတစ်ခုကို ရွှေ့လျား ထွက်ခွာခဲ့လေတော့သည်။

# ချောက်ကီဒါ၏ အတွေးအိပ်မက်များ

"ချောက်ကီဒါ ဆိုတာ သိကြရဲ့လား"

မိုးတိမ်သည် သာယာညှင်းပျောင်းစွာ တိုက်ခတ်နေသော လေပြည်လေညင်းလေးများ ပေါ်တွင် ဝါဂွမ်းလိပ်ကလေးကဲ့သို့ စီးနင်းလျက် မေးခွန်းထုတ်သည်။ "ချောက်ကီဒါ" မှာ အူရဒူဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်မှာ ဂိတ်စောင့် (သို့မဟုတ်) အိမ်ခြံဝင်းစောင့်ဖြစ်သည်။

မိုးတိမ်ရွေ့လျားသွားဖူးရာ တိုင်းပြည်တိုင်းရှိ သူကြွယ်အိမ်ကြီးများ၊ ပြတိုက်ကြီးများ စသည့် အဆောက်အအုံကြီးတိုင်းတွင် ချောက်ကီဒါရှိသည်။ သူသည် ဂိတ်ဝတွင် အမြဲမတ်တတ်ရပ်လျက် မျက်လုံးကိုပြူးကာ ဝင်လာသူဟူသမျှကို မေးမြန်းစစ်ဆေးတတ်သည်။ မိုးတိမ် သိကျွမ်းလာခဲ့သော ချောက်ကီဒါ အိမ်စောင့်အဘိုးအိုကြီးတစ်ယောက်အကြောင်းကို သတိရမိသည်။

မြင်ဖူးသမျှ အိမ်တကာတွေထဲက အကြီးအကျယ် အခမ်းနားဆုံး အိမ်ကြီးတွေကို စိတ်ကူးကြည့်စမ်းပါ။ ခတ်ထားသည့် တံတိုင်းနံရံ၏ အထဲတွင် သစ်ပင်မန်းမန်များ ဝေဆာလျက်ရှိသည်။ စိမ်းလန်းနေသည့် မြက်ခင်းကြီးနှင့် ရေကူးကန်ကြီးများ စသည့် အဆောင်အယောင်အပြည့် ရှိသည်။ ယင်းအဆောင်အယောင်များထဲက တစ်ခုမှာ ခြံဝင်းထောင့်တစ်နေရာတွင် ရှိတတ်သည့် အစောင့်အိမ်ကလေးဖြစ်သည်။ အစောင့်အိမ်ကလေးအနီးရှိ မြက်ခင်းတွင်မူ အစောင့်အဘိုးအို ထိုင်နေစမြဲဖြစ်သည်။ ယင်းသို့ နိစ္စဓူဝ လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း ရှေးဖြစ်နောက်ကြောင်းများကို အဘိုးအို တွေးတောရေရွတ်လေ့ရှိသည်။

"အိမ်း . . . ဇရာဆိုတာ ဘယ်သူမှ မရှောင်နိုင်ကြဘဲကိုး"

လုပ်ငန်းခွင်ဝင်နေသော အဘိုးအိုထံမှ တီးတိုးရေရွတ်သံ ကြားမိသည်။

"တကယ်ပဲ ငါဟာ အိုမင်းလာခဲ့ပြီ၊ အသက် (၆၀) ဆိုတာ နည်းတဲ့နှစ်တွေလား၊ တွေးကြည့်ရင် ငါ့ဘဝမှာ အချိန်သိပ်မကျန်တော့ဘူး၊ လွန်ခဲ့တဲ့ နှစ်ငါးဆယ်၊ ငါ (၁၆) နှစ်သား

http://www.linhtet.com





http://www.linhtet.com



အရွယ်ကတည်းက ကက်ရှမီးယားက ထွက်ခဲ့တာပဲ၊ အင်း . . . ငယ်ဘဝကို ပြန်စဉ်းစားလိုက်ရင် မဆုံးနိုင်တဲ့ အိပ်မက်တွေကို ဆွဲဆန့်ရသလိုပဲ၊ အခုတော့ ဘဝနေဝင်ချိန်ကို တကယ်ရောက်ပြီ၊ တကယ်လဲ အိုမင်းပြီ၊ ဇရာဖိစီးလာတော့လဲ တစ်ညလုံး ရပ်စောင့်ရတဲ့ ဒီဒဏ်ကို ခံနိုင်ရည် မရှိတော့ဘူး၊ မနေ့ညကပဲကြည့် . . . တာဝန်ချိန်မှာ အိပ်ပျော်နေခဲ့လို့ အိမ်ရှင်က ကြိမ်းမောင်း တာကို ခံရသေးတယ်၊ အမှန်တော့ အကောင်းဆုံးက ဒီအလုပ်က အနားယူလိုက်ဖို့ပဲ၊ ဟုတ်ပါပြီ၊ ကဲ . . . အနားယူပြီးရင်ကော ငါ ဘာလုပ်လို့ ဘာကိုင်ရမလဲ၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ လုပ်ရမယ်၊ သေချာပြန်စဉ်းစားရင် ငါ့ဘဝမှာ ဖြစ်ဖြစ်မြောက်မြောက် ကျေနပ်စရာရယ်လို့ မရှိခဲ့တာ အမှန်ပဲ၊ သစ်ရွက်တွေ ရင့်ရော်လို့ ခြောက်သွေ့ကြွေကျပြီးရင် ကမ္ဘာမြေကြီးအတွက် အာဟာရဖြစ်သွားတယ်၊ သစ်ရွက်ခြောက်လောက်မှ ငါဟာ တန်ဖိုးရှိပါ့မလား၊ ငါဘာလုပ်သင့် သလဲ၊ ရှေ့ခရီးကို ဘယ်လိုစခန်းသွားမလဲ"

ချောက်ကီဒါသည် တစ်ဦးတည်း ပြောလိုက်၊ နားထောင်လိုက်ဖြင့် သူ့ဘဝဇာတ်လမ်း အတက်အကျများကို ကွက်စိတ် ဇာတ်ပြောခင်းလျက်ရှိသည်။

"အာလာဒင်မီးခွက်လို တန်ခိုးရှင်တစ်ဦး ငါ့မှာရရင် ချက်ချင်းပဲ ဘုရင်ကြီးဖြစ်ဖြစ်၊ သူဌေးကြီးဖြစ်ဖြစ်၊ ဂုဏ်သတင်းကျော်ဇောတဲ့ နိုင်ငံရေးသမားဖြစ်ဖြစ် ဖန်တီးလိုက်မယ်"

အဘိုးအိုသည် တီးတိုးရေရွတ်ရင်း သူ့မျက်နှာကိုမော့ကာ မိမိကိုယ်မိမိ လှောင်ထေ့ထေ့ ရယ်မောမိသည်။

"ဟား . . . ဟား . . . ပြောသာပြောရတာ၊ အာလာဒင်မီးခွက် ကူရင်တောင် နာမည်ကြီး နိုင်ငံရေးသမားတစ်ယောက် မဖြစ်ချင်ပေါင်၊ သူတို့ဟာ လူတွေကို လှည့်ဖြားပြီး လောဘဇော တက်နေကြတာကလွဲလို့ တခြားဘာမှမဟုတ်ဘူးပဲ၊ အခြေအနေပေးလို့ ပညာယူရဦးမယ်၊ ပညာသင်ခွင့်ရမယ်ဆိုရင် ငါ့ဘဝအားလုံးကို အသစ်က ပြန်စချင်ပါရဲ့၊ ငါ ကောလိပ်ကျောင်း တက်မယ်၊ ဖြစ်နိုင်ရင် နိုင်ငံခြားမှာ တက္ကသိုလ်သွားတက်မယ်၊ အဲ . . . အဲ . . . ငါ တစ်ခုခု ဖြစ်လာပြီဆိုပါတော့၊ အင်း . . . ငါစိတ်ကြီးဝင်ပြီး ဘဝင်မြင့်လာမလား၊ ဒါမှမဟုတ် ငါ့လူမှု ဝန်းကျင်မှာ ငါဘယ်လိုလုပ်ပြီး အသုံးဝင်အောင် လုပ်နိုင်ပါ့မလဲ။

"တကယ်တော့ ပြန်စဉ်းစားရင် သားလေးကို ပညာတတ်အောင် သင်ပေးသင့်ခဲ့တယ်၊ ပိုက်ဆံပို့ဖို့ အခက်အခဲရှိရင်တောင်မှ မြို့ကကျူရှင်ကို ပို့ခဲ့သင့်တာပေါ့၊ ကျုပ်အနေနဲ့ ဒီလို

http://www.linhtet.com



အခွင့်အရေးမျိုးတွေ ဘယ်လိုရခဲ့နိုင်မလဲ၊ သားလေးကလဲ ဒီအခွင့်အရေးမျိုး ဘာလို့ မတောင်းဆိုခဲ့ပါလိမ့်၊ ကျုပ် သူတောင်းတာကိုတော့ နားထောင်ခဲ့ပါတယ်၊ အလုပ်သွားလုပ်ဖို့လေ၊ အခုတော့ အရှေ့အလယ်ပိုင်း အဝေးတစ်နေရာမှာ အလုပ်ကြမ်းသမားတစ်ယောက် ဖြစ်နေပြီပေါ့၊ တည်ငြိမ်အေးချမ်းတဲ့ ဘဝကို သူဘယ်လို ဦးဆောင်နိုင်ပါ့မလဲ၊ ကျုပ်မထင်ဘူး၊ သူကတော့ မကြာခင် အိမ်ပြန်လာမယ် ပြောတယ်၊ လာရင်လဲ တစ်မျိုးကောင်းတာပါပဲ၊ သူလာမယ့်ရက်ကို မျှော်နေမိတယ်၊ အင်း . . . ငါသာ သူ့ကို ပညာသင်ပေးမိရင် . . .။

"ငါကကော ဘာထူးသေးလဲ၊ ဘာလို့များ ဒီအလုပ်ကို နှစ်ပေါင်း ဒီလောက်ကြာအောင် လုပ်ခဲ့မိပါလိမ့်၊ ချောက်ကီဒါး ဆိုတဲ့ ဂိတ်စောင့်အလုပ်ရဲ့ တန်ဖိုးဟာ ဘာလဲ၊ အို . . . ဒါပေမဲ့ ငါ့ပိုင်နက်ထဲကို ဝင်လာချင်ရင် ငါ့ခွင့်ပြုမှ ဝင်ရတာပဲ၊ ငါ့မှာ စစ်ဆေးစုံစမ်းဖို့အာဏာ ရှိခဲ့တယ်၊ ဒါလဲ ကျေနပ်စရာပါပဲ၊ လောလောဆယ် ငါ့ဘဝမှာ သမက်တစ်ယောက်ရှိတယ်၊ သူများ ဒုက္ခရောက်အောင် ဘာမှမလုပ်ခဲ့ဖူးဘူး။

"သေချာတွေးကြည့်တော့လဲ ငါ့ဘဝဟာ မဆိုးလှပါဘူး၊ ပျော်စရာလေးပါပဲ၊ အထူးသဖြင့် ငါဟာ ဒီအိမ်ကို လုံခြုံအောင် စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့လူအနေနဲ့ အလေးထားခံရတဲ့ အခါမျိုးမှာပေါ့၊ ကိုယ်ဟာ အရိုအသေပေးခံရလို့ ဂုဏ်ရှိလာသလိုလို၊ အို . . . ဒါပေမဲ့ ဒီလိုခံစားရတဲ့ အချိန်လေးက တကယ့်ကို နည်းနည်းလေးပါ၊ ပြန်တွေးကြည့်ရင်တောင် တကယ့်ကို ရှားရှားပါးပါးပါပဲ၊ စိတ်ထား သဘောကောင်းပြီး ဂုဏ်သရေရှိတဲ့ သခင်မျိုးနဲ့ ဆုံဆည်းခိုက်မှာသာ ခံစားရတာပါ။

"ကျုပ်ရဲ့ ပထမဆုံး အိမ်ရှင်ကတော့ အတော်ဆိုးသဗျ၊ ကျုပ်နဲ့ သိပ်အဆင်မပြေလှဘူး၊ သူက ကျုပ်တို့တိုင်းပြည်မှာ ထင်ရှားကျော်ကြားတဲ့ နိုင်ငံရေးသမားဖြစ်ဖို့ ကျားကုပ်ကျားခဲ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မစွံရှာပါဘူး၊ သူဟာ အကြိမ်ပေါင်းများစွာ လူထုရှေ့မှာရပ်ပြီး စကားလှအောင် စာဖွဲ့ပြောတာပါပဲ၊ ကျုပ်သာ မျက်လှည့်ပညာတတ်ရင် လိမ်ညာပြောပြီး နိုင်ငံရေးသမား ဖြစ်လာမှာပဲ၊ ဒီလူ့မှာတော့ နိုင်ငံခြားဘဏ် တော်တော်များများမှာ ဒေါ်လာတွေတင်မက ရွှေချောင်းတွေ အများကြီးရှိတယ်လို့ ပြောကြတယ်၊ သေချာပြန်စဉ်းစားလိုက်ရင် အဲဒါတွေကို ဘယ်သူ့ပိုက်ဆံတွေနဲ့ ဝယ်တာလဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့တိုင်းပြည်ရဲ့ ပိုက်ဆံတွေပဲ၊ စေ့စေ့တွေးလေ ဒီလူ ဆိုးမှန်းသိလေလေပေါ့၊ နောက်ဆုံးတော့ ကျုပ်တို့အညာခံလိုက်ရတာပဲ မဟုတ်လား။

http://www.linhtet.com



"ဒုတိယ အိမ်ရှင်ကတော့ တစ်မျိုးဗျ၊ သူဌေးပေမယ့် စေးနဲတယ်၊ တစ်နေ့စာ ဝမ်းဝဖို့ တစ်ရက်ကို နာရီ ၂၀ ခန့် အလုပ်လုပ်ပေးရတယ်၊ အဆိုးဆုံးကတော့ ရိုင်းစိုင်းမောက်မာတာပါပဲ၊ သူ့ရဲ့ ဂဏှာမငြိမ်တဲ့ မျက်လုံးတွေက သူ့စိတ်နဲ့ သူ့အကျင့်ကို ဖော်ပြနေသလိုပါပဲ၊ ကျုပ်မှာ နားနှစ်ဖက်တည်းပါတာ ကံကောင်းတယ်ဗျို့၊ တစ်ဖက်က အယုတ်တမာစကား ဘယ်လောက်ပဲ ကြားကြား တစ်ဖက်ကနေ ပြန်ထွက်သွားတော့တာပဲ၊ ဒါကြောင့် ကျုပ်ပြောတာပေါ့၊ နားနှစ်ဖက် ရှိတာ တစ်ဖက်က ဝင်လာတဲ့ ဒုက္ခတွေကို တစ်ဖက်က ပြန်ထုတ်ပစ်လိုက်တယ် ဆိုတာလေ၊ ဟား . . . ဟား"

ချောက်ကီဒါသည် ရယ်လျက်၊ ငိုလျက်၊ မဲ့လျက်၊ ပြုံးလျက် သူအစေခံခဲ့ဖူးသည့် အရှင်သခင်များစွာ၏အကြောင်းကို ပြန်တွေးတောနေမိသည်။

စိတ်ဝင်စားစရာ အကောင်းဆုံးမှာ ဂျပန်သူဌေးကြီးတစ်ယောက်၏အိမ်တွင် အလုပ်လုပ်ခဲ့စဉ်ကဖြစ်သည်။ သူသည် အိန္ဒိယနိုင်ငံရှိ လယ်သမား၊ အလုပ်သမား လူတန်းစားများ၏ ကလေးသူငယ်များ ပညာရေးအတွက် စာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီမည့် စီမံကိန်းကို လာရောက်အကောင်အထည်ဖော်သည်ဟု ဆိုသည်။ အမှန်လည်း အိန္ဒိယရှိ ကျေးရွာတော်တော်များများတွင် စာသင်ကျောင်း မရှိပေ။ ညနေခင်းများတွင် သူသည် အိမ်ပြင်တွင် ထွက်ထိုင်ကာ သူ၏ဘာဂျာကြီးကို တီးနေလေ့ရှိသည်။ သူ၏ ဂီတလက်သံမှာ နားဝင်ပီယံချိုလှပြီး အလွန်သာယာလှသည်။ တွေးရင်းမှပင် နားထောင်ချင်စိတ် ပေါ်မိသည်။

"သူ ဘာဂျာ စတီးတာနဲ့ ကျုပ်ငယ်စဉ်ဘဝ ကျုပ်ချစ်တဲ့ ကက်ရှမီးယား ရွာကလေးမှာ ကလေးဘဝ ပျော်ရွှင်စွာ ကစားခဲ့ကြတာတွေကို ပြန်အောက်မေ့ပြီး မျက်ရည်ဝဲတော့တာပါပဲ၊ ခုထက်ထိ ကျုပ်အသည်းနှလုံးထဲမှာ ကိုယ့်မွေးရပ်မြေနဲ့ ကိုယ့်လူမျိုးကို ချစ်ခင်စိတ်ဟာ လျှံဖိတ်နေတာပါပဲ၊ ကက်ရှမီးယားမြေ ငြိမ်းချမ်းပါစေလို့ ကျုပ်အမြဲဆုတောင်းပါတယ်ဗျာ"

အဘိုးအိုသည် အတွေးရေယဉ်ကြောတွင် နစ်မျောလျက် နိုးထလာခဲ့သည်။ မျက်ဝန်းတွင် မျက်ရည်များ ဝေ့သီလျက်။

"ကဲ . . . အခု ကျုပ် ဘာလုပ်ရရင်ကောင်းမလဲ၊ ကျုပ်အတွက် ဘာမှမကျန်တော့တဲ့ ကက်ရှမီးယားကို ပြန်ရမလား၊ ဒါမှမဟုတ် နောက်ဆုံးထွက်သက်အထိ ချောက်ကီဒါး အစောင့်အလုပ်ဟာ ကျုပ်ရဲ့လမ်းဆုံးပဲလား၊ သေချာတာတစ်ခုကတော့ နောက်ဘဝကျမှ ဆုတောင်းဖို့ မေ့လျော့ခဲ့တာတွေကို ဖြည့်ဆည်းရမလား"

http://www.linhtet.com



ထိုသို့ရေရွတ်ရင်းမှ အစောင့်အဘိုးအိုသည် သုံးနေကျ ကောဇောခင်းလေးကို ဖြန့်ခင်းကာ ဆုတောင်းရန် ပြင်ဆင်နေပါတော့သည်။

ချောက်ကီဒါ အဘိုးအိုကို စောင့်ကြည့်ရင်း စိတ်ဝင်စားနေမိခဲ့သည့် မိုးတိမ်လည်း ညောင်းညာနေခဲ့ပြီ။ ထို့ကြောင့်ပင် မိုးတိမ်သည် ဝါဂွမ်းဆိုင်ကလေးပမာ ကောင်းကင်တွင် အသာအယာ ရွေ့လျား၍ ခရီးဆက်ခဲ့မိသည်။

တစ်ပတ်ခန့်ကြာသော် ချောက်ကီဒါ အဘိုးအိုကို အစအနပင် ရှာမတွေ့တော့ပေ။ သူ ဘယ်ကိုများ ရောက်သွားပြီ မသိတော့ပေ။ မိုးတိမ်လည်း မခန့်မှန်းတတ်တော့။ သို့သော် ခမ်းနား ကြီးကျယ်သော အဆောက်အအုံကြီး၏ ထောင့်နံဘေးရှိ ချောက်ကီဒါ ဂိတ်ကလေးတွင်မူ မုတ်ဆိတ်အနက်နှင့် လူငယ်တစ်ယောက် ဟန်နှင့်ပန်နှင့် ရပ်လျက်စောင့်နေသည်ကို မိုးတိမ် တွေ့မိလေသည်။

ချောက်ကီဒါလူငယ်သည် သူ့ဘာသာထုံးစံအရ ဆုတောင်းဝတ်ပြုချိန် ရောက်သဖြင့် ရိုသေစွာ ပြင်ဆင်နေစဉ် မိုးတိမ်လည်း ပန်ဂျပ်ပြည်နယ် ကောင်းကင်၏ အနောက်ဘက်ဆီသို့ ငြိမ်သက်စွာ ပျံသန်းခဲ့တော့သည်။

http://www.linhtet.com



# သစ်ပင်တစ်ပင်၏ ကံကြမ္မာ

"အိုး . . . အလွန်သာယာတဲ့ နေ့တစ်နေ့ပါလား"

ရာသီဥတု၏ ကြည်လင်သာယာမှုက မိုးတိမ်ကို ဖမ်းစားလိုက်သည်။

မိုးတိမ်သည် ကာရာကိုရမ် တောင်ကြောတစ်ခို၌ တွဲလွဲခိုကာ ပန်ဂျပ်ပြည်နယ်၏ လွင်ပြင်ကျယ်ပေါ်တွင် စီးမိုးနေသော ကောင်းကင်ပြင်တွင် ဝေ့ဝိုက်၍ လိုမ့်ဆင်းခဲ့မိသည်။

မိုးတိမ်၏အောက်တွင် လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်၌ သစ်ပင်များ စီတန်းလျက် လူနေတိုက်တာ အဆောက်အအုံကြီးများ ပြည့်နှက်နေသော ခေတ်မီမြို့တော်ကြီးကို မြင်တွေ့ရသည်။ မြို့စွန်တစ်နေရာတွင် ခမ်းနားလှပသော ဥယျာဉ်ကြီးနှင့် ပန်းရောင်စုံ ပွင့်ဖူးဝေဆာလျက်ရှိသည့် အိမ်ကြီးတစ်ဆောင်ရှိသည်။ လေပြည်တစ်ချက် ဝေ့ပြီဆိုမှဖြင့် ယင်းဥယျာဉ်တွင်းရှိ သန်စွမ်းလှသည့် ဆင်နားရွက်ပင်အုပ်ကြီးမှာ လှိုင်းထနေတတ်ပြီး စက္ကူပန်းရောင်စုံပင်များမှ ပန်းပွင့်ချပ်လေးများမှာ ရွှင်မြူးလှုပ်ခါနေကြသည်ကို ကြည်နူးဖွယ် တွေ့မြင်ရသည်။

ဥယျာဉ်တွင်းရှိ စိမ်းညို့နေသော သစ်ပင်အုပ်ကြီးအောက်အကွယ်မှ လူနှစ်ဦး၏ စကားပြောသံကို ကြားရသဖြင့် စပ်စုတတ်သော မိုးတိမ်သည် နားကိုပင့်ကာ စွင့်မိပြန်သည်။ သူတို့နှစ်ဦးအနက် တစ်ဦး၏အသံမှာ အော်ဟစ်နေသယောင်ဖြစ်နေပြီး စကားအချေအတင် ပြောနေကြဟန်ရှိသည်။


"ဘာ . . . မင်းက ငါ့ကို ဒီလိုပြောဝံ့သလား၊ ကိုယ့်ကိုယ်ကို မာလီဆိုတာ မင်းသိရဲ့လား၊ ငါဟာ မင်းရဲ့ ကျေးဇူးရှင်သခင် အလုပ်ရှင်ဖြစ်တဲ့အပြင် ဒီမြို့က အာဏာပိုင်ဖြစ်လို့ ငါ့စကားကို မင်းနားထောင်ရမယ်ကွ"

"ဝမ်းနည်းပါတယ်ဆရာ"

မာလီဟူသည့် ဥယျာဉ်မှူး၏ ပြန်ဖြေသံမှာ တိုးလျလျ။

http://www.linhtet.com





http://www.linhtet.com



"ကိုယ့်ကိုယ်ကို မာလီ ဒါမှမဟုတ် သာမည ဥယျာဉ်မှူးတစ်ယောက်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ လူသားတစ်ယောက်ပါ၊ ကျွန်တော့်မှာလဲ ပြောရေးဆိုခွင့်ရှိပါတယ်၊ ဆရာသိထားစေချင်တာကတော့ မာလီအလုပ်ကို ကျွန်တော်အမြဲဂုဏ်ယူနေတယ် ဆိုတာပါပဲ"

"ဘာကွ . . . မာလီအလုပ်ကို ဂုဏ်ယူတယ်၊ ဟုတ်လား . . . မခန့်လေးစား မခန့်နဲ့ကွ၊ ဒီလောက်ရယ်စရာကောင်းတာ မကြားဖူးသေးဘူး၊ အသရေဆိုတာ မာလီအလုပ်နဲ့ တန်လို့လားကွ၊ တိုင်းပြည်မှာ အရေးပါတဲ့ အထင်ကရပုဂ္ဂိုလ်တစ်ဦးက ပြောတယ်ဆို ထားပါတော့၊ ကဲကဲ . . . ရှုပ်ပါတယ်၊ ခြံဝမှာ ဘာမှ အသုံးလဲမဝင်ဘဲ ပေါက်နေတဲ့ အပင်ကြီးကို မင်းခုတ်မလား . . . မခုတ်ဘူးလား၊ ဒါပဲပြော"

"မခုတ်နိုင်ပါဘူးခင်ဗျာ၊ ဒီသစ်ပင်ကြီးကို ထိခိုက်အောင် ကျွန်တော် ဘာမှမလုပ်ပါရစေနဲ့လို့ ပြောပါရစေ၊ ဒီသစ်ပင်ကြီးဟာ နှစ်ပေါင်းငါးရာကျော်ပြီလို့ ပြောကြတယ်၊ ကျွန်တော်ပြုစု စောင့်ရှောက်လာတာကို နှစ်ပေါင်းမရေမတွက်နိုင်တော့ပါဘူး၊ အရင့်အရင် နေသွားကြတဲ့ အိမ်ရှင်တွေဟာလဲ ဒီသစ်ပင်ကြီးကို တန်ဖိုးထား ချစ်မြတ်နိုးကြတယ်၊ ဒါကြောင့် ဒီသစ်ပင်ကြီးကို အစဉ်အဆက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြတယ်"

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ဟေ့၊ မင်းကို အလုပ်ဖြုတ်ပစ်မယ်ကွ၊ အခုချက်ချင်း ဒီဂြိုဟ်မွှေတဲ့ သစ်ပင်ကြီး သွားခုတ်ပစ်စမ်း၊ မြို့အာဏာပိုင်ကြီးတစ်ယောက်ရဲ့အိမ်ဟာ သန့်ရှင်းတောက်ပနေအောင် မင်းမွမ်းမံရမယ်၊ ဒါမှ ခန့်ငြားနိုင်မယ်၊ ဒီသစ်ပင်ဟာ ငါ့အိမ်ကို မှောင်ကွယ်နေပြီး ငါ့ကားအသစ်ပေါ်ကိုလဲ အရွက်တွေကြွေလို့ မနေ့က ကားကို တခြားနေရာကို ရွှေ့မောင်းသွားရတယ်"

ထိပ်ပြောင်လျက်ရှိပြီး ဒေါသခိုးများ အမြဲဆူဝေကာ မျက်နှာနီရဲလျက်ရှိသည့် ပုဂ္ဂိုလ်ကြီးကို ဥယျာဉ်မှူးက တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖြေရှင်း တင်ပြသည်။

"ဆရာ မကျေနပ်ရင် ကျွန်တော့်ကို မီးရှို့လိုက်ပါ၊ တစ်ယောက်ယောက်စီ ဝင်စားပြီး အသက်ပြန်ရှင်မှာပဲ၊ ဒါပေမဲ့ သစ်ပင်ကတော့ ခုတ်လှဲပြီးရင် ချက်ချင်းပြန်မရှင်နိုင်ဘူး၊ အချိန်စောင့်ရမယ်၊ ဒီခြံဝင်းဝနားက သစ်ပင်ကြီးဟာ အစ္စလမ္မာဘတ်ရဲ့ ကောင်းကင်အောက်မှာ ဆက်ပြီးမော်ကြွားဖို့ပဲ မျှော်လင့်တယ်၊ နောင်လာမယ့် မျိုးဆက်သစ် လူငယ်တွေအတွက် ရှင်သန်ကျန်ရစ်ခဲ့စေချင်ပါတယ်"

http://www.linhtet.com



သူ့စကားကြောင့်ပင် အိမ်ရှင်က စိတ်ကြီးဝင်ပြန်သည်။

"ကဲ . . . မင်းကိုငါမေးမယ်၊ ဒီအိမ် ဒီခြံကို အခုဘယ်သူပိုင်သလဲ၊ ပိုင်ရှင်က ဒီအပင်ကြီးကို မလိုချင်ဘူးဆိုရင် ခုတ်ပစ်ရမှာ မာလီ့တာဝန်ပဲ၊ နားလည်ရဲ့လား၊ ဒီနေ့ ဒီအချိန် ဒီအခါမှာ ဘယ်သူအာဏာအရှိဆုံးလဲ၊ ဘယ်သူ အကြွယ်ဝဆုံးလဲ၊ မင်းမျက်စိဖွင့် နားစွင့်ထားစမ်းပါ၊ ဦးနှောက်ကိုလဲ သုံးစမ်းပါ၊ မင်းပိုင်တဲ့မြေကြီး လက်တစ်ဆုပ်စာ ရှိလို့လား"

"ဟုတ်ပါတယ်ဆရာ . . . ဆရာပြောသလို ကျွန်တော်ဟာ လူမွဲပါ၊ ဘိုးစဉ်ဘောင်ဆက် လက်ထက်ကတည်းက မြေငှားလယ်သမားတွေပါ၊ ဆရာတို့ ဘိုးဘွားဘီဘင်တွေဟာ ဒီလယ်ယာ မြေတွေ ဒီလောက်များများပိုင်အောင် ကြိုးစားခဲ့ကြတာကို အံ့သြမိပါတယ်၊ သူတို့ကို ပိုင်ရှင် တစ်ယောက်ယောက်ဆီကများ ယူထားခဲ့သလား မသိဘူးခင်ဗျာ"

"ဟေ့ . . . စော်ကားလှချည်လားကွ၊ ငါ့ဘိုးဘွားတွေရဲ့ ကြွယ်ဝမှုက မင်းနဲ့ဘာဆိုင်လို့လဲ"

"မဆိုင်ပါဘူးခင်ဗျာ"

ဥယျာဉ်မှူးက ချိုသာစွာ ဆက်ပြောပြန်သည်။

"ဆရာတို့ ဘိုးဘွားတွေကို စော်ကားတာ မဟုတ်ပါဘူးခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ရဲ့အဘိုး၊ အဖေနဲ့ ကျွန်တော်တို့ဟာ နေ့စဉ်နေ့တိုင်း နဖူးကချွေး ခြေမ ကျအောင် ပင်ပန်းဆင်းရဲ လုပ်ကိုင် ကြတာတောင် မြေတစ်လက်မလောက်မှ ကိုယ်ပိုင်မရှိတာကို နားမလည်နိုင်ဘူး ဖြစ်နေတယ်၊ ဆရာတို့ကတော့ နှုတ်ကလေး စကားကလေးနဲ့ စားနေကြတာ၊ တစ်ချက်ဟလိုက်တာနဲ့ ပစ္စည်း ဥစ္စာတွေ တစ်ခုပြီးတစ်ခု ဆရာတို့လက်ထဲကို ရောက်လာတာပဲနော်"

"ဟေ့ . . . စကားကို ဆင်ခြင်ပြောပါကွ၊ မင်းပြောတာ ဖြီးဖျန်းစားသလို ဖြစ်နေတယ်၊ မင်းသိထားဖို့က စကားဆိုတာ အကြောင်းမဲ့မထွက်ဘူးကွ၊ မင်းလို စာမတတ် ပေမတတ်ကောင် အတွက်တော့ အံ့သြစရာဖြစ်နေမှာပါ၊ စကားကို သတိဉာဏ်နဲ့ ယှဉ်ပြောရတယ်၊ မင်းလို အဓိပ္ပာယ်မဲ့ ပြောလို့မရဘူးကွ"

"ဟုတ်ပါတယ် ဆရာ . . . ဒါပေမဲ့"

"ဆက်နားထောင်စမ်း"

အိမ်ရှင်သည် စိတ်ဆိုးမာန်ဆိုးဖြင့် စကားစကိုဖြတ်ပြီး သူကပင် ဆက်ပြောပြန်သည်။

http://www.linhtet.com



"ပစ္စည်းဥစ္စာ ကြွယ်ဝပိုင်ဆိုင်တယ်ဆိုတာ ဧရာမ တာဝန်ကြီးတစ်ခုပဲကွ၊ သူကြွယ်ဝတာ သူတော်လို့ပဲ၊ သူစီမံ အုပ်ချုပ်မှု ကောင်းလို့ပဲ၊ တို့နိုင်ငံရဲ့ မြေပိုင်ရှင်ကြီးတွေအားလုံး အလုပ်ကြိုးစားလုပ်ကြရတာပဲ၊ ဒီမှာ . . . မင်းကို ငါပြောမယ်"

"အလုပ် . . . ဘယ်လိုအလုပ်တွေပါလိမ့်ခင်ဗျာ"

"ဒီမှာကွ . . . တို့ရဲ့ သားစဉ်မြေးဆက်ကို တို့ကြွယ်ဝမှုတွေအားလုံးကို မလျော့ပါးအောင် ထိန်းသိမ်းဖို့ တို့ကြိုးစားရမှာပဲ၊ နည်းနည်းမှ အထိပါး အပွန်းပဲ့ မခံနိုင်ဘူး၊ တစ်နည်းပြောရရင် မျိုးရိုးစဉ်ဆက် ထိန်းသိမ်း ကာကွယ်ရမယ်"

"ဒါတွေ ကျွန်တော်ကောင်းကောင်းနားလည်ပါတယ်၊ လူတိုင်းလဲ နားလည်ကြပါတယ်"

"မင်းနားလည်အောင် နည်းနည်းပြောရဦးမယ် မာလီရေ . . . ငါ့ရဲ့ပစ္စည်းဥစ္စာကို ဘယ်သူမှ မဝေဖန်ရဲကြပါဘူးကွ၊ ဝေဖန်ကြရင်လဲ သူတို့အတွက် ဘာမှအကျိုးမရှိတဲ့အပြင် အကျိုးတောင် ယုတ်နိုင်တယ်၊ ဒါကြောင့် မသိနားမလည်သလို ခပ်ဆိတ်ဆိတ်နေတာ အကောင်းဆုံးပဲပေါ့ကွာ၊ တို့လဲ သူတို့လို ရေငုံနှုတ်ပိတ်ပြီး . . ."

"ဒါနဲ့ တစ်ခုဆရာရယ် . . . ကျေးရွာကျောင်းတွေမှာ မူလတန်းကျောင်းဆောက်ဖို့ ဘာလို့ မကူညီတာလဲလို့ပါဗျာ"

"ကျောင်းတစ်ကျောင်းဆောက်ရင် ပညာတတ်တွေ ပေါ်လာပြီး တို့ကိုအာခံနိုင်တဲ့သူတွေ များလာမယ်ကွ"

"ဒါဆို ကလေးတွေ ကျောင်းမနေသင့်ဘူးပေါ့"

"မင်း အကြောင်းမဲ့ မမိုက်စမ်းပါနဲ့ကွာ၊ မင်းပါးစပ်ကိုပိတ်ပြီး အလုပ်သွားလုပ်ပါ၊ သစ်ပင်ကို ခုတ်ပစ်ပါ၊ ဒါပဲ . . . ဒါပဲ"

"အိုး . . . သစ်ပင်ကြီးကိုတော့ မခုတ်နိုင်ဘူးဗျို့၊ ကျုပ်အသက်ရှင်နေသရွေ့၊ ဆရာ့လို အရေခြုံသမားကြီးတွေ အုပ်စိုးနေသရွေ့ အပြစ်မရှိတဲ့ သစ်ပင်ကို လက်နဲ့တောင် မတို့ဘူး၊ ကျုပ်ကိုသာ အပိုင်းပိုင်းဖြတ်လိုက်ပါတော့"

ထိုသို့အော်ဟစ်ပြီး ဥယျာဉ်မှူးသည် သူ၏တဲရှိရာသို့ လာခဲ့သည်။ တံခါးကိုဖွင့်၍ လွှကို နေရာတကျ ပြန်ချိတ်ထားလိုက်သည်။ ဒေါသကြောင့် မျက်နှာနီရဲလျက် ချွေးများစို့ရွှဲလျက် ရှိသည်မှာ ခုနက သူနှင့် အချေအတင်ဖြစ်ခဲ့သူ ပုဂ္ဂိုလ်အတိုင်းပင်။

http://www.linhtet.com



ဥယျာဉ်မှူးကြီး ရှေ့ခရီး မည်သို့ဆက်မည်ကို မိုးတိမ်သည် မမှန်းဆတတ်ပါ။ ထိုစဉ် လေပြင်းတစ်ချက် ဝှေ့လိုက်သဖြင့် မိုးတိမ်သည် ကာရာကိုရမ်တောင်ကြောမှ ထွက်ခွာခဲ့ရသည်။

သို့သော် ယခုအချိန်အထိ အစ္စလာမ်မာဘတ် တောင်ကြောပေါ်ရှိ မာဂါလာတောင်ထွတ် အရင်းရှိ ဥယျာဉ်ကြီး၏အဝမှ အေးမြသောအရိပ်ကိုပေးသည့် ညောင်ပင်ကြီးသည်ကား ဝင့်ကြွားနေနိုင်ဆဲပင် ရှိလေသည်။

မိုးတိမ်သည် ယင်းအပင်ကိုကြည့်လျက် ပီတိဖြာရင်း တက္ကသီလာဘက်သို့ ရွေ့လျားသွားခဲ့မိတော့သည်။

http://www.linhtet.com



# ကမ္ဘာမြေရဲ့ သုရဲကောင်းများ

"ဘယ်နိုင်ငံရဲ့သမိုင်းမှာမဆို မိခင်ဆိုတာ လူသားတွေရဲ့ အသည်းနှလုံးထဲက သူရဲကောင်း"

ယင်းအဆိုကို မိုးတိမ်က ခြွင်းချက်မရှိ ဆိုချင်သည်။

ရာသီနှစ်တွေ အလီလီပြောင်းသော်လည်း မိခင်၏နေရာကမူ မပြောင်းမလဲ အရေးပါမြဲပင်။ ဤကား မိုးတိမ် ဖြတ်သန်းရွေ့လျားခဲ့ရာ နိုင်ငံတိုင်း၏ နေရာတိုင်းတွင် လေ့လာတွေ့ရှိရသည့် ပြယုဂ်ဖြစ်ပါသည်။

အမေသည် နိစ္စဓူဝ ရင်သွေးများ၏ ဝေယျာဝစ္စများကို မငြီးမငြူ ထမ်းဆောင်နေမည်သာ။ ချက်ပြုတ်မည်၊ လျှော်ဖွပ်မည်၊ ချုပ်လုပ်မည်။ ထို့ပြင် မိသားစု ကျန်းမာပျော်ရွှင်ရေးအတွက် အာရုံပြု ဆုတောင်းမေတ္တာ ပို့သမည်။ မိခင်ဟူသည် ကမ္ဘာတည်သရွေ့ မိသားစုအတွက် မိမိတို့ဘဝကို လှူပ်ရှားရုန်းကန်ပေးဆပ်နေကြမည့် သူရဲကောင်းကြီးများပင်ဖြစ်သည်။ မိုးတိမ်တို့၌ပင် နူးညံ့ကြင်နာတတ်သော ချစ်ခင်နှစ်လိုဖွယ် ပင်ရင်းမိခင် ရှိရလေသည် မဟုတ်လော။

မိုးတိမ်သည် ဤသို့ အတွေးနယ်ချဲ့ရင်း မိမိ၏ တိမ်စိုင်တိမ်ခဲများကို ရွေ့လျားဖြန့်ကြက်ရာ၌ ကောင်းကင်တစ်ခွင် လင်းချင်းတောက်ပသွားအောင် အပြုံးရိပ်တစ်ခု ဆင်လိုက်သည်။

မကြာသေးမီ အချိန်က မိုးတိမ်သည် ဂျပန်နိုင်ငံ ချိုရို တောင်တန်းကြီး၏ မီရူရှိ တောင်စောင်းပေါ်သို့ ဝေ့ဝဲ ရောက်ရှိကာ နေနားခဲ့သေးသည်။

မိုးတိမ်ရောက်ရှိသွားသော အောက်ခြေမြေပြင်တွင် ဟင်းလင်းပြင်သာရှိပြီး လယ်ကွင်းပြင်ကျယ်ကြီး၌တွင်မူ ဝင်းမှည့်နေသည့် ရွှေရောင်စပါးနှံများ ဆောင်းဦးရာသီ လေပြည်လေညင်းကလေးများကြားတွင် ယိမ်းနွဲ့ ကခုန်လျက် ရှိလေသည်။

**Mother's *Makizushi***

http://www.linhtet.com





စပါးခင်း၏အလယ် နေရောင်အောက်၌ ကြိုးကြိုးစားစား စပါးရိတ်သိမ်းနေသည့် လယ်သူမကြီးတစ်ဦးကို မိုးတိမ် မြင်တွေ့ရသည်။ သူ့မျက်နှာမှာ နေလောင်ထား၍ ညိုသယောင် ဖြစ်နေလေသည်။ သူမနှင့် မနီးမဝေး ရှေ့နားတွင် လယ်သမားကြီးတစ်ဦးလည်း ရိတ်သိမ်းလျက် ရှိသည်။ လယ်သူမကြီးသည် နှုတ်မှ တတွတ်တွတ်ပြောနေသကဲ့သို့ လက်က တံစဉ်ဖြင့်လည်း စပါးနှံများကို အဆက်မပြတ် ရိတ်သိမ်းလျက်ရှိသည်။

မိုးတိမ်သည် သူမ၏နှုတ်မှ တတွတ်တွတ်ပြောနေသော စကားသံနှင့် အကြောင်းအရာများကို စပ်စုချင်စိတ် ဖြစ်လာမိသည်။ ထို့ကြောင့်ပင် မိုးတိမ်သည် မိမိကိုယ်ကိုကျုံ့လျက် အသာအယာ နိမ့်ဆင်းကာ သူမတို့ လယ်ကွင်းနှင့် နီးရာအောက်သို့ တိတ်တဆိတ်ရောက်သွားခဲ့သည်။

http://www.linhtet.com



"အင်း . . ရေခြားမြေခြား အိန္ဒိယမှာ ပညာသင်နေတဲ့ သားလတ်ကို လွမ်းမိတယ်၊ အတွေးအခေါ်ပညာကို ဝါသနာပါလှချည့်ဆိုပြီး သွားတာပဲ၊ သူ့ပညာကလဲ ရှုပ်ထွေးပါဘိ၊ ဝါသနာနဲ့ ပညာနဲ့ အဆင်မှပြေရဲ့လားမသိ၊ အေးလေ . . . သူခေါင်းမရှုပ်ရင် ပြီးတာပါပဲ၊ သားတွေထဲမှာ သူက တစ်ဘာသာ၊ ဘာပဲဖြစ်ဖြစ်လေ . . . မကြာခင် ချောချောမောမော အောင်အောင်မြင်မြင် ပြန်ရောက်လာပါစေလို့ပဲ ဆုတောင်းရမှာပဲ။

"အငယ်ကောင်ကတော့ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဖို့ အလုပ်ရှုပ်နေတာပဲ၊ နောင်နှစ်နွေဦးမှာ သူအောင်မယ်၊ မအောင်ဘူးဆိုတာ ဘုရားပဲသိမယ်၊ ဒါပေမဲ့ သူက စာကြိုးစားတော့ ကောလိပ်ဝင်မယ် ထင်တာပါပဲ၊ အင်း . . . ဘယ်လိုပဲပြောပြော သားသုံးယောက်ကို တစ်ချိန်တည်း ကောလိပ်ပို့ရတာ မတွေးဝံ့စရာဘဲ၊ ငွေတွေ ဘယ်လောက်ကုန်လိုက်မလဲ၊ အဖေကတော့ သူ့ကျူရှင်စရိတ်နဲ့ တခြားဗာဟီရစရိတ်တွေ ဘယ်လိုများ ရှာပါ့မလဲ"

သူမသည် စပါးရိတ်ရာမှ ခါးဆန့်အညောင်းဖြေသည်။ သူမ နဖူးရှိ သောကအတွန့်လှိုင်းများမှာ ထင်လင်းလျက် ရှိနေခဲ့ပြီ။ ထို့နောက် သက်ပြင်းဖွဖွချလျက် ဆက်ပြီးကောက်ရိတ်ပြန်သည်။ ပြီးနောက် သူ့နှုတ်မှ စကားတွေ ဆက်နေပြန်သည်။

"နောက်တာဝန်တစ်ခုလဲ ကျန်ပါသေးလား၊ အဲဒါကတော့ သားကြီးကို အိမ်ထောင်ချပေးဖို့ပဲ၊ ချွေးမများ အသုံးမကျရင် မိသားစုအတွက် အဆင်မပြေဘူးလို့ ပြောကြတယ်၊ အိမ်မှာ ချွေးမကောင်းကောင်းလေးတစ်ယောက် ရှိရင်လား၊ ဘယ်လောက်သက်သာလိုက်မလဲ၊ ဒါပေမဲ့ အခုခေတ် လူငယ်တွေကတော့ ခန့်မှန်းရခက်တယ်၊ ချွေးမက လယ်သမားလို ဆင်းဆင်းရဲရဲ နေနိုင်ပါ့မလားမသိ"

လယ်သူမကြီးသည် တစ်မနက်လုံး အလုပ်လုပ်ရင်း သူ့မှာ တတွတ်တွတ်ပြောစရာ ပြတ်မည်မထင်ပေ။ သို့သော် သူမခေါင်းတည့်တည့်သို့ ရောက်နေသော နေမင်းကြီးက သူမကို စကားပြတ်အောင် လုပ်လိုက်လေသည်။

"အို . . . မွန်းတည့်နေပြီ၊ ကဲ ကဲ . . . လာ အဖေကြီးရေ၊ မနက်စာ စားလိုက်ကြစို့"

ဂျပန်နိုင်ငံတွင် အိမ်ရှင်မများသည် မိမိတို့ခင်ပွန်းကို အဖေဟူ၍ ခေါ်ဝေါ်လေ့ရှိသည်။ မိမိ၏ဖခင်ဟု မဆိုလိုဘဲ အိမ်ထောင်ဦးစီး သို့မဟုတ် "မိသားစု၏ဖခင်" ဟု တင်စား ခေါ်ဝေါ်ခြင်းသာဖြစ်သည်။

http://www.linhtet.com



ထို့နောက် လယ်သူမကြီးသည် ကန်သင်းရိုးစပ်တွင် ထိုင်ချလျက် မိုးမလင်းမီကတည်းက သူပြင်ဆင်ယူခဲ့သော နံနက်စာထုပ်ကို ဂရုတစိုက် ဖြည်နေလေသည်။ ထမင်းကို ပင်လယ်ရေညှိ တစ်မျိုးဖြင့် ပတ်လိပ်ထားသည့် ဂျပန်ရိုးရာ ထမင်းပွဲကလေး။

မိုးတိမ်သည်ပင် သူတို့ထမင်းဝိုင်းကိုကြည့်ပြီး ဆာလောင်သလိုဖြစ်လာသည်။ လယ်သမားကြီးက အလွန်ဆာလောင် မွတ်သိပ်ဟန်ရှိသည်။ လုပ်လက်စအလုပ်ကို လက်စသတ်လျက် အပြေးကလေးလာပြီး လယ်သူမကြီးနား ထိုင်ကာ အားပါးတရ ဝင်စားလေသည်။

"ဟင်း . . . ဒီနေ့ . . . ကျုပ် . . . ကျုပ်"

လယ်သမားကြီးမှာ ထမင်းကို ပလုတ်ပလောင်းစားလျက် -

"ဟင်း . . . ဒီနေ့ ကျုပ်စားရတာ သိပ်မြိန်တာပဲ၊ တကယ်အရသာရှိတဲ့ မာကီဇူရှိပါပဲ"

"မာကီဇူရှိ" ဟူသည် ထမင်းဆုပ်ကို ဟင်းရွက်၊ ငါး သို့မဟုတ် ပင်လယ်ရေညှိတစ်မျိုးဖြင့် ပတ်ထားသည့် စားမြိန်စာဖြစ်သည်။ စက္ကူပါးကလေးကဲ့သို့ဖြစ်သော ပင်လယ်ရေညှိရွက်လေးမှာ ရနံ့တစ်မျိုး မွှေးလေသည်။ မိုးတိမ်တို့သည် ကမ္ဘာမြေကြီးပေါ်ရှိ လူသားများ၏ ဘာသာစကားနှင့် လူမှုဓလေ့ထုံးစံတို့ကို ဤသို့နှယ် စိတ်ဝင်တစား ရှိမိကြသည်ဆိုလျှင် အံ့သြကြမည်လား။

"သိပ်ပါတော် . . . သိပ်၊ အဖေကြီး ဘယ်လောက်ကြိုက်တယ်ဆိုတာ သိပ်၊ အင်း . . . သားတွေလဲ ကြိုက်ကြတာပဲ၊ ချက်ကျွေးလိုက်ချင်စမ်းပါဘိ"

လယ်သမားကြီး ဇနီးမောင်နှံတို့ အချီအချစကားပြောနေသံကို မိုးတိမ် နားစွင့်မိပြန်သည်။

"ရှင်မရေ . . . အချိန်တွေဟာ ကုန်မြန်လှသကွယ်၊ ကလေးတွေလဲ ကြီးပြင်းလာကြပြီ၊ သူတို့တွေ လူလားမြောက်ပြီး တို့များမျက်စိအောက်ကနေ လောကကြီးထဲ ဝင်သွားလိုက်ကြတာ မြန်လွန်းလှတယ်၊ တို့လုပ်နိုင်တာ အကောင်းဆုံးကတော့ သားတွေကို ကျန်းမာပျော်ရွှင်အောင် ကျွေးမွေးပြုစုမယ်၊ သူတို့အစွမ်းအစရှိသလောက် တိုးတက်အောင် လမ်းဖွင့်ပေးရမယ်၊ အေး . . . ဒါပေမဲ့ တို့အိမ်မှာတော့ တော်တော့်ကို တိတ်ဆိတ်သွားတာပေါ့ကွာ"

"အိုရှင် . . . ဒါကြောင့်လဲ သူတို့ မူကြိုကျောင်းသားဘဝတုန်းက အားကစားပွဲဆို အားကစား၊ အနုပညာဆို အနုပညာ၊ သိပ္ပံပြပွဲဆို သိပ္ပံပြပွဲ၊ အဲဒါတွေ ကျွန်မတို့ လိုက်ပို့ပေးခဲ့တာပါပဲ"

ဟု မိခင်ဖြစ်သူက သားများ၏ ငယ်ဘဝများကို လွမ်းဆွတ်တသစွာ ပြောသည်။

http://www.linhtet.com



"ကောက်သိမ်းချိန်ရောက်တိုင်း ဒီကွင်းထဲလာပြီး ကျွန်မတို့မိသားစု မာကီဇူရှိ လုပ်စားခဲ့ကြတာတွေ အမှတ်ရတယ်၊ မိသားစုတွေ လက်ရည်တစ်ပြင်စီးပေါ့၊ သူတို့တွေလဲ စားရင်းသောက်ရင်း အော်ဟစ် ပျော်ရွှင်နေကြတာပဲ၊ မာကီဇူရှိ အလိပ်ထဲကို အရသာရှိအောင် ဟင်းအမယ်စုံ သူတို့တွေ ဝိုင်းကူပြီး အစာသွပ်ခဲ့တာပဲ၊ ကျွန်မတို့ မင်္ဂလာဆောင်မှာ ရှင့်အစ်မ ဝမ်းကွဲ လက်ဖွဲ့ခဲ့တဲ့ ဟိုး ဓားမဟောင်းကြီးကလဲ ထက်လိုက်တာ၊ မာကီဇူရှိတွေပတ်ပြီး အဲဒီဓားနဲ့ ပိုင်းပြီး လှီးကြတာလေ၊ အလတ်ကောင်ကဆို ကျန်တဲ့ထမင်းဆုပ်အပိုင်းကို စားရတာ အရမ်းကြိုက်တာ၊ အင်း . . . အခုတော့ အိန္ဒိယမှာ သူ ဘာတွေဘယ်လို စားသောက်နေတယ်ဆိုတာ မစဉ်းစားတတ်တော့ဘူး"

"အေးပေါ့ကွာ၊ အမေကြီးရေ . . . ငါတို့လင်မယား ခုနေတော့ အထီးကျန်သလို ဖြစ်နေကြပေမယ့် သားတွေအားလုံး ကောလိပ်က ဘွဲ့တွေရ၊ ရာထူးဌာနန္တရတွေရပြီး သူတို့ကလေးတွေကို အဘွားနဲ့ ကစားဖို့ ခေါ်လာတဲ့အခါမှာတော့ ပျော်ကြရဦးမပေါ့ကွာ၊ ဘယ်လိုပဲ ဖြစ်ဖြစ် တို့သားတွေကိုတော့ တို့ဟာ ပညာအမွေပေးရမယ်၊ အဲဒါ အကောင်းဆုံးပဲ၊ တို့ဟာ ဆင်းရဲသား လယ်သမားမိသားစုဖြစ်ပေမယ့် တို့ရဲ့ သားစဉ်မြေးဆက် ပညာအမွေ ထားခဲ့နိုင်အောင် ကုန်းရုန်းရမှာပဲ အမေကြီးရေ"

"အဖေကြီးရယ် . . . အိတ်ထဲမှာ ချြးတစ်ပြားမရှိလဲ ရှင်ကတော့ ပျော်နေတာပဲနော်၊ ဒီလဆို သားတွေရဲ့ ကျောင်းစရိတ်တွေပို့ရတာ ငွေလက်ကျန်ခန်းသွားပြီရှင့်၊ ကဲ . . . ကဲ မာကီဇူရှိတွေ အကုန်လုံး ဝအောင်စား၊ စားပြီးရင် ကျွန်မတို့ ရှင်တို့ အလုပ်လုပ်ကြဦးမှ ဖြစ်မှာတော့်"

လယ်သူမကြီးက သူမ စားလက်ကျန်ကို ရှင်းလင်းရင်း ခင်ပွန်းဖြစ်သူအား ကြင်နာမြတ်နိုးစွာကြည့်သည်။ နေလောင်ထားသည့် မျက်နှာလေးမှာ ဝင်းပလျက်။

"အဖေကြီးရေ . . . ဒါလေးပါ ကုန်အောင်စားလိုက်ပါဦးရှင်"

ထို့နောက် လယ်သမားကြီး၏ဇနီး၊ သားတို့၏မိခင်၊ မိသားစု၏ သူရဲကောင်းကြီးမှာ စားသောက် သန့်ရှင်းပြီး လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်နေပြန်လေပြီ။

စပ်စုတတ်သော မိုးတိမ်သည် စိတ်ကွန့်မြူးလျက် သူ့ကိုယ်ကို မာကီဇူရှိ ထမင်းဆုပ်သဏ္ဌာန် လှိမ့်ခွေလိုက်သည်။ ပြီးမှ တီးတိုးရေရွတ်ပြန်လေသည်။

http://www.linhtet.com



"အင်း . . . အမိနဲ့အဖနှစ်ဦးရဲ့ မိသားစု ဆွေးနွေးဝိုင်းလေး နားထောင်လိုက်ရတာ ကြည်နူးစရာပါပဲ၊ ကမ္ဘာအနှံ့ ဘယ်နေရာရောက်ရောက်၊ ဘယ်အချိန်ပဲဖြစ်ဖြစ် သားသမီးတွေ အပေါ် ထားရှိတဲ့ မိဘတွေရဲ့ စေတနာ မေတ္တာ၊ ရုန်းကန်ကြိုးစား လှုပ်ရှားမှုတွေဟာ တကယ့်ကို ထပ်တူထပ်မျှပါပဲလား၊ သူတို့တွေဟာ ကမ္ဘာမြေရဲ့ တကယ့်သူရဲကောင်းကြီး၊ သူရဲကောင်းမကြီးတွေဆိုတာ တကယ်ဟုတ်ပေတယ်ဗျို့"

မိုးတိမ်သည် မကြာမီက မိမိတင်သွင်းခဲ့သော အဆိုကို မိမိဘာသာ ခြွင်းချက်မရှိ ထောက်ခံ အတည်ပြုနေလေသည်။

http://www.linhtet.com





# မဟာဂဏ္ဍာ ခေါင်းလောင်းကြီး

“ကျွန်တော်သည် ကောင်းကင်ခရီးကို ဖြတ်သန်းသွားလာစဉ်၌ ကောင်းကင်အထက်သို့ လွင့်ပျံလာသော ဘုရားကျောင်းမှ ခေါင်းလောင်းကြီးများအသံကို ကြားရသည်မှာ အလွန်ပီတိဖြစ်ရပါသည်” ဟူ၍ မိုးတိမ်ကပြောသည်။ မိုးတိမ်သည် တစ်နေရာဆီမှ ရွေ့လျား၍ လာခဲ့ရာ မြန်မာနိုင်ငံအပေါ်သို့ ရောက်သည်။ အောက်ခြေတွင် အရပ်လေးမျက်နှာတို့၌ ကျယ်ပြန့်စိမ်းလန်းသော ကွင်းပြင်ကြီးများကို မြင်နေရ၏။

“ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ဒီလိုခေါင်းလောင်းသံကြီးမျိုးကို ကြားခဲ့ဖူးတာ ကျွန်တော် မှတ်မိတယ်၊ အခုဆိုရင်လဲ မြေပြင်ပေါ်မှာ စေတီပုထိုး အဟောင်းအသစ်တွေနဲ့ တစ်ပြည်လုံး အပျံ့အနှံ့ပါပဲ၊ သူတို့ဟာ မြေပြင်က လူသားတွေရဲ့ ရှိခိုးကော်ရော် ဆုတောင်း မေတ္တာပို့သံကို မိုးယံအထက်ဆီ သယ်သွားတဲ့ လက္ခဏာတွေပါပဲ၊ မြင်ရတဲ့ စေတီပုထိုးတွေ များစွာထဲမှာ တစ်ဆူသော စေတီကတော့ ကြီးမားလှတယ်၊ တောက်ပတဲ့ နေရောင်အောက်မှာ တလက်လက်ရှိလှတယ်၊ ကုန်းမြင့်တစ်ခုရဲ့အထွတ်မှာ တည်ရှိပြီးတော့ ကျွန်တော် စပြီးကြားဖူးတဲ့ နေ့တုန်းက အက်ကွဲနေသလို ခေါင်းလောင်းထိုးသံကြီးကို ကြားခဲ့ရတယ်”

http://www.linhtet.com



"ဒုံ . . . ဒုံ . . . ဒုံ"

ထိုအသံမှာ ရွှေတိဂုံစေတီတော် ရင်ပြင်၏ တစ်ခုသော ဇရပ်မှ ခေါင်းလောင်းသံဖြစ်သည်။ ထိုနေ့က ခေါင်းလောင်းသံကြီးမှာ ဆွေးမြည့်အက်ကွဲသောအသံတစ်မျိုးပေါက်လျက်ရှိသည်။ ဘာကြောင့်ဤသို့ဖြစ်ရသလဲဟု စူးစမ်းသောအခါ ထိုခေါင်းလောင်းကြီးမှ နောက်ဆုံးအကြိမ် ထိုးနှက်လိုက်ရသောကြောင့်ဖြစ်သည်ဟု သိရလေသည်။

ကောင်းကင်အထက်နေရာကနေပြီး အောက်မှာဖြစ်နေသမျှအားလုံး မြင်ရသည်။ တချို့သူများမှာ စေတီတော် ကုန်းမြေက မဟာဂဏ္ဍာ အမည်ရှိသော ခေါင်းလောင်းကြီးကို ရွှေ့ပြောင်း သယ်ယူနေကြသည်။ အမှန်အားဖြင့် သူတို့သည် လုယက် ယူငင်နေကြခြင်းပင်။

ထိုနှစ်မှာ ခရစ်နှစ် ၁၈၂၅ ခုနှစ်ဖြစ်သည်။ ဗြိတိသျှ စစ်တပ်များသည် မြန်မာနိုင်ငံနှင့် တိုက်ခိုက်သောစစ်ပွဲတွင် အောင်ပွဲရခဲ့ကြသည်။ ထို့ကြောင့် စစ်နိုင်သူတို့၏ ထုံးစံအတိုင်း စစ်ရှုံးနယ်မြေမှ အဖိုးတန် ရတနာတို့ကို မျက်စောင်းထိုးခဲ့ကြသည်။ သူတို့ မျက်စောင်းထိုးသော အရာဝတ္ထုများထဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ချိတ်ဆွဲထားရှိသော လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်က စဥ့်ကူးမင်း၏ကုသိုလ် ခေါင်းလောင်းကြီးလည်း အပါအဝင်ဖြစ်ပေသည်။

"ဩော် . . . ရက်စက်လိုက်ကြတာ၊ နှလုံးသားမရှိတဲ့လူတွေပဲ၊ ငါတို့နိုင်ငံက ဗုဒ္ဓသာသနာ အထိမ်းအမှတ် သင်္ကေတကြီးကို ယူဆောင်သွားကြမလို့လုပ်နေတယ်၊ သူခိုးတွေ ဓားပြတွေပဲ"

မြန်မာလူမျိုးများမှာ သူတို့အချင်းချင်း ထိုစကားကို ပြောဆိုဝေဖန်နေကြချိန်၌ စစ်နိုင်သူ ဗြိတိသျှတပ်များမှာ ခေါင်းလောင်းကြီးနှင့်အတူ စစ်ပွဲမှရသော ဆုလာဘ်များကို သယ်ယူရန် ကြိုးစားရင်းက လူများကို သေနတ်တချိန်ချိန်ဖြင့် မာန်မဲလျက်ရှိကြလေသည်။

ဟုတ်ပေသည်။ ဤအဖြစ်မျိုးမှာ မြန်မာနိုင်ငံတွင်သာ ဖြစ်ခဲ့သည်မဟုတ်။ ကမ္ဘာပေါ်တွင် ရှိသော တောက်တောက်ပြောင်ပြောင် အဖိုးတန်ပစ္စည်းများအားလုံးကို သူတို့ မျက်စိကျခဲ့သည် သာဖြစ်သည်။

ထိုအချိန်က ဗြိတိသျှ အင်ပါယာ၏ မပြောင်းလဲသော အခြေခံ မူဝါဒမှာ "ငါတို့ လုပ်နိုင်တုန်း ကမ္ဘာပေါ်က ကြွယ်ဝသမျှကို ရအောင်ယူထားရမယ်" ဟူ၍ဖြစ်သည်။

http://www.linhtet.com



ထိုခေတ် ထိုအခါများက မရေမတွက်နိုင်သော အဖိုးတန် ရတနာများသည် ကမ္ဘာအရပ်ရပ်မှနေ၍ သူတို့လက်တွင်းသို့ သက်ဆင်းရောက်ရှိခဲ့ကြရသည်။ ထိုသို့ပြုလုပ်ကြသည်မှာလည်း ဗြိတိသျှတို့သာမဟုတ်။ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ ဂျပန်နှင့် အမေရိကန်တို့ ပါဝင်လေသည်။ ထိုသို့ပြုလုပ်နိုင်အောင် သူတို့လက်ထဲတွင် အာဏာစွမ်းအားရှိသောကြောင့်လည်းဖြစ်သည်။ ထိုနည်းဖြင့် သူတို့သည် နိုင်ငံများစွာရှိ ပြည်သူတို့ အမြတ်တနိုးထား၍ သုံးစွဲနေသော အဖိုးတန်ပစ္စည်းများကို သူတို့နိုင်ငံတွင်းသို့ မရအရ သယ်ဆောင်လျက် ဖိမ်ခံပစ္စည်းအလို့ငှာ၊ ဖြေဖျော်ရေးအလို့ငှာ သို့မဟုတ် လေ့လာရေးအလို့ငှာ ယူဆောင်သွားခဲ့ကြသည်။ သမိုင်းတစ်လျှောက်၌ နေရာဒေသအသီးသီးတွင် ထိုအဖြစ်မျိုး ဖြစ်ခဲ့ကြသည်သာဖြစ်၏။ အီဂျစ်နိုင်ငံမှ ရှိဆက်တာ ကျောက်တုံးကြီးကို ယူဆောင်သွားကြသည်။ ဂရိနိုင်ငံ ပါသီနွန်ဘုရားကျောင်းမှ နတ်သမီးရုပ်များကို ယူဆောင်သွားကြသည်။ တူရကီနန်းတော်များမှ အဖိုးတန်စိန်ကြီးများကို သယ်ဆောင်သွားကြသည်။ အိန္ဒိယမှ ဗုဒ္ဓရုပ်ပွားများလည်းပါသည်။ တရုတ်ပြည်မှ ရှေးဟောင်းစာပေကျမ်းဂန် လက်ရာများလည်း ပါသည်။ တောင်အမေရိကတိုက်ရှိ အင်ကားတို့၏ ပြည်ထောင်ဟောင်းမှ ရွှေထည်ငွေထည်ပစ္စည်းများလည်း ပါသည်။ အာဖရိကတိုက်မှ များလှစွာသော ဆင်စွယ်များကိုပင် မချန်လှပ်ပေ။ ထိုပစ္စည်းများကို သူတို့သယ်ဆောင်သွားကြသည်မှာ ပုရွက်ဆိတ်များ အစာကို တန်းစီ၍ သယ်ဆောင်သွားကြသကဲ့သို့ပင်ဖြစ်သည်။ ဤသို့ အခမဲ့ ယူဆောင်မှုများတွင် လူများကို ဖမ်းဆီး၍ အမေရိကန်နိုင်ငံ၌ ကျွန်အဖြစ် ခိုင်းစေရန် ရောင်းစားကြသည့် လုပ်ရပ်မျိုးအထိ ပါဝင်လေသည်။

မြန်မာနိုင်ငံတွင်မူ မဟာဂဏ္ဍာ ခေါင်းလောင်းကြီး၏ သာယာသောအသံနှင့် ဘာသာရေးအရ လူတွေ အထွတ်အမြတ်ထားသောကိစ္စကြောင့် စစ်နိုင်သူများက မျက်စိကျကြခြင်း မဟုတ်ပေ။ ကြေးနီခေါင်းလောင်းကြီးအား ရှေးဟောင်းပစ္စည်းတန်ဖိုးအဖြစ် ထားရှိရန် စိတ်ဝင်စားကြခြင်းကြောင့်ပင် ဖြစ်သည်။

ထိုသို့ယူဆောင်ရာတွင် မြန်မာလူမျိုးတို့ကို ခေါင်းလောင်းကြီး သယ်ဆောင်ရေး၌ အတင်းအခမဲ့ ခိုင်းစေခဲ့ကြသည်။ မကြာမီပင် ပြဿနာ ကြီးကြီးမားမားတစ်ရပ် ပေါ်လေသည်။ ရွှေတိဂုံစေတီတော်ပေါ်မှ ဤခေါင်းလောင်းကြီးသည် သူတို့အဖို့ လိုရာအရပ်သို့ရောက်သည်အထိ သယ်ဆောင်သွားနိုင်ဖို့မှာ ကြီးမားလေးလံလှကြောင်း တွေ့ကြရသည်။ တန်ချိန်အားဖြင့် ၂၃ တန်၊ လူကြီးပေါင်း ၄၀၀ ခန့်၏ စုပေါင်းကိုယ်အလေးချိန်နှင့် ညီမျှသော ခေါင်းလောင်းကြီး

http://www.linhtet.com



ဖြစ်သောကြောင့်ပင်။ ဤမျှ အရွယ်ပမာဏ ကြီးမားသော်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားတို့က ထိုခေါင်းလောင်းကြီးအပေါ်တွင် ထားရှိသော သံယောဇဉ်မှာ ခေါင်းလောင်းကြီး၏ အလေးချိန်ထက်ပင် အဆများစွာ ကြီးမားလိမ့်မည်သာဖြစ်သည်။

ကြီးမားလှသော ဤသံယောဇဉ်ကြောင့်ပင်လျှင် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ ခေါင်းလောင်းကြီးကို လှေငယ်များနှင့်တွဲ၍ ပင်လယ်မြစ်ဝတွင် စောင့်ဆိုင်းလျက်ရှိသည့် ဗြိတိသျှသင်္ဘောကြီးဆီသို့ သယ်ဆောင်ရာတွင် ခေါင်းလောင်းကြီး တင်ထားသောလှေများ မှောက်၍ နစ်မြုပ်သွားခဲ့သည်။ မဟာဂဏ္ဍာ ခေါင်းလောင်းကြီးမှာလည်း ဧရာဝတီမြစ်လက်တက်အတွင်းသို့ ကျဆင်း၍ မြစ်ပြင်အောက်သို့ရောက်ရှိ နစ်မြုပ်သွားလေတော့သည်။

"ဟာ . . . ခေါင်းလောင်းကြီး ကျသွားပါရောလား၊ ဘုရား . . . ဘုရား"

ဟူသော ရွတ်ဆိုသံများကို ကြားရ၏။ ခေါင်းလောင်းကြီးကို သယ်ဆောင်သွားကြသူတို့၏ အံ့သြတကြီး ပြန်လည်ပြောဆိုကြသောသတင်းမှာ မြို့တွင်းသို့ ပျံ့နှံ့သွားခဲ့၏။ စစ်အောင်နိုင်သူ အင်္ဂလိပ်တို့မှာ မကျေမနပ်ဖြင့် အကြီးအကျယ် ဒေါသဖြစ်ကြရသည်။ အကြောင်းမှာ ဤသို့ လောဘတကြီး မနိုင်မနင်း သယ်ဆောင်ရာတွင် မြစ်ထဲသို့ ကြေးခေါင်းလောင်းကြီးတစ်လုံး ကျသွားခဲ့သည်မှာ ဒုတိယအကြိမ်ဖြစ်သောကြောင့်ဖြစ်၏။ အင်္ဂလိပ်တို့မှာ သူတို့၏ လိုချင်လောဘ ဖုံးလွှမ်းနေသည့်အတွက် မြန်မာတို့က ဤခေါင်းလောင်းကြီးကို သယ်ယူခြင်းမပြုရန် ကန့်ကွက်ခဲ့သည်ကိုလည်း ဂရုမထားခဲ့ကြပေ။ ထိုသို့ အနိုင်အထက်ပြုရာ လက်ပိုက်ကြည့်နေရသည့် အကြားမှ မြန်မာလူမျိုးတို့တွင် စိတ်ကူးတစ်ချက် ပေါ်လေသည်။

"အင်း . . . ဒါလဲကောင်းတာပဲ၊ တို့ကြေးခေါင်းလောင်းကြီးဟာ ရန်သူတွေလက်ထဲတော့ ရောက်မသွားတော့ဘူးပေါ့၊ နိုင်ငံရပ်ခြားကိုရောက်အောင် လိုက်ပါချင်တဲ့ဆန္ဒ ရှိပုံမရဘူး၊ ကိုယ့်တိုင်းကိုယ့်ပြည်နဲ့လဲ မခွဲချင်ဘူး ထင်ပါရဲ့"

ဟု ဆိုလေသည်။

ပြည်သူတို့၏စိတ်ထဲတွင် ကျိတ်၍ဝမ်းမြောက်ခဲ့ကြ၏။ ယခုတစ်ကြိမ် မြစ်ထဲ၌ တည်နေသော ခေါင်းလောင်းကြီးကိုလည်း သံယောဇဉ်မပြတ်နိုင်ကြပေ။ ထို့ကြောင့် တန်ချိန် ၂၃ တန်ရှိ ကြေးခေါင်းလောင်းကြီးကို ပြန်လည်ဆယ်ယူရန် ဆုံးဖြတ်လိုက်ကြသည်။ လွယ်ကူသော

http://www.linhtet.com



အလုပ်ကား မဟုတ်။ ဖြစ်နိုင်မည်မဟုတ်ဟု အများကပင် ထင်ကြေးပေးကြသည်။ သို့ရာတွင် လူအများ စုပေါင်းလျက် ပြန်လည်ဆယ်ယူလိုသော စိတ်စေတနာ ပြင်းပြစွာဖြင့် မြစ်တွင်းမှ ဆယ်ယူရန် ကြိုးစားကြသည်။ သစ်များ၊ ဝါးများကို အသုံးပြုလျက် ဗြိတိသျှတို့၏မျက်ကွယ်၌ မြစ်ထဲမှ ဆယ်ယူကြသည်။ ထို့ကြောင့် မဟာဂဏ္ဍာ ခေါင်းလောင်းကြီးသည် နှစ်ပေါင်းအတော်ကြာမှ မူလနေရာဖြစ်သော ရွှေတိဂုံကုန်းတော်ပေါ်သို့ ပြန်လည်၍ တည်နိုင်တော့သည်။

"ဟုတ်လှပြီဟေ့၊ ဒီခေါင်းလောင်းကြီးကို တို့လက်ထဲက နောက်တစ်ခါ ဘယ်သူမှ မယူစေရဘူး" ဟု ပြည်သူတို့က ကြုံးဝါးကြ၏။ သို့သော် ပထမအကြိမ် နယ်ချဲ့သမားတို့ သယ်ယူစဉ်က မြစ်တွင်းသို့ ကျခဲ့ရသော ကြေးခေါင်းလောင်းကြီးတစ်လုံးမှာကား ဆယ်ယူ၍ မရတော့ရှာပေ။

နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ တစ်ခုသောနှစ်၏ နွေဦးရာသီတွင်ဖြစ်သည်။ မိုးတိမ်သည် ရန်ကုန်မြို့တော်၏ အထက် ကောင်းကင်သို့ လွင့်ပျံရင်း ရောက်ရှိလာပြန်သည်။ ကြေးခေါင်းလောင်းကြီးကို ဖူးမြင်ရသည်။ ခေါင်းလောင်းကြီး၏ဘေးနားတွင် လူတစ်ယောက်သည် စိတ်ပျက်ဝမ်းနည်းစွာဖြင့် ထိုင်လျက်နေရာ သုံးနှစ်သမီးငယ်ကလေးတစ်ဦးလည်း သူ့ဘေး၌ ကျုံ့ကျုံ့ကလေး ထိုင်နေသည်။ အကြောင်းမှာ မိန်းကလေး၏အမေသည် မကြာခင်က ဆုံးပါးသွားသောကြောင့်ဖြစ်၏။ ဖခင်သည် သမီးငယ်အား ညင်သာစွာ ပြောဆိုလျက်ရှိသည်။

"ကဲ . . . သမီး၊ အဖေပြောမယ်၊ နားလည်လား၊ တောင်းချင်တဲ့ဆုကိုတောင်းပြီးတော့ ဒီခေါင်းလောင်းကြီးကို ထိုးလိုက်၊ ဘာဆုပဲတောင်းတောင်း ဆုတောင်းပြည့်လိမ့်မယ်" ဟု ပြောလိုက်၏။ သမီးငယ်က အံ့ဩသောမျက်လုံးဖြင့် -

"ဘာဆုတောင်းတောင်း ရမလားဟင် . . . အဖေ"

"ရမှာပေါ့ သမီးရယ် . . . စိတ်ကိုသာ ငြိမ်ငြိမ်ထားပြီး ဆုတောင်း" ဟူ၍ ပြန်ပြောသည်။ ကလေးငယ်သည် ခေါင်းလောင်းကြီးကို မျက်နှာမူ၍ သူ့ဖခင်အနီး၌ ထိုင်ရင်းက လက်အုပ်ချီ ဆုတောင်းလျက်ရှိသည်။ ထို့နောက် သားအဖနှစ်ယောက်သား ခေါင်းလောင်းကြီးကို ထိုးနှက်လိုက်ကြသည်။ သူ့ဖခင် ထိုးလိုက်သော ခေါင်းလောင်းသံကြီးမှာ ဟည်း၍သွားသဖြင့် မိန်းကလေးက ရုတ်တရက် နောက်သို့ဆုတ်လိုက်မိသည်။ ထို့နောက်မှ ခေါင်းလောင်း၏ ပဲ့တင်သံမှန်းသိသဖြင့် ပြုံးလိုက်လေသည်။ ဖခင်ဖြစ်သူက သမီး၏လက်ကိုဆွဲ၍ ခေါင်းလောင်းကို ထိုးခိုင်းပြန်သည်။ မိန်းကလေးမှာ သူ့လက်သီးကလေးဆုပ်၍ ခေါင်းလောင်းကို ထုကြည့်

http://www.linhtet.com




သည်။ အသံမမြည်ရှာပေ။ ခေါင်းလောင်းကြီး၏ ထုထည်နှင့် သူ့အင်အား မမျှသောကြောင့် ဖြစ်သည်။ ထို့နောက် မိန်းကလေးက ခေါင်းလောင်းကြီးကို လက်ဝါးဖြင့် အကြိမ်ကြိမ်ရိုက်လျက် ထိုးသည်။ သို့သော် အသံထွက်မလာပေ။ ဤသို့ အသံထွက်မလာသည့်ကြားကပင် မိန်းကလေး၏ စိတ်ထဲ၌ တစ်စုံတစ်ရာကို ဆုတောင်းနေလေသည်။

ဟုတ်ပေပြီ၊ ယခုအခါ၌ မဟာဂဏ္ဍာ ခေါင်းလောင်းကြီးမှ ထိုးနှက်လိုက်သော သာခုသံများသည် မြို့တော်ရန်ကုန် ကောင်းကင်အထက်၌ လွင့်ပျံ့လျက်ရှိနေသည်။ ခေါင်းလောင်းကြီးကား တစ်ကျွန်းတစ်မြေတွင် ရောက်ရှိကာ ပြတိုက်၌ ပြသထားသော အထူးအဆန်းပစ္စည်းကြီးဖြစ်ရရှာတော့မည့်အစား စေတီတော်ရင်ပြင်၌ ကြည်ညိုသူတို့ ထိုးနှက်၍ ဆုတောင်းရင်း သာခုခေါ်ရာ နေရာ၌ တည်ရှိနေလေပြီ။ သင်တို့ကြားပါစ။ အများကြည်ညိုကြသော ခေါင်းလောင်းကြီး၏ သာယာသောအသံကို နားစွင့်ပါရော့။

ထိုသို့ပြောရင်းက မိုးတိမ်သည် ညနေစောင်း ကြယ်တာရာပေါ်ဦး မြင်သာသောအချိန်၌ ကောင်းကင်ကိုဖြတ်၍ ခရီးဆက်သွားပြန်လေသည်။

http://www.linhtet.com





# ဘယ်သူ အားအကြီးဆုံးလဲ

"ဟောဒါကတော့ တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်ဗျ" ဟု ကောင်းကင်မှ မိုးတိမ်က ပြောသည်။ "ကျုပ်ကတော့ ကမ္ဘာမြေပေါ်မှာရှိတဲ့ သတ္တဝါတွေအားလုံး သမုဒ္ဒရာအလယ်က ကျွန်းကြီးတစ်ခုအလယ်မှာ စုဝေးနေတဲ့ပွဲကို ရောက်ခဲ့ရလို့ ကံကောင်းတယ်လို့ ပြောရမယ်၊ တော်တော်တော့ ဆူဆူညံညံပါပဲ၊ မြေကမ္ဘာပေါ်မှာရှိတဲ့ သတ္တဝါကြီးငယ်တွေအားလုံးကို ဖိတ်ကြားလို့ ရောက်ရှိလာကြတာဖြစ်တယ်၊ သူတို့တစ်တွေ ဆွေးနွေးကြမယ့်ကိစ္စကတော့ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိတွေထဲမှာ ဘယ်သူအားအကြီးဆုံးလဲ ဆိုတဲ့ကိစ္စဖြစ်တယ်။

"အဲဒီတော့ သူတို့တွေ စုမိကြပြီး တစ်ယောက်တစ်ပေါက် ကိုယ်ပြောချင်တာ ထပြောကြတော့တယ်၊ ရောက်နေတဲ့အထဲမှာ ကိုယ့်စိတ်ကူးကို စကားနဲ့ ဖော်ပြလို့မရတဲ့ တိရစ္ဆာန်

http://www.linhtet.com



တွေတောင် ပါကြတယ်၊ ဒါကြောင့်မို့လို့ သူတို့ဟာ အားမလို အားမရနဲ့ ကျယ်လောင်တဲ့အသံကို ပြုကြတယ်၊ တောင်ပံခတ်ကြတယ်၊ ဆူးတောင်ကို ခါကြတယ်၊ ကိုယ့်အထင်အမြင်ဆန္ဒကို တခြားသူတွေ သိအောင်လို့ပေါ့၊ ဒီအစုအဝေးထဲမှာ ခြင်ကောင်တို့လို သန်းကောင်တို့လို သတ္တဝါတွေ အပြင် သေးငယ်လွန်းလို့ မမြင်ရတဲ့ ပိုးမွှားသတ္တဝါတွေတောင် ပါကြတယ်၊ အဲဒီလို သတ္တဝါတွေ စုဝေးမိပြီဆိုတော့ ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းကလေးပေါ်မှာ ဘယ်လိုဖြစ်နေမလဲလို့ စဉ်းစားကြည့်လို့ ရတာပေါ့"

"ကဲ . . . ငြိမ်ငြိမ်ဆိမ်ဆိမ်နေကြပါ" ဟူ၍ ငှက်ကလေးတစ်ကောင်က ထပြောသည်။ "ကိုယ်ပြောချင်ရာ ပြောကြပြီးတဲ့နောက် မကြာခင် ကျုပ်တို့မှာ အဖြေတစ်မျိုးမျိုးတော့ ထွက်လာမှာပဲ၊ ကမ္ဘာပေါ်မှာ သက်ရှိမျိုးစုံတို့ရှိကြတယ်၊ ဒီအထဲကနေပြီး ဘယ်သူဟာ အားအကြီးဆုံးလဲ၊ ဘုရင်လဲဆိုတာ အဖြေထုတ်ကြတော့မယ်၊ ဘယ်လောက်စိတ်လှုပ်ရှားစရာကောင်းသလဲ" ဟု ဆိုလိုက်၏။

ဤတွင် အသံပြုပြုနှင့် အော်တတ်သော မြည်းတစ်ကောင်ကထ၍ အများကြားလောက်အောင် ပြောပြန်သည်။ "ကဲ . . . ခင်ဗျားတို့အားလုံး ဒိုင်နိုဆောဆိုတဲ့ သတ္တဝါကြီးအကြောင်းကို သိကြမှာပဲ၊ ကုန်းပေါ်မှာကော ရေထဲမှာပါ နေခဲ့ကြတဲ့ သတ္တဝါတွေထဲမှာ အကြီးဆုံးနဲ့ အကြမ်းဆုံး သတ္တဝါတွေဖြစ်တယ်၊ ကျုပ်တို့အထဲမှာ ဒီကောင်ကြီးမျိုးတွေကို တိုက်ခိုက်ဖို့ ဘယ်သူမှ ရင်ဆိုင်ရဲမှာ မဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား" ဟု ပြောလိုက်သည်။

အနီးတွင်ရပ်နေသော ဆင်တစ်ကောင်က "ဟေ့ . . . မင်းဘာပြောလိုက်တာလဲ၊ ဒိုင်နိုဆောတဲ့လား . . . သူတို့တွေဟာ ဘယ်လောက်ပဲ အင်အားကြီးခဲ့ကြီးခဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း သန်းနှစ်ရာကျော်က ဖြစ်ခဲ့တာကွ၊ သူတို့ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေနဲ့ အရိုးစုတွေကို ပြတိုက်ထဲမှာသာ တွေ့ရမှာ၊ အဲဒီတော့ သူတို့ခွန်အားဗလကို ဘယ်လိုပြနိုင်မှာလဲ" ဟု ဆင်ကြီးက နှာမောင်းတဝင့်ဝင့်ဖြင့် ပြောလိုက်သည်။

ထို့နောက် တိရစ္ဆာန်အုပ်စုထဲမှ တစ်နေရာရှိ အသံတစ်သံက "ဟုတ်တာပေါ့ . . . ဆင်ဆိုတာဟာ ကျုပ်တို့ထဲမှာ အကြီးဆုံး သတ္တဝါပဲ၊ ဉာဏ်လဲ အကြီးဆုံးပဲ" ဟု ပြောလိုက်သည်။

ဤတွင် နွားတစ်ကောင်က ဖြတ်၍ပြောသည်။ "ဆင်တဲ့လား . . . ကျုပ်တို့ ဆင်တွေကို တိရစ္ဆာန်ရုံထဲမှာ လူတွေက ထည့်ထားတာ တွေ့ဖူးကြမယ်မှတ်တယ်၊ ပြီးတော့ တောထဲမှာ

http://www.linhtet.com



ဆင်တွေဟာ လူတွေအတွက် လုပ်ကွက်ထဲဆင်းပြီး အလုပ်လုပ်နေရတာလဲ တွေ့ကြမှာပေါ့၊ ပြီးတော့ ဆပ်ကပ်ပြပွဲက တဲရုံလေးတွေထဲမှာ ဆပ်ကပ်ပြနေရတဲ့ဆင်တွေလဲ ရှိသေးတယ်လေ၊ ကြာတော့ ပျင်းတာနဲ့ သူတို့သေကုန်ကြတာပဲ၊ ဒါဟာ ခွန်အားကြီးတဲ့ ဆင်တွေရဲ့ ဘဝလားဗျာ၊ အလွယ်တကူနဲ့ပဲ မြင်နိုင်ပါတယ်" ဟု ဆိုလိုက်သည်။

ထိုအခါ ဆင်ကြီးမှာ သူတို့ဆင်များအကြောင်းကို ဝေဖန်ပြောဆိုသဖြင့် ကျောကုန်းတွန့်၍ ဇက်ပုသွားသလိုရှိသည်။ အခြားသတ္တဝါများကမူကား ထိုစကားကို စဉ်းစားပုံရပြီး တိတ်ဆိတ်နေကြသည်။

"ကိုင်း . . . ဒါဖြင့် ဘယ်သူဖြစ်နိုင်မလဲဗျာ"

"ခင်ဗျားတို့ အမှန်တရားကို မျက်စိဖွင့်မကြည့်တတ်ကြသေးဘူးလား" ဟူ၍ တစ်နေရာမှ အသံတစ်သံက ထ၍အော်သည်။

"ကမ္ဘာကြီး စတည်ကတည်းက ကျုပ်တို့လို သတ္တဝါတွေကို ဘယ်သူမှ နှိမ်နင်းလို့ မရသေးဘူး၊ ကျုပ်တို့ဗိုင်းရပ်စ်တွေဟာ အရွယ်ငယ်လွန်းလို့လဲ ခင်ဗျားတို့တောင် မြင်ရတာ မဟုတ်ဘူး၊ အရွယ်အစားပင် ငယ်ပေမယ့်လဲ ကျုပ်တို့ကို အားအကြီးဆုံးလို့ သတ်မှတ်သင့်ကြောင်း တောင်းဆိုပါတယ်" ဟု ပြောလိုက်သည်။

သို့ရာတွင် မျက်စိဖြင့် မမြင်ရသော အသံသာကြားရသည့် သတ္တဝါကို မည်သူမျှ ဂရုမစိုက်ကြပေ။

"အားအကြီးဆုံးဟာ လူတွေဖြစ်လိမ့်မယ်ဗျ၊ ပြောရတာတော့ အားနာပါရဲ့၊ သူတို့ဟာ ခွန်အားအကြီးဆုံးပါပဲ" ဟု လက်တံရှည်ရှည်နှင့် ဂစ်ဗွန် မျောက်ဝံကြီးက ထ၍ပြောသည်။ ထိုအခါတွင် ခပ်လှမ်းလှမ်း သစ်ပင်အောက်၌ ထိုင်နေသော လူတစ်ဦးဆီသို့ သတ္တဝါအားလုံး မျက်စိရောက်သွားကြသည်။

ထို့နောက် ဂစ်ဗွန် မျောက်ဝံက ဆက်ပြောသည်။ "ကျုပ်လဲ လူတွေဆိုတာကို မကြိုက်ပါဘူးဗျာ၊ ဒါပေမဲ့ ရှင်းရှင်းဝန်ခံရရင် သူတို့က တကယ်ကျွမ်းကျင် လိမ္မာတာဗျ၊ တစ်ဖက်လှည့်နဲ့လဲ စဉ်းစားတတ်တယ်၊ သူတို့လက်နဲ့ သူတို့ကိုယ်နဲ့ ဘာမှလုပ်နိုင်တာမဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ခေါင်းထဲမှာ တစ်ခုခု ဖွံ့ဖြိုးနေတာရှိတယ်"

http://www.linhtet.com



"အင်း . . . ဟုတ်တော့ဟုတ်ပါလိမ့်မယ်ဗျာ" ဟူ၍ လီမာ မျောက်မျိုးတစ်ကောင်က ဝင်၍ပြောသည်။ သူ့မျက်နှာပေါ်တွင် မျက်မှန်တပ်ထားသကဲ့သို့ မျက်ကွင်းညိုကြီးရှိသည်။ ထိုမျောက်က ဆက်၍ "ဒါပေမဲ့ လူဆိုတာ အမျိုးမျိုးရှိတယ်ဗျ၊ သိကြတယ်မဟုတ်လား၊ ကျုပ်တို့လို မျောက်တွေနဲ့ ပညာပြိုင်ရင်တောင် မနိုင်နိုင်တဲ့လူတွေလဲရှိတယ်၊ ခင်ဗျားတို့လို ဂစ်ဗွန် လက်တံရှည် မျောက်တွေနဲ့ ပြိုင်ရင်လဲ ရှုံးသွားမယ့်သူတွေရှိတယ်၊ လူတွေဟာ အကုန်လုံး ဉာဏ်မထက်မြက်ကြပါဘူး၊ အကုန်လုံးလဲ ခွန်အားမကြီးကြပါဘူး၊ ဒါကြောင့် အားကြီးတဲ့လူတွေ၊ အားနည်းတဲ့လူတွေ၊ လေပြင်းတိုက်တာကို ရင်ဆိုင်ပြီး လေကိုဆန်တဲ့လူတွေ၊ လေသင့်ရာ ပါတဲ့လူတွေ၊ ကလေးငယ်လို တစာစာငိုကြွေး မြည်တမ်းနေတဲ့လူတွေရယ်လို့ အမျိုးမျိုး အစားစား ရှိနေတာပဲလေ"

ဤတွင် ခိုတစ်ကောင်က သမင်တစ်ကောင်၏ ကျောပေါ်တွင် လာနားနေရင်းက ဝင်ပြောသည်။ "ကိုင်း . . . ဒီလိုဆိုရင်ဖြင့် ကျုပ်တို့ပြောနေတဲ့အထဲမှာ ဘယ်သူဟာ အင်အား အကြီးဆုံးဖြစ်မလဲ" ဟူ၍ဆိုလိုက်သည်။

"ဒါကတော့ လွယ်ပါတယ်ဗျာ" ဟူ၍ လီမာမျောက်က ပြောသည်။ "ရှင်ဘုရင်တွေပေါ့ဗျ၊ သူတို့မှာ အာဏာအကြီးဆုံး ရှိကြတယ်၊ သူတို့လုပ်ချင်တာကိုလဲ အကုန်လုပ်နိုင်ကြတယ်၊ ရှင်ဘုရင်တွေနဲ့ ယှဉ်လိုက်ရင် သမ္မတတွေ၊ ဝန်ကြီးချုပ်တွေတောင်မှပဲ ရာသီဥတု ပြောင်းသလို အချိန်အခါနဲ့ ပြောင်းလဲ တာဝန်ယူရတော့ ဘုရင်တွေလို အင်အားမရှိပါဘူး၊ ခင်ဗျားတို့ ကြည့်ကြလေ . . . ပိရမစ်ဆိုတဲ့ အဆောက်အအုံကြီးတွေ၊ မဟာတံတိုင်းကြီးလို ကမ္ဘာပေါ်က အဆောက်အအုံကြီးတွေကို သူတို့ဆောက်ခဲ့တာ"

ဤဆွေးနွေးချက်ကို ကြားရသောအခါ သဲကန္တာရ သဲပြင်အောက်မှ ပိုးမွှားကောင်တစ်စုက ဝင်ပြောသည်။ "အဲဒီ ပိရမစ် အဆောက်အအုံကြီးတွေဟာ ဖေးရိုးဘုရင်တွေရဲ့ သင်္ချိုင်းတွေ ပဲဗျာ၊ သဲကန္တာရအလယ်မှာ သေသွားတဲ့လူတွေကို ဂုဏ်ပြုထားတဲ့ ဟောင်းလောင်းပေါက် ဂုဏ်အင်္ဂါကြီးတွေပဲ၊ ရှင်ဘုရင်တွေ ဟုတ်ရဲ့လား၊ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူတို့လဲ မသေဘဲနေတာ မဟုတ်ပါဘူး၊ တခြားလူတွေလိုပဲ အိုမင်းသွားပြီးတော့ အသက်မရှည်ကြပါဘူးဗျာ၊ မသေခင် သူတို့ဆောက်သွားတဲ့ ပိရမစ်ကြီးတွေဟာလဲ တမလွန်မှာ သူတို့ သက်သက်သာသာနေချင်လို့ လုပ်သွားတာ၊ သူတို့ကောင်းဖို့ သူတို့ဇောနဲ့ သူတို့လုပ်တာပေါ့၊ လူတွေကို ဒုက္ခပေးသလိုတောင် ဖြစ်ခဲ့တာ" ဟု ဆိုလိုက်သည်။

http://www.linhtet.com



နောက်တစ်ကောင်က ဆက်၍ "မဟာတံတိုင်းကြီး ဆိုပါတော့ဗျာ၊ ဒါလဲ အတူတူပဲ၊ အဲဒါတွေကို ဘယ်သူဆောက်တယ် မှတ်သလဲ၊ ခုအခါမှာ အမည်နာမ ဖော်လို့မရတဲ့ လူပေါင်းထောင်ပေါင်းများစွာက ဆောက်ပေးခဲ့ကြရတာ၊ ရှင်ဘုရင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ကျောက်တုံးတစ်တုံးတောင် သူ့လက်နဲ့ မခဲ့တာမဟုတ်ဘူး၊ အခုတော့ အဲဒီ ဘုရင်တွေ ဧကရာဇ်တွေရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေဟာ သူတို့ရဲ့ ပုံတူအရိုးစုများနဲ့အတူ မြေတိုက်ထဲရောက်နေတယ်လေ၊ ဒိုင်နိုဆောတွေနဲ့လဲ အတူတူပါပဲ၊ လေမှာလွင့်ပါးနေတဲ့ မြူမှုန်တွေ ဖြစ်သွားပြီလေ၊ အခုဆိုရင် ကမ္ဘာပေါ်မှာ ရာဇပလ္လင်ပေါ်မှာ ထိုင်နေတဲ့ ဘုရင်ရယ်လို့ ဘယ်နှဦး ခင်ဗျားတို့တွေ့သေးလဲ၊ အဲဒီတော့ ခွန်အားအကြီးဆုံးသူဆိုတာဟာ ထာဝစဉ်ရပ်တည်ဖို့ လိုတယ်ဗျ" ဟု ဆိုလိုက်သည်။

ထိုအခါ ခိုငယ်က "ကောင်းပြီလေ . . . ခင်ဗျားကြည့်ရတာ ဗဟုသုတ တော်တော်များပုံရတယ်၊ ဒါပေမဲ့ ဘယ်သူက ခွန်အားအကြီးဆုံးလဲ၊ ကျုပ်တို့ကို ပြောပြပါဦး၊ ကမ္ဘာပေါ်မှာ ဘယ်သူက ခွန်အားအကြီးဆုံးလဲဆိုတာ"

ထိုအချိန်တွင် ထောင်ပေါင်းများစွာသော သတ္တဝါတို့က ကိုယ့်စိတ်ကူးနှင့်ကိုယ် စဉ်းစားနေကြ၍ အပ်ကျသံပင် မကြားရအောင် ပတ်ဝန်းကျင် တိတ်ဆိတ်သွားသည်။

နောက်ဆုံးတွင် စုဝေးရောက်ရှိနေသော သတ္တဝါများထဲမှ အသက်အကြီးဆုံးဖြစ်သည့် လိပ်ကြီးက ထ၍ ဖြည်းဖြည်းချင်းနှင့် စကားတစ်လုံးချင်းကို ရွေး၍ပြောသည်။

"ကျုပ်တို့ အခုပြောဆိုသမျှထဲမှာ ပြန်ပြီးစဉ်းစား သုံးသပ်ကြည့်လိုက်တော့ ကမ္ဘာပေါ်မှာ ထူးခြားတဲ့ပုဂ္ဂိုလ်တွေဖြစ်ခဲ့တဲ့ ကွန်ဖြူးရှပ်တို့၊ ဗုဒ္ဓတို့၊ ဆိုကရေးတီးတို့၊ ယေရှုတို့ဟာ ခွန်အားအသက်ရောက်ဆုံးလူတွေ မဖြစ်ဘူးလားဗျာ၊ ဒီပုဂ္ဂိုလ်ကြီးများဟာ ကမ္ဘာပေါ်မှာ သူတို့တစ်သက်တာ အမှန်တရားကို ရှာဖွေရင်းနဲ့ သူတို့တွေ့ရှိချက်တွေကိုလဲ ဟောပြောပြသခဲ့တယ်၊ လူတွေအပေါ်မှာလဲ နှစ်ပေါင်းများစွာ သူတို့ပို့ချ ပြောဆိုချက်တွေဟာ ဩဇာသက်ရောက်ပြီး အထောက်အကူဖြစ်ခဲ့တယ်၊ ဒီတော့ သူတို့တရားတွေဟာ ထာဝစဉ် ခိုင်မြဲတဲ့ သာဓကတွေပဲပေါ့"

"ဒီလိုလဲ မဟုတ်ဘူးဗျ"

"ဟာ . . . ဒီလိုလဲ အဓိပ္ပာယ်မရှိပါဘူး"

"ဒါတွေဟာ မုသားတွေပဲဗျို့"

http://www.linhtet.com



ဤတွင် သစ်တောများ၊ လွင်ပြင်များ၊ တောင်တန်းများ၊ သဲကန္တာရများအလယ်တွင် နေထိုင်ကြသော သတ္တဝါမျိုးစုံတို့ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ ငှက်များက ကောင်းကင် ထက်မှ ပျံ၍ ထိုးသုတ်လျက် လှုပ်ရှားနေသည်။ ကျွန်းပတ်လည်ရှိ ရေထဲ၌ ငါးများ၊ ရေသတ္တဝါ များ ကူးခတ်၍ ပွက်လောရိုက်နေကြသည်။

"ခင်ဗျားပြောတာ ဘာလဲဗျ"

"ဘယ်လိုပုဂ္ဂိုလ်ထူးတွေလဲ"

ဖားကြီးတစ်ကောင်သည် လိပ်ကြီး၏ရှေ့သို့ ခုန်၍လာပြီး ရပ်လိုက်သည်။

"သက်ရှိသတ္တဝါတွေရဲ့ လောကမှာ တိရစ္ဆာန်ရယ်၊ လူရယ်၊ မျောက်ရယ်၊ ကြွက်ရယ်၊ ပိုးမွှားရယ်လို့ မရှိပါဘူး၊ ဒီလိုပြောလို့ ဘာအကျိုးရှိမလဲ၊ ဒီတော့ ခင်ဗျားတို့ပြောတဲ့ ထာဝရ တည်တံ့တဲ့ သတ္တဝါတွေဆိုတာ ပြောပြပါဦး" ဟူ၍ ရင်ဆိုင်မေးလိုက်သည်။

ထိုအခါ လိပ်ကြီးက ပင်ပန်းကြီးစွာဖြင့် "အင်း . . . ကောင်းပြီလေ၊ ကျုပ်တို့မသိတာ တွေလဲ ရှိနေသေးတယ်၊ ခုပြောခဲ့တဲ့ပုဂ္ဂိုလ်တွေဟာလဲ ထာဝရ အသက်ရှည်ကြတာတော့ မဟုတ်ဘူး၊ ပြီးတော့လဲ သူတို့ပို့ချ သင်ကြားချက်တွေဟာ နှစ်ပေါင်းများစွာ ကြာလာတဲ့အခါ အပြောင်းအလဲတွေနဲ့ ရင်ဆိုင်ရတယ်၊ ပြီးတော့လဲ ထူးခြားတဲ့ လူတစ်ယောက်ဟာ တခြားလူ တစ်ယောက်ရဲ့ အကူအညီမပါရင် ဟုတ်တိပတ်တိ ဆောင်ရွက်နိုင်တာမဟုတ်ဘူး၊ ကမ္ဘာမြေကြီး ပေါ်မှာ ဗူးလုံးနားမထွေးဖြစ်နေတဲ့ လူများစွာတွေ ရှိကြတဲ့အထဲမှာ ထူးခြားထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး တွေကို တချို့လူတွေက ဝိုင်းပြီး ပါရမီဖြည့်ပေးကြရတာလဲရှိတယ်၊ အဲဒီလို ပါရမီဖြည့်တဲ့လူတွေ ကိုလဲ ကျုပ်တို့ ကျေးဇူးတင်ရမှာပေါ့" ဟု ပြန်ဖြေလိုက်သည်။

ဖားကြီးက မကျေနပ်သေး။ "ဘာပဲဖြစ်ဖြစ်ဗျာ ခင်ဗျားပြောတဲ့ ပုဂ္ဂိုလ်ကျော်ကြီးတွေ ဆိုတာဟာလဲ အားအကြီးဆုံးတွေဖြစ်တယ်လို့တော့ မဆိုနိုင်သေးပါဘူး"

"ဟုတ်တယ် . . . ဟုတ်တယ်" ဟူ၍ အော်ဟစ်သံအချို့ကို ကြားရသည်။

ထိုကဲ့သို့ ထက်သန်သော အယူအဆများနှင့် အကြံဉာဏ်အမျိုးမျိုး သူ့ပတ်ဝန်းကျင်မှ ကြားရသောကြောင့် လိပ်ကြီးမှာ သူ့ကိုယ်ထဲသို့ ခေါင်းပြန်ဝင်သွားလေတော့သည်။

"ကဲ . . . ဒီတော့ ဘယ်သူရှိသေးလဲ"

http://www.linhtet.com



"လူတွေထဲမှာကော ဘယ်သူက ခွန်အားအကြီးဆုံးလဲ"

ထိုအချိန်၌ ဖြူဖွေးသော ပင်လယ်စင်ရော်တစ်ကောင်သည် လိပ်ကြီး၏ ကျောကုန်းပေါ် လာနားသည်။ "ကဲ . . . ကျုပ်ပြောမယ်ဗျာ၊ ကမ္ဘာပေါ်မှာရှိတဲ့ အမြင်မသန်သေးတဲ့ အခက်အခဲ အကြပ်အတည်းတွေနဲ့လဲ ကြုံဆုံရတဲ့လူတွေ များစွာထဲက သူတို့မှာ နည်းပေးလမ်းပြ ပို့ချမယ့် ကိုးကွယ်ရာပုဂ္ဂိုလ်မျိုး လိုအပ်နေကြတယ်၊ အဲဒီလူသူ အစုအဝေးကြီးဟာ အင်အားအကြီးဆုံးပေါ့၊ သူတို့ရှိနေခြင်းကိုက အထုနဲ့အထည်နဲ့ဖြစ်နေတယ်၊ သူတို့ဟာ ဆက်လက်ရပ်တည်နိုင်အောင် ရုန်းကန်ကြိုးစားရတယ်၊ အပြောင်းအလဲဟူသမျှနဲ့ အလိုက်သင့်ဖြစ်အောင်လဲ နေကြရတယ်၊ အဲဒီ အနေအထားဟာ အကြီးဆုံး အားထုတ်မှုပေါ့၊ အဲဒီအားထုတ်မှုကြောင့်ပဲ လူတွေဟာ ကျုပ်တို့ထက် သာလွန်နေတယ်ဆိုတဲ့ လျှို့ဝှက်ချက်ပါပဲ၊ သဘောပေါက်ကြပြီလား၊ အခက်အခဲ ကြုံရတဲ့လူတွေ၊ ဆင်းရဲကြပ်တည်းနေကြတဲ့လူတွေကို စေတနာထားသင့်တယ်၊ သူတို့ဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ရပ်တည်နေတဲ့သူတွေလို့ ကျုပ်တို့ မကြေညာသင့်ဘူးလားဗျာ"

ထိုအခါတွင် စုဝေးနေသော သတ္တဝါများအလယ်မှ လက်မြှောက်၊ ခြေမြှောက်၊ တောင်ပံခတ်၊ ဆူးတောင်လှုပ်နေသော သတ္တဝါများနှင့်အတူ ကျွန်းပတ်လည်ရှိ ရေသတ္တဝါများအားလုံးတို့က သဘောတူကြောင်း ပြသလိုက်ကြသည်။ သို့တည်းမဟုတ် အငြင်းပွားနေရုံဖြင့် ကိစ္စမပြီးနိုင်တော့ဟု လက်လျှော့လိုက်ကြလေသလားမသိ။

သတ္တဝါတို့ ဆွေးနွေးစုဝေးရာအနီး၌ တစ်ချိန်လုံး ငြိမ်၍နေခဲ့သော လူသားတို့မှာ ရင်ကို ဖွင့်၍ ဟန်ချီလိုက်ကြသည်။ ဆွေးနွေးပွဲကြီးကား ဤနေရာတွင် ပြီးဆုံးပြီဟု ထင်ရသည်။ ခြေနှစ်ချောင်းရှိသော လူသားကို ကမ္ဘာမြေကြီးပေါ်တွင် အထူးခြားဆုံး၊ အသန်မာဆုံး လူသားအဖြစ် သူတို့ ကြေညာရတော့မည်။

ထိုအချိန်၌ပင်လျှင် မီးခိုးရောင်ရှိသော ကြွက်တစ်ကောင်သည် ကျွဲတစ်ကောင်၏ ကျောကုန်းပေါ်သို့ ခုန်တက်၍ ထိုမှတစ်ဆင့် ကျွဲချိုထိပ်ဖျားတွင်သွား၍ တွယ်နေလိုက်သည်။ ကြွက်ငယ်သည် အင်အားရှိသမျှ အော်၍ပြောသည်။ "ခင်ဗျားတို့ သိကြလား၊ ကျွန်တော်တို့ မိခင်ကမ္ဘာမြေကြီးရဲ့ အပြင်လွှာဟာ အနာတရဖြစ်ပြီး အခြေအနေ မကောင်းလှတော့ဘူး၊ အဲဒီလိုဖြစ်အောင် ကမ္ဘာဂြိုဟ်ကို လုပ်နေတဲ့သူတွေဟာ လူသားတွေဖြစ်တယ်ဗျ၊ ဒီအခါမှာ သူတို့ ကမ္ဘာပေါ်မှာဆက်ပြီး ရပ်တည်နိုင်ဖို့ မသေချာလို့ အပြင်အာကာသထဲကိုတောင် ခြေလှမ်း

http://www.linhtet.com



ပြင်နေကြတယ်၊ ဒီလိုစွန့်ခွာသွားမယ့်သူတွေကို ဒီကမ္ဘာမြေပေါ်မှာ အကြီးမားဆုံး၊ အထူးခြားဆုံး ရယ်လို့ ဘယ်သူက ယုံကြည်မှာလဲ၊ ဘုရင်တစ်ပါးဟာ တကယ်စစ်မှန်တယ်ဆိုရင် သူ့တိုင်းပြည်ကို ဘယ်စွန့်ခွာပါလိမ့်မလဲ" ဟူ၍ ပြောလိုက်သည်။

ကျွန်းပေါ်၌ စုဝေးနေသော သတ္တဝါများ ရုတ်တရက် တိတ်ဆိတ်သွားကြပြန်သည်။ ဆွေးနွေးပွဲ ပြီးပြတ်တော့မည်ဟု ထင်ကာမှ ပြဿနာတစ်ခုက ပေါ်လာပြန်သည်။

ထို့ကြောင့် ကျွဲကြီးက "ဟာ . . . ဒီလိုပဲလား၊ အင်မတန် ထူးဆန်းအံ့သြဖွယ်လို့ ယူဆရတဲ့ လူသားဆိုတဲ့ သတ္တဝါဟာ သတ္တိမရှိ၊ ကျောရိုးမရှိတဲ့ သတ္တဝါမျိုးလိုပါလား၊ ကျောရိုးမရှိဘူးဆိုလို့ ကျုပ်တို့ ရေခူတွေကို စော်ကားမဟုတ်ပါဘူးနော်၊ လူတွေဟာ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ကို ကိုယ်တာဝန်မယူဘဲ စွန့်ခွာထွက်ပြေးကြသလိုပဲ၊ ဒီတော့ ပြောရရင် ဘာအထင်ကြီးစရာရှိသလဲ ဗျာတို့"

နားထောင်နေသော ပရိသတ်ထဲမှ သဘောတူညီသကဲ့သို့ ခေါင်းညိတ်ကြသည်။ နောက်ထပ်လည်း မည်သူကမျှ ဆက်လက်၍ ဆွေးနွေးရန် အသင့်ဖြစ်ကြပုံမရတော့ပေ။ ထို့ကြောင့် အပြီးသတ် အဖြေမပေါ်ဘဲ ဆွေးနွေးပွဲသာ ပြီးဆုံးသွားတော့သည်။

မိုးတိမ်အဖို့မူကား ဤမျှဆူညံ များပြားသော ဆွေးနွေးပွဲမျိုးကို တစ်ကြိမ်မှ မကြုံဖူးခဲ့ချေ။ ဤသို့စုဝေးမိအောင်လည်း လွယ်လွယ်ကူကူ စီစဉ်၍ ရနိုင်ကောင်းသောအရာမဟုတ်။ သို့သော် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အချိန်ကြာသည်နှင့်အမျှ လေးနက်ပြီး ရှေ့မတိုးသာသော ပြဿနာများကိုလည်း ကြုံခဲ့ရ၏။ သူတို့ပြောဆို ဆွေးနွေးသံတို့ကို မြင်ရခြင်း၊ ကြားရခြင်းက ပင်လျှင် စိတ်ပင်ပန်းရလေသည်။

မိုးတိမ်သည် တသမ်းသမ်း တဝေဝေ ဖြစ်သွားလေသည်။ (မိုးတိမ်က သမ်းဝေနိုင်သည်ဟု သင်ထင်ပါသလား။) ထို့နောက် မိုးတိမ်သည် အသံထွက်အောင်ရယ်၍ လေဟုန်စီးလျက် တစ်နေရာသို့ ခရီးဆက်ပြန်လေသည်။

http://www.linhtet.com



# ဘိုးပန်းအေး၏ ရုပ်ကြိုးစင်

မိုးတိမ်က ပြောနေသည်။

"တစ်ခါတုန်းက မန္တလေးမြို့ရဲ့အထက် ကောင်းကင်ကို လွင့်ပါးပြီး ရောက်ခဲ့ဖူးပါတယ်၊ အပေါ်ကနေကြည့်တော့ ရေသီတာ ပတ်လည်ပြီး ကျုံးရေဝန်းရံနေတဲ့ နန်းတော်ကြီးကို တွေ့ရတယ်၊ နန်းမြို့ပြင်တစ်နေရာရဲ့ မြက်ခင်းကျယ်တစ်ခုအစပ်မှာ ဝါးတဲအိမ်ကလေး တစ်လုံးလဲ ရှိနေတယ်၊ ဝါးတဲကလေးမှာ လေးထောင့်စပ်စပ် ဝင်ပေါက်တံခါးတစ်ခု ရှိလေရဲ့၊ အဲဒီကနေ လှမ်းမြင်ရတာကတော့ အသက် (၇၀) လောက်ရှိတဲ့ အဘိုးအိုတစ်ယောက်ပါပဲ၊ သူဟာ ရုပ်သေးရုပ်က ကြိုးတွေကို အမျိုးမျိုးဆွဲရင်း အလုပ်ရှုပ်နေလေရဲ့၊ တကယ်တော့ ဒီနေရာလေးဟာ လေဟာပြင်ဝါးတဲ ရုပ်ကြိုးစင်တစ်ခုပဲပေါ့။



**Old Man Pan Aye's Marionettes**

http://www.linhtet.com



"ရုပ်သေးပွဲကလေး တစ်ချိန်ပြီးသွားတဲ့အခါ အဘိုးအိုက လိုက်ကာတန်းဘေးကထွက်ပြီး ပရိသတ်ကို နှုတ်ဆက်ရှာတယ်၊ ပြီးတော့မှ -

"ကျေးဇူးတင်ပါတယ်ကွယ်တို့ . . . ကျုပ်ဟာ ၁၆ နှစ်သားကတည်းက ဒီအရုပ်ကြိုးတွေကို ကိုင်လာခဲ့တာပါ၊ ပြီးတော့ ဒီရုပ်ကြိုးစင်ကလေးကိုလဲ ဒီနေရာမှာ ကျုပ်ကိုယ်တိုင်ဆောက်ပြီး ကပြပေးခဲ့တာပါ၊ ခုဆိုရင် ၁၂ နှစ်လောက် ရှိခဲ့ပြီ၊ ကျုပ်စင်ပေါ်က အရုပ်ကလေးတွေရယ်၊ ကျုပ်ရယ်ဟာ ပရိသတ်အမျိုးမျိုးအတွက် အသုံးတော်ခံခဲ့ပါတယ်၊ ဒါပေမဲ့ ဒီနေ့ပရိသတ်ကတော့ အရင်ပွဲတွေတုန်းကနဲ့ မတူပါဘူး၊ တစ်ဘာသာဖြစ်နေမှာပါ၊ အင်း . . . လိုရာဆန္ဒ ပြည့်ကြပါစေကွယ်"

အဘိုးပန်းအေးသည် သူကိုင်နေကျ အရုပ်ကလေးကိုဆွဲလျက် ပရိသတ်ကို ခပ်ကိုင်းကိုင်း နှုတ်ဆက်ပြီး စင်နောက်သို့ ဝင်ခဲ့သည်။ သူစကားပြောအပြီးတွင် "ဒါပေမဲ့" ဟု သူ့စကားစ ချန်ခဲ့စဉ်၌ပင် သူ့အသံမှာ တိမ်၍သွားသည်ကို မိုးတိမ် သတိထားလိုက်မိသည်။

နောက်နှစ်ပေါင်း အတော်ကြာသွားသောအခါ မန္တလေးအထက် ကောင်းကင်ယံထက်မှ မိုးတိမ် လွင့်ပါး၍ ဖြတ်ရပြန်သည်။ ထိုအချိန်တွင် ပြန်တွေ့လိုက်ရသော အဘိုးပန်းအေးမှာ အပြောင်းလဲကြီး ပြောင်းလဲလျက်ရှိသည်။ သူ့မှာ ပခုံးလျှော့လျက် ခါးကိုင်းနေပြီး စိတ်ပျက်လက်ပျက်အသွင်ကို ဆောင်နေရှာသည်။ သူ့ကိုယ်လုံးကိုယ်ဟန်မှာ မူလက သေးငယ်လှသည့်အကြားမှ ယခုသော် ချုချာချည့်နဲ့၍ ပုညက်ညက်ဖြစ်နေလေသည်။

"အင်း . . . ငါတို့စင်ကိုလာပြီး ကြည့်တဲ့ပရိသတ် တော်တော်နည်းသွားပြီနော်၊ ဘာအကြောင်းကြောင့်များပါလိမ့်၊ ဒီရုပ်ကြိုးစင်မှာ ပရိသတ် မရှိလေတော့ မြက်ခင်းထဲနဲ့ အနီးအနားမှာ ကျန်တဲ့ နှံကောင်တွေ၊ လိပ်ပြာတွေအတွက် ဖျော်ဖြေပေးဖို့ပဲရှိတော့တယ်၊ ဒီလိုဆိုရင် ကျုပ်ရဲ့အနုပညာဟာ ဘယ်အသုံးကျတော့မှာလဲ"

သူ့ကိုယ်ထည်သေးသေးနှင့် မလိုက်အောင် အဘပန်းအေး သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"ရုပ်မြင်သံကြားတွေလဲ ပေါ်လာရော ငါတို့စင်ရှေ့က ပရိသတ်ဟာ သိသိသာသာကြီး လျော့ကျသွားတော့တယ်၊ နောက်တော့ ရုပ်ကြိုးစင်မှာ ပရိသတ် လာတယ်ဆိုရုံ သုံးလေးယောက်တော့ ကျန်ရစ်သေးတယ်၊ ခုဆိုရင် ပရိသတ်လုံးလုံး မရှိတော့သလောက် ဖြစ်သွားပြီ၊ ငါ့ပွဲကို

http://www.linhtet.com



အခုတလော ရောက်လာတတ်တာက ကလေးတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေ တစ်ဦးစ နှစ်ဦးစ ပါပဲ၊ သူတို့ဟာ ရုပ်ကြီးစင်ရှေ့က ပွဲခင်းမှာထိုင်ပြီး တိရစ္ဆာန်ရုပ်တွေကြည့်၊ မင်းသား မင်းသမီး နှစ်ပါးသွားဇာတ်လမ်းတွေကိုကြည့်ပြီး ရွှင်ပြုံးနေကြတယ်၊ ဩော် . . . အခုတော့လဲ အိပ်မက် တစ်ခု မက်နေရသလိုပါပဲလေ" ဟု အဘိုးပန်းအေးက ညည်းတွားလိုက်သည်။

မိုးတိမ်အဖို့ကမူ "ဒါမျိုးဟာ မထူးဆန်းပါဘူးလေ" ဟု မှတ်ချက်ပြုလိုက်သည်။ "ငါ့မှာ ကြိုးဆွဲဆရာကြီး အဘိုးပန်းအေးတို့လို ထူးခြားတဲ့ ပညာသည်ကြီးတွေ မှေးမှိန်ပျောက်ကွယ် သွားကြတာမျိုးကို ကမ္ဘာအနှံ့မှာ တွေ့ခဲ့ရဖူးတာပဲ၊ အထူးသဖြင့်တော့ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေ ထဲမှာလေ၊ သူတို့ဟာ အတွေ့အကြုံရော၊ ပါရမီပါ ရင့်သန်သူတွေ ဖြစ်ကြပေမယ့် ခေတ်ကာလ အပြောင်းအလဲမှာ ပါသွားကြရရှာတယ်"

အဘိုးပန်းအေးမှာ အကျင့်တစ်ခုရှိသည်။ ထိုအကျင့်မှာ သူ့ရုပ်သေးပွဲကို လာကြည့်သူများ ဘယ်လောက်ရှိသည်ကို စင်ပေါ်မှ လှမ်းကြည့်ပြီး သိလိုခြင်းဖြစ်သည်။ သူသိချင်သည်မှာလည်း မဆန်းပေ။ ထိုပွဲကလေးတစ်ပွဲမှ ရတတ်သမျှ ဝင်ငွေကို အားထားရသည် မဟုတ်ပါလား။ ထို့ကြောင့် ကြိုးဆွဲရင်းတန်းလန်းကပင် ဇာတ်ကွက်အကူးအပြောင်း၌ ပရိသတ် အခြေအနေကို သူအကဲခတ်ရသည်။ စင်ပေါ်မှ မီးရောင်မှာ သူ့မျက်နှာဘက်သို့ ထိုးနေသဖြင့် ပရိသတ်ကို အလွယ်တကူ မမြင်နိုင်သောကြောင့် သူ့လက်ဝါးတစ်ဖက်နှင့်ကာလျက် ပရိသတ်အကဲကို ကြည့်ပြီး ရေတွက်ရသည်။ အဘိုးပန်းအေး၏ဇနီးက မကြိုက်နိုင်။ ထို့ကြောင့် သူ့ကို ဆူဆူပူပူ လုပ်ရသည်။ သို့သော် အဘိုးပန်းအေးအဖို့ အကျင့်ဆိုသည်မှာ ဖျောက်၍ရခဲသည် မဟုတ် ပါလား။

"ဩော် . . . တို့အလုပ်က ဒါလောက်နဲ့ မဖြစ်နိုင်ပြန်ဘူးကွယ်တို့၊ ဒီညလဲ စင်ရှေ့မှာ နေရာလွတ်တွေ များနေလေရဲ့၊ အရွယ်ကြီးကြီးမားမားဆိုလို့ မနေ့ကပဲ တွေ့ခဲ့ရတဲ့ ငါ့ရဲ့ ငယ်သူငယ်ချင်းကြီးတစ်ယောက်ပဲ တွေ့ရတယ်၊ သူလဲ အားပေးရှာတယ်ထင်ပ့ါ၊ သူကလွဲလို့ တခြားလဲ လူကြီးဆိုလို့ လာမကြည့်ကြတော့ပါလား"

အဘိုးပန်းအေးသည် သူ့ရုပ်ကြီးပွဲကို တစ်ဦးတည်းသော ပရိသတ်အတွက် ဝန်တာမပျက် ဝမ်းပန်းတနဲ ကပြခဲ့ပြီးနောက် ထိုည ကပွဲအပြီးတွင် သူ့မှာ ဝါးကွပ်ပျစ်ကလေးပေါ်၌ ပုံ၍ လဲကျသွားသည်။ သူ့မှာ ခြေပစ်လက်ပစ် နွမ်းနယ်လှပြီ။ စိတ်လည်းကုန်သွားခဲ့ပြီ။ သူ့ဝမ်းဗိုက်

http://www.linhtet.com



ထဲမှ တကြုတ်ကြုတ် မြည်နေခြင်းက သူ့မှာ အာဟာရ ဖြည့်တင်းရန် ဝမ်းဟာလျက်ရှိကြောင်း သတိပေးနေသကဲ့သို့ဖြစ်သည်။

"ကျုပ်တို့အဖို့တော့ လမ်းဆုံးရောက်ပါပြီ၊ ဒါကို မကြုံရက် မကြည့်ရက်ပါလား အရပ်ကတို့၊ မနက်ဖြန်ဆိုရင် အိမ်ကအဘွားကြီးပြောသလို ငါ့အရုပ်ကလေးတွေကို ငွေပေါ်အောင် သွားရောင်းမှတော်တော့မယ်၊ သူပြောပြောနေတာလဲ ကြာလှပြီပဲ၊ ကျုပ်မှာလဲ တခြားနည်း မရှိတော့ပါဘူးလေ"

အဘိုးပန်းအေးတစ်ယောက် တစ်ကိုယ်တည်း ရေရွတ်နေသံကို မိုးတိမ် နားစွင့်လိုက်မိသည်။ ပြောရင်းနှင့် သူ့အသံများမှာ မပွင့်တပွင့် တိမ်ဝင်သွားသဖြင့် သဲကွဲစွာ မကြားရတော့ပေ။ မကြာမီ သူ့မှာ လုံးလုံးအိပ်မောကျသွားသည်။ သူအိပ်မောကျသွားပုံမှာ အသက်မရှိတော့သလိုပင် မလှုပ်မယှက်ဖြစ်နေတော့သည်။ ဘယ်မျှကြာလေသည်မသိ။ သူ့မှာ အိပ်ရာက နိုးသွားသလို လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။

အဘိုး၏ ခြေထောက်များမှာ မသယ်ချင်အောင် အားယုတ်နေခဲ့ပါလျက် သူ့ခြေများကို ကြည့်လိုက်မိသောအခါ လေထဲ၌ မြောက်ကြွတက်နေသည်။ ခြေတို့သာမဟုတ်၊ လက်တို့လည်း မိုးသို့မျှော်၍ လေမှာဆန့်တန်း ပျံဝဲလျက်ရှိသည်။ သူ့အနေအထားမှာ ဝါးကြမ်းကွပ်ပျစ်ပေါ်တွင် လဲလျောင်းနေရသောပုံစံမျိုး မဟုတ်တော့။ ထို့နောက် သူ့ခြေထောက်များသည် အရုပ်ကြိုးဆွဲစဉ်က အနေအထားဖြင့် လှုပ်ရှားလာသည်။ သူ့ဦးခေါင်းမှာလည်း ကြိုးဆွဲဆရာတစ်ဦး၏ အာရုံစိုက် လှုပ်ရှားမှုမျိုးဖြစ်လာသည်။ မျက်လုံးများပင် အကြည့်အရှု သွက်လက်နေသည်။ လုံချည်ဝတ်ထားသော သူ့ကိုယ်အောက်ပိုင်းနှင့် ခါးတို့မှာ ကြိုးဆွဲနေစဉ်ကဲ့သို့ ယိမ်းလိုက်ကိုင်းလိုက် သွက်သွက်လှုပ်နေသည်။

"ဟဲ့ . . . ဟဲ့ . . . နေပါဦး၊ နေစမ်းပါဦး၊ ဘယ်လိုများဖြစ်တာပါလိမ့်၊ ဒါဟာ ငါကိုယ်တိုင် လှုပ်ရှားနေတာတော့ မဟုတ်နိုင်ဘူးဟ"

အဘိုးပန်းအေးစိတ်ထဲ၌ သူ့မှာ သူ့စိတ်နှင့်သူ့ကိုယ်မဟုတ်ဘဲ ရုပ်သေးရုပ်တစ်ရုပ်ကဲ့သို့ ဖြစ်လာသည် ထင်မိ၏။ သူက ရှန်းကန်ငြင်းဆန်ကြည့်လိုက်ပါသေး၏။ သို့သော် အရာမထင်ချေ။ သူ့ခြေ၊ သူ့လက်၊ သူ့ကိုယ်တွေ လှုပ်ရှားနေလိုက်ပုံမှာ နှစ်ပေါင်းများစွာ ကြိုးဆွဲလုပ်သက် ဝါရင့်ခဲ့ပြီဖြစ်သော သူကိုယ်တိုင်ပင် အံ့အားသင့်လောက်အောင်ဖြစ်နေသည်။ အို . . . အခုမှ

http://www.linhtet.com



သူသဘောပေါက်တော့သည်။ သူ့ကို ကြိုးဆွဲရုပ်တစ်ခုကဲ့သို့ လှုပ်ရှားနေစေသည်မှာ စင်ပေါ်မှ သူ၏စီးပွားဖက် အရုပ်ကလေးများ၏လက်ချက်ဖြစ်သည်။ ဟုတ်သည်၊ သူ တမြတ်တနိုးဖြင့် အနုပညာမြောက်အောင် အသုံးတော်ခံစေခဲ့သော အရုပ်ကလေးများက သူတို့ဆရာအား ချစ်စနိုးဖြင့် ကကြိုးကကွက် စည်းဝါးညီအောင် ဖန်တီးပေးနေခြင်းပင်ဖြစ်သည်။

အဘိုးပန်းအေးစိတ်ထဲ၌ အံ့သြဝမ်းသာရိပ်များ လွှမ်းလာသည်။ သူ့မှာ ကြိုးဆွဲပေးနေသည့်အတိုင်း လှုပ်ရှားနေရသဖြင့် အသက်ရှူပင် မှားတော့မလောက်ဖြစ်နေသည်။ သူ့မှာ ပီတိတွေလည်း ဖြာလျက်ရှိသည်။

"တကယ်ဆိုရင် ငါ့ကိုယ်မှာ ကကြိုးတွေ ဆင်ပေးလို့များ ရနိုင်လို့လားကွယ်ရို့"

သူ့အရုပ်များက သူ့ပညာအတိုင်း တုပ၍ သူ့ကို ဟန်ပန်အမျိုးမျိုးဖြစ်အောင် ကြိုးဆွဲပေးနေကြသည်။ သူသည် နတ်ဝင်သကဲ့သို့ မိန်းမောစွာ ကိုယ်ဟန်တွေ အလိုက်သင့်ဖြစ်နေရသည်။

"ကိုင်းကိုင်း . . . တော်လောက်ကြပြီ၊ ငါ့ပညာကို မင်းတို့ရပြီဆိုတာ ဆရာကြီးသိပြီ၊ တော်ကြ . . . တော်လောက်ကြပြီ၊ မင်းတို့ဆရာကြီးလဲ မောဟိုက်နေပြီကွယ် တပည့်တို့"

အဘိုးပန်းအေးက ပြောသော်လည်း အရုပ်ကလေးများ၏ ဖန်တီးမှုကို သူရပ်ခိုင်း၍ မရသေးချေ။ သူ့လက်ကြိုးလက်ကွက်ထဲမှ အကျော်အမော် ကြိုးကွက်တွေကို သူ ကနေရသည်။ ရုပ်သေးရုပ် ဖြစ်နေရသူ အဘိုးပန်းအေးမှာ ရင်ကိုဖိလျက် ရယ်မောနေရတော့သည်။ ထို့နောက် သူ့ဘာသာ အသက်ကို တဝကြီးရှူလိုက်သည်။ ပြီးလျှင် ဝမ်းနည်းပမ်းနည်း ငိုချလိုက်မိသေးသည်။ သူ့တစ်ကိုယ်လုံးလည်း ကလေးငယ်တစ်ဦး ငိုရှိုက်သကဲ့သို့ လှုပ်ခါနေတော့၏။ နောက်တစ်ဆင့်တွင် သူ့မှာ ဒေါသမုန်တိုင်း ထန်ရပြန်သည်။

နောက်ဆုံးမတော့ အဘိုးပန်းအေးသည် သူ့ကိုယ်သူ မကြုံစဖူး စိတ်လွတ်ကိုယ်လွတ် ဖြေလျှော့၍ချလိုက်ရသည်။ သူ့လက်သူ့ခြေတို့သည် သူ့အလိုမပါဘဲ ခြေချိုးလက်ငင် ဆုတ်တက် လှုပ်ရှားနေသည်။ စိတ်ထဲမှာလည်း အမှန်ပင် တက်ကြွနေတော့သည်။

"ဟား ဟား ဟား . . . နေကောင်းထိုင်သာရှိလိုက်တာ၊ ငါ့ဘာသာငါ ဆုံးရှုံးရပြီလို့ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ပျက်နေလိုက်တာ အခုတော့ ကရခုန်ရတာ ပျော်သလား မမေးနဲ့၊

http://www.linhtet.com



ငါ့ခန္ဓာကိုယ်ဟာ ငါ့ဦးခေါင်းအတွက် ဆေးတစ်မျိုးပါပဲလား၊ ပြန်စဉ်းစားကြည့်လိုက်တော့ ငါ့ဘဝ တစ်လျှောက်လုံးမှာ ဒါလောက် စိတ်လွတ်ကိုယ်လွတ် ကခုန်ရတာ မရှိခဲ့သေးဘူး၊ ဩော် . . . လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာမှာ အရုပ်ကလေးတွေကိုပဲ ငါက ကခုန်စေခဲ့တယ်၊ အခုတော့ ကခုန်ခြင်းကြောင့်ဖြစ်ရတဲ့ ပီတိကို ငါသိရပြီ။

"အင်း . . . ဒီလိုကိုး၊ ငါ့အရုပ်ကလေးတွေဟာ ငါအတိဒုက္ခရောက်နေတာကို သဘော ပေါက်ကြတယ်၊ ဒါကြောင့် ငါ့ကိုလာပြီး ကယ်တင်တာ၊ ဟုတ်တာပေါ့ . . . သူတို့က ငါ့အတွက် မျှော်လင့်ချက်တွေ ဆောင်ကြဉ်းလာတယ်၊ ကျေးဇူးကြီးလှပါတယ် ငါသံယောဇဉ်ကြီးတဲ့ အရုပ် ကလေးတို့ရေ"

အဘိုးပန်းအေးသည် သူ့ဘာသာ အတွေးပေါက်ရင်း စကားဆိုလျက်ရှိသည်။

"ကိုင်း . . . အခုတော့ ဒီအရုပ်ကလေးတွေကို ငါဘယ်လိုရောင်းရက်ပါ့မလဲ၊ အင်း - နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့သလို ငါ့ရုပ်သေးစင်ကလေးနဲ့ပဲ ငါခရီးဆက်တော့မယ်"

ထိုစကားကို သူပြောပြီးသည့်နောက် သူ့ကိုယ်တွင် ကြိုးများဆိုင်းထားသည် ထင်ရသော ခံစားမှုများ ပျောက်၍သွားတော့သည်။ သူ့မှာလည်း ကကြိုးရပ်ဆိုင်းသွားတော့သည်။ သူသည် အရုပ်ကြိုးပြတ် လဲကျသွားပြီး တစ်ဖန် အိပ်မောကျသွားပြန်လေသည်။

နောက်တစ်နေ့နံနက် နေရောင်ခြည်တက်စ၌ သူ့မျက်နှာပေါ်တွင် နေရောင်ကျ၍ အဘိုး ပန်းအေး အိပ်ရာမှ နိုးလာသည်။ ခါတိုင်းကဲ့သို့ပင် နံရံတွင် ချိတ်ထားသည့် ရုပ်သေးရုပ်မျိုးစုံက သူ့ကိုစိုက်ကြည့်နေကြလေသည်။

"ဩော် . . . ငါ အိပ်မက်တွေ မက်နေတာပါလား၊ ဘာပဲဖြစ်ဖြစ် မင်းတို့ကျေးဇူးကို ငါ သဘောပေါက်ပါတယ် ရုပ်သေးရုပ်ကလေးတို့ရေ"

ထိုသို့ပြောပြီးနောက် သူသည် သူ့အရုပ်ကလေးများကို ခါတိုင်းထက်ပို၍ တယုတယ ကိုင်တွယ်ကာ နံ့သာရည်ဖြင့် ဖျန်းပက် သန့်စင်ပေးနေလေသည်။

ထိုနေ့မှစ၍ အဘိုးပန်းအေး၏ ရုပ်ကြိုးစင်မှာ ပြောင်းလဲတိုးတက်မှုများ ရှိလာသည်။ သူသည် ရုပ်သေးပွဲထွက်ချိန်၌ ခါတိုင်းကဲ့သို့ စိတ်မပါ့တပါ မဟုတ်တော့။ သူ့မှာ စိတ်ပါလက်ပါ ကြိုးများကို ငင်၍လှည့်၍ ကစားလျက်ရှိသည်။ သူ့မျက်နှာမှာ အားမာန်တွေအပြည့်နှင့်။

http://www.linhtet.com



ထို့ကြောင့် လူဟန်နှင့်မခြား အသက်ဝင်နေသော သူ့ရုပ်ကြီးစင်သို့ ပရိသတ်များ စည်ကားလာချေတော့မည်။ တဖြည်းဖြည်းနှင့် ရုပ်ကြီးစင်ရှေ့ မြက်ခင်းပြင် ဝါးရုံကလေးထဲတွင် ပရိသတ်များ ပြည့်၍လာသည်။ မပြောင်းလဲသည်မှာ တစ်ခုသာရှိသည်။ ထိုတစ်ခုမှာကား သူသည် စင်ပေါ်မှနေ၍ မီးရောင်ကို လက်ဝါးတစ်ဖက်ဖြင့်ကာလျက် ပရိသတ် ဘယ်လောက်ရှိသည်ကို မျှော်ကြည့်တတ်ခြင်းပင်။

"အင်း . . . ကျုပ်ပရိသတ် ဘယ်လိုအခြေအနေရှိလဲ၊ တစ်ညပြီးတစ်ည ရုံပြည့်လုနီးဖြစ်နေတော့ ရုပ်ကြီးစင်က အရုပ်တွေကို ရောင်းထုတ်စရာ မလိုတော့ဘူးပေါ့၊ ရုပ်မြင်သံကြားဆိုတဲ့ မှန်သေတ္တာပုံးကိုလည်း ငါအလျှော့ပေးစရာ မလိုတော့ဘူးထင်ရဲ့။

"ဘိုးပန်းအေးရေ . . . မင်းအလုပ်ကို ဆက်သာလုပ်၊ မင်းရုပ်ကြီးစင်က အရုပ်တွေဟာ မန္တလေးတစ်မြို့လုံးက ပရိသတ်တွေနဲ့အတူ ပြုံးလိုက်ရယ်လိုက် ငိုလိုက်မဲ့လိုက်လုပ်ရုံသာ မဟုတ်ဘူး၊ ကမ္ဘာပေါ်က ကလေးတွေနဲ့အတူ ရုပ်သေးအနုပညာရဲ့ ရသကို ဖော်ကျူးပြီး ဆက်လက်အသုံးတော်ခံနေကြလိမ့်မယ်"

ထိုအဖြစ်အပျက်ကို ကြည့်ပြီးနောက် မိုးတိမ်သည် ရွှင်လန်းသော တေးသံကိုပြု၍ ဧရာဝတီမြစ်ကြောပေါ်မှဖြတ်လျက် တဖြည်းဖြည်း လွင့်ပါးသွားကာ ခရီးဆက်ပြန်လေသည်။

http://www.linhtet.com



# သစ်ပင်ကြီး ဂါတာဝါနာ

မိုးတိမ်က "ကောင်းကင်ကနေ ကျွန်တော် အရာရာကို မြင်တွေ့လို့ရတယ်" ဟု တစ်နေ့တွင် ပျော်ရွှင်စွာပြောသည်။ သူနှင့် စာရေးသူတို့ တစ်ကြိမ်ပြန်တွေ့ကြသည်။ မိုးတိမ်တွင် ပြောချင်စရာ စကားတွေ၊ သူ့စွန့်စားခန်းတွေ ရှိနေလေသည်။


"တစ်နေ့မှာ ကျုပ်ဟာ ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ကောင်းကင်အထက်မှာ လွင့်ပါးနေတယ်၊ ဆွပ်လို့ခေါ်တဲ့ ဒေသအပေါ်ကို ဖြတ်ပြီး ရောက်သွားတယ်၊ ဒီနေ့ရာက ဟိုးနှစ်ပေါင်းများစွာတုန်းက ဗုဒ္ဓဘာသာ သာသနာ အကြီးအကျယ် ထွန်းကားတဲ့နေရာပေါ့၊ ကျုပ်ဖြတ်သွားတုန်း ကြီးမားတဲ့ တိမ်ရိပ်ကြီး အေးမြတဲ့ တောင်တန်းတွေပေါ်ကို ရောက်သွားတဲ့အချိန်မှာ ကျုပ်အောက်က မြေပြင်ပေါ်မှာ အင်မတန် ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင် ထီးထီးမားမား တွေ့ရတယ်။

"ဒီသစ်ပင်ကြီးဟာ ထင်းရှူးမျိုးဖြစ်ပြီးတော့ လူကြီးသုံးလေးယောက် လက်နဲ့ဝိုင်းဖက်မှ ပတ်မိလို့ရမယ့် ပင်စည်ကြီးရှိတယ်၊ အကိုင်းတွေကလဲ ဖြာထွက်နေပြီးတော့ ကောင်းကင်ကို မော်ကြည့်နေသလိုပဲ၊ ဒီသစ်ပင်ကြီးက သာယာတဲ့တေးသံကိုလဲ ကြားရတယ်၊ ဘာဖြစ်လို့လဲဆိုရင် လေပြင်းတစ်ချက် တိုက်လိုက်တိုင်း ထင်းရှူးရွက်တွေအကြားမှာ လေသွေးပြီးတော့ တဝှီးဝှီး တရှင်ရှင်နဲ့ သာယာတဲ့အသံတွေ ထွက်လာတယ်။

"အဲဒီရွာက ကလေးတွေဟာ ဒီထင်းရှူးပင်ကြီးအောက်ကို မကြာခဏလာပြီး ကစားလေ့ရှိကြတယ်၊ တစ်ခါတစ်ရံမှာတော့ သူတို့ဟာ အပင်ပေါ်ကို မော့ကြည့်ပြီး 'ဂါတာဝါနာ' လို့ ရွတ်ဆိုလေ့ရှိကြတယ်၊ ဒီစကားလုံးကတော့ ပထန်ဘာသာစကားနဲ့ဆိုရင် ဧရာမအပင်ကြီးလို့ အဓိပ္ပာယ်ရတယ်၊ ကလေးတွေက ဒီအပင်ကြီးကို အင်မတန် တွယ်တာနေမှတော့ အပင်ကြီးကလဲ တေးဆိုချင်မှာပေါ့၊ ကလေးတွေ ကစားနေတာကိုလဲ သူငုံ့ကြည့်ချင်တော့မှာပေါ့၊ ဒီအဖြစ်မျိုးဟာ နှစ်ပေါင်းများစွာ ဒီအပင်ကြီးအောက်မှာ ဖြစ်နေခဲ့တယ်၊ ခုရောက်လာတဲ့ ကလေး

http://www.linhtet.com





http://www.linhtet.com



တွေတင် မဟုတ်ဘူး၊ သူတို့မိဘဘိုးဘေးများ အဆက်ဆက်ကနေပြီး ဒီအပင်အောက်မှာ လာလာပြီး ကစားလေ့ရှိခဲ့ကြတယ်၊ ဒါကြောင့် ဒီဂါတာဝါနာသစ်ပင်ကြီးကို ရွာထဲကလူတိုင်း လိုလို သိနေကြတာပေါ့။

"အချိန်ကာလတွေ ရွေ့လျားလာတဲ့အခါ ကလေးတွေက အရွယ်ရောက်ပြီး လူကြီးဖြစ်၊ ပြီးတော့ သူတို့ဟာ အစ္စလာမ်မာဘတ်တို့လို မြို့မျိုးကို တက်သွားကြတယ်၊ ကရာချိလိုမြို့မျိုးကိုလဲ ရောက်ကြတာပေါ့၊ ဒီအရပ်မှာနေတဲ့လူတွေဟာ အာဖဂန်နစ္စတန်နိုင်ငံက လာပြီးတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက အခြေစိုက်ခဲ့ကြတဲ့လူတွေဖြစ်တယ်၊ ဒီအရပ်ကို သူတို့ ရောက်လာတဲ့အခါ တောင်ပေါ်မှာ သစ်ပင်စိုက်ဖို့ နေရာမရှိဘူး၊ ဆန်စပါးစိုက်ဖို့နဲ့ သီးပင် စားပင် စိုက်ပျိုးဖို့ကို နေရာမရှိဘူး၊ ဒီနေရာရောက်တဲ့အခါ သူတို့ရိက္ခာမစိုက်နိုင်ဘူးပေါ့၊ ဒါကြောင့် ကလေးတွေ ဖျားနာတယ်ဆိုရင် အသက်ဆုံးရတာများတယ်၊ ဆေးဆရာလဲမရှိ၊ ဆေးရုံလဲမရှိတဲ့အတွက်ပဲ၊ ဒီနေရာကို ကျုပ်ဖြတ်သွားတိုင်း တောင်စောင်းတွေမှာ သင်္ချိုင်းမြေပုံ အမှတ်အသားတွေ တွေ့ရတယ်"

မိုးတိမ်သည် ပြောရင်းဆိုရင်းဖြင့် ဝမ်းနည်းကြေကွဲသော မိုးစက်များ သူ့ကိုယ်မှ ပြိုကျတော့ မည့်ဟန် တွေ့ရသည်။ သို့သော် သူ့ဇာတ်လမ်းကို ဆက်ဖြစ်အောင် ဆက်ပြန်လေသည်။

"ဒီရွာဟာ အမြဲတမ်းဆင်းရဲ မွဲပြာကျနေခဲ့တာပဲ၊ ဒါကြောင့် ရွာကလူငယ်တွေဟာ အသက် မွေးမှုအတွက် မြို့ကြီးပြကြီးတွေကို တက်ရတယ်၊ အဲဒီလို သွားကြတဲ့အကြောင်းကို သက်ကြီး စကား သက်ငယ်ကြား ဆိုသလိုဖြစ်ကြတာပေါ့၊ အောင်မြင်တဲ့လူတွေလဲရှိတယ်၊ မျှော်လင့်ချက်နဲ့ သွားတဲ့ လူတွေလဲရှိတယ်၊ မှန်းချက်မကိုက်လို့ ပြန်လာတဲ့လူတွေရဲ့ ဇာတ်လမ်းတွေကိုလဲ ကြားရတယ်၊ ကလေးတွေက ကြီးပြင်းလာပြန်တော့ သူတို့လဲ သူတို့အရပ်ကနေ ဘတ်စ်ကားတွေ၊ ထရပ်ကားတွေစီးပြီး တောင်တန်းတောင်လျှာတွေကို ကျော်ပြီးတော့ စိုးတထိတ်ထိတ်နဲ့ မြို့ကို တက်ရပြန်တယ်၊ အဲဒီမှာ အောင်မြင်တဲ့လူတွေကတော့ ခြေတကြွကြွနဲ့ ပြန်လာကြတာပေါ့၊ မိသားစုနဲ့ မိတ်ဆွေတွေအတွက် လက်ဆောင်တွေလဲ ပါလာတယ်၊ မအောင်မြင်တဲ့လူတွေ ကျတော့ စိတ်ဓာတ်ကျပြီး သူတို့အရိပ်မည်းကြီးတွေ တကုန်းကုန်းနဲ့ ပြန်ရောက်လာကြတယ်၊ တောင်ထိပ်က ဂါတာဝါနာ ဆိုတဲ့ သစ်ပင်ကြီးကတော့ ဒါတွေအားလုံးကို မျက်မြင်သက်သေ ဖြစ်နေတာပေါ့"

http://www.linhtet.com



သစ်ပင်ကြီးဆီကို လူငယ်ကလေးတစ်ယောက်ကလာပြီး “ကျွန်တော်ဟာ ကျွန်တော့်ဦးလေး အလုပ်လုပ်နေတဲ့ ကရာချိမြို့တော်ကြီးကိုသွားမယ်၊ ဟိုမှာ ကားမောင်းသမားလုပ်မလို့” ဟူ၍ တိုင်တည်ပြောကြားခဲ့သည်။ သို့သော် နောင်သုံးနှစ်ကြာသောအခါ ထိုလူငယ်မှာ ယာဉ်တိုက်မှု တစ်ခုတွင် အသက်ဆုံးရှုံးသွားလေသည်။ အခြားလူငယ်တစ်ဦးက “ကျွန်တော်ဟာ အစ္စလာမ် မာဘတ်မြို့ကို သွားပြီး နိုင်ငံခြားသားတစ်ယောက်အိမ်မှာ ထမင်းချက်လုပ်မလို့” ဟူ၍ ပြောသွားသည်။ နှစ်ပေါင်း ၃၀ ကြာသောအခါ သူသည် ထိုမြို့ကြီး၌ စားသောက်ဆိုင်ပိုင်ရှင် တစ်ဦး ဖြစ်နေလေသည်။

“ကျွန်တော်ကတော့ ဆင်းရဲတဲ့ မိဘတွေအတွက် ပိုက်ဆံလဲရအောင်၊ ညီအစ်ကိုမောင်နှမ တွေအတွက် အစ်နေ့ပွဲတော်မှာ လက်ဆောင်လဲ ပေးနိုင်အောင်လို့ ရတဲ့အလုပ်ကို လုပ်မလို့ သွားတော့မယ်၊ ညီမငယ်ကလေးတွေကိုလဲ ကျောင်းထားချင်တယ်လေ” ဟူ၍ မိသားစုတစ်ခုတွင် သားအကြီးဆုံးဖြစ်သူတစ်ဦးက ပြောသည်။ သူသည် မိဘများကို ချစ်ခင်လေးစားသူဖြစ်၍ မြို့တစ်မြို့သို့ရောက်ပြီး အလုပ်ကြမ်းအလုပ်ကို နှစ်အနည်းငယ်ကြာမျှ ဝင်လုပ်သည်။ နောက်ဆုံး တစ်နေ့တွင် သူသည် အားအင်ကုန်ခန်း ကျန်းမာရေး ပျက်ပြား၍ ရွာသို့ပြန်ရောက်လာခဲ့သည်။ သူတို့ မိသားစုထဲမှ သမီးတစ်ဦးမှာ ရွာထဲတွင် မောင်ငယ်၊ ညီမငယ်တို့ကို စောင့်ရှောက် ထိန်းသိမ်းရင်း အသက် (၁၅) နှစ်အရွယ်၌ အိမ်ထောင်ကျသွားသည်။ အိမ်ထောင်သည်ဘဝဖြင့် သူ့မှာ သားသမီးများ တစ်နှစ်တစ်ယောက်ဆိုသလို မွေးဖွားလာခဲ့ရာ ထိုကလေးများကလည်း ကြီးသူက ငယ်သူကို ထိန်းလျက် သူ့မိခင်၏လမ်းစဉ်အတိုင်း ရှင်သန်ကြရသည်။ လူငယ် တစ်ယောက်မှာမူ ဘာရိန်း ဟူသော အခြားတိုင်းပြည်တစ်ပြည်သို့ သွားရောက်ခဲ့၍ နိုင်ငံခြား ဘာသာစကားတစ်ခုကို သင်ယူသည်။ သူသည် ထိုစကားတတ်လာသောအခါ “ဂါတာဝါနာ” ဟူသည်မှာ အင်္ဂလိပ်ဘာသာအားဖြင့် “သစ်ပင်ကြီး” ဟု အဓိပ္ပာယ်ရကြောင်း ပြောပြလေသည်။

“ရွာက အဲဒီကလေးတွေအားလုံးဟာ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကြပြီးတော့ အိမ်ကို ပိုက်ဆံပြန်ပို့ကြတယ်၊ ရသမျှလုပ်ခကလေးနဲ့ ခြစ်ကုပ်ပြီး ပို့ကြတာပဲ၊ မိဘတွေလက်ထဲကို ပိုက်ဆံ အပ်ရတဲ့အခါများ သူတို့မှာ ဝမ်းသာဂုဏ်ယူနေတဲ့ အမူအရာကို တွေ့ရတယ်လေ”

မိုးတိမ်သည် သက်ပြင်းကို ပြင်းပြင်းရှူသွင်းလိုက်ပြီး အရွယ်အစားအားဖြင့် သူ့ကိုယ် ထည်ကြီး ပြန့်ကားသွားလေသည်။

http://www.linhtet.com



"လူတစ်ယောက်ကတော့ သူ့ဘဝနောက်ကြောင်းကို ပြန်ကြည့်ရတာ ပျော်ပုံလဲရရဲ့၊ တစ်ခါတလေ ဝမ်းနည်းပြီး မျက်ရည်လဲကျရဲ့၊ ကျုပ်ဖြင့် အဲဒါတွေကို ကြည့်ရတာ ဘဝမှာ ပျော်ချိတစ်လှည့်၊ ဝမ်းနည်းတစ်ခါနဲ့ ချားရဟတ် လည်ပတ်နေရသလိုပါပဲ။

"ဘယ်သူဖြစ်ဖြစ် သူတို့ရွာကို ပြန်ရောက်လာတဲ့အခါ မြစ်ကြောရှိတဲ့ တောင်ကြားကနေ တောင်ကုန်းပေါ်ကို တက်လာတော့ တောင်ထိပ်မှာ ဂါတာဝါနာဆိုတဲ့ အပင်ကြီးကို တွေ့ရတယ်၊ ပြန်လာသမျှလူတွေဟာ 'အို . . . ဂါတာဝါနာ' ဆိုပြီး ပျော်ရွှင်စွာနဲ့ သူတို့ငယ်စဉ်တုန်းကလိုပဲ နှုတ်ဆက်ကြတယ်၊ ရင်ထဲက ဝမ်းသာလှိုက်လှဲတဲ့အသံနဲ့ပေါ့၊ သစ်ပင်ကြီး ဂါတာဝါနာကလဲ သူတို့လိုပဲ ခံစားရတယ်၊ ဒါကြောင့် လေပြင်းတစ်ချက် ဝှေ့လိုက်တဲ့အခါတိုင်း ရှူးရှူးရှဲရှဲနဲ့ ဂီတသံတစ်မျိုး ထွက်ပါလေရော"

မိုးတိမ်သည် သူ့ဘာသာသူ အားပေးသလိုဖြင့် စိတ်တင်းရင်း သူပြောပြသော ပုံပြင်ကို အဆုံးသတ်လိုက်သည်။

"ဆွပ်ဒေသက ကလေးတို့ရေ . . . အားမလျှော့နဲ့၊ ဆက်ပြီးလုပ်ကြ၊ မင်းတို့ကမ္ဘာလောက ကလေးမှာ ဘယ်လောက်ပဲ ဆင်းရဲပင်ပန်းရတာဖြစ်စေ မင်းတို့ရွာက သစ်ပင်ကြီးကတော့ မင်းတို့ကို စောင့်နေလေရဲ့၊ မင်းတို့ချစ်ခင်တဲ့ သစ်ပင်ကြီးအောက်ကိုရောက်ရင် မင်းတို့မျက်လုံး ကလေးတွေ တောက်ပပြီး ဘဝမှာ မျှော်လင့်ချက်နဲ့ ပျော်ရွှင်နေတဲ့ပုံကို မြင်ရတာ ဒီတစ်သက်မှာ တို့မမေ့ပါဘူး"

http://www.linhtet.com



# မိုးကောင်းကင် ကြည်လင်အောက်မှာ

မိုးတိမ်သည် တစ်နေရာမှ ရောက်လာပြီး စာရေးသူကို ပြောပြပြန်လေသည်။

"လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ကျုပ်ဟာ ပါကစ္စတန်ပြည် အပေါ်ပိုင်းမှာ တရွေ့ရွေ့ တအိအိ ရွေ့လျားနေတယ်၊ လွင်ပြင်ကြားထဲမှာ တောင်တန်းတွေကိုလဲ အောက်မှာတွေ့ရတယ်၊ အဲဒီ တောင်တန်းနှစ်ခုကြားက လွင်ပြင်ထဲမှာ ကစားကွင်းငယ်ငယ်ကလေးတစ်ခုရှိတဲ့ ကျောင်းကလေးတစ်ကျောင်းကိုလဲ တွေ့လိုက်ရတယ်၊ ကစားကွင်းထောင့် တစ်နေရာမှာတော့ လူဟန်ခပ်သေးသေးတစ်ဦးဟာ ဒူးထောက်ပြီးတော့နေလေရဲ့၊ သူဟာ အသက်ဆယ်နှစ်လောက် ရှိတဲ့ ယောကျ်ားကလေးမှန်း မြေပြင်နားကို ကျုပ်နိမ့်ဆင်းသွားတော့ သိလိုက်ရတယ်၊ သူ ဘာလုပ်နေလဲ၊ ဘာပြောနေသလဲဆိုတာကို ကြည့်လိုက်တော့ သူဟာ ဆုတောင်းဝတ်ပြုနေတာပဲ၊ သူဟာ အနောက်တောင်ဘက် မက္ကာမြို့ရှိရာကို မျက်နှာမူပြီး ဆုတောင်းနေတာပါ။

"အို . . . ဘုရားသခင်၊ သားတော်၏ ဆုတောင်းကို ကြားနာတော်မူပါလော့၊ တိုက်မှု ခိုက်မှုတွေ မကြာခင် ရပ်ဆိုင်းပါစေတော့၊ သားတော်၏ အစ်ကိုနှစ်ယောက်လဲ စစ်ပွဲမှ ပြန်လာပါစေတော့၊ ဒီရွာကလေးမှာ သားတော် မမွေးခင်ကဘဲ တိုက်ခိုက်သတ်ဖြတ်မှုတွေနဲ့ ဒုက္ခရောက်နေခဲ့ပါတယ်၊ ဒါကြောင့် သားတော်ဟာ ငြိမ်းချမ်းသာယာတယ်ဆိုတာ ဘာမှန်း မသိရပါဘူး၊ သားတော်ရဲ့ ဖခင်ဟာ သားတော်ကို မမွေးခင် လအနည်းငယ်က တိုက်ပွဲတစ်ခုမှာ သေဆုံးသွားပါတယ်၊ အမေက ဖျားပြီးသေဆုံးသွားခဲ့တယ်၊ အစ်မဖြစ်သူက သားတော်တို့ကို ဆက်ပြီးကျွေးမွေး စောင့်ရှောက်ရတဲ့အတွက် သူ့ခမျာ အလွန်ပင်ပန်းလှပါတယ်၊ သားတော်တို့ ရွာက လူမမယ်ကလေးများဟာလဲ သေနတ်လက်နက်ကို ဆွဲပြီးတော့ တိုက်ခိုက်ဖို့ ထွက်သွား ခဲ့ကြလေရဲ့၊ သားတော်ကတော့ တိုက်ခိုက်သတ်ဖြတ်ခြင်းကို ဘယ်လိုမှ မနှစ်သက်နိုင်ပါဘူး၊ ဘယ်သူ့ကိုမှလဲ အသက်မဆုံးရှုံးစေချင်ပါဘူး၊ သားတော်ကတော့ ကြီးလာတဲ့အခါ ဘောလုံး သမားတစ်ဦးပဲ ဖြစ်ဖို့ပါအရှင်"

http://www.linhtet.com



"အဲဒီလူငယ်ကလေးဟာ ထက်ထက်သန်သန် ဆုတောင်းနေလေရဲ့၊ သူဆုတောင်းနေတဲ့ အချိန်မှာ တခြားရွာတစ်ရွာမှာ ပစ်ခတ်နေတဲ့ သေနတ်သံတွေဟာလဲ ဒီရွာပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ် ငြိမ်သက်ခြင်းကို ဖြိုခွဲနေသေးတယ်"

မိုးတိမ်သည် သူ့ပုံပြင်ကို ခေတ္တရပ်နားလိုက်သည်။ ကောင်းကင်၏ အေးချမ်းတိတ်ဆိတ်ခြင်း အရသာကို ခံယူလိုသောကြောင့်ဖြစ်သည် ထင်၏။

"မိနစ်အနည်းငယ်ကြာတော့ ဒီကလေးဟာ ဆုတောင်းဝတ်ပြုပြီးတဲ့နောက် ထရပ်လိုက်ပြီး သူနဲ့ရွယ်တူ ကလေးငါးယောက်တို့ဟာလဲ ကျောင်းကလေးထဲက ထွက်လာကြတယ်၊ ထွက်လာတဲ့ အထဲက ကလေးတစ်ယောက်မှာ အညိုရောင် ဘောလုံးကလေးတစ်လုံး ပါလာတာ တွေ့ရတယ်၊ ဘောလုံးကလေးဟာ အစက အဖြူရောင်ပေမယ့် ကျောင်းကစားကွင်းထဲမှာ ကန်ကြလွန်းအား ကြီးလို့ အညိုရောင်ဖြစ်နေတယ်၊ အဲဒီကလေးတစ်စုဟာ ကွင်းအလယ်က ကြည်လင်တဲ့ နွေဦး ကောင်းကင်အောက်မှာ ပျော်ပျော်ရွှင်ရွှင် အော်ဟစ်ပြီး ဘောလုံးကစားကြတော့တယ်။

"မိနစ်အနည်းငယ်ကြာတော့ ဘောလုံးဟာ သူတို့ခေါင်းပေါ်ကကျော်ပြီး ကျောင်းအပြင်ကို ရောက်သွားတယ်၊ ကွင်းထဲမှာ တလိမ့်လိမ့်နဲ့ ထွက်သွားတာပေါ့၊ ခုတင်က ဝတ်ပြုဆုတောင်းနေတဲ့ ကလေးဟာ ဘောလုံးနောက်ကို လေအဟုန်နဲ့အတူ အပြေးလိုက်သွားတယ်၊ အဲဒီအခါမှာ ဝုန်းခနဲ အသံကြီးတစ်ခု ကြားလိုက်ရတယ်၊ ဒီကလေးဟာလဲ မီးခိုးလုံးထဲမှာ လေထဲကို လွင့်ပျံတက် သွားတယ်၊ ဖုန်လုံးကြီးတစ်ခုလဲ ထသွားတယ်၊ ပြီးတဲ့နောက် သူဟာ မြေပြင်ပေါ်မှာ မလှုပ် မယှက်နဲ့ ငြိမ်သက်ပြီး ပက်လက်ဖြစ်နေတော့တယ်၊ သူဟာ မြေပြင်အောက်မှာ မြှုပ်ထားတဲ့ မြေမြှုပ်မိုင်းကို တက်နင်းမိလို့ဖြစ်ပါတယ်။

"တခြားကလေးတွေက သူ့ဆီကို သူ့နာမည် အာမာ . . . အာမာနဲ့ ခေါ်ပြီး ဝိုင်းလာ ကြတယ်၊ ဘာဖြစ်လဲ ပြောပါဦးလို့ မေးကြတယ်၊ အာမာကတော့ သတိလစ်နေတော့တယ်၊ ဒါနဲ့ သူ့သူငယ်ချင်းတွေဟာ သူ့ကိုချီပွေ့ပြီး ကိုက်တစ်ရာလောက်ဝေးတဲ့ ရွာထဲက ဆေးခန်း ကလေးကို ခေါ်သွားကြတယ်။

"သူတို့ အဲဒီလို ခေါ်သွားကြတာကို ကျုပ်လဲ ကံဆိုးရှာတဲ့ ကလေးငယ် ချမ်းသာပါစေလို့ ကောင်းကင်က လိုက်ကြည့်ပြီး ဆုတောင်းရင်း လိုက်ပါသွားတယ်။

http://www.linhtet.com





http://www.linhtet.com



"သူတို့အုပ်စုထဲက ယောကျ်ားကလေးတစ်ဦးက အာမာရဲ့ အစ်မဆီကို ပြေးပြီးပြောတယ်၊ သူ့အစ်မ ရောက်လာတော့ ကလေးဟာ နွမ်းနွမ်းပါးပါးရှိတဲ့ ခုတင်ကလေးပေါ်မှာ စကား မပြောနိုင်သေးဘဲ ပက်လက်ဖြစ်နေသေးတယ်၊ သူ့အစ်မက သူ့နာမည်ကို ခေါ်လဲခေါ်တယ်၊ ငိုလဲငိုတယ်၊ ဒီကလေး မျက်စိပွင့်လာတဲ့အထိ ဘေးက တတွတ်တွတ်နဲ့ ဆုတွေတောင်းနေတယ်"

"အို . . . ဘုရားသခင်၊ ကျေးဇူးတော်ပါပဲ၊ အာမာရေ . . . မင်း ဘုရားတန်ခိုးနဲ့ သတိပြန်ရလာပြီ၊ မင်းမေ့မြောနေတာ နာရီပေါင်းများစွာပဲ၊ တို့အားလုံး စိတ်ပူလိုက်ကြတာ မပြောပါနဲ့တော့၊ မင်းဦးလေးတွေကတောင် မင်းကိုကြည့်ဖို့ လာနေကြပြီ"

"အဲဒီအချိန်မှာ အာမာဟာ သူ့ခုတင်နားမှာ ဝိုင်းနေတဲ့ ညီမတွေ၊ သူငယ်ချင်းတွေဖြစ်တဲ့ တာရစ်၊ ရှာဟစ်၊ စကီး၊ ရာကွတ် အစရှိတဲ့သူတွေကို မော်ကြည့်လိုက်တယ်၊ အဲဒီအချိန်မှာ ရုတ်တရက် နာကျင်သွားပြီး သူ့ခြေထောက်ရှိရာဘက်ကို သူစမ်းကြည့်လိုက်တယ်။

"ဟာ . . . ကျွန်တော့်ခြေထောက် ဘယ်ရောက်သွားသလဲ၊ အစ်မရေ . . . ကျွန်တော့် ခြေထောက်၊ လုပ်ပါဦးလို့လဲ အော်လိုက်ရှာတယ်၊ သူဟာ ဘယ်လိုဖြစ်ခဲ့တာမှန်း မသိပေမယ့် အခုဖြစ်လိုက်တာကိုတော့ သူသဘောပေါက်သွားတယ်၊ သူ့သူငယ်ချင်းသုံးယောက်လဲ အဲဒီလိုပဲ မြေမြှုပ်မိုင်းထိလို့ ခြေထောက်တွေ ပြတ်ခဲ့ဖူးကြတာကိုး။

"အစ်မရယ် . . . ကျွန်တော့်ခြေထောက် ဘယ်ရောက်သွားပြီလဲ၊ ဘောလုံးကန်လို့ မရတော့ဘူးပေါ့လို့ဆိုပြီး သူ့ပါးပေါ်ကို မျက်ရည်တွေတွေ စီးဆင်းလာတယ်၊ ရုတ်တရက် သူ အငိုမရပ်နိုင်ပါဘူး၊ သူ့စိတ်ထဲမှာ အားရအောင်ငိုဖို့အတွက် ဘယ်သူကမှလဲ မတားကြဘူး"

မိုးတိမ်သည် ထိုအချိန်၌ မိုးစက်ကလေးများ ကျလာစေရန် သူ့ခန္ဓာကိုယ်ကြီး ညှိမှောင်၍ သွားသည်။ ထို့နောက် သူ့ပုံပြင်ကို ဆက်ပြန်သည်။

"သနားစရာကောင်းတဲ့ အာမာလို ကလေးမျိုး ဘယ်လောက်စိတ်ဆင်းရဲဒုက္ခ ရောက်သွား မလဲဆိုတာ လူတွေမစဉ်းစားမိကြဘူးလား မသိဘူး၊ ခြေထောက်တစ်ဖက် မရှိတော့တဲ့ ကလေး တစ်ယောက်ဟာ ပြေးလို့ခုန်လို့လဲ မရတော့ဘူး၊ စိတ်မကောင်းခြင်းကြီးစွာလဲ ဖြစ်ရမယ်၊ သန်သန်မာမာ ကြည့်ပျော်ရှုပျော် အခြေအနေကနေပြီးတော့ ရုတ်တရက် ဝမ်းနည်းကြေကွဲ စရာ ဖြစ်သွားတယ်၊ ပြေးရခုန်ရ လှုပ်ရှားရတာ ဘယ်လောက်ပျော်စရာကောင်းတယ်လို့

http://www.linhtet.com



သဘောပေါက်ကြပေမယ့် ခြေထောက်မရှိရင် ဘယ်လောက်စိတ်ဆင်းရဲစရာဖြစ်တယ်ဆိုတာ ကိုယ်ချင်းစာတတ်ကြမှာ မဟုတ်ဘူး။

"အခုလို အာမာဟာ ဆေးခန်းကလေးထဲမှာ ရောက်နေတာကို နောက်ထပ် ရက်အနည်းငယ်ကြာအောင် ကျုပ်သူ့ကိုတွေ့နေရတယ်၊ တစ်ခါတစ်ရံ သူဟာ မျက်စိသူငယ်နဲ့ ကျုပ်ရှိရာ ကောင်းကင်ကို မော်ကြည့်ကြည့်နေတယ်၊ ကမ္ဘာတစ်ခွင်ကို ကျုပ်ရောက်လေရာခရီးတစ်လျှောက်မှာ အာမာတို့လို မျှော်လင့်ချက်မရှိဘဲ ငေးမှိုင်နေတဲ့ ကလေးမျိုး များစွာကို ကက်ရှမီးယား၊ ကမ္ဘောဒီးယား၊ ပါလက်စတိုင်း၊ အာဖရိက စတဲ့အရပ်တွေမှာလဲ တွေ့ခဲ့ရပါတယ်။

"အာမာကတော့၊ အစ်မရေ . . . ကျွန်တော် ဘာမှမလုပ်နိုင်တော့ဘူး၊ သူငယ်ချင်းတွေနဲ့ ဘောလုံးမကစားနိုင်တော့ဘူး၊ ရွာမှာလဲ အလုပ်မလုပ်နိုင်တော့ဘူး၊ ကျောင်းကိုလဲ လမ်းလျှောက်မသွားနိုင်တော့ပါဘူး၊ ကျွန်တော်ဟာ မြို့ကလမ်းဘေးမှာ ထိုင်ပြီးတောင်းရမ်းနေတဲ့ သူတောင်းစားကြီး ဖြစ်သွားတော့မှာပဲ၊ ဒီလိုဖြစ်ရတာထက် သေသွားတာကမှ ကောင်းပါသေးတယ်လို့ ပြောနေတယ်။

"အာမာဟာ နေ့ရောညရော သူ့ညာခြေထောက် မရှိတော့တဲ့အတွက် စိတ်ဓာတ်ကျပြီး ဆေးခန်းကလေးရဲ့ အပေါ်ထပ်ကနေ ခုန်ချဖို့ ဆုံးဖြတ်လိုက်တယ်၊ သူဟာ ပြတင်းပေါက်က ထွက်ပြီး လမ်းပေါ်ကို ဒုတ်ခနဲ ကျသွားတော့တယ်၊ ဒါပေမဲ့ သူ့အစ်မက ပြေးလာပြီး ပွေ့ယူလိုက်တယ်၊ သူ့အစ်မဟာ သူ့ကို ဆေးရုံလာတွေ့ရင်းနဲ့ ခုလိုကြုံရတာပေ့ါ။

"သူ့အစ်မဖြစ်တဲ့ မိန်းကလေးက အာမာရယ် . . . မင်းမိုက်လှချည်လား၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ၊ ခြေထောက်တစ်ဖက် မရှိတဲ့လူတွေ အသက်ရှင်ပြီး ဘဝမှာ နေလို့ရကြပါသေးတယ်လို့ ငိုရင်းရှိုက်ရင်း သူ့ကိုပြောပြနေပါသေးတယ်။

"အာမာဟာ ပြတင်းပေါက်က ခုန်ချလို့ ကျောမှာဒဏ်ရာရသွားပေမယ့် အသက်မသေပါဘူး၊ ဆေးခန်းကလေးက ပြန်ဆင်းနိုင်တဲ့အထိ သူဆက်ပြီးနေခဲ့ရတယ်၊ ဒါပေမဲ့ သူဟာ ဟိုတုန်းက အာမာလို တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း မဟုတ်တော့ဘူး၊ ဘာကိုမှလဲ စိတ်မဝင်စားဘဲနဲ့ ဘယ်သူ့ကိုမှ စကားပြောချင်စိတ်လဲ ရှိပုံမရတော့ဘူး"

မိုးတိမ်သည် ပြောရင်းဆိုရင်းက ဟိုဟိုသည်သည် လူးလွန့်လှုပ်ရှား၍ ပုံစံပြောင်းသွားသည်။ ထို့နောက် သူ့ပုံပြင်ကို ဆက်လေသည်။

http://www.linhtet.com



"ကျုပ်လဲပဲ လေဆောင်ရာကိုရောက်ပြီး စိတ်ဝင်စားစရာနေရာ အတော်များများကို ရောက်သွားပေမယ့် အာမာတစ်ယောက် ဘာဖြစ်လို့ ဘယ်လိုနေတယ်ဆိုတာ သွားရင်းလာရင်း မကြာခဏ သတိရနေတော့တယ်၊ နောက်ခြောက်လလောက်ကြာတော့ အာဖဂန်နစ္စတန် တောင်ကြားကို ကျုပ်ပြန်ရောက်သွားပြန်တယ်၊ ဒီအချိန်မှာတော့ သူဟာ စိတ်ရောကိုယ်ပါ အခြေအနေ တိုးတက်နေတာကို အံ့သြလောက်အောင် တွေ့လိုက်ရတယ်၊ ဖြစ်ရပုံက ရေဒီယို ထဲမှာ ကွန်ပျူတာသင်တန်းတစ်ခု အနီးအနားကမြို့မှာ ဖွင့်မယ်လို့ ကြားလိုက်ရတာနဲ့ အဲဒီကျောင်းကို တက်ပါရစေဆိုပြီး သူ့အစ်မကို ခွင့်တောင်းတယ်၊ သူ့ဦးလေးကတော့ ဒီလို ခြေတစ်ဖက်နဲ့ ကလေးကို ပိုက်ဆံကုန်ခံပြီး သင်ကြားပေးလို့ ဘာထူးတော့မှာလဲလို့ မြည်တွန် တောက်တီးတယ်၊ သူ့အစ်မကတော့ သူ့ကို ဖြစ်အောင် ကွန်ပျူတာသင်တန်း ပို့ပေးလိုက်တယ်။

"လူကြီးတွေဟာ လူငယ်တွေရဲ့ ဆုံးရှုံးမှုအတွက် တာဝန်ရှိကြတာပဲ၊ ဒါတင်မက သူတို့ ပညာသင်ဖို့ အခွင့်အလမ်းကိုပါ လွဲချော်အောင်လုပ်ပြန်တယ်ဆိုတော့ ဘယ်ကောင်းမလဲ၊ အာမာ မှာလဲ လျှောက်လှမ်းဖို့ အနာဂတ်ဆိုတာ ရှိသေးတယ်လေ-ရယ်လို့ သူ့အစ်မက ရွာထဲကလူတွေကို ရှင်းပြတယ်၊ ဒါနဲ့ အာမာလဲ မြို့ထဲက ကွန်ပျူတာသင်တန်းကို တက်ခွင့်ရသွားတော့တယ်။

"အာမာဟာ လေ့လာသင်ယူရာမှာ အင်မတန် တက်ကြွတဲ့ကလေးပဲ၊ ကွန်ပျူတာ ကိုင်တတ်တဲ့ဉာဏ် သူ့မှာ အထူးပါသလိုပဲ၊ ဒီလိုနဲ့ မကြာခင်မှာ ခြေတစ်ဖက်တည်းရှိတဲ့ ကလေးဟာ သူ့ထက် အသက်ကြီးတဲ့ သင်တန်းသားတွေကိုကျော်ပြီး အတန်းထဲမှာ ထိပ်ဆုံးကို ရောက်သွားတယ်၊ သူ့ဆရာက သူ့ကို အားပေးတဲ့အပြင် အင်္ဂလိပ်ဘာသာ သင်ခန်းစာတွေ ကိုလဲ ပေါင်းသင်ပေးသေးတယ်။

"တစ်နေ့ကျတော့ အာမာရဲ့ အစ်မဟာ အိမ်ထဲမှာနေရင်း စိတ်အားထက်သန်ပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိနေတဲ့ သူ့မောင်လေးရဲ့အသံကို ဟိုတုန်းကလိုပဲ ကြားလိုက်ရတယ်၊ အစ်မရေ . . . ကြည့်ပါဦးဗျ၊ အခုဆိုရင် ကျွန်တော်ဟာ တစ်ကမ္ဘာလုံးက မိတ်ဆွေတွေနဲ့ စကားပြောလို့ရပြီ၊ ကျွန်တော့် ကွန်ပျူတာကနေ တခြားတိုင်းပြည်တွေက မိတ်ဆွေတွေနဲ့ ဆက်သွယ်လို့ရနေပြီ၊ ကျွန်တော့်လိုပဲ ခြေလက်ဆုံးရှုံးခဲ့ရတဲ့လူတွေလဲ တချို့ဒေသတွေမှာ ရှိနေတာပဲ၊ ဘာကြောင့်များ ဒီလို စစ်မက်တိုက်ခိုက်မှုတွေကြောင့် ကမ္ဘာပေါ်မှာ တစ်နှစ် တစ်နှစ်ကို လူ ၂၄၀၀၀ လောက် ခြေပြတ်လက်ပြတ် ဖြစ်ရသလဲ မသိဘူးနော်လို့ ပြောလိုက်တယ်။

http://www.linhtet.com



"ကျွန်တော်ကတော့ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှု မဖြစ်ပွားတဲ့ ပျော်စရာ ကမ္ဘာကြီးမျိုးဖြစ်အောင်လို့ ကိုယ်တတ်နိုင်သလောက်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ အခုပဲ အီးမေးလ် ဆက်သွယ်မှုတွေကို နိုင်ငံအတော်များများကို ပို့နေတယ်၊ သူတို့ကလဲပဲ ကြီးလာရင် စစ်မက်ကို စတိုက်မယ့်သူတွေ မဟုတ်ဘူးလို့ ပြောလာကြတယ်၊ ကျွန်တော်တို့ဆရာမ ပြောသလိုပဲ လူတစ်ဦးနဲ့ တစ်ဦး ဆက်ဆံနိုင်မှုဟာ အရေးအကြီးဆုံးကိစ္စပါပဲ၊ ဘယ်လိုပြဿနာမျိုးပဲရှိရှိ လူတွေဟာ တိုက်ခိုက် သတ်ဖြတ်တဲ့အထိ မဖြစ်ရအောင် စိတ်ကောင်းနှလုံးကောင်းနဲ့ ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်လို့ ရတာပါပဲ၊ အစ်မရေ . . . ကျွန်တော်တော့ စစ်ပွဲနဲ့ မြေမြှုပ်မိုင်းတွေကို တိုက်ခိုက် ဖယ်ရှားဖို့ပဲ ကျွန်တော်လုပ်တော့မယ်လို့ ပြောသံကို ကြားရတယ်"

မိုးတိမ်၏ အသံမှာလည်း ယခုတော့ ဝမ်းသာဟန်ပေါက်နေလေသည်။ သူက "အာမာတို့လို ကလေးတွေဟာ နားလည်မှုနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကြီးပြင်းလာကြရင် ကမ္ဘာကြီးကို ငြိမ်းချမ်းတဲ့ ဂြိုဟ်ကမ္ဘာတစ်ခုဖြစ်အောင် ကူညီနိုင်ကြမှာပါပဲ" ဟု ဆိုလိုက်သည်။

ထိုစကားကိုပြောရင်း မိုးတိမ်သည် ပေ့ါပါးလျင်မြန်စွာ တစ်နေရာသို့ လွင့်ပါသွား လေသည်။ သူသည် ဤနိုင်ငံ ကောင်းကင်သို့ နောက်တစ်ကြိမ် အလည်ရောက်လိမ့်ဦးမည် ထင်ရပေသည်။

http://www.linhtet.com



# ကီရင် အလင်းရောင် စာကြည့်တိုက်

ပူပြင်းသော နွေတစ်နေ့တွင် စာရေးသူသည် ကိုယ့်အိမ်ရှေ့ ပန်းခြံတွင်းသို့ ထွက်လာခဲ့သည်။ ထိုအချိန်၌ မိုးတိမ်သည် ဦးခေါင်းပေါ်သို့ ရောက်နေလေသည်။ သူသည် သူ့ခရီးတစ်လျှောက်၌ မြင်တွေ့ရသော နောက်ထပ် ဇာတ်လမ်းပုံပြင်တစ်ပုဒ်ကို ပြောပြရန်ဖြစ်သည်။

“ကျွန်တော်ဟာ တစ်ခါတုန်းက တောင်ဘက်ကိုသွားရင်းနဲ့ ကာရာကိုရမ် တောင်တန်းပေါ်က လရောင်ဆမ်းထားတဲ့နေရာပေါ်ကို လွင့်မျောပြီး ရောက်သွားခဲ့တယ်၊ ကျွန်တော်ဟာ ပါကစ္စတန်နိုင်ငံရဲ့ မြောက်ပိုင်းက မြို့တော်ဖြစ်တဲ့ ရာဝါလ်ပင်ဒီမြို့ပေါ်အထိ ရောက်သွားမှန်း သိလိုက်တယ်၊ ဒီမြို့ကြီးဟာ စည်စည်ကားကား သွားသွားလာလာနဲ့ နီယွန်မီးရောင်စုံတွေ တလက်လက်နဲ့ပေါ့၊ အဲဒီမြို့စွန်နဲ့လှမ်းလှမ်း ကုန်းခေါင်ခေါင် လွင်ပြင်ထက်မှာ ပျင်းရိငြီးငွေ့စရာကောင်းတဲ့ အဆောက်အအုံကြီးတစ်ခုကို သတိထားမိတယ်၊ အဲဒီညမှာ ဒီနေရာရဲ့ ဝန်းကျင်မှာလဲ မြက်ရိုင်းပင်ကြီးတွေ လေယူရာ တယိမ်းယိမ်းဖြစ်နေတယ်၊ ကျွန်တော် မလှမ်းမကမ်းကို နှိမ့်ဆင်းသွားတော့ ဒီနေရာဟာ အကျဉ်းထောင်ကြီးတစ်ခုဖြစ်မှန်း သိရတော့တယ်၊ ဒီအချိန်မှာပဲ ပြတင်းကလေးတစ်ပေါက်မှာ မျက်နှာတစ်ခု ပြူထွက်နေတာကို တွေ့လိုက်တယ်၊ လူငယ်ကလေးတစ်ဦးရဲ့ ညှိုးနွမ်းတဲ့ မျက်နှာကလေးပါ၊ သူဟာ မြက်ပင်တွေပေါ်ကို လရောင်ထိုးကျလို့ ဆီးနှင်းလို ပြောင်လက်နေတဲ့ ကွင်းပြင်ဆီကို ငေးစိုက်ပြီးကြည့်နေရှာတယ်။

“တစ်ယောက်ယောက်က ကျွန်တော့်ကို ကယ်ပါခင်ဗျာ၊ သနားသဖြင့် ကူညီပါ၊ ကျွန်တော်ဟာ အပြစ်မဲ့သူတစ်ဦးပါ၊ ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူး၊ ကျေးဇူးပြုပြီး ကယ်နိုင်ရင် ကယ်ကြပါဆိုတဲ့အသံကို ကြားနေရတယ်၊ အဲဒီပြတင်းကလေးရဲ့အဝမှာ လူငယ်ကလေး ပါးစပ်လှုပ်နေတာကို မြင်ရတယ်၊ သူ့အသံကို ဘယ်သူမှလဲ မကြားနိုင်ပါဘူး၊ ကျွန်တော်ပဲ ကြားနေရတယ်လေ”

http://www.linhtet.com





http://www.linhtet.com



"အင်း . . . ကျွန်တော် အခုဘာတတ်နိုင်ပါ့မလဲ၊ ကျွန်တော့်အသက် (၁၃) နှစ်ပဲ ရှိပါသေးတယ်၊ ဒီအရွယ်အထိ ပျော်ရွှင်စရာလဲ မရှိခဲ့ဘူး၊ ပင်ပန်းဆင်းရဲမှုနဲ့ စိတ်မကောင်းစရာတွေကိုပဲ ကြုံခဲ့ရတယ်၊ ကျွန်တော်တို့ရွာမှာ မူလတန်းကျောင်းကို တက်ခွင့်ရခဲ့ပါတယ်၊ ဒါပေမဲ့ မိဘများကို ကူညီဖို့ အလုပ်ဝင်လုပ်ရတဲ့အတွက် မကြာခင် ကျောင်းထွက်ခဲ့ရပါတယ်။

"ပြီးတော့ ရွာကထွက်လာပြီး ပိုက်ဆံရမယ့်အလုပ်တစ်ခုက တစ်ခုကိုပြောင်းပြီး လုပ်ခဲ့ရတယ်၊ နောက်ဆုံးကျတော့ ကျွန်တော် ထမင်းချက်တတ်လာပြီး သူဌေးအိမ်တစ်အိမ်မှာ အလုပ်ရပါတယ်၊ အဲဒီအလုပ်မှာပဲ ကြောက်စရာအဖြစ်တစ်ခုနဲ့ ကြုံခဲ့ရတယ်ခင်ဗျာ။

"တစ်ညနေမှာ အိမ်ရှင်က ကျွန်တော့်ကို လှမ်းပြီးအော်ခေါ်တယ်၊ ဘယ်ရောက်နေလဲ၊ ငါ့အတွက် လက်ဖက်ရည်ယူခဲ့၊ အခုယူခဲ့စမ်းဆိုပြီး ခေါ်နေပါတယ်၊ ကျွန်တော်လဲ သခင်ရှိရာအိမ်ပေါ်ကို လက်ဖက်ရည်ဗန်းကိုင်ပြီး ကမန်းကတန်းနဲ့ တက်ခဲ့ပါတယ်၊ အပေါ်လဲရောက်ရော နှလုံးခုန်ရပ်တော့မလောက်အဖြစ်ကို မြင်လိုက်ရပါတယ်၊ သူဌေးကတော်ဟာ ခန်းမထဲက ကြမ်းပြင်ပေါ်မှာ လဲကျနေတယ်၊ သူ့ကိုယ်လုံးပေါ်က သွေးတွေလဲ စီးကျနေပါတယ်၊ သူဟာ မလှုပ်မယှက်နဲ့ သေဆုံးနေတာကို တွေ့ရတာပါပဲ၊ ကျွန်တော်ဟာ ကြောက်လွန်းလို့ မူးခနဲ မိုက်ခနဲ ဖြစ်သွားရာက သူဌေးရှိရာကို အော်ဟစ်ပြီး ခေါ်လိုက်ပါတယ်၊ ဒီအခါမှာ သူနဲ့ သူ့ညီနဲ့ တံခါးပေါက်ကနေ ပြေးဝင်လာကြတယ်။

"ဟာ . . . ဘာတွေဖြစ်ကုန်လဲ၊ ဒီမှာလဲ သူဌေးကတော် လဲကျနေပါလားဟေ့ - လို့ သူတို့က အော်ဟစ်ပြောကြတယ်၊ ကျွန်တော် ပြောပြမလို့လုပ်တုန်းမှာ သူဌေးက အသံဝါကြီးနဲ့ ဝင်ပိတ်ပြီး ပြောလိုက်ပါတယ်။

"မင်း ငါ့မိန်းမကိုသတ်တာ၊ မင်း အသုံးမကျတဲ့အကောင်၊ ဟင် . . . လူသတ်သမား လို့ လက်ညှိုးထိုးပြီး ကျွန်တော့်ကို ပြောပါတယ်။

"ကျွန်တော်က ဟင့်အင်း . . . ကျွန်တော်မဟုတ်ရပါဘူးခင်ဗျာ၊ ကျွန်တော် ဘာမှ မလုပ်မိပါဘူး၊ သူ့ကို ဒီအတိုင်း လဲကျနေတာတွေ့လို့ လန့်ဖျပ်ပြီး အော်တာပါ၊ သူဌေးမှာတဲ့ အတိုင်း လက်ဖက်ရည်ကို ဧည့်ခန်းထဲအရောက် ယူလာခဲ့တာပါ တက်လာရင်းနဲ့ ဒီလိုတွေ့ရ တာပါလို့ ကျွန်တော်လဲ တုန်တုန်ယင်ယင်နဲ့ ရှင်းပြလိုက်ပါတယ်၊ ဟေ့ . . . ရဲတွေခေါ်လိုက်၊ အခုခေါ်လိုက်၊ ဟောဒီ အသုံးမကျတဲ့ကောင်၊ ငါ့မိန်းမကိုသတ်တယ်၊ ရဲလက်ကို အပ်ရမယ်လို့

http://www.linhtet.com



ရဲတွေကိုသာ ခေါ်လိုက်လို့ ပြောပါတယ်။ ပြီးတော့ ဧကန္တ ဒီကောင် ပိုက်ဆံခိုးနေတုန်း ငါ့မိန်းမက တွေ့သွားတာနဲ့ သူသတ်လိုက်တာဖြစ်ရမယ်လို့လဲ ပြောပါတယ်၊ သူတို့ညီအစ်ကို ဆူဆူပူပူနဲ့ ထုံးစံအတိုင်း ကျွန်တော့်ကို အော်ဟစ်ကြိမ်းမောင်းနေကြတယ်၊ ကျွန်တော်လဲ ခေါင်းတွေမူးပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေတယ်၊ အဲဒီညက မှောင်လို့၊ မိုးတွေရွာပြီး လေပြင်းတွေကလဲ တိုက်လို့ပါ။

"နောက်တော့ ရဲတွေရောက်လာတယ်၊ ကျွန်တော့်ကိုလဲ မမေးမစမ်းတော့ဘဲ ရဲစခန်းကို ဆွဲခေါ်သွားကြတယ်၊ ပြီးတော့ အချုပ်စခန်းထဲမှာ သော့ခတ်ထားလိုက်ကြတယ်၊ ကျွန်တော်ဟာ ရွာက မိသားစုကိုလဲ ဆက်သွယ်ခွင့် မရတော့ပါဘူး၊ ကျွန်တော့်အဖြစ်ဟာ ဘယ်လောက် ရှုပ်ထွေးပြီး ကြောက်စရာကောင်းလိုက်လဲခင်ဗျာ၊ ကျွန်တော်ဟာ အမှားလဲ ဘာတစ်ခုမှ မကျူးလွန်ခဲ့ပါဘူး၊ ဒါပေမဲ့ ကျွန်တော်ဘာလုပ်နိုင်မှာလဲ၊ ဘာကိုပြောနိုင်တော့မှာလဲ။

"အမှုစစ်ဆေးတဲ့ ရဲအရာရှိက ဖြောင်းဖျပြောဆိုတဲ့လေသံနဲ့ ပြောပြတာကတော့ ခုလို လူတစ်ယောက်ကို သတ်ဖြတ်တဲ့အထိ မင်းမလုပ်ဘူးဆိုတာ ဦးတို့ယုံပါတယ်ကွယ်၊ ဒါပေမဲ့လဲ အလောင်းကို စပြီးတွေ့တဲ့သူဟာ လူကလေးဖြစ်လေတော့ ဒီအမှုပေါ်အောင် ဦးတို့လုပ်ဖို့ ကိစ္စမှာ လူကလေးမှာလဲ ကူညီဖို့တာဝန် တစ်စိတ်တစ်ပိုင်း ရှိနေတယ်ကွယ်၊ ဟောဒီစက္ကူပေါ်မှာ မင်းလက်ဗွေပုံ အနှိပ်မခံချင်ဘူးဆိုရင် မင်းကို လူသတ်တဲ့သူလို့ တို့က ဖမ်းဆီးရဖို့ဖြစ်နေတယ်၊ နားလည်ပြီနော်၊ ဒီတော့ ကိုယ့်ဘေးကလွတ်အောင်လုပ်ဖို့မှာ လူကလေးက ဒီစာရွက်ပေါ်မှာ လက်ဗွေနှိပ်ပေးမှဖြစ်မယ်လို့ ပြောလိုက်ပါတယ်။

"ကျွန်တော်ဟာ သခင်ကြီးတို့၊ သခင်မတို့နှစ်ယောက် ရက်ပေါင်းအတော်ကြာကြာ ညတိုင်း ရန်ဖြစ်ကြတဲ့ အသံတွေကို ကြားခဲ့ရပါတယ်၊ ဒီအကြောင်းကိုလဲ ကြောက်လို့ ကျွန်တော် မပြောရဲပါဘူး၊ ကျွန်တော်ဟာ ဥပဒေဆိုတာ ဘယ်လိုလဲဆိုတာ မသိပါဘူး၊ သူတို့ပြောတဲ့အတိုင်း ကျွန်တော့်လက်ဗွေပုံစံကို နှိပ်ပေးခဲ့ပါတယ်၊ ကျွန်တော်ဟာ စာလဲမဖတ်တတ်ပါဘူး၊ ဒီတော့ စာရွက်ပေါ်မှာ ဘာရေးထားတယ်ဆိုတာလဲ ဘယ်လိုမှ မသိပါဘူး၊ အဲဒါ ဘာစာရွက်လဲဆိုတာ ဒီနေ့ထိလဲ မသိပါဘူးခင်ဗျာ၊ သခင်ကြီးရဲ့မိန်းမကို ကျွန်တော် မသတ်တာတော့ အမှန်ပါပဲ၊ ကျွန်တော်ဟာ ဘာဆိုဘာမှ အပြစ်မကျူးလွန်ခဲ့တာလဲ အမှန်ပါ၊ ဒါပေမဲ့ ဒီအမှုကြီးက ကျွန်တော့်ကို လာပတ်နေပါတော့တယ်၊ တစ်ယောက်ယောက်က တစ်နေရာရာကနေပြီး တစ်နည်းနည်းနဲ့ ကျွန်တော့်ကို ကယ်ဖို့ပါခင်ဗျာ၊ ကျွန်တော်ကြားဖူးတာက ဒီလိုအဖြစ်မျိုး

http://www.linhtet.com



မကြာခဏဖြစ်တတ်တယ်လို့ သူငယ်ချင်းတစ်ဦးက ပြောပါတယ်၊ ငွေကြေးချမ်းသာပြီး သြဇာရှိတဲ့ သူဌေးတွေဟာလဲ သူတို့အပြစ်ကို ကာကွယ်ဖို့ ဒီလို မသမာတဲ့အလုပ်မျိုး လုပ်တတ်တယ်လို့ ဆိုပါတယ်၊ ကျွန်တော်ကတော့ ဘာကောင်မှလဲ မဟုတ်ပါဘူး၊ ငွေကြေးနဲ့သြဇာဆိုတာလဲ မရှိပါဘူး၊ ဒါကြောင့် ဒီလို ဖြစ်ရတာပါ၊ ပြီးတော့ ကုန်ကျဖို့ ငွေကြေးစရိတ်လဲ မရှိတော့ ကယ်မယ့်သူ မရှိပါဘူး၊ ဘယ်သူ လာကူပါ့မလဲခင်ဗျာ-လို့ ပြောပါတယ်။

"ပြီးတော့ ကျွန်တော်ဟာ မျှမျှတတလုပ်ကြဖို့ အော်ဟစ်ပြီး တောင်းပန်ခဲ့ပါတယ်၊ အဲဒီနေ့ကစပြီး ဘယ်သူမှ ကူညီဖို့ ကြိုးဆိုလက်ကမ်းခြင်းလဲ မရှိတော့ ကျွန်တော်ဟာ ရာဇဝတ်သား ဖြစ်သွားပါတယ်၊ လူသတ်သမားလဲ ကျွန်တော်ပါပဲတဲ့၊ လူမသတ်တဲ့ လူသတ်သမားကြီး တစ်ယောက် ဖြစ်ရတာလေ"

မိုးတိမ်သည် ဆိုရင်းမတ်တတ် အံ့ပျလာပြီး သူ့စကားကို ဆိုင်းထားလိုက်သည်။

"ကျုပ်ကတော့ လွင့်ချင်ရာ လွတ်လွတ်လပ်လပ် လွင့်ပါနေရတဲ့ မိုးတိမ်ပဲ၊ ဘာလုပ်နိုင်မှာလဲ၊ တွယ်ရာမဲ့ဖြစ်နေတဲ့ လူငယ်ကလေးကိုမြင်ပြီး ကံဆိုးမိုးမှောင်ကျနေတဲ့ သူ့အဖြစ်ကို ကြည့်ရင်း ထွက်ခဲ့ရာက အဝေးကို ရောက်သွားရပြန်တယ်၊ ဒါနဲ့ လမ်းခရီးမှာ တောထဲက အရောင်မျိုးစုံနဲ့ ငှက်တွေကိုလဲ တွေ့တယ်၊ မြက်ခင်းပြင်ပေါ်မှာ ကလေးအုပ်တွေ ကစားနေကြတာမျိုးလဲ တွေ့တယ်၊ အဲဒီလို ပျော်စရာရှုခင်းတွေလဲ တွေ့ရပြန်တယ်။

"အင်း . . . နောက်နှစ်အနည်းငယ်ကြာတော့ ရာဝါလ်ပင်ဒီမြို့တော်ရဲ့ မိုးကောင်းကင်အထက်ကို တစ်ကြိမ်ရောက်ရပြန်တယ်၊ တွေ့ဖူးခဲ့တဲ့ မျက်နှာကလေးတစ်ခုကိုလဲ ပြန်တွေ့ရပေတယ်၊ ဒီတစ်ကြိမ်မှာ လူငယ်ကလေးဟာ အနှောင်အဖွဲ့ကင်းတဲ့ တစ်နေရာမှာ လွတ်လပ်စွာ ထိုင်နေတယ်၊ မြို့လယ်တစ်နေရာမှာပေါ့၊ ဒီတစ်ခါတော့ သူ့မျက်နှာဟာ ပြုံးလို့၊ ပြီးတော့ အပေါင်းအသင်းတချို့နဲ့ လေဟာပြင် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စကားစမြည် ပြောနေလေရဲ့။

"သူ့မိတ်ဆွေတွေက သူ့ရဲ့ အကျဉ်းထောင်မှာ ကြုံကြိုက်ခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြနေတယ်၊ တစ်နေ့တော့ အကျဉ်းထောင်ထဲမှာ ဖွင့်ကာစ စာကြည့်တိုက်အခန်းကျဉ်းကလေးထဲကို ကျွန်တော်ဝင်သွားကြည့်တယ်၊ ဒီစာကြည့်ခန်းကလေးကို 'ကီရင်စာကြည့်တိုက်' လို့ အမည်ပေးထားတယ်၊ ပေးထားတဲ့ အမည်ကလေးနဲ့ လိုက်လျောတဲ့နေရာပဲလို့ ကျွန်တော်

http://www.linhtet.com



ချက်ချင်းသတိပြုမိလိုက်တယ်၊ 'ကီရင်' ဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့ အူရဒူဘာသာနဲ့ 'အလင်းရောင်' လို့ အဓိပ္ပာယ်ရပါတယ်၊ ကျွန်တော်လဲ ဝင်သွားသွားချင်း ရောင်စုံလှပနေတဲ့ စာအုပ်ကလေး တစ်အုပ်ကို သွားပြီးမျက်စိကျတယ်၊ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်တက်ခဲ့ဖူးတဲ့ ရွာက မူလတန်းကျောင်းကလေးကို ပြန်သတိရမိသွားတယ်၊ တခြားရောင်စုံစာအုပ်တွေလဲ ကျွန်တော်တွေ့တာပဲ၊ စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးသွားပါတယ်၊ ကျွန်တော့်ဘဝမှာ ပျော်ရွှင်ချင်တယ်၊ အလင်းရောင်ဆိုရင် ဘယ်လိုအလင်းမျိုးကိုမဆို လိုချင်တယ်၊ ကျွန်တော့်ဘဝမှာ ဒါမျိုးတွေ လုံးလုံးမရှိခဲ့ပါဘူး၊ အဲဒီ အရုပ်ပါတဲ့ စာအုပ်တွေကို ကျွန်တော်ဖတ်တော့ အကျဉ်းထောင်ထဲမှာ နေရတဲ့ရက်တွေဟာ အချိန်ကုန်မှန်းမသိ ကုန်သွားပြီးတော့ စိတ်ထဲမှာလဲ ပေါ့ပါးသွားတယ်၊ ဒါကြောင့် ဒီအလင်းရောင် စာကြည့်တိုက်ထဲကို ဖြစ်နိုင်သလောက် ခဏခဏ ကျွန်တော်သွားခဲ့ပါတယ်။

"ကျွန်တော်က တခြားလူငယ် အပြစ်ကျတဲ့သူတွေကိုလဲ အဖော်ညှိပြီး စာကြည့်တိုက်ကို ခေါ်သွားတယ်၊ ဒီအထဲက ဆင်းရဲသား အပြစ်ကျကလေးတစ်ဦးက ဘာပြောသလဲဆိုရင် သူဟာ ဆာလွန်းလို့ ချပါတီမုန့်တစ်ပြားကို ယူစားမိတာနဲ့ပဲ ဒီကိုရောက်လာခဲ့ရတာပါတဲ့၊ သူလဲပဲ ကျွန်တော့်လို စာအုပ်တွေကို စိတ်ဝင်စားပြီး အားတက်ပျော်ရွှင်လာခဲ့တယ်၊ စာအုပ်ထဲမှာ ပါသမျှ စကားလုံးတွေကို ကျွန်တော်တို့အားလုံး မဖတ်တတ်ပါဘူး၊ ဒါပေမဲ့ ရုပ်ပုံတွေနဲ့ ဓာတ်ပုံတွေက ကျွန်တော်တို့ကို လူတွေအကြောင်း၊ ကမ္ဘာကြီးအကြောင်းသိအောင် မိတ်ဆက်ပေးတယ်၊ အဲဒီတော့မှ ဘဝဆိုတာ ပျော်ရွှင်စရာကြီးပါလားဆိုတဲ့ စိတ်ကူးဝင်လာပါတယ်၊ စာအုပ်တွေက ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ စိတ်မကောင်းစရာတွေကို မေ့ပျောက်အောင် လုပ်ပေးပါတယ်။

"နောက်အတော်ကြာတော့ အလင်းရောင် စာကြည့်တိုက်ထဲမှာ အရေးအဖတ် သင်ပေးမယ့် စာတတ်မြောက်ရေးသင်တန်းတစ်ခု ဖွင့်ပေးမယ်လို့ ကြားရတယ်၊ ကျွန်တော် ပထမဆုံး စာရင်းသွင်းတာပေါ့၊ မကြာခင်မှာပဲ ကျွန်တော်ဟာ အရုပ်ကြည့်ရုံသက်သက် မဟုတ်တော့ဘူး ကိုယ်ငှားကြည့်တဲ့ စာအုပ်တွေကို ကိုယ်တိုင်ဖတ်တတ်လာတယ်၊ စာအုပ်တော်တော်များများကို ကျွန်တော်ဖတ်နေပြီ၊ ကျွန်တော်တို့ကို အရေးအဖတ် သင်ပေးတဲ့ ဆရာနဲ့လဲ ကျွန်တော် စကားပြောကြည့်တယ်၊ သူက ကျွန်တော်တို့လို လူငယ်လေးတွေကို စေတနာထားပြီး စိတ်ဝင်စားပုံရတယ်။

http://www.linhtet.com



"နောက်တစ်နှစ်လောက်အကြာမှာ အံ့သြစရာကိစ္စတစ်ခုဖြစ်လာတယ်၊ သင်တန်းဆရာနဲ့ အတူ စာကြည့်တိုက်ကို လုပ်အားပေးတဲ့ ပြင်ပကလူတချို့က အကျဉ်းထောင် အာဏာပိုင်တွေကို ကျွန်တော့်အမှု ပြန်စိစစ်ပေးဖို့ ပြောဆိုကြတယ်၊ ဒီကိစ္စမှာ သိပ်ပြီးမလွယ်ပါဘူး၊ သဘောကောင်းတဲ့ ရှေ့နေတစ်ယောက်ကျေးဇူးနဲ့ ကျွန်တော့်ကိုယ်စား သူက ကြိုးကြိုးစားစား အမှုနောက်ကြောင်း ပြန်တင်လိုက်ပေးတယ်၊ အဲဒီအခါမှာ ကျွန်တော့်သခင်ကြီးနဲ့ သူ့ညီတို့ဟာ သူတို့ကျူးလွန်တဲ့ အမှုအတွက် ကျွန်တော့်ကို အပြစ်ပုံချခဲ့ကြတယ်ဆိုတာ အဖြစ်မှန်ပေါ်လာပါတော့တယ်၊ ကျွန်တော်သိလာရတာကတော့ ကိုယ်ဖတ်လို့ နားမလည်တဲ့ စာရွက်ပေါ်မှာ ဘယ်တော့မှ လက်မှတ်လက်ဗွေ မနှိပ်ဖို့ဖြစ်ပါတယ်၊ နောက်ဆုံးတော့ ကျွန်တော့်မှာ လုံးလုံး အပြစ်မရှိဘူးဆိုတာ တွေ့ရလို့ ပျော်ရွှင်စွာနဲ့ ထောင်ကထွက်လာနိုင်ခဲ့ပါတယ်၊ မကြာခင်မှာပဲ ကံကောင်းလို့ ကုမ္ပဏီငယ်ကလေးတစ်ခုမှာ အလုပ်ရလိုက်တယ်၊ ကျွန်တော်ဟာ စာရေးစာဖတ်တတ်ခဲ့ပြီးဖြစ်တာမို့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေကလဲ ကျွန်တော့်ကို နှစ်သက်အားထားကြလိမ့်မယ်ဆိုတာ ယုံကြည်နေတယ်၊ အခုတော့ ကောင်းကင်က လပြည့်ဝန်းကြီးကို မော်ကြည့်မိတဲ့ အခါမှာ ငြီးငွေ့စရာကောင်းတဲ့ ထောင်ထဲမှာတုန်းကလို ဝေးလံပြီး စိမ်းကားတဲ့သဘောကို မခံစားရတော့ပါဘူး၊ ကျွန်တော်ဟာ အလင်းရောင်ကြောင့် ပေါ့ပေါ့ပါးပါး ဖြစ်လာရတယ်၊ ကျွန်တော် ဆက်ပြီးတော့ စာအုပ်တွေ များများဖတ်ချင်ပါတယ်၊ စာအုပ်တွေက ကျွန်တော့်အတွက် အလင်းရောင်ပေးပါတယ်၊ ကီရင် ဆိုတဲ့ အလင်းရောင် စာကြည့်တိုက်ထဲကို ဝင်သွားမိတဲ့ နေ့ကစပြီး ယနေ့တိုင်ပါပဲ"

"လူငယ်ကလေးဟာ ကောင်းကင်မှာရှိတဲ့ ကျွန်တော့်ကို မော်ကြည့်ပြီး ကျွန်တော်ကြားလေဟန်နဲ့ သူကြည့်နေတယ်ဗျ" ဟုပြောရင်း မိုးတိမ်သည် အစိုင်အခဲပုံစံသို့ ပြောင်းသွားလေသည်။ သူပြောပြလိုသောပုံပြင် ပြီးဆုံးသွားပုံရသည်။ ပြီးတော့ ဆက်လက်ထွက်ခွာခြင်း မပြုမီ ပြောသွားသေးသည်။

"အချိန်အခါနဲ့ အဖြစ်အပျက်တွေကြောင့် လူတစ်ယောက်ရဲ့ဘဝဟာ တစ်မျိုး အပြောင်းအလဲ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော် ကြိုတင်ပြီး မသိနိုင်ပါဘူး၊ ဒါပေမဲ့ ယောကျ်ားကလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် သူ့မှာ အခွင့်အလမ်း တံခါးပေါက်တွေကို ဖွင့်နိုင်တဲ့အစွမ်း ရှိနေကြတယ်လို့တော့ ကျွန်တော်သိတယ်၊ အခန်းတစ်ခန်းထဲမှာ စာအုပ်တစ်အုပ်ဟာ လူတစ်ယောက် တံခါးခေါက်ပြီး ဝင်လာဖို့ စောင့်စားနေသလို စောင့်စားနေပါတယ်၊ စာအုပ်က အလင်းရောင်လက်ဆောင်ကို ပေးရအောင်လို့ပေါ့"

http://www.linhtet.com



# အနုပညာ ပန်းမြို့တော် ဖီရင်ဇီ

"တစ်ကြိမ်က ကျွန်တော်ဟာ အီတလီနိုင်ငံ မိုးကောင်းကင်အထက်မှာ ဖီရင်ဇီ ဆိုတဲ့ မြို့ပေါ်ကို ရောက်သွားတယ်" ဟု မိုးတိမ်က စာရေးသူကို တည်ငြိမ်ပေါ့ပါးသောအသံဖြင့် ပြောပြသည်။ မိုးတိမ်၏အသံ ဆိုသည်မှာ သင်တို့ မှန်းဆမိစရာရှိပါသည်။ "အဲဒီအချိန်ဟာ ဟိုး . . . နှစ်ပေါင်း လေးရာ၊ ငါးရာလောက်ကပေါ့၊ ကျွန်တော်ရှင်းပြပါရစေ၊ ကျွန်တော်တို့ရဲ့ သဘာဝလောကကြီးမှာ နှစ်ပေါင်း တစ်ရာနှစ်ရာဆိုတာ လူတွေ နှာချေလိုက်သလောက် အချိန်ကလေးပါပဲ၊ ဟုတ်တာပေါ့၊ အဲဒီအချိန်ဟာ ဒီမနက်ပဲဖြစ်ခဲ့တယ်လို့ ထင်စရာရှိတယ်ဗျ"

မိုးတိမ်သည် သူဖြတ်သန်းခဲ့သော ရှည်လျားလှသည့် ကြည်နူးဖွယ် အမှတ်တရအဖြစ်ကို ပြန်ပြောင်းပြောပြရင်းက သူ့အသံတိမ်၍ ဝေးသွားသလိုရှိသည်။ ထို့နောက် သူ၏ တိမ်စိုင် တိမ်လိပ်ကြီးကို မိုးသားအလား ဖြန့်ကြက်လိုက်ပြီးနောက် သူ့ပုံပြင်ကို ဆက်လေသည်။

"အဲဒီတုန်းက ဖီရင်ဇီ ဆိုတာ လွတ်လပ်တဲ့ မြို့ကလေးတစ်မြို့ပေါ့၊ မြို့ရဲ့ အလယ်ခေါင် တည့်တည့်အရပ်မှာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးရဲ့ အမိုးခုံးဝိုင်းပြီးတစ်ခုကို မြင်နိုင်တယ်၊ မြို့ရဲ့ ပတ်ပတ်လည် တောင်ကုန်းတွေမှာတော့ သံလွင်ပင်တွေကို အတန်းလိုက် အစီအရီ စိုက်ထားကြတယ်၊ သံလွင်ရွက်တွေဟာ ကျဆင်းလာတဲ့ နေရောင်ခြည်ကို သူတို့ရဲ့ ရွှေရောင် ရွက်တွေနဲ့ ရောင်ပြန်ဟပ်နေစေတယ်၊ အနီးက အာမိုမြစ်ကြောမှာတော့ အရောင်အသွေးမျိုးစုံနဲ့ လှေတွေဟာ အဖိုးတန်ကုန်စည်တွေ တင်ဆောင်ပြီး ဘေကီယိုတံတားအောက်ကနေ အစုန် အဆန် ဖြတ်သန်းနေကြတယ်။

"အဲဒီအချိန်တုန်းက ဖီရင်ဇီဟာ အနုပညာ အလှအပ ဖန်တီးမှုတွေနဲ့ စည်ပင်ထွန်းကား လို့ပေါ့၊ အဲဒီခေတ်ကို ကမ္ဘာ့သမိုင်းမှာ ရီနေဆွန်ခေတ်လို့ ခေါ်ကြတယ်၊ ဥရောပတိုက်မှာ အနုပညာတွေ၊ စာပေတွေ၊ လေ့လာမှုတွေ တစ်ခေတ်ပြန်လည်ထွန်းကားတဲ့ အချိန်ပဲလေ၊ ဟုတ်တယ်လေ၊ အီတလီနိုင်ငံ အလယ်ပိုင်းမှာရှိတဲ့ ဒီမြို့ကလေးမှာ နည်းသစ်လမ်းသစ်နဲ့ ကြံဆပြီး အသက်မွေးဖို့ ကြိုးစားနေတဲ့ အနုပညာသည်တွေဟာလဲ တပုံတပင်ကြီးပေါ့။

http://www.linhtet.com





http://www.linhtet.com



"ကျွန်တော်ဟာ ဘေကီယိုတံတားရှိရာ ဘေကီယို ရဲတိုက်ကြီးရဲ့ အပေါ်ကို လွင့်လာတော့ မြို့လယ်ကွက်လပ်မှာ လူတစ်စု ရပ်နေကြတာကို တွေ့ရတယ်၊ သူတို့ဟာ မျက်လွှာကို အောက်ချပြီး ခေါင်းငိုက်စိုက်နဲ့ တစ်စုံတစ်ရာကို မတင်မကျဖြစ်နေကြပုံရတယ်၊ ကျောက်တုံး ခင်းထားတဲ့ လမ်းများပေါ်မှာ ဆူညံဆူညံနဲ့ ငြင်းခုံဆွေးနွေးနေကြတဲ့အသံကို ကြားရတယ်"

"ကျွန်တော်တို့ဟာ အနုပညာကို ကျွန်တော်တို့ဘဝထဲမှာ အခုကတည်းက လေးလေး နက်နက် မြှုပ်နှံထားခွင့်ပြုရမယ်၊ ကျွန်တော်တို့ အနုပညာသည်တွေအနေနဲ့ လူတွေမှာ မျှော်လင့် ချက်တွေ ခိုင်မြဲအောင်၊ စိတ်အင်အားရှိအောင်၊ အလှအပကို စွဲမြဲမြတ်နိုးတတ်အောင် သွင်းပေးဖို့ လိုတယ်"

ကျယ်လောင်စွာ ပြောလိုက်သော ထိုအသံကို ကြားရသဖြင့် ကျွန်တော်သည် မည်သို့ ဖြစ်ပျက်နေသည်ကို ပို၍မြင်သာအောင် မြေပြင်ဆီ အောက်သို့နိမ့်ဆင်းလိုက်ပါသည်။ ပန်းတင်ခုံ တစ်ခု၏ အထက်တွင် ကျောက်သားဖြူ မာဘယ်လ် ကျောက်ဆစ်ရုပ်ကြီးတစ်ခု ထုလုပ်ပြီးစီး၍ တင်ထားသည်ကို တွေ့ရသည်။ ခုတင်က ဆွေးနွေးသော လူငယ်သည် ထိုကျောက်ရုပ်ကြီးကို ဝင့်ကြွားစွာဖြင့် လှမ်းကြည့်လျက်ရှိသည်။ သူသည်ပင် ကျောက်ဆစ်ပန်းပုဆရာဖြစ်ရမည်ဟု ကျွန်တော် တွေးကြည့်မိသည်။ ထို့နောက် ထိုလူငယ်သည် ဝိုင်းရံလျက်ရှိသော ပရိသတ်ဘက်သို့ လှည့်၍ကြည့်လိုက်သည်။ သူ့မှာ ပြောစရာတွေ ကျန်သေးပုံရသည်။

"ဒေးဗစ်မှာ ကျောက်တုံးကြီးရှိတယ်၊ ကျုပ်တို့မှာလဲ ကျောက်တုံးတွေ ရှိကြတာပဲ၊ ကျွန်တော် ပြောတဲ့ အဓိပ္ပာယ်ကို သဘောပေါက်ကြရဲ့လားမသိဘူး၊ အခုဆိုရင် ဖီရင်ဇီမြို့ကလေးဟာ လွတ်လပ်စွာ ရပ်တည်မှု ဆုံးရှုံးတော့မယ့် စစ်မက်အန္တရာယ်ရှိတယ်၊ မိတ်ဆွေတို့လဲ သိကြမှာပါပဲ၊ လွတ်လပ်ခွင့်ကို ထိန်းသိမ်းကာကွယ်ချင်တယ်ဆိုရင် အဲဒီအခွင့်အရေးအတွက် ကျွန်တော်တို့ဟာ ကိုယ့်မြို့ကို တိုက်ခိုက်ရလိမ့်မယ်"

ထိုစဉ်တွင် အနီးအနား၌ ရပ်နေသော အသက်ကြီးကြီး လူတစ်ဦးက ခေတ္တခဏ ငြိမ်နေ ပြီးမှ ဝင်စကားပြောသည်။ "ဒါပေမဲ့ မိုက်ကယ်အိန်ဂျယ်လိုရယ် . . . ဒီ ဒေးဗစ်ရဲ့ ကျောက်ရုပ် ကြီးကို ဒီနေရာမှာထားတာတော့ မသင့်တော်ဘူးလို့ ကျုပ်ထင်တယ်၊ ကျုပ်တစ်ယောက်အနေ နဲ့တော့ ကန့်ကွက်ချင်တယ်၊ ဒီကျောက်ရုပ်ကြီးဟာ မိမွေးတိုင်း ဖမွေးတိုင်းရှိတာကို စော်ကား မော်ကား ပြုရာကျတယ်လို့ ဝိုင်းပြီး ခဲနဲ့ပစ်ပေါက်ကြတဲ့လူတွေအဖို့တော့ ဘယ်လိုနေမယ်မသိဘူး"

http://www.linhtet.com



ထိုလူအိုသည် ကျောက်တုံးခင်းထားသော လမ်းမမျက်နှာပြင်ပေါ်သို့ မျက်လွှာချ၍ စိုက်ကြည့်ပြီးနောက် ဆက်ပြောပြန်သည်။ "ပြီးတော့ မိုးဒဏ်လေဒဏ်တွေကို ခံရတဲ့အတွက် ကျောက်ရုပ်ကြီးမှာ ပျက်စီးစရာအကြောင်းရှိတယ်၊ မောင်တို့လဲ သိမှာပေါ့၊ အနုပညာပစ္စည်း ဆိုတာ အင်မတန် တန်ဖိုးထားရတယ်ဆိုတာလေ၊ ဘာဖြစ်လို့လဲဆိုရင် နှစ်ပေါင်းရာနဲ့ချီပြီး လောကမှာ ကျန်ရှိနေဖို့ပဲ၊ ပြီးတော့ နောင်လာမယ့်မျိုးဆက်အတွက်လဲဖြစ်တယ်၊ ဒါကြောင့် ဒီရုပ်တုကြီးကို အမိုးအကာအောက်မှာပဲ ထားသင့်တယ်လို့ ကျုပ်တော့ထင်တယ်"

"မဟုတ်ပါဘူးခင်ဗျာ" ဟူ၍ လူငယ် မိုက်ကယ်အိန်ဂျယ်လိုက အသံကျယ်ကျယ်ဖြင့်ပင် ပြန်ပြောလိုက်သည်။ "ကျွန်တော်တော့ ဒီအနုပညာပစ္စည်းကြီး ပျက်စီးမယ့်အရေးကို ဒါလောက် တွေးပူနေစရာ မလိုဘူး၊ နောင်လာမယ့် မျိုးဆက်က အပြစ်တင်မယ့်ကိစ္စနဲ့ ကျွန်တော်တို့ ခေတ်ပြိုင်လူတွေက အပြစ်တင်မယ့်ကိစ္စကိုလဲ စဉ်းစားဖို့ မလိုဘူးထင်တယ်၊ ကျွန်တော့် အတွက်တော့ လူသားတွေရဲ့ စိတ်အနေ လွတ်လပ်ခွင့်ဟာ အရာရာပဲလို့ ထင်ပါတယ်၊ ဒေးဗစ်ရဲ့ ကျောက်ရုပ်တုကြီးဟာ ပြည်သူပြည်သားတွေ စုဝေးတဲ့ ဒီခန်းမရှေ့မှာ တင့်တင့်တယ်တယ် ထားရမှာပဲ၊ ဒီလိုမှ မထားရင် အဓိပ္ပာယ်မရှိတဲ့ ကျောက်တုံးကြီးဖြစ်သွားမှာပေါ့၊ ပြည်သူတွေ ဂုဏ်ယူအားတက် မျှော်လင့်စေဖို့ ရည်စူးပြီး ထုလုပ်ထားတဲ့ အနုပညာပစ္စည်းကြီးကို သူတို့ စုဝေးရာရှေ့ သူတို့မျက်စိအောက်မှာပဲ ထားသင့်တာပေါ့၊ ဒီမှာ ရပ်နေတဲ့ ဒေးဗစ်ရဲ့ ကျောက်ရုပ်တုကြီးလေ"

မိုက်ကယ်အိန်ဂျယ်လို၏အနီးတွင် ရပ်နေသူများသည် သူ၏ တက်ကြွသော ပြောကြား ချက်ကို နားထောင်ရပြီးနောက် တစ်စုံတစ်ခုကို ပြန်လည်တွေးတောဟန်ဖြင့် ငြိမ်သက်စွာ ရပ်၍နေကြသည်။ ထိုအထဲတွင် ဗီရင်ဇီမြို့သား လီယိုနာဒို ဒါဗင်ချီ ဟူသော ပညာရှင် ပုဂ္ဂိုလ် တစ်ဦးလည်း ပါသည်။ သူသည် ဤမြို့တွင် နေထိုင်ခဲ့သည်မှာ ကြာလေပြီ။ ထိုနေ့က ကျောက်ရုပ် ကြီး အနီးမှ ပရိသတ်များ ခွာ၍သွားသော် မြို့တော်ပလာဇာတွင် ရပ်နေသော ကျောက်ရုပ် ကြီးနှင့် သူသာ ကျန်ခဲ့၍ ထိုပုဂ္ဂိုလ်သည်လည်း မြင်းဖြူကြီးတစ်စီးကိုစီး၍ မည်သူမှ သတိမထား မိဘဲ မြို့ထဲမှ ဆက်လက်ထွက်ခဲ့လေသည်။

မြို့ပြင်တွင် တောစကာနာ လွင်ပြင်ကျယ်ကြီးသို့ ရောက်သည်။ သူသည် ရပ်လျက် သူ့မျက်နှာပေါ်သို့ တိုက်ခတ် တိုးဝင်လာသော လေနှင့်အတူ သူ့စိတ်ကူးများသည်လည်း

http://www.linhtet.com



လွတ်လပ် လွင့်ပါးစွာ တွေးတောနေမိလေသည်။ သူ့မျက်လုံးအစုံသည် လမ်းဘေးတွင် ပေါက်နေသော ပန်းပင်ကလေးတစ်ပင်ဆီသို့ ရောက်သွား၏။ ထို့နောက် သူသည် ရုတ်တရက် စာရွက်နှင့် ခဲတံကို ထုတ်ယူပြီးလျှင် နတ်ကျသူတစ်ဦးပမာ ပုံကြမ်းတစ်ခုကို သွက်သွက်လက်လက် ရေးခြစ်နေလေသည်။ စာရွက်ပေါ်တွင် ပထမဆုံး ပေါ်လာသည်မှာ မျဉ်းကြောင်းတစ်ကြောင်းဖြစ်သည်။ ထိုမျဉ်းကြောင်းသည် ကမ္ဘာမြေကြီး၏ အသက်သဏ္ဌာန်ကို သူဆွဲနေသော ခဲတံအတွင်းသို့ သွင်းပေးလိုက်သကဲ့သို့ သွက်လက်နေလေသည်။

မိုးတိမ်သည် ပြောလက်စပုံပြင်ကို ခေတ္တခဏ ရပ်ဆိုင်းပြီးနောက် တွေးတောနေပုံရလေသည်။

"နောက်ထပ် နှစ်အနည်းငယ် ကြာတဲ့အခါမှာ ကျွန်တော်ဟာ ကမ္ဘာမြေရဲ့ ဒီဘက်ပိုင်းကို ရောက်ခဲ့ရပြန်တယ်၊ ဒီအချိန်မှာ ဖီရင်ဇီမြို့ရဲ့ ပတ်ဝန်းကျင်မှာတော့ တိုက်ပွဲတွေ အကြီးအကျယ်ဖြစ်နေတယ်၊ သံလွင်ပင်တန်းတွေကြားမှာ နေ့စဉ်နေ့တိုင်းလိုပဲ အမြောက်သံတွေ မြည်ဟည်းနေတော့တယ်၊ ရောမကလာတဲ့ စစ်သားတွေဟာ သူတို့သေနတ်မှာ လှံစွပ်တွေ တပ်ထားပြီး မြို့ဆီကို ချီတက်လာနေကြတယ်၊ မြို့ထဲက ဘုရားရှိခိုးကျောင်း စင်မြင့်ပေါ်က ခေါင်းလောင်းသံကတော့ စိတ်ရူးပေါက်သွားသလို မရပ်မနား တဒေါင်ဒေါင်မြည်ဟည်းနေတော့တယ်၊ ဒီအချိန်မှာ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းစင် ပတ်ဝန်းကျင်မှာ ခိုအုပ်တွေ ထထပြီး ပျံနေကြတယ်၊ မြို့ရဲ့အတွင်းပိုင်းမှာတော့ ပရမ်းပတာ ရှုပ်ထွေးနေပါပြီ။

"မိုက်ကယ် အိန်ဂျယ်လိုဟာ အဲဒီအချိန်မှာ မြို့ကိုကာကွယ်ဖို့ တာဝန်ကျနေတဲ့ တပ်မှူးဖြစ်တယ်၊ သူဟာ ရဲတိုက်ကြီးထိပ်ပေါ်ကနေပြီး တပ်တွေရွေ့လျား သွားလာပုံကိုကြည့်ဖို့ မြေပုံကိုဖြန့်ရင်းနဲ့ ရန်သူတွေရှိရာကိုလဲ မျက်မှောင်ကျုံ့ပြီး ကြည့်နေတယ်၊ ဒီလို မျက်မှောင်ကျုံ့ရင်းက သူ့ကိုယ်သူ ပြောဆိုရေရွတ်နေသလိုပဲ၊ မိုးတိမ်ကတော့ လူတွေရဲ့ နှုတ်ခမ်းလှုပ်တာကို ဘာပြောနေသလဲဆိုတာ သိတဲ့သူဆိုတော့ အဓိပ္ပာယ်ပေါက်ခဲ့ပါတယ်"

"အခုတော့ ဖီရင်ဇီမြို့ကြီး ယိမ်းယိုင်နေပြီ၊ လွတ်လပ်ရေးလဲ ဆုံးရှုံးတော့မယ်၊ ဟင် . . ငါထုလုပ်တဲ့ ဒေးဗစ်ရဲ့ ကျောက်ရုပ်ကြီးဟာ ငါ့မြို့သူမြို့သားတွေအတွက် ဘာများလုပ်ပေးနိုင်သလဲ၊ ဒီလိုဆိုပြန်တော့ အနုပညာဆိုတာဟာ ဘာရယ်လို့ ငါ့စိတ်ထဲမှာ မသဲကွဲပြန်ဘူး၊ ငါတစ်သက်လုံး လိုက်စားလာခဲ့တဲ့ အနုပညာရဲ့ နက်နဲတဲ့ အဓိပ္ပာယ်ကိုလေ"

http://www.linhtet.com



ထို့နောက် မိုက်ကယ် အိန်ဂျယ်လိုသည် သူ့ဦးခေါင်းကို စိုက်လိုက်၍ သူ့နှုတ်ခမ်းလှုပ်သည်ကိုလည်း မိုးတိမ်က မမြင်ရတော့ပေ။ ကျွန်တော့်အထင်တွင်ကား ဤသူ၏အကြောင်းနှင့် သူ၏လက်ရာတို့သည် နောက်လာမည့် လူသားမျိုးဆက်တို့၏ ရင်ထဲ၌ နှစ်သိမ့်ခံစား ထင်ရှားကျန်ရစ်လိမ့်မည်ဖြစ်ပါသည် ဟူ၍။

မိုးတိမ်သည် တိတ်ဆိတ်သွားပြန်ပြီးနောက် ကောင်းကင်တစ်ခုမှ တရွေ့ရွေ့ လှုပ်ရှားလျက်တော်စကာနာလွင်ပြင်ဆီသို့ ဖြတ်သန်းတိုက်ခတ်သွားပြန်လေသည်။

http://www.linhtet.com





# ခရီးသွားလူငယ်

"ဆင်းရဲတဲ့ ကလေးတွေကို ကျွန်တော် အများကြီးမြင်ခဲ့ဖူးတာပေါ့" ဟု ကောင်းကင်အထက်ရှိ မိုးတိမ်က လေသံဖြင့် ပြောပြသည်။

"တစ်ခါတုန်းက ဂေါ်မြစ်ကြီး ဖြတ်စီးတဲ့ လွင်ပြင်ထဲက ရွာကလေးတစ်ရွာမှာ ညှိုးနွမ်းပြီး ညစ်ပတ်နေတဲ့ ထမင်းဆိုင်ကလေးတစ်ဆိုင်ရဲ့ အထက်ကို ကျွန်တော်ရောက်သွားတယ်၊ အဲဒီမှာ ကလေးသူငယ်တစ်စုဟာ ထမင်းဆိုင်ကလေးထဲကို ဘေးပေါက်ကလေး တစ်နေရာကနေ ချောင်းပြီး ကြည့်နေတာကို တွေ့ရတယ်၊ သူတို့ဟာ တစ်ယောက်တလဲ ကြည့်နိုင်ဖို့ အလုအယက် တွန်းထိုးနေကြတယ်လေ၊ မကြာခဏဘဲ ထမင်းဆိုင်ထဲက ဆိုင်ရှင်ထင်ပါရဲ့၊ ထွက်ထွက်လာပြီး ပြတင်းပေါက်နားကို မကပ်ဖို့ အော်ထုတ်နေတယ်၊ ကလေးတွေကလဲ ဆိုင်ရှင် အော်ဟစ် မောင်းထုတ်တာကို ကောင်းကောင်းဂရုမစိုက်နိုင်ဘူး၊ ခဏတဖြုတ် ရှဲသွားလိုက်၊ ပြတင်းပေါက် နားကို ပြန်ပြီးပြုတိုးလိုက် ဖြစ်နေကြတယ်။

**A Young Traveller**

http://www.linhtet.com



"ကျွန်တော်ကတော့ ဆိုင်ထဲမှာ သူတို့အဖို့ ဘာများ ဒါလောက်စိတ်ဝင်စားစရာ ရှိနေသလဲလို့ သိချင်တာနဲ့ အောက်ကိုနှိမ့်ဆင်းပြီး အတွင်းဘက်ကို မြင်ရအောင် ကြည့်မိပါတယ်၊ တွေ့ရတာကတော့ ထမင်းဆိုင်ထဲမှာ နိုင်ငံခြားသား လူငယ်တစ်ယောက်ဟာ တစ်ယောက်တည်း ထိုင်ပြီး တိတ်တိတ်ဆိတ်ဆိတ် ထမင်းစားနေတာပါပဲ၊ ဒီလူငယ်ဟာလဲ ဆာလောင်နေပုံရတယ်၊ ပန်ကာမရှိတဲ့ အိုက်စပ်စပ်ဖြစ်နေတဲ့ ဆိုင်ခန်းထဲမှာ ဟင်းသီးဟင်းရွက် ထမင်းပွဲကို စားရင်းနဲ့ သူ့နှာဖျားက ချွေးစက်တွေတောင် ကျကျလာလေရဲ့၊ ဒီနိုင်ငံခြားသားဧည့်သည် စားသောက်နေပုံ အမူအရာဟာ ဘာမှမထူးခြားပါဘူး၊ ဒါပေမဲ့ အပြင်က ကြည့်နေကြတဲ့ ကလေးတွေ ကတော့ အဲဒါကိုပဲ အာရုံစူးစိုက်ပြီး ငေးငေးမောမော ဖြစ်နေကြတယ်။

"ဩော် . . . လက်စသပ်တော့ ထမင်းစားနေတဲ့ ဧည့်သည်ဟာ သူတို့အတွက် ထူးခြားတာ မဟုတ်ဘူး၊ သူစားနေတဲ့ ထမင်းပွဲက ထူးခြားနေတာ၊ အဲဒါကို ဧည့်သည်ကမြင်တော့ စားလက်စကို ရပ်လိုက်ပြီး အပြင်က ကလေးတွေကို ပြန်စိုက်ကြည့်နေတယ်၊ ပြီးတော့ သူထိုင်နေရာက ထရပ်လိုက်ပြီး တစ်ဝက်ကျန်နေတဲ့ ထမင်းနဲ့ဟင်းပါတဲ့ ပန်းကန်ကို ဆိုင်ပေါက်ဝဘက်ကို သယ်ယူပြီး ထွက်လာတယ်။

"အဲဒီအခါမှာ ပြတင်းဝက ကလေးတွေဟာ ဝါးခနဲ အော်ပြီးတော့ ပြတင်းပေါက်နားကနေ ဆိုင်ပေါက်ဝဘက်ကိုပြေးပြီး ထမင်းပန်းကန်နားကို ဝိုင်းလာကြတယ်၊ ကြည့်ရတာတော့ ဝိုင်းလာတဲ့ ကလေးတွေဟာ တစ်နေ့စာ ထမင်းမစားရသေးတာလား၊ မစားရတာ ကြာပြီလား လို့တောင် မသိနိုင်ဘူး၊ တော်တော်ဆာနေကြပုံရတယ်၊ ဒါ့ကြောင့် တစ်ယောက်ယောက် ဆိုင်ထဲ ဝင်လာပြီး အစားအသောက် မှာလိုက်တယ်ဆိုရင် သူတို့ ဝိုင်းဝိုင်းပြီး လာကြတာကိုး၊ အင်း . . . မကြာခင်ပဲ လူငယ့်လက်ထဲက ထမင်းဟင်းပန်းကန်ဟာ ပြောင်သွားတော့တယ်။

"ကလေးအုပ်စုထဲမှာ ကလေးမ ငယ်ငယ်ကလေးတစ်ယောက်လဲ ပါတယ်၊ သူဟာ တခြား ကလေးတွေလို ဝင်မတိုးနိုင်တာနဲ့ ထမင်းရော ဟင်းရော တစ်စက်မှ မရလိုက်ရှာဘူး၊ တခြား ကလေးတွေလဲ နည်းနည်းစီပဲ ရကြတာပါ၊ သူကလေးကတော့ ထမင်းဟင်းဆိုလို့ မြင်တောင် မမြင်လိုက်ရဘူး၊ အဲဒီတော့ ကလေးမလေးဟာ ရပ်ကျန်ရစ်ရင်းက သူ့မျက်လုံးရွဲရွဲကြီးတွေမှာ မျက်ရည်တွေဥပြီး ကျန်ခဲ့တယ်၊ ပြီးတော့ ဖုံအလိမ်းလိမ်းရှိတဲ့ သူ့ပါးပြင်ပေါ်ကို မျက်ရည်တွေ စီးကျလာတော့တယ်၊ သူ့မှာ တစ်ဇွန်းတစ်ဖဲ့ရရင် ကျေနပ်စရာရှိသေးရဲ့၊ ခုတော့ သူ့ဝေစု မရလိုက်တော့တဲ့အတွက် မျက်ရည်ပေါက်သာ ပန်းကန်ထဲကို ကျသွားရတော့တယ်"

http://www.linhtet.com



မိုးတိမ်သည် ပြောနေရာမှ ရုတ်တရက် တိတ်ဆိတ်သွားသည်။

"နောက်ပိုင်းမှာ ကျွန်တော်ဟာ တောင်အထပ်ထပ်ကိုကျော်ရင်း နေထွက်၊ နေဝင်နဲ့ လပြည့်ညတွေ အကြိမ်ကြိမ်ကြုံရင်းနဲ့ ခုနပြောတဲ့ ထမင်းဆိုင်က လူငယ်ကို တခြားတိုင်းပြည် တစ်နေရာမှာ သွားတွေ့တယ်၊ မိုးတိမ်ဆိုတော့ နယ်နိမိတ်တွေကိုလဲ ကျော်ဖြတ်နိုင်တယ်၊ ပြည်ဝင် ဗီဇာလဲ မလိုတော့ဘူးပေ့ါ၊ ဒီတစ်ကြိမ်တော့ လူငယ်ဟာ ချမ်းသာတဲ့ နိုင်ငံကြီးတစ်ခုက သန့်ရှင်း သပ်ရပ် ခမ်းနားတဲ့ စားသောက်ဆိုင်ကြီးတစ်ခုမှာ နေ့လယ်စာ ထိုင်စားနေတာကို တွေ့ရ ပြန်တယ်။

"စားသောက်ဆိုင်ထဲမှာ ဝင်ထွက်သွားလာပြီး စားသောက်ကြတဲ့လူတွေကို လူငယ်ဟာ တစ်ချက်တစ်ချက် လှမ်းလှမ်းပြီးကြည့်တယ်၊ စားပွဲတစ်လုံးက လူတစ်စု ထသွားရင် သူတို့ စားသွားတဲ့ စားပွဲပေါ်ကို သူမျှော်ကြည့်လိုက်တယ်၊ ဆိုင်ကိုလာစားတဲ့သူတွေဟာ စားစရာ အမျိုးမျိုးကို အများကြီး မှာစားကြတယ်၊ ဒါပေမဲ့ စားပွဲကလဲ ထသွားရော ပန်းကန်ထဲမှာ မကုန်နိုင် မခန်းနိုင် ဟင်းမယ်တွေ အများကြီး ကျန်ရစ်တယ်၊ ကြက်ဥဟင်းတွေ၊ အသား ဟင်းတွေ၊ ငါးဟင်းတွေ၊ ဟင်းသီးဟင်းရွက်ပွဲတွေ၊ အချိုပွဲတွေ၊ အို . . . အရသာရှိမယ့် ဟင်းပေါင်းစုံ စုံလို့ပါပဲ၊ သူတို့ထသွားတော့မှ စားပွဲထိုးတွေက မီးဖိုထဲမှာ အိတ်ထဲထည့်ပြီး စွန့်ပစ်ဖို့ ရောနှောပြီး ပြန်သိမ်းသွားကြတယ်၊ ကျွန်တော်ကတော့ တစ်ခါတုန်းက ဂင်္ဂါလွင်ပြင် ထဲက စားသောက်ဆိုင် အဟောင်းအညစ်ကလေးထဲမှာ စားနေခဲ့ရတဲ့အဖြစ်ကို လူငယ်ဟာ သတိရနေတုန်းပဲလို့ သူ့မျက်လုံးတွေကို အကဲခတ်မိတယ်။

"လူငယ်ရဲ့နှုတ်က 'သနားစရာပါလား၊ ရှက်စရာပါလား' လို့ ရေရွတ်သံ ကြားရတယ်၊ 'ဒီနိုင်ငံမှာတော့ အစားအသောက်တွေ ပေါဖိတ်နေလိုက်တာ၊ တခြားဒေသတွေမှာဆိုရင်၊ ငါထမင်းစားနေတာကို လာဝိုင်းကြည့်ကြပြီး စားကြွင်းကို လိုချင်ကြတဲ့ ကလေးတွေလေ။

"လူငယ်ဟာ သူ့ဘာသာ ရေရွတ်နေသေးတယ်၊ 'ဒီတိုင်းပြည်က ကလေးတွေမှာ အလျှံပယ် ပေါများလွန်းလှတယ်၊ ဒါပေမဲ့ သူတို့လို အလျှံပယ် စားနိုင်သောက်နိုင် မဟုတ်တဲ့ ဆင်းရဲတဲ့ အရပ်က ကလေးတွေမှာ ဘယ်လိုအခြေရှိတယ်ဆိုတာ သူတို့ ဘယ်လိုမှ စိတ်မကူးမိကြဘူး၊ အဲဒီကလေးတွေမှာ ဘဝဆိုတာ ဘယ်လောက်ကြမ်းတမ်း ခက်ခဲတယ်ဆိုတာကို သူတို့သိရင် ဘာပြောမလဲ မသိဘူးနော်၊ သူတို့ ထိတ်လန့်သွားမလား၊ ဘယ်လိုမှ မခံစားရဘူးလား၊

http://www.linhtet.com



ဘယ်နည်းနဲ့ တုံ့ပြန်ကြမလဲ မသိဘူး၊ ဒါပေမဲ့ တခြားသူတွေမှာ ကြိုးစားရုန်းကန်ရင်းနဲ့ ဆင်းရဲနွမ်းပါးရတဲ့အဖြစ်ကိုသိရင် သူတို့ ကိုယ်ချင်းစာတတ်လာမှာပါ"

လူငယ်သည် ထိုအတွေးကိုတွေးရင်း သူ ရှေ့ကို ဘာလုပ်ပေးသင့်သည်ကို စဉ်းစားနေမိလေသလား မသိ။ နှုတ်ပိတ်၍သွားလေသည် ဆို၏။

မိုးတိမ်ကား ထိုအကြောင်းကို ပြောပြီးနောက် အခိုက်အတန့် ရပ်နားပြီးနောက် -

"အင်း . . . ကျွန်တော်ကိုယ်တိုင်လဲ အဲဒီနေ့က အလိမ္မာတိုးခဲ့ပါတယ်၊ ဒီလို ခရီးသွားမျိုးရဲ့ ကွဲပြားတဲ့ မြင်ရတွေ့ရတဲ့ အတွေ့အကြုံမျိုးဟာ လူတစ်ယောက်ကို အတွေးအမြင်ပြောင်းလဲသွားစေနိုင်တယ်၊ လမ်းပြောင်းသွားစေနိုင်တယ်၊ ဒီလူဟာလဲ ဘယ်လမ်းကို လိုက်ပါလိမ့်မလဲလို့ ကျွန်တော်တွေးကြည့်မိတယ်၊ သူမြင်သလောက်၊ သူစေတနာပေါက်သလောက်သူဆက်လုပ်ပိုင်ပါ့မလား၊ ကျွန်တော်ဟာ ကောင်းကင်ကနေ သူ့ဘဝ လှုပ်ရှားမှုကို သိနိုင်အောင်ဆက်ပြီးကြည့်ချင်သေးတယ်"

နေဝင်ချိန် ရွှေရောင်ဆည်းဆာအောက်တွင် မိုးတိမ်သည် ဂျပန်ပင်လယ်ပြင်ကိုဖြတ်၍ ကမ္ဘာပေါ်ရှိ ကုန်းတိုက်ကြီးတစ်ခုဆီသို့ လွင့်သွားလေသည်။

http://www.linhtet.com





# ကီလီမန်းဂျာရိုး တောင်ခြေမှာ

တစ်နေ့တွင် ကျွန်တော်သည် အိမ်ပြင် ပန်းခြံထဲတွင် ရေလောင်းလျက်ရှိသည်။ ထိုအချိန်၌ တစ်စုံတစ်ယောက်က "အာဖရိကား" ဟု ပြောဆိုသောအသံကို ကြားလိုက်ရသည်။ ကျွန်တော်သည် ဘယ်သူပြောလိုက်ပါလိမ့်ဟု သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ တစ်ဦးတလေမှ မတွေ့ရ။ ထို့ကြောင့် "အင်း . . . ဟုတ်သားပဲ၊ မိုးတိမ်ဖြစ်မှာပေါ့" ဟု တွေးမိသည်။ သူက နောက်ထပ် ပုံပြင်တစ်ပုဒ်ကို ပြောအံ့ဆဲဆဲတွင် ကျွန်တော် မော်ကြည့်ဖြစ်သည်။

**The Masai Chair**

http://www.linhtet.com



"ကျွန်တော်လေ အာဖရိကတိုက်က ဆဗားနား လွင်ပြင်ကျယ်ကြီးပေါ်ကို တအိအိနဲ့ ရောက်သွားခဲ့တယ်၊ မြေပြင်ပေါ်မှာ ကျွန်တော့်အရိပ်ကြီးလဲ ရွေ့လျားနေတာ တွေ့ရတယ်၊ တိမ်တောင်တိမ်လိပ် ဆိုတာမျိုးဟာ ဘယ်မှာ ရပ်နားနေတယ်လို့ ရှိပါ့မလဲ၊ ဘယ်တော့ဘယ်ခါ နားနိုင်ပါ့မလဲ၊ ကျွန်တော်တို့ဟာ မြေပြင်အပြန့်ပေါ်မှာ သွားလာနေတဲ့သူတွေနဲ့ မတူ ခြားနားတဲ့ ကမ္ဘာကြီးအပေါ်မှာ အမြင်အတွေးတွေလဲ ရှိကြပါတယ်။

"အဲဒီလွင်ပြင်ကြီးအစပ်မှာ အပေါ်ကမိုးပြီး ကြည့်နေတဲ့ ကီလီမန်းဂျာရိုး တောင်ခြေမှာ ကျွန်တော်ဟာ ဆိတ်အုပ်တစ်အုပ်နဲ့အတူ ရပ်နေတဲ့ အရပ်ရှည်ရှည် လူတစ်စုကို တွေ့လိုက်ရတယ်၊ သူတို့ကို မာဆိုင်း လူမျိုးနွယ်တွေလို့ ခေါ်တယ်လေ၊ သူတို့ဟာ ဆိတ်မွေးတယ်၊ နွားမွေးတယ်ဆိုတဲ့ အလုပ်တွေနဲ့ အသက်မွေးကြတယ်"

ထိုသို့ပြောပြီးနောက် မိုးတိမ်သည် သူ့ကိုယ်ကြီးကို အသွင်တစ်မျိုး ပြင်လိုက်သည်။ ထို့နောက် သူ့စကားကို ဆက်ပါသည်။

"ဟိုအဝေးက လွင်ပြင်ထဲမှာဆိုရင် သစ်ကုလားအုပ်တွေ၊ ဆင်တွေကိုလဲ အေးအေးလူလူ အစာစားနေတာကို တွေ့နိုင်တယ်၊ လွင်ပြင်ထဲမှာ လမ်းမြောင်ကြောကလေးတစ်ခုကိုလဲ တွေ့နေရတယ်၊ လမ်းဘေးတစ်လျှောက်မှာ ဆိုင်တန်းကလေးတွေကိုလဲ တွေ့ရတယ်၊ ကြည့်ရတာတော့ ခုလို တောရိုင်းတိရစ္ဆာန် ဘေးမဲ့ကြိုးဝိုင်းဆီကို ဒီလမ်းကလေးအတိုင်း ကမ္ဘာလှည့် ခရီးသွားတွေ လာကြည့်ကြတယ်ထင်တယ်၊ ဆိုင်ကလေးတွေမှာ ဒေသရဲ့ အမှတ်တရပစ္စည်း အမျိုးမျိုးကို ခရီးသွားတွေအတွက် တင်ရောင်းထားကြတာလဲ တွေ့ရတယ်၊ သစ်သားနဲ့ ထုလုပ်ထားတဲ့ ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ရေမြင်းရုပ်၊ သစ်ကုလားအုပ်ရုပ်နဲ့ မာဆိုင်းလူမျိုးတွေ နေ့စဉ်ဝတ်စား ဆင်ယင်နေကြတဲ့ ပစ္စည်းတွေရယ်၊ ပွဲလမ်းမှာ သူတို့ အထူးတလည် ဝတ်စားကြတဲ့ အဆင်အပြင်တွေရယ်၊ ရှေးဟောင်းပစ္စည်းတွေရယ် အားလုံးစုံလို့ပဲ၊ ခရီးသွားတွေအတွက် ဝယ်စရာတွေ စုံလို့ပါပဲ။

"ဒါတွေကြည့်ရတော့ မာဆိုင်းအနွယ် ရွာသားတွေဟာ ဆင်းရဲတယ်လို့တောင် ထင်စရာ မရှိပါဘူး၊ ဒီအချိန်မှာ နိုင်ငံခြားသားတစ်ဦးက ဆိုင်ကလေးတစ်ဆိုင်ရှေ့မှာရပ်ပြီး ကုလားထိုင် ဟောင်းကလေးတစ်လုံး ရောင်းဖို့ပြထားတာကို စူးစူးစိုက်စိုက် ကြည့်နေပါတယ်၊ ဒီကုလား ထိုင်လေး ကြည့်ရတာ ပုံပန်းလဲလှတယ်၊ ထိုင်ရတာလဲ တော်တော်သက်သောင့်သက်သာရှိမှာပဲ

http://www.linhtet.com



ထင်တယ်၊ သစ်ပင်စည်တစ်ခုထဲက ထွင်းလုပ်ထားတာလဲဖြစ်နေတော့ ထိုင်လိုက်ရရင် စိတ်တိုင်းကျဖြစ်မှာ သေချာတယ်၊ မာဆိုင်း ရွာလူကြီးတွေဟာ ဒီကုလားထိုင်မျိုးမှာ နေ့တိုင်း တခန့်တငြား ထိုင်နေကြမှာပဲထင်ရဲ့လို့ ပြောလိုက်ပြီးတဲ့နောက် အဲဒီ သစ်ထွင်းကုလားထိုင်မှာ အဘိုးအိုတစ်ဦးကို ထိုင်ခိုင်းပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ ဓာတ်ပုံရိုက်ယူနေတယ်။

"ဆိုင်ရှင်က သူမေးလို့ ဈေးနှုန်းပြန်ပြောတော့ 'ဟာ - သိပ်များတယ်' လို့ သူက ရယ်ရယ် မောမော ပြန်ပြောတယ်၊ သူတို့နှစ်ယောက်သား အတော်ကလေးကြာအောင် အချီအချ ပြောနေကြပြီးမှ မူလဆိုတဲ့ ဈေးနှုန်းရဲ့ သုံးပုံတစ်ပုံဈေးနဲ့ဆစ်ပြီး တည့်သွားတော့တယ်၊ ဒီခရီးသွား လူငယ်ဟာ ဘူးသီးခွံနဲ့ ပြုလုပ်ထားတဲ့ နွားနို့အိုးတစ်လုံးကိုလဲ ဝယ်လိုက်တယ်၊ ပြီးတော့ ပျော်ပျော်ပါးပါးနဲ့ သူဝယ်ထားတဲ့ ပစ္စည်းတွေကိုပိုက်ပြီး ပြန်ထွက်သွားတယ်။

"လမ်းဘေးရောက်တော့ အဲဒီ ကုလားထိုင်ကိုချပြီး သူထိုင်တယ်၊ လမ်းတစ်လျှောက်ကို လှမ်းပြီးကြည့်နေသေးတယ်၊ မကြာခင်မှာ လူကြီးတစ်ယောက်နဲ့ ကလေးတစ်အုပ် လျှောက်လာ ကြပြီး သူ့ကိုလက်ပြပြီး နှုတ်ဆက်တယ်၊ အဲဒီအုပ်စုဟာ ကျောင်းဆရာတစ်ယောက်နဲ့ သူ့တပည့် တွေပေါ့၊ သူတို့ဟာ ခရီးသွားလူငယ်နဲ့ တွေ့ထားခဲ့ပြီး သူတို့ကျောင်းကို လာကြည့်ပါလို့ ဖိတ်ထားတယ်၊ ကျောင်းသားကလေးတွေက သူ့ပစ္စည်းတွေကို ဝိုင်းသယ်ပေးကြပြီး မာဆိုင်း ရွာတစ်ရွာဆီကို ဆက်လျှောက်သွားကြလေရဲ့။

"ခရီးသွားလူငယ်ဟာ ကျောင်းကလေးကိုရောက်တော့ အတန်းထဲမှာ ဘာပစ္စည်းမှ မရှိဘဲ ကလေးတွေကိုသာ တွေ့ရတော့ အံ့သြသွားတယ်၊ စာရေးပြဖို့ ကျောက်သင်ပုန်းကြီးလဲ မရှိဘူး၊ စာသင်သားတွေထိုင်ဖို့ ခုံတွေလဲ မရှိဘူး၊ ကျောင်းစာသင်ခန်းနဲ့တူတာ ဘာမှမရှိဘဲ ဖြစ်နေတာကို တွေ့ရတယ်၊ ကျောင်းခန်းနံရံမှာ ချိတ်ဆွဲထားတဲ့ ပိုစတာမျိုးလဲ တစ်ရွက်မှ မရှိဘူး၊ နံရံ အက်ကွဲ ကြောင်းတွေကိုသာ တွေ့ရတယ်၊ ပြီးတော့ စာအုပ်တွေကော ဘယ်မှာရှိပါလိမ့်လို့ သူလိုက် ကြည့်တယ်။

"ဒါပေမဲ့ စာသင်ခန်းထဲ ရောက်နေတဲ့ ကလေးတွေရဲ့ မျက်လုံးကလေးတွေကတော့ ကြည်လင်တောက်ပနေတယ်၊ အဲဒီအခါမှာ ခရီးသွားလူငယ်ဟာ ကလေးတို့ကို သူတို့တစ်ခါမှ မမြင်မတွေ့ဖူးတဲ့ အကြောင်းတွေကို ကျောင်းဆရာရဲ့ မေတ္တာရပ်ခံချက်နဲ့ ပြောဟောပြရတယ်"

http://www.linhtet.com



"ကျွန်တော့်ကိုမွေးတဲ့ ဂျပန်နိုင်ငံမှာ အင်မတန် လှပတဲ့ တောင်ကြီးတစ်လုံးရှိတယ်၊ ဖူဂျီတောင်လို့ ခေါ်ကြတယ်၊ အမြင့်က မီတာ ၃၇၀၀ မြင့်တယ်၊ မင်းတို့မှာလဲ မင်းတို့နိုင်ငံထဲမှာ ကောင်းကင်ကို ထိုးထွက်နေတဲ့ ကီလီမန်းဂျာရိုး ဆိုတဲ့ တောင်ကြီးဟာ မီတာ ၆၀၀၀ မြင့်တာပေါ့' လို့ လူငယ်ကပြောပြီး ကိုယ့်ရုပ်ကိုယ့်ရွာမှာ နှစ်ပေါင်းရာနဲ့ချီပြီး ဖွံ့ဖြိုးထွန်းကားခဲ့တဲ့ ဓလေ့ထုံးစံတွေ၊ ယဉ်ကျေးမှု အစဉ်အလာတွေကို အမြတ်တနိုး ထိန်းသိမ်းကြဖို့ အရေးကြီးတယ် ဆိုတဲ့ အကြောင်းကလေးတွေကို ဆက်ပြောပြတယ်၊ လူငယ်ပြောတဲ့ အင်္ဂလိပ်စကားကို သူတို့ကျောင်းဆရာက စကားပြန်လုပ်ပြီး ပြောပြတယ်၊ အင်္ဂလိပ်ဘာသာကနေပြီး ဆွာဟီလီဘာသာကို စကားပြန်လုပ်ပေးရတာပေါ့၊ ကလေးတွေဟာ လူငယ်ပြောတာကို စိတ်ဝင်စားလွန်းလို့ မျက်တောင်မခတ်ဘဲ မျက်လုံးအပြူးသားနဲ့ ကျေကျေနပ်နပ် နားထောင်နေကြတယ်။

"ပြောနေတဲ့ လူငယ်က တခြားတစ်နေရာမှာ သူကြုံခဲ့ဖူးတဲ့ အဖြစ်အပျက်တစ်ခုကို သတိရလို့ ဆက်ပြောတယ်၊ တစ်ခါတုန်းက ကျွန်တော်ဟာ ဂျာမနီနိုင်ငံ မြူးနစ်မြို့ကို ရောက်သွားပါတယ်၊ အမှတ်တရပစ္စည်းရောင်းတဲ့ လမ်းတစ်လျှောက် ဆိုင်တန်းကြီးထဲကို နှင်းတွေကျနေတုန်းမှာ လျှောက်ကြည့်ခဲ့ပါတယ်၊ အဲဒီမှာ တစ်ကမ္ဘာလုံးက ပစ္စည်းတွေ စုံလှတယ်၊ အချို့က အဟောင်းအနွမ်း ရှေးပစ္စည်း၊ အဖိုးတန်တဲ့ ယဉ်ကျေးမှုပစ္စည်းတွေလဲ မယုံနိုင်လောက်အောင် ဈေးနှုန်းကြီးကြီး ကပ်ထားတာ တွေ့ရတယ်၊ ပစ္စည်းတွေဟာ အာဖရိက၊ အာရှ၊ တောင်အမေရိက တိုက်တို့က ပစ္စည်းတွေပဲ၊ အင်ဒိုနီးရှားနိုင်ငံကဆိုရင် နွားသားရေကို အခြောက်ခံပြီး အချပ်လိုက်ပြုလုပ်ထားတဲ့ အရိပ်ပြ ရုပ်သေးလဲပါတယ်၊ ဒီပစ္စည်းဟာ အရိပ်ရုပ်သေးပြပြီး ပညာပေးဖို့၊ ဖြေဖျော်ဖို့ဖြစ်ပြီး အိန္ဒိယနိုင်ငံက ရာမာယဏဇာတ်ကြီးမျိုး အပါအဝင် ရှေးဟောင်းဇာတ်များကို ပြသနိုင်ပါတယ်၊ အင်ဒိုနီးရှားက ဒီရုပ်သေးရုပ်ဟာ မိုင်ပေါင်း ထောင်ပေါင်းများစွာဝေးတဲ့ မြူးနစ်မြို့က ပစ္စည်းအထူးအဆန်းဆိုင်မှာ ဘာ့ကြောင့်များရောက်ပြီး ဈေးကြီးကြီးနဲ့ ရောင်းစားခံနေရတာလဲလို့ စဉ်းစားမိတယ်၊ ပင်ရင်းတိုင်းပြည်မှာဆိုရင် ရွာက ပရိသတ်တွေကို ညစဉ်ဖြေဖျော်ပေးနိုင်ခဲ့တယ်၊ ပြီးမှ ပျောက်သွားခဲ့တာဖြစ်မှာပါ၊ ဒီလို ယဉ်ကျေးမှုပစ္စည်းကောင်းတွေ အာရှနဲ့ အာဖရိကက ရောက်လာပြီး နိုင်ငံခြားမှာ ဈေးကြီးကြီးနဲ့ ရောင်းချနေလေရဲ့၊ ပြီးတော့ သူ့ဇာတိရေမြေမှာပဲ လူကြီးလူငယ်မရွေး အားပေးကျေနပ်ကြပြီးတော့ အထူးတလည် တန်ဖိုးထားကြတာဖြစ်တယ်လေ"

http://www.linhtet.com



"ခရီးသွားလူငယ်ဟာ ပြောနေရာက ရုတ်တရက် စကားဖြတ်လိုက်တယ်၊ သူ့မျက်နှာက ချက်ချင်းဆိုသလို မျက်မှောင်ကျုံ့သွားပါတယ်။

"ဒီကနေ့အထိပဲ ကြည့်ပါလား၊ ကျွန်တော်တောင် ဒီအလုပ်မျိုးနဲ့ ထပ်တူလုပ်မိနေသေးတယ်၊ ကျွန်တော့်မှာ ဝယ်ယူအားပေးဖို့ငွေလဲ ပါလာတော့ ဝယ်လိုက်တာပေါ့၊ ကျွန်တော်ဟာ မာဆိုင်းလူမျိုးတွေ အစဉ်အဆက် အမိပွာယ်ရှိရှိ သုံးခဲ့တဲ့ ကုလားထိုင်တစ်လုံးကို ဝယ်ခဲ့တယ်၊ အခုတော့ ဒီပစ္စည်းကို ကျွန်တော်နဲ့အတူ သယ်မသွားတာ ကောင်းတယ်လို့ သဘောရတယ်၊ ကလေးတွေကို ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်လူမျိုးနဲ့ ကိုယ့်ဒေသတွေဟာ လေးနက်တဲ့အဓိပ္ပာယ်ရှိတယ်လို့ ပြောပြပြီးတဲ့နောက် ဒီပစ္စည်းတွေကို ပြန်ယူသွားချင်တဲ့စိတ် ဘယ်ရှိတော့ပါ့မလဲ၊ အဲဒါ မင်းတို့ရဲ့ အဖိုးတန်အမွေပဲ၊ ကောင်းပြီ၊ ဒီတော့ ကျွန်တော်ဝယ်လာခဲ့တဲ့ ပစ္စည်းတွေကို ဒီကလေးတွေကို ပြန်ပေးခဲ့မယ်၊ ဒီနည်းလမ်းဟာ အကောင်းဆုံးပါပဲလို့ သဘောရတယ်"

"အဲဒီကျောင်းမှာပဲ ခရီးသွားလူငယ်ဟာ ကျောင်းဆရာနဲ့ သူ့ကျောင်းသားတွေကို သူဝယ်လာတဲ့ မာဆိုင်း ကုလားထိုင်ကြီးနဲ့ ဘူးသီးခြောက် နွားနို့အိုးကြီးကို လက်ဆောင်ပြန်ပေးခဲ့တယ်"

"ချစ်စွာသောမိတ်ဆွေ ကလေးတို့ရေ၊ ဒီပစ္စည်းတွေဟာ မင်းတို့ရဲ့ ယဉ်ကျေးမှုပစ္စည်းတွေထဲမှာ ပါတယ်၊ ဒီကုလားထိုင်ကြီးဆိုရင် မင်းတို့အဖေရဲ့ အဖေရဲ့ အဖေတို့ တရိုတသေ သုံးစွဲခဲ့တဲ့ပစ္စည်းပဲကွယ့်၊ ဒီနွားနို့အိုးကြီးဆိုရင် မင်းတို့ရဲ့ အမေရဲ့ အမေတို့ သုံးစွဲခဲ့တဲ့ ပစ္စည်းကြီးပါပဲကွယ်၊ ဒီပစ္စည်းတွေ မင်းတို့ကျောင်းအတွက် သုံးဖို့ပေးခဲ့ပါတယ်"

"အဲဒီတော့ ကလေးတို့ ပျော်သွားကြတယ်၊ ပျော်လွန်းလို့ အော်ဟစ်ဆူညံသွားတော့တယ်"

မိုးတိမ်လည်း ဒီစကားကို ပြောရင်းနဲ့ တိမ်တောင်ဖွဲ့ပုံဟာ ပြုံးပြုံးကြီးဖြစ်နေသလို ထင်ရသည်။ ပြီးတော့ သူ့ပုံပြင်ကို ဆက်ပြောသည်။

"နောက်ထပ် လအနည်းငယ်ကြာတော့ ကျွန်တော်လဲ အဲဒီအရပ်ရဲ့ မိုးကောင်းကင်ထက်ကို ရောက်သွားပြန်ရော၊ ကီလီမန်းဂျာရိုးတောင်ကြီးရဲ့ တောင်ခြေက မူလတန်းကျောင်းကလေးဆီကို အလည်အပတ်သဘော ရောက်ရပြန်တယ်၊ စာသင်ခန်း ပြတင်းပေါက်နေ ကျော်ပြီး မြင်လိုက်ရတာကတော့ ဟိုခရီးသွားလူငယ် ပေးသွားတဲ့ ကုလားထိုင်နဲ့ ဘူးသီးခြောက် နွားနို့အိုးကြီးပါပဲ၊ ကျောင်းသားလေးတွေဟာ ကုလားထိုင်ကြီးပေါ်မှာ တစ်ယောက်တစ်လှည့် ထိုင်တမ်း

http://www.linhtet.com



ကစားနေကြပုံရတယ်၊ သူတို့ဟာ ဒီကုလားထိုင်ပေါ် ထိုင်ရတဲ့အဖြစ်ကို ဂုဏ်ယူနေတယ် ထင်ပါရဲ့၊ သူတို့ ကုလားထိုင်ပေါ် ရောက်တဲ့အခါ ရွာထဲက သူတို့သက်ကြီးရွယ်အိုတွေလို ခပ်တည်တည်နဲ့ လုပ်နေတာ မြင်ရတယ်။

"ဩော် - ကောင်းလိုက်ပါဘိ၊ မာဆိုင်းလူမျိုးနွယ်တွေရဲ့ အဖိုးထိုက်တဲ့ ပစ္စည်းကို သူတို့ရဲ့ မျိုးဆက်သစ်တွေလက်ထဲကို ပြန်ပြီးပေးနိုင်ခဲ့တာ"

ထိုပုံပြင်ကို အဆုံးသတ်ရင်း မိုးတိမ်သည် အဝေးတစ်နေရာဆီသို့ လွင့်ပါးသွားပြန် လေသည်။ မကြာမီ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ သူ ဘယ်အချိန်တွင် မိုးကုပ် စက်ဝိုင်းဆီမှ ပြန်လည်ပေါ်လာဦးမည်မသိ။ သူလာသောအခါ ဘာပုံပြင်မျိုးကို ပြန်၍ ဖောက်သည်ချလေဦးမည်မသိ။

http://www.linhtet.com



# လေပြင်းဝှေ့သော ဂီလ်ဂစ်တောင်ကြောလမ်း

တစ်ခုသော နွေရာသီတွင် စာရေးသူသည် ဟိမဝန္တာ အနောက်ဘက် တောင်ကြောဆီသို့ ခြေကျင် တောင်တက်ခရီး နှင်ခဲ့သည်။ နေ့လယ်စာ စားချိန်တွင် ကျောက်ဆောင်တစ်ခု၌ နားလျက် ကျောပိုးအိတ်ကိုဖွင့်ပြီး ပြင်ဆင်နေမိသည်။ ပတ်ဝန်းကျင်တွင် ကျွန်တော်တစ်ဦးတည်း သာဟု ဆိုနိုင်သော်လည်း အခြားတစ်စုံတစ်ဦး အနားမှာ ရှိနေသယောင်ပင်။ ဤထူးဆန်းသော ခံစားချက်ကို အတွေးဝင်နေစဉ်မှာပင် တကယ်ပင် ကျွန်တော်၏ ကောင်းကင်ထက်၌ လေပြည် ဝှေ့လျက် လှုပ်ရှားလာဟန်ရှိသဖြင့် ရုတ်တရက် ခေါင်းမော့ကြည့်လိုက်သည်။ မည်သူဖြစ်မည်ဟု မိတ်ဆွေ ထင်ပါသနည်း။

"ကောင်းကင်မှာ ရွေ့လျားကျက်စားတယ် ဆိုပေမယ့် အောက်မြေပြင်အရပ်ဆီက မြင်ကွင်းစုံ၊ အဖြစ်အပျက်စုံတွေနဲ့လဲ ရင်းနှီးပါတယ်ဗျ"


ကျွန်တော်၏ ဦးခေါင်းထက်တွင် ရပ်တန့်လျက် မိုးတိမ်က အပြုံးဖြင့် နှုတ်ဆက်စကား ဆိုသည်။ ယင်းနေ့က မိုးတိမ်နှင့် စကားလက်ဆုံ ကျခဲ့သည်။ နေ့လယ်စာ အချိန်လေးမှာ ဘဝအတွက် မမေ့နိုင်စရာပင်ဖြစ်ပါလိမ့်မည်။

"မနှစ်တစ်နှစ်က ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသက ဂီလ်ဂစ်တောင်ကြီးတွေရဲ့ ထိပ်မှာ ကျုပ် ဝေ့ဝဲကျက်စားခဲ့ဖူးတယ်၊ မီတာ ၇၀၀၀ - ၈၀၀၀ လောက် မြင့်မားတဲ့ တောင်ထွတ် ကြီးတွေပေါ်မှာ ဆီးနှင်းမှုန်တွေ ဝေ့နေပြီး ဆောင်းဦးနေရောင်ခြည်အောက်မှာ ငွေရောင် တလက်လက်နဲ့ တောက်ပကြည်လင်နေတယ်။

"အဲဒီအချိန်မှာ အနောက်တောင်ကြောလေးအတိုင်း ရွေ့လျားနေတဲ့ သဏ္ဌာန်လေး တစ်ခုကို ကျုပ် အမှတ်မထင် တွေ့လိုက်မိတယ်၊ ကျုပ်အထင်တော့ ကျောပေါ်မှာ ဝန်ထုပ် ဝန်ပိုး အပြည့်နဲ့ မြည်းကလေးတစ်ကောင်၊ ပါကစ္စတန် စာပို့လုလင်တွေ ဆောင်းလေ့ရှိတဲ့ ဦးထုပ်နဲ့ လူတစ်ယောက်က သူ့ကိုဆွဲလို့ပေါ့။

http://www.linhtet.com





http://www.linhtet.com



"အဲဒီတောင်ကြောအဆုံး တောင်ထိပ်မှာ မြင်ရတဲ့ ရွာကလေးကို သူတို့သွားတာလို့ ကျုပ် ခန့်မှန်းမိတာပဲ၊ ပြီးတော့ အဲဒီစာထုပ်တွေကလဲ အဲဒီရွာကလေးကို ပို့တာပဲဖြစ်ရမယ်။

"အဲဒီ မနိုင်ဝန်ထုပ်ကြီးကို ဒီမြည်းကလေးဟာ နေ့တိုင်းပဲ သယ်ပိုးနေရသလားလို့လဲ ကျုပ်တွေးနေမိပါတယ်၊ အဲဒီလို တွေးနေတုန်းမှာပဲ အဲဒီမြည်းကလေးဟာ ဒီထက်ဆိုးတဲ့ ကံကြမ္မာနဲ့ ရင်ဆိုင်ရပြန်တယ်၊ မကြာခင်မှာ ရုတ်တရက် ဂီလ်ဂစ်တောင်ကြောရဲ့ အားပြင်းတဲ့ မုန်တိုင်းကြီးတစ်ခု မွှေလိုက်တာ မြည်းကလေးနဲ့ သူ့သခင်ဟာ မတ်စောက်ကျဉ်းမြောင်းတဲ့ တောင်ကြောအတိုင်း ဒလိမ့်ခေါက်ကွေး ကျသွားတော့တယ်၊ အဲဒီနေရာဟာ တောင်ကြော တစ်လျှောက် အန္တရာယ် အများဆုံးနဲ့ ကျောက်ဆောင်ကမ်းပါးတွေ တကယ်မတ်စောက်တဲ့ နေရာပါပဲ၊ ဘာပဲပြောပြော စာပို့လုလင်ကြီးကတော့ ကံကောင်းထောက်မစွာ ချောက်ကမ်းပါး တစ်ခုမှာ ပေါက်နေတဲ့ သစ်ပင်ကြီးရဲ့ အကိုင်းတစ်ခုပေါ် တည့်တည့်ကျသွားပြီး နာရီအနည်းငယ် မလှုပ်မယှက် မေ့မျောနေခဲ့တယ်၊ ကျုပ် မိုးတိမ်ကတော့ သူ့ကိုလှမ်းပြီး ကယ်ချင်လိုက်တာ မပြောပါနဲ့။

"နံနက် ဝေလီဝေလင်း ချမ်းချမ်းစီးစီးမှာ စာပို့လုလင်ကြီး ပြန်သက်သာလာတယ်"

"အမလေး . . . နာလိုက်တာ၊ ငါ့ခေါင်းနဲ့ကျောမှာ တစ်ခုခုနဲ့ ဆောင့်မိထားတယ်၊ အမလေး . . . ငါ့ခေါင်းကြီး . . . "

"သူ့ခေါင်းကို သစ်ပင်အကိုင်းတွေအကြားကနေ မနည်းထွက်ပြီး အောက်အဝေးက မြေအောက် တောင်ကြားကို ငုံ့ကြည့်လိုက်တယ်၊ သူ့မျက်နှာကို လေပြင်းတစ်ချက် ဝှေ့တိုက် လိုက်သလိုဖြစ်ပြီး အားလားလား . . . တောင်ကြားနဲ့ သူ့ကြားမှာ လေထဲမှာ သိန်းငှက်ကြီးက ဝဲပတ်နေတာကိုး"

"အမလေး . . . ကယ်တော်မူကြပါ၊ ဘယ်လောက်ကြောက်စရာကောင်းတဲ့နေရာမှာ လာချိတ်မိနေတာပါလိမ့်၊ အိုး . . . လေထဲမှာပါလား၊ ဘုရား ဘုရား . . . သေကံမရောက် သက်မပျောက်ပါပဲ၊ ဒီသစ်ပင်ကြီး ကယ်ပေလို့ပဲ၊ ဒါနဲ့ ကျုပ်ရဲ့မြည်းကရော ဘယ်လိုအဖြစ်ဆိုးနဲ့ သူကြုံနေရပြီလဲ၊ ဘုရားရှင် ကယ်တော်မူပါ၊ အား . . . ခေါင်းတွေမူးလိုက်တာ"

မိုးတိမ်သည် ဇာတ်လမ်းကို ဆက်လေသည်။

http://www.linhtet.com



စာပို့လုလင်ကြီးသည် သစ်ပင်ခြေရင်းသို့ ဖက်တွယ်လျက်ဆင်းသည်။ ကျောက်ဆောင် ကမ်းပါးရှိ အက်ကြားများနှင့် သစ်ပင်သစ်ကိုင်းများကို အသုံးပြုလျက် တောင်ကြောအတိုင်း ကမ်းပါးစောက်ကြီးကို ကြိုးစားတွဲခိုကာ တဖြည်းဖြည်း လျှောဆင်းသည်။ မွန်းတိမ်းချိန်တွင် တောင်ပေါ်သို့ ရောက်ရှိလေသည်။ တောင်အောက်သို့ တန်းတန်းကျသွားခဲ့သည့် သူ၏ မြည်းကလေးမှာမူ အသက်မရှိတော့ပေ။ တောင်ကြားတစ်ဝိုက်တွင် မြည်းကလေးကျောပေါ်က ပစ္စည်းများ တစ်စစီ ဖရိုဖရဲ ပြန့်ကြဲလျက်။

အမှန်ဆိုလျှင် မြည်းကလေး သယ်လာခဲ့သော အထုပ်ကြီးထဲတွင် စာအိတ်အရှယ်စုံ၊ တံဆိပ်ခေါင်းရောင်စုံ ပါရှိသည်။ ရွာသားများက ကိုယ်တိုင်ထုတ်လုပ်သည် မဆိုသာသော်လည်း ယင်းချောစာထုပ်မျိုးစုံ၊ စာအိတ်မျိုးစုံတို့မှာ ရွာသားတို့၏ ဆွေမျိုးမိတ်သင်္ဂဟတို့ထံက ပေးပို့သော ပစ္စည်းများသာဖြစ်သည်။ ထို့ကြောင့် စာပို့လုလင်ကြီးသည် သူ့အဖို့ အရေးထားရမည့် အထုပ်များ၊ စာများကို တစ်ခုချင်း ကောက်သိမ်းလျက် မိမိကျောပိုးအိတ်ထဲသို့ထည့်သည်။ ဤရွာသားတို့နှင့် ပတ်သက်သည့် အခွန်အခ တောင်းခံစာများနှင့် အဝေးရောက် သားများထံမှ လုပ်ခလခ လှမ်း၍ပို့သော ငွေပို့လွှာများ၊ ထို့ထက်ပို၍ကား တောင်ခြေ မြေပြန့်ရှိ စာသင်ကျောင်း ကြီး တစ်ကျောင်းတွင် နေခွင့်ရကြောင်း အကြောင်းကြားစာများလည်း ပါဝင်စရာရှိသည်။

စာပို့လုလင်ကြီးသည် ပစ္စည်းများ ထုပ်ပိုးပြီးသောအခါ မိမိလာရာ တောင်ကြောလမ်း အတိုင်း ပြန်လှည့်လျက် တောင်ထိပ်ရှိ ရွာကလေးသို့ နာရီပေါင်း အတော်ကြာ စာပို့ခရီးစဉ် နှင်ခဲ့လေသည်။ ရွာရောက်သည်နှင့် ပထမဦးစွာ ပြေးလျက် မိမိစာကို မေးသူမှာ အပျိုဖော် မိန်းကလေးတစ်ဦးဖြစ်သည်။ စာပို့လုလင်ကြီးထံမှ လှမ်းပေးသောစာကို ရရချင်း ဖောက်ဖတ် လျက်ရှိသည့် သူမ၏ မျက်နှာတွင် ဝမ်းသာရွှင်မြူးရိပ်များသမ်းလျက် စိတ်လှုပ်ရှားနေဟန်ပင်။ ထုံးစံအတိုင်း စပ်စုတတ်သော မိုးတိမ်သည် မိန်းကလေး၏ ပခုံးနားသို့ အမြန်ရွေ့လျက် စီးမိုးကာ သူမနှင့်အတူ စာကိုဖတ်မိသည်။

***"အချစ်ကလေးရေ . . .***

*ကိုယ်ကတော့ မင်းနဲ့ခွဲခွာပြီး အဝေးတစ်နေရာက မြို့ကလေးမှာ အလုပ်လုပ်နေရ တုန်းပါပဲ။ ဘယ်သူတွေ ဘယ်လိုဖျက်ဖျက် ကိုယ်ကတော့ မင်းကို ပိုင်ဆိုင်နိုင်အောင် ကြိုးစားမှာပါ။ မင်းမိဘတွေနဲ့ တို့မိဘတွေရဲ့ ဘာသာအယူ ဂိုဏ်းကွဲပြားမှုတွေကြောင့်*

http://www.linhtet.com



*သူတို့ကတော့ တို့နှစ်ယောက် လက်ထပ်ဖို့ ဘယ်တော့မှ သဘောတူကြမှာ မဟုတ်ဘူး။ မင်းကို မင်းမိဘတွေက တခြားသူတစ်ယောက်နဲ့ အတင်းအကြပ် လက်ထပ်ပေးတော့မယ် ဆိုတဲ့ မင်းဆီကစာရတော့ မင်းဆီကို အပြေးလာချင်တော့တာပါပဲ။ မင်းဟာ ကိုယ့်အတွက်ဖြစ်သလို ကိုယ်ဟာလဲ မင်းအတွက်ပါပဲ။ အခုတော့ ကိုယ်တို့လှုပ်ရှားရမယ့် အချိန်ရောက်ပြီ။ နောက်လပြည့်ညမှာ ချစ်သူတောင်ကြောထိပ်ကို လာခဲ့ပါ။ တို့တွေ ဘဝတစ်ခု တည်ဆောက်ကြမယ်"*

မိုးတိမ်သည် စာကို ဤမျှသာ ဖတ်မိပြီး သူတို့နှစ်ယောက်၏ ချစ်ပုံပြင်ဇာတ်လမ်းကို စိတ်ဝင်စားသဖြင့် နောက်နှစ်ရက်အကြာ တောင်ထိပ်တွင် ခိုနားလျက် လပြည့်ညဆီသို့ ပြန်လာခဲ့မိသည်။ မြို့ကပြန်လာခဲ့သည့် ကောင်လေးနှင့် အိမ်မှ လျှို့ဝှက်စွာ တောင်ကြောအတိုင်း ထွက်ပြေးလာခဲ့သည့် ချစ်သူကောင်မလေးတို့ ဆုံစည်းကြသည်ကို မိုးတိမ် အသေအချာ မြင်တွေ့ လိုက်ရပြီး ဤသို့မှတ်ချက်ပြုသည်။

"သူတို့နှစ်ယောက် ကျောက်ဆောင်ကြောမှာ ပျော်ရွှင်ကြည်နူးစွာ ဆုံစည်းကြတယ် ဆိုပါတော့၊ အိုး . . . တွေ့ဖူးသမျှ လပြည့်ညတွေထဲမှာတော့ ဒီည ဂီလ်ဂစ် တောင်တန်းတွေ ပေါ်မှာ သာတဲ့ လရောင်က အထွန်းလင်းဆုံးပါပဲ"

ချစ်သူကောင်မလေးထံမှလည်း စကားသံ ကြားရသည်။

"အိုး . . . ဘဝဆိုတာ ဘယ်လောက်အံ့ဩစရာကောင်းသလဲနော်၊ ကျွန်မတို့ နှစ်ယောက်ကို မိဘတွေ သဘောမတူဘူးဆိုတုန်းက ကျွန်မရဲ့ မျှော်လင့်ချက်တွေ ပျောက်ဆုံး တော့မလိုပဲ၊ အခုတော့လဲ ဒီလပြည့်ညမှာ ဘဝရဲ့ သာယာမှုတွေ ပြည့်စုံသွားပြီပေါ့၊ အခု ကျွန်မတို့ နှစ်ယောက်ပေါင်း တစ်ဘဝနဲ့ ဘဝခရီးကို အတူတူလျှောက်ကြရတော့မယ်"

"ဒါပေါ့ကွယ်ရယ် . . . ဘဝခရီးလမ်းဆိုတာ အချစ်သာရှိရင် ပြီးပြည့်စုံတယ်လို့ ဆိုကြတယ် မဟုတ်လား"

လရောင်အောက်တွင် ချစ်သူနှစ်ဦး လက်ကိုတွဲကာ ရွာတွင် ငယ်စဉ်ဘဝ သီဆိုခဲ့ကြသည့် တေးသီချင်းများ သီကျူးလျက် မတ်စောက်သော တောင်ကြောအတိုင်း မြို့ဆီသို့ ဦးတည်ကာ လျှောက်နေကြသည်။ ညသည် ငြိမ်းချမ်းသာယာလှပါဘိခြင်း။

http://www.linhtet.com



သို့သော်လည်း ကံကြမ္မာဟူသည် မှန်းဆ၍ မရနိုင်။ လွန်ခဲ့သည့်နှစ်ရက်က စာပို့လုလင်ကြီးနှင့် သူ၏မြည်းကလေးတို့ ကြမ္မာဆိုး ရိုက်ခဲ့ရာ တောင်ကြောအနီးသို့အရောက် ဂီလ်ဂစ်လေပြင်းတစ်ခုက မွှေ့လိုက်ပြန်သည်။ ချစ်သူနှစ်ဦး တတ်နိုင်သည့်ခွန်အားဖြင့် ခုခံထိန်းသိမ်းကြသော်လည်း နောက်ဆုံး ကြမ္မာဆိုး ငင်ခဲ့လေသည်။ လေပြင်းက ချစ်သူနှစ်ဦးကို သိမ်းကျုံးပွေ့ယူကာ တောင်ကြားဆီသို့ တွန်းချလိုက်သလိုရှိသည်။

ချစ်သူနှစ်ဦး လက်ချင်းမြဲမြဲတွဲ ကျောင်ဆောင်ကမ်းပါးမှ ပြိုဆင်းသွားဟန်ပုံရိပ်မှာကျောင်ဆောင်ကမ်းပါးနံရံတွင် အထင်အရှားဖြစ်သည်။ မိုးတိမ်မှလွဲ၍ ယင်းအဖြစ်ကို သိမြင်သူသက်သေမရှိ။ ထို့ပြင် မိုးတိမ်မှတစ်ပါး ကူညီမည့်သူမရှိ။ မိုးတိမ်မှာလည်း အကူအညီမပေးနိုင်ဖြစ်ရသည်။ ထို့ကြောင့် မိုးတိမ်က စိတ်မကောင်းစွာ ညည်းတွားသည်။

“တကယ်တော့လဲ ဘဝဆိုတာ ဘာမှ မရေရာလှပါဘူး”

မိုးတိမ်သည် သူ၏ပုံပြင်ကို အဆုံးသတ်ပြီးနောက် ကောင်းကင်သို့လွင့်လျက် ခရီးဆက်ရန်ဟန်ပြင်သည်။

“ဒီလို ချစ်သူနှစ်ဦးရဲ့ ပျော်ရွှင်ဖွယ် ပုံပြင်တွေ၊ ကြေကွဲဖွယ် ပုံပြင်တွေဟာ လူတွေတည်သရွေ့၊ ကမ္ဘာတည်သရွေ့ နေရာအနှံ့မှာ ရှိနေဦးမှာပါပဲ၊ ဒါပေမဲ့ ဂီလ်ဂစ်တောင်ကြောမှာ လက်ချင်းတွဲပြီး ဘဝခရီး လှမ်းလျှောက်ကြမယ်လို့ ကြည်နူးခဲ့ကြတဲ့ ချစ်သူနှစ်ဦး မျက်နှာကိုမမေ့နိုင်တော့ပါဘူး၊ ဘဝခရီးတိုလေးပေမယ့် သူတို့နှစ်ယောက်ဟာ လမ်းဆုံးပန်းတိုင်ကိုတူတူလှမ်းနိုင်ခဲ့ကြတယ်လို့ ဆိုရမှာပဲ”

ပြောရင်းဆိုရင်းမှပင် မိုးတိမ်သည် ခပ်ဝေးဝေးဆီ လွင့်ပျံ့ရန် အားယူလျက် ဂီလ်ဂစ်တောင်ထွတ်တောင်တန်းများကို ကျော်ဖြတ်ပြီး တက်ကလာမာကန် သဲကန္တာရဆီသို့ ဦးတည်လေသည်။

သဲကန္တာရ “ပိုးလမ်းမကြီး” တစ်လျှောက်တွင် မယုံနိုင်စရာ ဇာတ်လမ်းပုံပြင် အဖြစ်အပျက်များနှင့် နောက်ထပ်ကြုံဆုံရမှာကမူ အသေချာဖြစ်သည်။

http://www.linhtet.com



# ၂၁၀၀ ပြည့်နှစ်၏ ယန္တရားစက်ရုပ်

ကောင်းကင်တွင် တိမ်တောင်တွေ အပြည့်ဆင်လျက်ရှိသည်။ ထိုတိမ်တောင်တွေအကြားမှ တိမ်ဖြူတစ်ဆုပ်က လွင့်ပါလာပြီး စကားစ၍ဆိုသည်။


"ကောင်းကင်မှာ လွင့်ပါးနေရတယ်ဆိုတော့ အောက်မှာရှိတဲ့ ကုန်းမြေတို့၊ ပင်လယ်တို့ရဲ့ အခင်းအကျင်းကို အချိန်မရွေး တွေ့မြင်ရတဲ့အပြင် အဲဒီနေရာတွေမှာ နေထိုင်ကြတဲ့ လူတွေနဲ့ တခြားသက်ရှိသတ္တဝါတွေရဲ့ လှုပ်ရှားမှုကိုလဲ မြင်နေရတယ်လေ၊ ဒါပေမဲ့ တစ်ခါတလေမှာ နေရာဒေသတွေ၊ အချိန်ကာလတွေအကြောင်းကိုလဲ စိတ်ကူးယဉ်အိပ်မက် မက်မိပေမယ့် လက်တွေ့တော့ တစ်ခါမှ မကြုံကြိုက်သေးဘူး၊ အင်း . . . ဒါနဲ့ မနေ့တုန်းကတော့ ခုအချိန်ကနေ နှစ်ပေါင်းတစ်ရာဖြစ်တဲ့အချိန် ရောက်တဲ့အခါ ဘယ်လိုကြုံရမလဲလို့ ကျွန်တော် တွေးကြည့်ခဲ့မိတယ်၊ ကနေ့ကစပြီး ရာစုနှစ်တစ်ခု ကွာလှမ်းတဲ့ အနာဂတ်ကာလကိုပေါ့။

"အဲဒီအချိန်မှာ ကျွန်တော်ဟာ အာရှတိုက် မြို့ကြီးတစ်မြို့ရဲ့ အထက်ကောင်းကင်ကို ရောက်နေတယ်၊ မြို့ရဲ့ တစ်ဖက်စွန်းနေရာက လမ်းမြောင်လမ်းကြားနဲ့ ဖြစ်သလိုနေထိုင်ကြတဲ့ ရပ်ကွက်ကြီးအတွင်းမှာပေါ့၊ အချိန်က ၂၁၀၀ ပြည့်နှစ်ဆိုတဲ့အချိန်ကို ရောက်ပြီဆိုတော့ အမှိုက်တွေ စွန့်ပစ်တဲ့စနစ်ဟာလဲ အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီဖြစ်တယ်၊ ဒါတင်မကသေးဘူး . . . အမှိုက်သရိုက်ဆိုတဲ့ အသုံးအနှုန်း ဝေါဟာရကိုတောင် လူတွေရဲ့နှုတ်မှာ သုံးရိုးစွဲရိုး မရှိတော့ဘဲ ပြောင်းလဲပျက်ပြယ်သွားခဲ့ပြီလို့ ထင်ရတယ်၊ ပြီးတော့ကာ တစ်ကျော့ပြန်ပြီး သုံးလို့ရတဲ့ ပစ္စည်းကြီးငယ်ဟူသမျှကိုလဲ ပြန်သုံးနေကြတာ တွေ့ရတယ်၊ ဒါပေမဲ့ လူတွေဆိုတော့ လူတွေရဲ့ ဓလေ့စရိုက်အတိုင်းပဲ ဟိုနေရာ အမှိုက်စွန့်၊ ဒီနေရာ အမှိုက်စွန့်ချင်တဲ့ အလေ့အထကတော့ မပျောက်ချင်သေးဘူး၊ ပြီးခဲ့တဲ့အချိန်ကလို အမှိုက်သရိုက်တွေကို သူတို့နေထိုင်ရာ အနီးမှာ ပြတိုက်ပြခန်း ထောင်ထားသလို ပြုမူကြတုန်းရှိသေးတယ်။

**To Be a Robot in the Year 2100**

http://www.linhtet.com





http://www.linhtet.com



"ဟုတ်တယ်လေ . . . အဲဒီလမ်းမြောင်လမ်းကြားကလေးရဲ့ အဆုံးမှာ တစ်ရုပ်လုံးက အမှိုက်တွေကို သယ်လာပြီး အပုံကြီးဖြစ်အောင် ပိုမိုမောက်မောက် ပုံထား ဖို့ထားနေသေးတာကို တွေ့နေရသေးတယ်၊ အဲဒီအမှိုက်ပုံတွေထဲက ထိပ်ဖျားတစ်နေရာမှာ စက်ယန္တရားဖြစ်တဲ့ ရိုဘော့ ရုပ်တစ်ရုပ်ကို စွန့်ပစ်ထားတာရှိလေရဲ့၊ ဒီစက်ရုပ်ရဲ့မျက်နှာဟာ လူငယ်ကလေးတစ်ယောက်ရဲ့ သွင်ပြင်အတိုင်း တွေ့ရတယ်၊ စက်ရုပ်ဟာ စနစ်တကျ အကောင်းစား တည်ဆောက်တပ်ဆင် ထားခဲ့ဖူးတဲ့ ပုံပန်းရှိပါတယ်၊ တပ်ဆင်ထားတဲ့ အစိတ်အပိုင်းကလေးတွေဟာလဲ အကောင်းစား အမာစားတွေပါပဲ၊ ဒါပေမဲ့ စက်ရုပ်ရဲ့ လက်မောင်းတွေ၊ ခြေထောက်တွေကတော့ ကွေးကောက်ပြီး ကျိုးနေတယ်၊ မျက်နှာမှာလဲ အစင်းအကြောင်းတွေရှိပြီး ညစ်ပတ်ပေရေ နေတယ်၊ စက်ရုပ်ရဲ့ မျက်လုံးတွေဟာ အမှိုက်ပုံထောင့် အဝေးတစ်နေရာကို အသက်မဲ့တဲ့ မျက်လုံးတွေနဲ့ ကြည့်နေသလိုပဲ။

"၂၁၀၀ ပြည့်နှစ်မှာ ရှိနေတဲ့ ရိုဘော့စက်ရုပ်များရဲ့ အစွမ်းအစအတိုင်းပဲ ဒီရိုဘော့ ဟာလဲ လူတွေလို ကောင်းကောင်းစကားပြောတတ်နေပြီ၊ ဒါပေမဲ့ သူ့ကို ခိုင်းစေတဲ့ ပိုင်ရှင်က ပြောတတ်စေချင်သလောက်သာ သူ့မှာ ထည့်ပေးထားတဲ့အတိုင်း ပြောတတ်ပါတယ်"

"ကျွန်တော် . . . ရိုဘော့၊ နာမည်က ရိုဘို၊ ကျွန်တော့်ကို . . . တစ်ယောက်ကကူပါ၊ မခံနိုင်တော့၊ ကူညီကြပါ၊ လမ်းလျှောက်လို့ မရတော့၊ အသက်ရှင်ဖို့ စွမ်းအားလိုနေတယ် . . ."

"အဲဒီ ရိုဘော့ရဲ့ အသံဟာ ချည့်နဲ့တဲ့လေသံဖြစ်နေလို့ သစ်ပင်ထိပ်ဖျားလောက်အထိ ကျွန်တော် နိမ့်ဆင်းပြီး နားထောင်ခဲ့ရတယ်လေ၊ အနီးအနားမှာ သူ့အကူအညီတောင်းသံကို ကြားမယ့်သူလဲ တစ်ယောက်တလေမှ မရှိပါဘူး၊ အချိန်ကလဲ လူတွေ နိုးထချင်လောက်တဲ့ အချိန် မဟုတ်သေးဘဲ အတော်ကြီး စောနေသေးတယ်၊ အဲဒီအခိုက်မှာ ကောင်းကင်က မိုးတစ်ပြိုက် ရွာချလိုက်တယ်၊ ရိုဘော့စက်ရုပ်ရဲ့ မျက်နှာပေါ်ကို မိုးရေတွေကျပြီး ကလေး တစ်ယောက် လူပျောက်ရှာရင်း ငိုထားသလို မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်းတွေ စီးကျလာ နေတယ်။

"လူ့လောကဆိုတာ နားလည်ရဖို့ အခက်သားသလား၊ အခုအချိန်နဲ့ ခရစ်နှစ် ၂၁၀၀ ဆိုတဲ့ အချိန်အကြားမှာ လူတွေဟာ ရိုဘော့ယန္တရားတွေကို သူတို့နဲ့မခြား ကွန်ပျူတာနည်းနဲ့ လုပ်တတ်ကိုင်တတ်ဖြစ်အောင် သင်ပေးမယ်လို့ စိတ်ထဲမှာ သန္နိဋ္ဌာန်ချထားခဲ့ကြတယ်၊

http://www.linhtet.com



လူတွေဟာ သူတို့ထက်တောင်ပိုပြီး ရှုပ်ရှုပ်ထွေးထွေး အလုပ်လုပ်နိုင်တဲ့ အစွမ်းအစမျိုး ထည့်ပေးဖို့ ကြိုးစားကြတယ်၊ ဒါကြောင့် ခေတ်ခွဲခန်းထဲမှာ သူတို့စမ်းသပ် ထုတ်လုပ်လို့ရတဲ့ ကလာပ်စည်းတွေ၊ အစိတ်အပိုင်းတွေ အားလုံးကိုထည့်ပြီး တပ်ဆင်ပေးထားဖို့ ကြိုးစားကြတယ်၊ တချို့သိပ္ပံပညာရှင်တွေဟာ ဒီလို ကွန်ပျူတာစက် ရိုဘော့ယန္တရားများနဲ့ လူကို ပုံတူပြုလုပ်ဖို့ ကြိုးစားနေကြတဲ့အချိန်မှာ တချို့ကတော့ သိပ္ပံပညာနယ်ပယ်ကိုကျော်ပြီး လုပ်ချင်တဲ့စိတ်မျိုး မရှိခဲ့ကြပါဘူး။

"လူတွေဟာ သူတို့ပြောနေကျ စကားသံမျိုးကိုပဲ အမြဲကြားချင်နေပုံရတယ်၊ ပြီးတော့ ဒီအသံနဲ့ ခိုင်းစေတာကို နာခံပြီး လိုက်လုပ်ပေးမယ့် ယန္တရားပစ္စည်းမျိုးတွေလဲ ခိုင်းချင်ပုံရတယ်၊ အင်းပေါ့ . . . လူခိုင်းစေရာကို လုပ်ပေးမယ့် ခွေးတွေဟာ ရှေးခေတ်ကတည်းက ရှိပြီးသားပဲ၊ ဒီလူတူစက်ရုပ်တွေကိုတော့ ၂၁ ရာစုနှစ်ဦးမှာ စတင်တီထွင်ပေးခဲ့တဲ့ သိပ္ပံပညာရှင်ကြီးတွေရဲ့ မျက်နှာပေးမျိုး တပ်ပေးကြတယ်၊ အဲဒါဟာ ခုအချိန်ရဲ့နောက်ပိုင်း နှစ်အနည်းငယ်မှာ သူတို့ လုပ်ခဲ့တာတွေပေါ့၊ ပြီးတော့ လူတို့ထွင်ထားတဲ့ စက်ရုပ်တွေက သူတို့နဲ့တူတဲ့ စက်ရုပ်တွေကို တစ်ခုပြီးတစ်ခု ဆက်ပြီးထုတ်လုပ်ပေးကြတယ်။

"လူတွေကို သူတို့ရဲ့ စက်ရုပ်တွေက အကူအညီပေးကြလို့ သူတို့ရဲ့လုပ်ငန်းဆောင်တာမှာ လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါးဖြစ်ကြရတယ်၊ ဒီလိုလုပ်ရင်းနဲ့ တချို့စက်ရုပ်တွေဟာ ပျက်ကုန်ကြတယ်၊ စီစဉ်ထုတ်လုပ်ထားတဲ့အတိုင်းလဲ ခိုင်းလို့မရတော့ဘူး၊ ဒီတော့ နောက်ထပ်ထွက်လာတဲ့ စက်ရုပ်တွေကို ဆက်ခိုင်း၊ ပထမ စက်ရုပ်တွေကို ဘေးဖယ်ထားလိုက်ကြတယ်၊ အဲဒီအပျက်တွေကို ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ အမှိုက်သရိုက်လို စွန့်ပစ်လိုက်ကြတယ်၊ လူတွေက သူတို့ဟာ ဒီစက်ရုပ်တွေကို သူတို့နဲ့မခြားဖြစ်အောင် လုပ်ထားခဲ့ကြတော့ ဒီစက်ရုပ်တွေမှာလဲ စိတ်မကောင်းရတာ၊ နာကျဉ်တာတွေရှိတာကို သတိမထားမိကြဘူး၊ ခိုင်းလို့မဖြစ်တဲ့ စက်ရုပ်တွေကို လွယ်လွယ်ကူကူ စွန့်ပစ် ဖယ်ရှားပစ်လိုက်ကြတာကြောင့် စက်ရုပ်တို့မှာလဲ စိတ်မကောင်းခြင်း ဖြစ်ရပြန်တယ်"

"ကျွန်တော် လွတ်လာတယ်. . . " ဟု ရိုဘော့၏ အသံပျော့ပျော့ကို ကြားရပြန်သည်။ "သူတို့ ကျွန်တော့်ကို အရည်ပြန်ကျိုမလို့ စက်ထဲကို တွန်းထည့်ကြတယ်၊ ကျန်တဲ့ ခေတ်ခဲအားနဲ့ . . . ကျွန်တော် ရုန်းပြီး . . . ထွက်ခဲ့ရတယ်။

http://www.linhtet.com



"ကျွန်တော့်ပုံစံ ဗွီ-၁၀၀၉ က ပုံစံဟောင်းနေပြီ၊ ကျွန်တော်ဘာလဲ . . . ကျွန်တော့် မှတ်ဉာဏ်တွေ ကောင်းပါသေးတယ်၊ စိတ်ကူးတွေ ကျန်နေပါသေးတယ်၊ ဘာဖြစ်လို့ လွှင့်ပစ် မှာလဲ၊ နားမလည်ဘူး . . . နားမလည်ပါဘူး။

"အဲဒီ ခရစ်နှစ် ၂၁၀၀ မှာ မြို့ကြီးတွေရဲ့အလယ်မှာဆိုရင် မီတာ ၁၀၀၀ မြင့်တဲ့ မိုးထိုးတိုက်ကြီးတွေ ရှိနေတယ်၊ အမှိုက်ပုံကြီးတွေ ရှိနေတဲ့ ကြားကြိုကြားကြား နေရာတိုင်းက မြင်တွေ့နေနိုင်တယ်၊ အဲဒီ အဆောက်အအုံကြီးတွေထဲမှာလဲ ဗွီ-၁၀၀၀၀၂ ဆိုတဲ့ အမှတ်တံဆိပ်နဲ့ ရိုဘော့တွေ အများကြီးပဲ၊ စက်အားရော မှတ်ဉာဏ်အားရော အင်မတန် ကောင်းကြတယ်၊ သူတို့မျက်နှာတွေဟာ လူ့မျက်နှာတွေနဲ့ တစ်ထေရာတည်းပဲ၊ လူနဲ့ စက်ရုပ်ကို ဘယ်ဟာလဲလို့ ခွဲလို့မရဘူး၊ အင်း . . . ဒါနဲ့ လူတွေလဲပဲ စက်ရုပ်တွေနဲ့ အတော်တူလာတော့တယ်၊ လူ့ဦးခေါင်း ထဲကို မှတ်ဉာဏ်စက်ကလေးတွေ ထပ်ပြီးသွင်းပေးထားခဲ့တာကိုး၊ ဒီတော့ လူနဲ့ စက်ရုပ်နဲ့ အကြားမှာ ခွဲခြားထားတဲ့ ကွဲပြားတဲ့ကိစ္စဆိုတာလဲ မရှိတော့သလောက်ဖြစ်လာတယ်၊ ခရစ်နှစ် ၂၁၀၀ အချိန် ရောက်နေပြီဆိုတော့ ကွဲပြားတာက တခြားမဟုတ်တော့ဘူး၊ လူက ချွေးထွက် တယ်၊ စက်ရုပ်ဆိုတာက ချွေးမထွက်တာဘဲ ခြားတော့တယ်၊ အလိမ္မာရှိတဲ့ ရိုဘော့စက်ရုပ် တွေက ချွေးနံ့ကို မကြိုက်ကြတော့ဘူး။

"ဩော် . . . အပြောင်းအလဲဆိုတာများ မြန်ဆန်လာလိုက်လာ၊ လူမှာရော၊ စက်ရုပ် မှာရော ခြေလက်တွေနဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကို ဘယ်နှကြိမ်ဖြစ်ဖြစ် အစားထိုး တပ်ဆင်နိုင်တဲ့အချိန် ရောက်ပါပြီကော၊ ဒီလိုဆိုတော့ ထိခိုက်ဒဏ်ရာရလို့ ခြေတစ်ဖက် ပြတ်သွား ရင်ပဲဖြစ်ဖြစ်၊ နှလုံးတို့၊ အသည်းတို့မှာ ရောဂါရလို့ ပျက်စီးရင်ပဲဖြစ်ဖြစ် အခုခေတ် လျှပ်စစ် မီးသီးကျွမ်းလို့ ပြောင်းတပ်သလို လွယ်ကူသွားတော့မှာပါ၊ လူတွေဟာ အဲဒီအချိန်မှာ အခုထက် သက်တမ်းသုံးဆလောက် ပိုရှည်တော့တယ်၊ အသက်အပိုင်းအခြား တွက်ချက်ပုံစနစ်ပါ ပြောင်းတော့တယ်၊ ရိုဘော့တွေရဲ့ မှတ်ဉာဏ်စနစ်ဟာ လူ့အကြောင်းကိုရော၊ သူတို့အကြောင်း ကိုရော အကုန်သိနေတော့တယ်၊ လူက ဒီစက်ရုပ်တွေအကြောင်းကို သိထားတာထက် စက်ရုပ် တွေက လူ့အကြောင်းကို သိထားတာက ပိုနေပါတော့တယ်။

"ဒီအချိန်မှာ ရိုဘော့တွေအဖို့ သတိထားပြီး ရှောင်ကြဉ်ရမယ့် စကားတွေကတော့ 'ကျွန်တော်မသိဘူး' ဆိုတဲ့စကားနဲ့ 'ကျွန်တော်မလုပ်တတ်ပါဘူး' ဆိုတဲ့ စကားနှစ်လုံးပါပဲ၊

http://www.linhtet.com



ဒီအသုံးအနှုန်းမျိုးနဲ့ ပြောတာကို လူတွေက အမုန်းတီးဆုံးပဲ၊ ဒီအသံမျိုး ထွက်လာတဲ့ ရိုဘော့ ယန္တရားရုပ်ဆိုရင် ချက်ချင်း နောက်အသစ်တစ်မျိုးနဲ့လဲပြီး သုံးတော့တာပါပဲ၊ ကျွန်တော်ဟာ အဆောက်အအုံကြီးနှစ်ခုကြားမှာ 'မသိဘူး . . မလုပ်တတ်ဘူး' လို့ ရွတ်ပြီး လဲကျနေတဲ့ ရိုဘော့တစ်ခုကို တွေ့ရဖူးတယ်၊ ဒီလိုအကြောင်းကြောင့်ပဲ သူ့ကို လွှင့်ပစ်ထားလိုက်ကြတာ ဖြစ်လိမ့်မယ် ထင်တယ်"

မိုးတိမ်သည် အနည်းငယ် ပြန့်ကားလိုက်စဉ် ကောင်းကင်ရှိ အခြားမိုးသား တိမ်တိုက်များကဲ့သို့ ညိုတိုတိုအရောင်သို့ ပြောင်းသွားသည်။

"အင်း . . . လူသားများဆိုတာ သဘာဝတရားနဲ့အညီ ပေါက်ဖွားလာတဲ့သူတွေပဲ၊ အခု သူတို့က သဘာဝတရားနဲ့အညီ ရှင်သန်ဖို့၊ ကွယ်လွန်ဖို့ဆိုတဲ့ ဖြစ်စဉ်ကို ငြင်းပယ်နေကြတဲ့ ပထမဆုံး သက်ရှိသတ္တဝါတွေဖြစ်လာတယ်၊ မွေးဖွားခြင်း၊ အိုမင်းခြင်း၊ ရောဂါဘယ ခံစားရခြင်း၊ သေဆုံးခြင်း ဆိုတဲ့ စကားများရဲ့ ရှိနေကျ အဓိပ္ပာယ်ကိုတောင် ငြင်းပယ်လာကြတယ်၊ လူနဲ့ လူ့အဖွဲ့အစည်းရဲ့ နေထိုင်ရှင်သန်မှုစနစ်တွေဟာ သိသိသာသာကြီး ပြောင်းလဲသွားတော့တာပါပဲ။

"ခရစ်နှစ် ၂၁၀၀ ရဲ့ မြို့တော်တစ်ခုမှာ မိုးတွေ သည်းသည်းထန်ထန် ရွာချနေတယ်၊ တိုက်ကြားထဲမှာ လဲကျနေတဲ့ ရိုဘော့ရဲ့ ကိုယ်ပေါ်ကိုလဲ မိုးရေတွေ တဖျန်းဖျန်း ကျလာတယ်"

"ကျွန်တော့်ကို . . . စပြီးထုတ်တုန်းက . . . ပျော်လိုက်တာများ . . . အခုတော့ ဒီလို မဟုတ်တော့ဘူး၊ စက်ရုပ်က တပ်ဆင်မွေးထုတ်လိုက်တဲ့ စက်ရုပ်ဟာ စက်ယန္တရားသက်သက်ပါပဲ၊ တကယ့်လူဖြစ်ဖို့နဲ့ စိတ်ကူးဉာဏ် ကျက်စားဖို့ မလွယ်ပါဘူး၊ အခု နောက်ဆုံးပေါ်ပုံစံ ရိုဘော့တွေအဖို့သာ ပျော်ကြတော့တယ်။

"တကယ်တော့ ကျွန်တော်တို့ကမ္ဘာမှာတော့ လူလိုတတ်သိ ခံစားတတ်တဲ့ အမှတ် ဗွီ-၁၀၀၉ ပုံစံ၊ ဒါမှမဟုတ် ဗွီ-၁၀၀၀၀၂ ပုံစံတွေဟာ ၂၁၀၀ ပြည့် ရောက်နေတဲ့အခါမှာလို မရှိကြသေးပါဘူး၊ လူနဲ့စက်နဲ့ နီးသထက် နီးလာတဲ့ အဲဒီအချိန်မျိုးကျမှ စက်ရုပ်ဦးခေါင်းထဲကို လူ့ခံစားမှုမျိုးရအောင် သွင်းပေးမှာပါ။

http://www.linhtet.com



"နောက်တစ်ခါများကျရင် ကျွန်တော်ဟာ လူလိုပဲ မွေးဖွားလာပါရစေ၊ စက်ရုပ်လို မဖြစ်ပါရစေနဲ့တော့၊ လေလို . . . ရေလို . . . ပြီးတော့ မိုးတိမ်လို၊ အင်း . . . "

"အဲဒီစကားကို အသံထွက်ပြီးတဲ့နောက် ရိုဘော့ရဲ့မျက်လုံးတွေ မှေးပြီး မှိတ်သွားတော့တယ်၊ သူလဲ ငြိမ်သွားတယ်၊ သူ့မှာ စွမ်းအင်လုံးလုံးပြတ်တောက်သွားတော့တယ်"

စာရေးသူ၏ ဦးခေါင်းပေါ်မှ အသံလည်း တိတ်ဆိတ်သွားပါသည်။ မိုးတိမ်သည် သူ၏ စိတ်ကူးယဉ်ပုံပြင်ကို အဆုံးသတ်လိုက်ပြီးနောက် ကောင်းကင်ရှိ မိုးတိမ်များနှင့် ရောယှက်၍ သွားလေတော့သည်။

http://www.linhtet.com



# ဟင်းလင်းပြင်ထဲက မှတ်ဉာဏ်အစုအဝေး

နွေရာသီ၏ နေသာသော နေ့တစ်နေ့တွင် ဖြစ်သည်။

ကျွန်တော်သည် ထုံးစံအတိုင်း တစ်နေရာရာသို့ ရောက်နေသည်။ ဘယ်နေရာဟူ၍ကား အတပ်မပြောနိုင်တော့။ စာရေးသူပဲ စိတ်ကူးယဉ်နေမိသလား။ တကယ်ပင် တိမ်တစ်ဆုပ်သည် မြင့်ပွားတက်လာ၍ ဦးခေါင်းပေါ်တွင် ပွင့်ကားလျက် ထွက်လာလေသလော။ ထိုတိမ်တစ်ဆုပ် အသွင်ပြောင်းသောအခါ မုတ်ဆိတ်ကျင်စွယ်နှင့် တွေးခေါ်ပညာရှင်ကြီး၏သဏ္ဌာန်မျိုး ပေါက်သွားလေသည်။ ဟုတ်ပါရဲ့၊ ထိုတိမ်တောင်သည် အမြင်သန်စွာ ကြည့်လေ့ရှိသော ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဖြစ်နေလေသည်။ မိုးတိမ်တို့၏ စရိုက်ကို မသိနိုင်သလို သူပြောဆိုလာသည့် အကြောင်းအရာကိုလည်း ရုတ်တရက် သဘောပေါက်ဖို့ ခက်နေပါသည်။

"အတိုင်းမသိဖြစ်တဲ့ အာကာသ ဟင်းလင်းပြင်ကြီးထဲမှာ အင်မတန်ကြီးမားတဲ့ မှတ်ဉာဏ်ကို သိုမှီးထားတဲ့ အရာဝတ္ထုကြီးတစ်ခု ရှိလေရဲ့၊ ဘယ်သူကမှတော့ ဒီအရာကို မမြင်ဖူးကြပါဘူး၊ ခင်ဗျားများ ကြားဖူးနားဝ နည်းနည်းပါးပါး ရှိမလားဘဲ"

"အင်း . . . ကျွန်တော်လဲ ကြားဖူးတယ်လို့ မထင်ပါဘူး" လို့ပြန်ပြီး ဝတ်ကျေဝတ်ကုန် ပြောလိုက်ရသည်။ မိုးတိမ်က သူ့စကားကို ဆက်ပြောသည်။

"အင်း . . . ဟုတ်မှာပါပဲ၊ အဲဒီ မှတ်ဉာဏ်အစုအဝေးဆိုတဲ့ အရာကို အားအကောင်းဆုံး မှန်ပြောင်းနဲ့ လှမ်းပြီး ရှာကြည့်လို့လဲ မရဘူး၊ ခေတ်အမီဆုံး အီလက်ထရွန် မှန်ဘီလူးနဲ့ ကြည့်ရင်လဲ မမြင်နိုင်ဘူး၊ ဒါပေမဲ့ ဒီမှတ်ဉာဏ်အစုအဝေးကြီးထဲမှာ ဘဝမျိုးစုံရဲ့အကြောင်းနဲ့ အဖြစ်အပျက်တွေကို အားလုံးအသေးစိတ် မှတ်တမ်းတင်ထားပြီး သား ဖြစ်နေတယ်၊ ကဲ . . . ခင်ဗျား အခုတော့ သိပြီနော်၊ ခင်ဗျားတို့ လူတွေအဖို့တော့ ကမ္ဘာပေါ်ကဖြစ်ဖြစ်၊ စကြဝဠာထဲက ဖြစ်ဖြစ် ဘယ်လို မျက်စိနဲ့မှ မမြင်ရတဲ့ ကွန်ပျူတာနဲ့ အလားတူ မဟာမှတ်ဉာဏ်ကြီးလို့

http://www.linhtet.com





http://www.linhtet.com



ခေါ်ကြမှာပဲ၊ ဘာပြုလို့လဲဆိုရင် သူ့မှာ ပုံသဏ္ဌာန်လဲမရှိဘူး၊ အလင်းကြောင့် ရောင်ပြန်ဟပ်တာလဲ မရှိဘူး၊ အရိပ်ထွက်တာမျိုးလဲ မရှိလို့ပါပဲ”

မိုးတိမ်သည် သူ့အရွယ်အစား ပုံပန်းကို ကောင်းကင်တွင် ပြုပြင် ဖြန့်ကြက်လျက်ရှိသည်။

“ဒါပေမဲ့ ဒီမဟာမှတ်ဉာဏ်ကြီးဟာ ကမ္ဘာပေါ်မှာရှိတဲ့ အရာအားလုံးနဲ့ ပတ်သတ်လို့ မြင်လဲ မြင်တယ်၊ ကြားလဲ ကြားတယ်၊ မှတ်လဲမှတ်မိတယ်လေ၊ ဘယ်လောက်ပဲ သေးငယ်တာမျိုးဖြစ်စေ၊ ပုရွက်ဆိတ်ကလေး တစ်စုတန်းပြီး လျှောက်သွားနေတာ ဖြစ်ဖြစ်၊ အင်မတန်မြန်တဲ့ ပိုးဟပ်တစ်ကောင် မီးဖိုထဲမှာ ဖျပ်ခနဲ ပြေးသွားတာဖြစ်ဖြစ်၊ လူနှစ်ဦးကြား လူများမကြားရအောင် လေသံနဲ့ တီးတိုးပြောတာမျိုး ဖြစ်ဖြစ်၊ ကလေးငယ်လေးတစ်ယောက် ခြေလှုပ်လက်လှုပ် မသိမသာပြုလိုက်တာမျိုးကိုဖြစ်ဖြစ်၊ ဒီမဟာမှတ်ဉာဏ်ကြီးမှာ မှတ်တမ်းတင်ပြီးသား ဖြစ်သွားတာဗျ။

“ကျွန်တော် အခု ခင်ဗျားကို ပြောပြလိုက်တာမျိုးအထိ ပါသွားတာပေါ့၊ မသိလိုက် မပါလိုက်တဲ့ အကျန်အကြွင်းရယ်လို့ကို မရှိပါဘူး။

“အဲဒီ မှတ်ဉာဏ်ကြီးကိုယ်နှိုက်က စကြဝဠာထဲမှာ အကြီးဆုံး လျှို့ဝှက်ချက်ကြီးပါပဲ၊ ဒီအရာကြီး ရှိနေခြင်းဟာ လူသားတို့အတွက် ပျော်စရာ၊ ဝမ်းနည်းစရာ၊ ကြောက်စရာနဲ့ မျှော်လင့်စရာတို့ကို ပေးထားရာရောက်ပါတယ်”

တိမ်သည် တစ်ချက်လွင့်ပြယ်လိုက်ပြီး အခြားပုံသဏ္ဌာန်တစ်ခုကို ပြောင်းသွားပြန်လေသည်။

“တချို့လူတွေကတော့ ရှေးရှေးကတည်းက အသိခက်တဲ့ဒီအရာကို သဘာဝ ကိုးကွယ်ရာလို့လဲ ခေါ်ဝေါ်ကြတယ်၊ ယုံကြည်မှု အမျိုးမျိုးနဲ့ ကိုးစားကြတယ်၊ ဆုတောင်းသမှုလဲပြုကြတယ်၊ လူတွေမှာ ပိုက်ဆံရှိရှိ၊ အခြေအနေ အဆင့်အတန်းရှိရှိ၊ အခွင့်အလမ်းသာရှိ စတဲ့ရုပ်ပိုင်းဆိုင်ရာ အဆင်ပြေမှုတွေ ရှိတာသက်သက်နဲ့ ရှင်သန်ဖွံ့ဖြိုးပြီး နေနိုင်တာ မဟုတ်ကြပါဘူးဗျာ၊ စိတ်ဓာတ်ဝိညာဉ်တို့ရှိမှ လူ့ခန္ဓာကိုယ်ဟာ သက်ဝင်လှုပ်ရှား ပြုနိုင်တာဖြစ်တယ်၊ လူတွေ ဖြစ်လာတဲ့ အခါမှာလဲ ဆက်လက်ပြီး ရှင်သန်နေဖို့ဆိုတာဟာ နှလုံးသားဆိုတဲ့အရာ အလုပ်လုပ်မှ ဖြစ်နိုင်တယ်၊ စက်ကို ချောဆီထိုးပြီး လည်ပတ်စေသလိုပေါ့၊ အဲဒီတော့မှ ဘာသာစကားတွေနဲ့ ပြောဆိုဖော်ပြတတ်ပြီး ဘဝကို အဓိပ္ပာယ်ရှိစေတယ်၊ အကောင်းအဆိုး ကံကြမ္မာတွေကို ဖြစ်စေ

http://www.linhtet.com



တယ်လေ၊ တစ်နည်းပြောချင်ရင် လူစိတ်ထဲမှာ ရှိတဲ့ စိတ်ကူးနဲ့အကြံအစည် စကားလုံးတွေဟာ သူ့နှလုံးသားထဲကနေ အကောင်းဖြစ်ဖို့လား၊ အဆိုးဖြစ်ဖို့လား ဆိုတာကို ဖန်တီးပေးပါ တော့တယ်"

မိုးတိမ်က ခဏနားလိုက်သဖြင့် စာရေးသူမှာလည်း စိတ်ပေါ့ပါးသွားရသည်။ အကြောင်း မှာ သူ့ပြောဆိုချက်များကို နားလည်သဘောပေါက်အောင် အမှီလိုက်နိုင်ဖို့ လိုနေသောကြောင့် ဖြစ်သည်။

"ကိုးကွယ်ရာဆိုတာကို မသိတဲ့လူတွေမှာ ကောင်းကင်ကကြယ်တွေလိုပဲ ဖြစ်ကုန်ကြတယ်၊ တချို့ကျတော့ ဒီလိုအဖြစ်မျိုးကို အကြောင်းအကျိုးနဲ့ ကြုံရဆုံရခြင်းပဲလို့လဲ သဘောထားကြတယ်၊ သူတို့ဟာ အရာရာကို သိပ္ပံနည်းနဲ့ပဲ ရှင်းလင်းချက်ထုတ်ကြတယ်၊ တစ်ခုဖြစ်ပျက်တာနဲ့ နောက်တစ်ခု ဖြစ်ပျက်တာဟာ အကြောင်းအကျိုးခြင်း ဆက်စပ်နေတယ်လို့ ယူတာပေါ့၊ အကြောင်းရှိလို့ အကျိုးဖြစ်တယ်ဆိုတဲ့ ကိစ္စမှာ အကျိုးကို တွေ့ရှိပြီးတော့မှ အကြောင်းရင်းကို ဆက်ပြီး ရှာဖွေကြတယ်၊ ဒီလိုနဲ့ စကြဝဠာကြီး ပေါ်လာတာလားလို့ အဖြေရှာကြတယ်။

"ဒီလိုနဲ့ ဘဝဖြစ်တည်မှုဟာ တကယ်တော့ အပြောင်းအလဲနဲ့ ရွေ့လျားမှုကြောင့်ပဲ၊ အရာရာဟာ ပြောင်းလဲနေတယ်၊ ဆက်ဆက်ပြီး ရှေ့ကိုဖြစ်နေတာ၊ အဲဒါဟာ စကြဝဠာရဲ့ ဖြစ်စဉ်ပဲဗျ၊ အရာဝတ္ထုသက်ရှိတစ်ခု ဖြစ်တည်နေခြင်းကို ကျန်တဲ့အရာအားလုံးနဲ့ ပိုင်းခြား ကြည့်မြင်လို့ မရဘူး၊ လူတွေကတော့ 'အချိန်' ဆိုတဲ့အရာကို အသုံးပြုပြီး အပြောင်းအလဲ ဖြစ်စဉ်တွေကို အပိုင်းပိုင်း ခွဲခြားပြီး ရှင်းလင်းအဓိပ္ပာယ်ဖော်နေကြတယ်၊ စကြဝဠာဘက်က ကြည့်ရင် ဒီလိုဖြစ်တာဟာ အနှစ်သာရအားဖြင့် အချိန်ဆိုတဲ့ အကြောင်းကြောင့်မဟုတ်ပါဘူး၊ အချိန်ဆိုတာဟာလဲ ဟင်းလင်းပြင်ထဲမှာ ရှိနေတယ်၊ သူသူငါငါလူတွေ နားလည်ဖို့ ဝေးလံနေ ပါတယ်၊ အင်း . . . သူတို့ရဲ့ အချိန်ဆိုတဲ့ အရာကြီးကို ခုနကပြောတဲ့ မဟာမှတ်ဉာဏ်ကြီးက ထိန်းချုပ် ကွပ်ကဲထားတာပဲ၊ တကယ်တော့ ထိန်းချုပ်ကွပ်ကဲတယ်ဆိုတဲ့ အသုံးအနှုန်းကလဲ မဆီလျော်လှပါဘူး၊ ဘာပြုလို့လဲဆိုရင် စကြဝဠာကြီးကို စီစဉ်ထားပေးနေတာ မဟုတ်လို့ဘဲ၊ ဒါဟာ ဘာပြုလို့ဖြစ်နေတာလဲ ဆိုတော့ အကြောင်းကိုတော့ ကျွန်တော် လဲမသိဘူး၊ ဒါပေမဲ့ မိုးတိမ်ဆိုတဲ့ အဖြစ်နဲ့တော့ ကျွန်တော် တစ်နည်းတစ်ဖုံ သိနေသလိုလိုပဲ"

မိုးတိမ်သည် အနေအထား အရွယ်အစား ပြောင်းလဲသွားပြန်သည်။

http://www.linhtet.com



"ကဲ . . . ဒီတော့ လူတစ်ယောက်ဟာ ဘယ်လောက်သေးငယ်တဲ့ ကိစ္စကလေးကိုပဲ လုပ်လုပ်၊ အဲဒီ မှတ်ဉာဏ်ကြီးထဲ ရောက်သွားပြီး သိမ်းဆည်းပြီးသား ဖြစ်တော့တာပဲ၊ လူတစ်ယောက်စိတ်ထဲက အတွေးတွေဆိုရင်လဲ သူ့အတိုင်း အမှတ်အသား ဖြစ်သွားတော့တာပဲ၊ သက်ရှိလူတို့ လုပ်သမျှ ကိုင်သမျှဟာ အဲဒီ အကန့်အသတ်မရှိ မှတ်ဉာဏ်ကြီးထဲကို ရောက်သွားတော့တယ်ဗျာ။

"ဒီကမ္ဘာလောကကြီးထဲမှာ လူအတော်များများဟာ မကြံစည်အပ်တဲ့ မကောင်းမှုတွေကို ပြုလုပ်ကြပြီးတော့ ဒါတွေကို ဘယ်သူမှ သိမှာမဟုတ်ဘူးလို့ ထင်ထားကြတယ်၊ တချို့လူတွေကတော့ ဒီမကောင်းမှုမျိုးတွေကိုပဲ ပွင့်ပွင့်လင်းလင်း မပြောဘဲ၊ မလုပ်ဘဲနဲ့ စိတ်ထဲမှာအောင်းပြီး မွေးမြူထားကြတယ်၊ သူတို့ဟာ လက်တွေ့လုပ်မိကြတာ မဟုတ်ဘဲ စိတ်ကူးကြံစည်မှုသာ ရှိတဲ့အတွက် အပြစ်မရှိဘူးလို့ ထင်ထားကြပြန်တယ်၊ အဲဒါ သူတို့မှားတာပေါ့၊ ဘာဖြစ်လို့လဲဆိုရင် စိတ်ထဲမှာ ကြံစည်မိသမျှ ကိစ္စတွေဟာ အဆုံးမတော့ ကာယကံမြောက် အကောင်အထည်ပေါ်လာလေ့ရှိကြတာပဲကိုး၊ အတိတ်ရယ်၊ မျက်မှောက်ရယ်၊ အနာဂတ်ရယ်ဆိုတာတွေဟာ အားလုံးတစ်ခုနဲ့တစ်ခု ဆက်စပ်နေတာပါပဲဗျာ၊ အတွေးအမြင်စိတ်ကူးလို့ ဆိုရမယ့်ကိစ္စတစ်ခုဟာ တစ်နည်းနည်း တစ်ချိန်ချိန်၊ တစ်နေရာရာမှာတော့လာပြီး အကောင်အထည်ပေါ်တော့တာပါပဲ။

"နောက်ထပ် ကိစ္စကတော့လဲ လူအတော်များများဟာ ကောင်းတဲ့စိတ်စေတနာနဲ့ လူမသိသူမသိ လုပ်ကိုင်ပေးနေကြတာမျိုး ရှိသေးတယ်၊ အဲဒါကိုလဲ ခုန မဟာမှတ်ဉာဏ်ကြီးက တွေးသမျှ၊ လုပ်သမျှ ကောင်းမှုတွေကို မှတ်ယူပေးထားလိုက်တာပဲ၊ အဲဒီလို လူမျိုးတွေကတော့ လောကကြီးနဲ့ သဘာဝတရားကြီးကို အဆင်ပြေအောင် နေသာထိုင်သာဖြစ်အောင် လုပ်ပေးကြတဲ့ သူတွေပါပဲ"

မိုးတိမ်သည် သူ့ပုံပန်း တစ်ချက်ပြောင်းလဲလိုက်ပြန်ပြီး သူအလှည့်အပြောင်း လုပ်ရာမှ နေရောင်ခြည်အချို့ ရောင်ပြန်လက်၍သွားသည်။

"ကဲ . . . ဒီတော့ ခင်ဗျားလဲ သဘောပေါက်ပါလိမ့်မယ်ထင်တယ်၊ အာကာသဟင်းလင်းပြင်ထဲမှာ ခင်ဗျားတို့ ကျုပ်တို့လုပ်သမျှကို အချိန်မရွေး မျက်စိဒေါက်ထောက်ကြည့်နေတဲ့ မျက်လုံးကြီးတစ်လုံးရှိနေတယ်လို့ ဆိုရမှာပေါ့၊ ညအခါ မိုးကောင်းကင်မှာ ကြယ်စင်တွေအပြည့် တလက်လက်တောက်ပနေတာကို မော့်ကြည့်မိရင် ကျွန်တော်ပြောတဲ့

http://www.linhtet.com



အချက်ကို ခင်ဗျား သဘောပေါက်ပါလိမ့်မယ်ထင်တယ်၊ လူ့လောကကြီးရဲ့ အပြောင်းအလဲတွေ သမိုင်းဖြစ်စဉ်တွေနဲ့ သက်ရှိတွေအား လုံးကို ဟိုအဝေးကြီးက စောင့်ကြည့်နေသလိုဖြစ်လေရဲ့”

မိုးတိမ်သည် လူးလှိမ့်ရွေ့ပြောင်းရင်း သူ့စကားကို ဆက်ပြန်သည်။

“ရည်မှန်းချက်နဲ့ အကျိုးအကြောင်းဆင်ခြင်မှုတွေ ဆိုပါတော့ဗျာ၊ မိုးတိမ်တို့မှာတော့ ဒါမျိုးမရှိဘူးလို့ ပြောရမှာပဲ၊ ကျွန်တော်တို့က လေထဲမှာ လွင့်ပါးမျောပါပြီး နေရတာကိုး၊ အချိန်ဆိုတဲ့အကြောင်းကို ဦးခေါင်းထဲမှာ မပေါ်ပါဘူး၊ နေမှာလဲ ဒီလိုပါပဲ၊ နေဟာ အမြဲပဲ ရောင်ခြည်ထုတ်နေရပြီးတော့ ဘာကြောင့် ဒီလိုလုပ်ရတယ်၊ ဘယ်လောက်ကြာအောင် ဒီလိုလုပ်ရမယ်ဆိုတဲ့ အတွေးမပေါ်ပါဘူး၊ နေအတွက် အချိန်ဆိုတဲ့ သဘောမဝင်ပါဘူး၊ ခင်ဗျားတို့ရဲ့ လည်ပတ်နေတဲ့ ကမ္ဘာကြီးမှာသာ  အလင်းတစ်ခြမ်း၊ အမှောင်တစ်ခြမ်း အမြဲဖြစ်နေတာကို နေ့ရယ်၊ ညရယ်လို့ ခေါ်ဆိုနေကြရတာပါ။

“ရည်မှန်းချက် ဆိုတာကတော့ လူတွေရဲ့စိတ်ထဲမှာ ပေါ်တာလေ၊ လူတွေဟာ ရည်မှန်းချက်တွေ ချလိုက်၊ ထင်တိုင်း မပေါက်လိုက်၊ စီမံချက်တွေပြန်ပြင်လိုက်နဲ့ အကြောင်းအကျိုးကို ရှေ့နောက်ရွေးပြီး အချိန်ဇယားကို အဆင်ပြေအောင် ပြောင်းလဲလုပ်ကိုင်နေကြရတယ်၊ ပြီးတော့မှ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးမှာ တို့က ဘယ်ကလာသလဲ၊ တို့ဘာလုပ်နေကြသလဲ၊ တို့ရှေ့ကို ဘယ်လို ခရီးဆုံးမလဲဆိုတဲ့ အဓိကမေးခွန်းကြီးကို တစ်လျှောက်လုံးမေးခဲ့ကြတယ်၊ ခင်ဗျားတို့ ရည်မှန်းချက်ဆိုတာကော ဘယ်လိုလဲဗျ၊ ခင်ဗျားတို့ဟာ ဒီကမ္ဘာမှာ မွေးဖွားလာတယ်၊ အာဟာရစားသောက် မှီဝဲကြတယ်၊ လုပ်ငန်းတွေလုပ်ကြတယ်၊ ချစ်ခင်ကြတယ်၊ ဒုက္ခရောက်ကြတယ်၊ ပျော်ရွှင်ကြတယ်၊ အဆုံးမှာတော့ ဒီကမ္ဘာကြီးကို စွန့်ခွာသွားရတော့တာပါပဲ”

“အင်းလေ . . . ဒီတော့ ကိုယ့်အကြံအစည်က ဘာလဲ၊ လူ့ဘဝရဲ့ပန်းတိုင်က ဘာလဲ၊ ဒါမှမဟုတ်ရင်လဲ အကြံအစည် စိတ်ကူးဆိုလို့ မထားပါဘူးဗျာလို့ ပြောမလား၊ တကယ်တော့ အဲဒါ အမှန်တကယ်ဖြစ်နေတယ်ဗျ၊ လူတစ်ယောက်ဟာ ရည်မှန်းချက် တစ်စုံတစ်ရာ မရှိဘူးဆိုရင် ရှိအောင်လုပ်ထားရမယ်၊ ရည်မှန်းချက်တွေထားရတာကိုက ဘဝရဲ့အဓိပ္ပာယ်ပဲ၊ ဘဝဆိုတာ ရေရာတာမဟုတ်ဘူးလို့တော့ ထင်ရတာပေါ့၊ ဘဝဟာ မှန်တိုင်းထန်တဲ့ ပင်လယ်ထဲက တံငါရွက်လှေကလေးလိုလဲ ဖြစ်ချင်ဖြစ်မယ်၊ ဘဝဆိုတဲ့ ပင်လယ်ပြင်မှာ စီးနင်းပြီး ခရီးထွက်မယ်ဆိုရင် ဒီလှေကလေးငြိမ်ဖို့ လိုပါတယ်၊ အဲဒီလို မလှုပ်မလိမ့် ငြိမ်သက်ဖို့ ဆိုတာဟာ ဘဝမှာ ခိုင်မာတဲ့ ရည်မှန်းချက်တွေ ရှိရမှာပေါ့”

http://www.linhtet.com



လေတစ်ချက် ဟူးခနဲ ပြင်းပြင်းမှုတ်လိုက်သည်နှင့် မိုးတိမ်သည် ပြောစကားကို ခဏ ရပ်ထားလိုက်သည်။

"သြော် . . . ဒါပေမဲ့ ကျွန်တော်တို့က မိုးတိမ်ဆိုတော့ ရုပ်ထွေးလှတဲ့ လူတွေရဲ့ ရည်မှန်းချက်၊ လုပ်ဆောင်ချက်တွေနဲ့ အလှမ်းဝေးပါတယ်၊ ခင်ဗျားတို့လူတွေမှာလို ရည်မှန်း ချက်တွေ လုပ်လိုက်၊ ပြင်လိုက်၊ စီမံကိန်းတွေချလိုက်နဲ့ အချိန်ကာလနဲ့ လူမှုကိစ္စဘဝကြီးမှာ နေကြပေမယ့် ကျွန်တော်တို့လို တိမ်များမှာတော့ လေယူရာကို လွင့်ပါးနေရတဲ့ အဖြစ်မို့လို့ စိတ်ကူးရင်း၊ အိပ်မက်ရင်းနဲ့ပဲ ကောင်းကင်တစ်ခိုမှာ ခရီးနှင်နေရပါတယ်၊ ဒီလိုနဲ့ ရေလို စီးဆင်းတာမျိုး၊ နေရောင်လို လင်းလက်တောက်ပြောင်တာမျိုး၊ သူ့ဘဝ ကိုယ့်ဘဝကို အဖြစ် အပျက် အယူအဆတွေ စုဆောင်းရင်းနဲ့ နေရာဒေသနဲ့ အချိန်ကာလထဲမှာ မျောပါနေရတာပါ"

ထိုနေ့တွင် မိုးတိမ်သည် အခြားဆိုစရာ စကားမရှိတော့သဖြင့် တိမ်မျှင်ကဲ့သို့ မိုးငွေ့ များနှင့်အတူ ဆန့်တန်းလျက် မျက်စိအောက်မှ လွင့်ပျောက်သွားလေသည်။

# နိဂုံးမှတ်ချက်

၁၉၇၄ ခုနှစ်က တိမ်သားပုံပြင် ဇာတ်လမ်းများကို ရေးသားရန် စိတ်ကူးပေါက်၍ စွဲမြဲလာခဲ့သည်။ ထိုအချိန်၌ စာရေးသူသည် ရှေးခေတ်က အာရှတစ်ခွင် ကုန်သွယ်ရာ၊ ကူးလူးရာ လမ်းကြီးဖြစ်သည့် ပိုးလမ်းမကြီးဟုခေါ်သော ခရီးတစ်လျှောက်တွင် ဂျာမနီမှ တူရကီသို့၊ ထိုမှ အာဖဂန်နစ္စတန်မှ အိန္ဒိယသို့ ဖြတ်သန်းသွားရသောခရီးတွင် ဖြစ်ပါသည်။

ထိုခရီးတွင် ပင်လယ်နက်ဟုခေါ်သော ရေပြင်ကို မော်တော်ငယ်ဖြင့် ဖြတ်သန်းသွားရစဉ်၌ အာရာရတ် *[Ararat]* အမည်ရှိ ရှေ့လှမ်းလှမ်းတောင်ကြောတစ်ခိုတွင် တိမ်တိုက်တိမ်သားများ လွင့်ပါးလျက်ရှိသည်ကို မှတ်မှတ်ထင်ထင် မျက်မှန်းတန်းမိလိုက်သည်။ ထိုတောင်ကြီးထိပ်၌ သမ္မာကျမ်းစာထဲတွင် ပါရှိသည့် နောအေး *[Noah]* ၏ သင်္ဘောကြီးရပ်တန့်၍ ရေကြီးခြင်းကို ရှောင်ခဲ့သောနေရာအဖြစ် အမှတ်အသားရှိကြသည်။ ထိုမှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံဘက်သို့ ခရီးဆက်ရာတွင် စာရေးသူ၏ မြင်ကွင်းများမှာ ကောင်းကင်ရှိ မိုးတိမ်များဆီသို့သာ ရောက်မြဲရောက်နေခဲ့၏။ မြင်ရသောရှုခင်းမှာ ကုန်းမြင့်လွင်ပြင်ကြီး၏ အထက်နားတွင် တိမ်နုလွှာတို့ ညင်သာစွာ ရွေ့လျားလျက်ရှိနေခြင်းဖြစ်သည်။ ဤခရီး၌ပင် မိုးတိမ်သားတို့က ပြောပြလိုသော လူတို့၏ဇာတ်လမ်းများနှင့် ထင်မြင်ချက်များကို ကျွန်တော် မြင်ယောင်ကြားယောင် ရှိခဲ့လေသည်။

ထိုခရီးတွင် ပျော်ပိုက်စရာများစွာ ကြုံခဲ့ရသည့်အနက် ကောင်းကင်တစ်ခိုတွင် အမှုမဲ့ အမှတ်မဲ့ ရွေ့လျားလျက်ရှိနေသော ဦးခေါင်းထက်မှ တိမ်များနှင့် မိတ်ဆွေဖြစ် ရင်းနှီးခဲ့ရသည်မှာ ပျော်ပိုက်ဖွယ်အရှိဆုံးဖြစ်ပေသည်။ အီဂျစ်နိုင်ငံသို့ ရောက်သောအခါ လူဇော *[Luxor]* အမည်ရှိသော တောင်ကြားလွင်ပြင်တွင်ဖြတ်၍ ခြေကျင်ခရီးနှင်ရသည့်အခါ ဖော်ရွေပွင့်လင်းသောလူများနှင့် ခမ်းနားသော အဆောက်အအုံများအကြား၌ သွားနေရစဉ်တွင်ပင် သူတို့ဦးခေါင်းပေါ်မှကျော်၍ ကောင်းကင်သဘာဝ အခင်းအကျင်း၏ အလှအပကို ကျွန်တော်

http://www.linhtet.com

လှမ်း၍မော်၍ မကြည့်ဘဲ မနေနိုင်ခဲ့ပေ။ ထိုခရီး၌လည်း တိမ်တို့သည် စာရေးသူအား ဖမ်းစား နေခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ အချိန်တို့သည်လည်း ထုံးစံအတိုင်း ရွေ့လျားကုန်လွန်လျက်ရှိပေသည်။ အချိန်၏ ရွေ့လျားမှုသည် တိမ်တို့၏ ရွေ့လျားလွင့်ပါးသော သဘာဝနှင့် ဆီလျော်နေပေသည်။ တိမ်တို့၏အောက် မြေပြင်အခင်းအကျင်းတွင် လူတို့၏ အမှုကိစ္စများ မည်သို့ပင် ဖြစ်ပျက်ပြောင်းလဲနေစေကာမူ တိမ်တို့သည် မျောပါရွေ့ပြောင်းလျက် ခရီးဆက်၍ နေကြပေသည်။ သူတို့သည် သဏ္ဌာန်အမျိုးမျိုးကိုဆောင်လျက် စိတ်ကူးယဉ်ချက် အိပ်မက်အသွင်အမျိုးမျိုးကို ဖြစ်စေလျက်ရှိကြသည်။ ဤတွင် တိမ်တိုက်တို့ ဖွဲ့စည်းပုံ အသွင်အပြင် တစ်ခုချင်းသည် သဘာဝလောကကြီး၏ အစိတ်အပိုင်းတစ်ခုစီကို သူမြင်သလို ကဗျာလင်္ကာဖွဲ့ဆိုပြနေခြင်းဟုလည်း ယူဆရသည်။ သို့တည်းမဟုတ် တိမ်တို့ပြောပြသော ပုံပြင်များအဖြစ်လည်း သဘောပေါက်ရလေသည်။ ကောင်းကင်ပြင်ကျယ်ကြီးကို ကျွန်တော် လှမ်း၍ကြည့်မိလေတိုင်း တိမ်သားတို့ပြောသော အဖြစ်အပျက် အချက်အလက်များစွာတို့ ကျွန်တော့်အာရုံထဲသို့ ရောက်ရှိ ခံစားရသည်။ ထိုပုံပြင်များမှာ အဆုံးမထင်နိုင်သည့်ပြင် ပျော်ရွှင်မှု၊ ဝမ်းနည်းကြေကွဲမှုများနှင့်လည်း ထွေထွေပြားပြား ပြည့်နှက်လျက်ရှိသည်။ ထို့ပြင် လူသားတို့၏ မျှော်လင့်ချက်များ၊ စိုးရိမ်ပူပန်မှုများလည်း ပါဝင်နေလေသည်။

ကျွန်တော် ရေးသားဖွဲ့ဆိုဖော်ပြသည့် ပုံပြင်တစ်ခုချင်းမှာ တိမ်သားတို့ လွင့်ပါးရောက်ရှိရာ ဒေသနောက်ခံ အခင်းအကျင်း ပါဝင်ပေသည်။ သူတို့ပြောပြသည်ဟု ဆိုရမည်ဖြစ်သော ပုံပြင်များမှာလည်း အရာအထောင်မကပင် ဖြစ်လေသည်။ ထိုပုံပြင်တို့ကို ရေးခြယ်ပြလိုသော ဆန္ဒမှာ ကျွန်တော့်အဖို့ ပြင်းပြလျက်ပင်ရှိပါသည်။

ကျွန်တော့်အား ဂျပန်နိုင်ငံတွင် Kagyusha ထုတ်ဝေရေးတိုက်၏ အကြီးအကဲဖြစ်သူ Mr. Araki Kiyoshi က "စိတ်ဝင်စားဖို့ကောင်းလှတယ်၊ တကယ်တော့ ပုံပြင်ပေါင်း ရာထောင်ဖြစ်ပါလိမ့်မယ်၊ အဲဒါတွေကို ချပြီးရေးပါလား" ဟု အမှတ်တမဲ့ မှတ်ချက်ပြုခဲ့ဖူးသည်။ ဤစကားမျိုးမှာ ယခုလို ရေးသားဖြစ်အောင် နှစ်သက်ဖွယ် ခံယူစရာဖြစ်သော်လည်း ရှည်ရှည်လျားလျားအားထုတ်ရမည့်လုပ်ငန်းကြီးဖြစ်သည်ကို ကျွန်တော် သဘောပေါက်ရပါသည်။ သို့ဖြင့် ၁၉၉၆ ခုနှစ်တွင် ဇာတ်လမ်းရှစ်ပုဒ် ပါသော "တိမ်သားပုံပြင်များ" *[Cloud Tales]* စာအုပ်ကို ဂျပန်ဘာသာဖြင့် ပထမဆုံး ပုံနှိပ် ထုတ်ဝေနိုင်ခဲ့ပါသည်။ သို့သော် တိမ်တို့၏အကြောင်း၊

တိမ်တိုက်တို့၏ သဘာဝနှင့် ပုံပြင်အရေအတွက်တို့မှာ ရေးဖွဲ့ရန် များပြားလှသည်ဖြစ်ရာ ဤလုပ်ငန်းသည် အဆက်အစပ် ရှည်လျားလှသော တစ်ထောင့်တစ်ည ပုံပြင်ကြီးသဖွယ် ဖြစ်လာနိုင်ပေသည်။ သို့ပင်ဖြစ်စေကာမူ ရာစုနှစ်သစ်အစ ယခုကာလ၌ လူသားတို့ ရင်ဆိုင်နေရသည့် အပြောင်းအလဲများ ကြီးမားရှုပ်ထွေးလှသည်ဖြစ်၍ တိမ်သားတို့၏ အတွေ့အမြင်နှင့် ဆင်ခြင်မှု စိတ်ထားတို့မှာ ကျွန်တော်တို့အတွက် တန်ဖိုးရှိလှမည် ထင်ရပါသည်။ ထိုအချက်များကိုလည်း စာဖတ်သူတို့ထံ ရောက်တန်သလောက် ရောက်စေချင်မိပါသည်။

စာရေးသူသည် ဤစာအုပ်ကို မူရင်း ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ အတွေးအမြင် ပါဝင်အောင် ပီပြင်စွာ ပြန်ဆိုပေးသော T.M. Hoffman အားလည်းကောင်း၊ စာအုပ်အတွက် စာမျက်နှာများကို တင့်တယ်စွာ သရုပ်ဖော်နိုင်ရန် ရေးဆွဲပေးသော ပန်းချီပညာရှင် ကျွန်တော့် ဇနီးသည် Tajima Kazuko အားလည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ ထို့ပြင် ဤစာများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပေးသော ကျွန်တော်တို့နှင့် ယူနက်စကို စာပေ၊ စာအုပ်နှင့် စာတတ်မြောက်ရေးကိစ္စများတွင် ရင်းနှီးခဲ့သည်မှာ ကြာပြီဖြစ်သည့် မြန်မာနိုင်ငံမှ ထင်ရှားသော စာရေးဆရာ ဦးမျိုးသန့် (မောင်ဆုရှင်) နှင့် စာပေဗိမာန် စာတည်းအဖွဲ့မှ စာတည်း ဒေါ်တင်တင်ဝင်း (စာရေးဆရာမ ဒီဇင်ဘာမွန်း) တို့အား ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားတက်သရော စေတနာဖြင့် ကူညီပေးကြသည်ကိုလည်းကောင်း၊ အာရှ-ပစိဖိတ်နိုင်ငံများမှ ကျွန်တော်၏ အားထုတ်မှုအစုစုကို ချစ်ခင်စွာ မေတ္တာဖြင့် မနေမနား အားပေးကူညီကြသော အခြားမိတ်ဆွေများစွာတို့ကိုလည်းကောင်း ရိုးသားစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စာပေများ ပြုစုရေးသားခြင်းနှင့် စပ်လျဉ်း၍ စာရေးသူ၏ အားထုတ်မှုကို အစဉ်တစိုက် မေတ္တာထားလျက် ထောက်ခံအားပေးခဲ့ကြသော မိတ်ဆွေအားလုံးတို့အားလည်း ရိုးသားနှိမ့်ချစွာဖြင့် ကျေးဇူးစကား ဆိုအပ်ပါသည်။ အဆုံးသတ်အားဖြင့် မိုးကောင်းကင်တွင် အပြစ်ကင်းစွာ၊ ကြင်နာစွာ ခရီးနှင်၍နေကြသော လေဆောင်တိမ်သားများကိုလည်း စိတ်ထဲ နှလုံးထဲမှ ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

**တာကျီးမား ရှင်းကျီ**

၃၊ ဩဂုတ်၊ ၂၀၀၂
ခေတ္တ ရန်ကုန်

http://www.linhtet.com

### စာရေးသူ



၁၉၉၇ ခုနှစ်မှစ၍ အာရှနှင့် ပစိဖိတ်ဒေသတွင် စာအုပ်လုပ်ငန်းနှင့် ဖြန့်ဖြူးရေး စာတတ်မြောက်ရေးကိစ္စများတွင် ပါဝင် ကူညီခဲ့သူဖြစ်သည်။ တိုကျိုမြို့ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ယဉ်ကျေးမှုဌာနတွင် နှစ်ပေါင်း ၂၀ မျှ တာဝန်ထမ်းခဲ့သည်။ ထို့နောက် ပါကစ္စတန်နိုင်ငံတွင် ဝန်ကြီးချုပ်ဦးဆောင်သော စာတတ်မြောက်ရေးကော်မရှင်၌ အကြီးတန်း အကြံပေးအရာရှိအဖြစ် အမှုထမ်းသည်။ သူသည် စာရေးဆရာတစ်ဦးလည်းဖြစ်၍ ပညာရေးလုပ်ငန်းများအကြောင်း စာပေရေးသားခြင်းကိုလည်း ချစ်မြတ်နိုးသူဖြစ်သည်။ သူ့ကဗျာဝတ္ထုများကို ရုပ်ပြင်သဏ္ဌာန် အမျိုးမျိုးတွင် ထုတ်လွှင့်ခဲ့သည်။ သူရရှိခဲ့သော စာပေဆု များစွာအနက် ၁၉၇၉ ခုနှစ်က ကိုးနန်ရှား စာပေတိုက်၏ စာပေဆု ၁၉၉၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ ပညာရေးဝန်ကြီး၏ ရွှေတံဆိပ်ဆုကိုပါ ချီးမြှင့်ခံခဲ့သည်။ ဤစာအုပ်များကို ဘာသာစကားပေါင်း ၃၀ ကျော်သို့ ပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်သည်။

### ဘာသာပြန်သူ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို စတင်တည်ထောင်သူ တစ်ဦးဖြစ်၍ စာပေဗိမာန်၏ ခေတ်ဦးအားဖြင့် စာပေညွှန်ကြားရေးမှူး ဖြစ်သည်။ "မောင်ဆုရှင်" အမည်ဖြင့် ၁၉၅၅ ခုနှစ်မှစ၍ စာပေရေးသားသည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၏ အကြံပေးအရာရှိ အဖြစ် ထမ်းဆောင်လျက်ရှိသည်။



စာပေလုပ်ငန်းများတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဗဟိုတွင် စာပေထုတ်ဝေရေးနှင့် နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားစာပေဆုကို နှစ်ကြိမ်ရရှိခဲ့၍ စာအုပ်ပေါင်း ၂၀၀ ကျော်ရေးသားခဲ့ပြီး ဖြစ်သည်။ မြန်မာ့အသံ "သိပ္ပံပညာ သိကောင်းစရာ" အခန်းမှ အပတ်စဉ် အသံလွှင့်သည်။